
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဓားညို

## ဆန္ဒဆိုး

စာမူခွင့်ပြုချက်အမှတ် - ၆၃၉/၂၀၀၂ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၉၃/၂၀၀၄ (၂)

၂၀၀၄ ခုနှစ်၊ မေလ၊
ပထမအကြိမ်
တန်ဖိုး - ၃၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်မိုးတေခိုင်(ချိုတေးသံစာပေ-၀၆၉၂)
ရွှေနှံ့သာဈေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကြွာ
စည်းကမ်းရှိမှု တိုးတက်မည်
စည်းမျဉ်းကိုက်ညီ အေးကင်းသည်


နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဝတ္တရားကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စောညို

# သဒ္ဓိုး



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## "ဆန္ဒဆိုး" ဝတ္ထုဇာတ်လမ်းရည်ရွယ်ချက်

၁။ လူ့သဘာဝတွင် လူဟူသော အကျင့်စရိုက်၊ လူ့စိတ်ထားနှင့် ညီစေရန်။

၂။ စီးပွားရေး အဆောက်အဦ တည်ဆောက်ရာ၌ ကံ၊ ဉာဏ်၊ ဝီရိယ၊ စွဲရှိစေရန်။

၃။ ဝိသမလောဘသည် ကောင်းကျိုးမပေးကြောင်း သိစေရန်။

၄။ ဆန္ဒဟူသည် ကောင်းမွန်သော ဆန္ဒဖြစ်ပါက မိမိအတွက်လည်းကောင်း၊ ပတ်ဝန်းကျင်အတွက်လည်းကောင်း အကျိုးဖြစ်ပွားစေပြီး အတ္တဆန္ဒဆိုး ဖြစ်ပေါ်လာပါက ဆိုးကျိုးကိုသာပေးကြောင်း သိကြစေရန်။

၅။ သစ္စာတရား တည်မြဲမှု ရှိစေရန်။

၆။ လူလူချင်း အမှားရှိပါက ခွင့်လွှတ်တတ်စေရန်။

စာရေးသူ၏ ဦးနှောက်၊ နှလုံးသား၊ ကြိုးစားမှုများနှင့် ယင်းဝတ္ထုကို အထက်ပါ ရည်ရွယ်ချက်များနှင့် ရေးပါသည်။

စောညို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဤစာပေကို ရေးသားရာတွင် ...

၁။ နိုင်ငံနှင့် ပြည်သူ၏ အကျိုးကိုရှာ၏။

၂။ စာဖတ်ပရိသတ်၏ အကျိုးကိုရှာ၏။

၃။ စာဖတ်ပရိသတ်၏ မေတ္တာကိုရှာ၏။

၄။ စာပေ၏ အလှနှင့် သစ္စာတရားကို ရှာ၏။

စောညို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ...

* ရတနာသုံးပါးကို ဦးညွှတ်၏။
* နိုင်ငံတော်ကို ဦးညွှတ်၏။
* ပြည်သူကို ဦးညွှတ်၏။
* စာဖတ်ပရိသတ်ကို ဦးညွှတ်၏။
* ကျွန်ုပ်အား မွေးဖွားပေးသော စာရေးဆရာကို ဦးညွှတ်၏။

ဂျက်စနေ(စနေထွန်း)



www.burmeseclassic.com

www.burmeseclassic.com



## ခတ်လမ်းစဉ်(၁)

သံယောဇဉ်သည် မမြင်ရသော ကြိုးမျှင်တန်းတစ်ခု။

ထိုကြိုးမျှင်တန်းသည် သတ္တဝါများ၏ နှလုံးသားတိုင်း၌ ကိန်းအောင်းနေတတ်သည်။

သမုဒယကို ပယ်ဖျောက်ရာတွင် သံယောဇဉ်ကို ပယ်ရှားဖို့ ဦးစွာကြိုးစားရသည်။ သံယောဇဉ်သည် တဏှာဖြစ်သည်။

ထိုတဏှာ၌ ငြိတွယ်နေခြင်းသည် အကုသိုလ်ဟု ဆိုတတ်ကြသည်။

ဂျက်စနေ နီမ အပေါ်တွင် သမုဒယငြိတွယ်မှု မထင်ရှားသော်လည်း နီမကို တွေ့လိုက်ရမှု ကျေးလိုက်ရမှုစိတ် ထဲတွင် ကျေနပ်မှုကလေး ရှိတတ်ပါသည်။

နီမကို မွေးဖို့ ကြိုးစားအားထုတ်မှုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကသော်လည်းကောင်း၊ မေမေကသော်လည်းကောင်း နီမကို အလေအလွင့် လမ်းပေါ်မျောနေသူ၊ တစ်နေ့ရန်ဖြစ်မည့်သူဟု ပြောဆိုတတ်ကြသည်။ နီမကို အိမ်သို့ ခေါ်လာခွင့်ပင် မပြုပါ။

မွေးဖို့ဆိုတာတော့ ပြောဖို့တောင် မကောင်း။

ဂျက်စနေက နီမကို သဘောကျသည်။ ချစ်သည်။ နီမသည် ဖေဖေ မေမေတို့ ပြောသလို တစ်နေ့ ရန်သူဖြစ်လိမ့်မည် မဟုတ်ဟု သူ ယုံကြည်သည်။

နီမသည် လူမဟုတ်ပါ။

အင်္ကျီအဝတ်အစား မရှိပါ။

နီမသည် ခွေးလေးတစ်ကောင်သာ ဖြစ်သည်။

အင်္ကျီအဝတ်အစားတို့အစား နီကျန်ကျန်အမွေးတို့နှင့် ပကတိဖုံးလွှမ်းကာ လှပနေသော ကိုယ်ထည်ကြော့ရှင်းကျစ်လစ်သည့် ခွေးမော်ဒယ်မလေး ဖြစ်ပါသည်။

ခွေးမော်ဒယ်မလေးလို့ ဂျက်စနေ တင်စားလိုက်ခြင်းက နီမသည် ကိုယ်လုံးကလေး သေးငယ်ကျစ်လစ်ကာ မျက်နှာကလေးလှလှ၊ နှုတ်သီးမည်းကလေးနှင့် နားရွက်ကလေးတွေက တခြားခွေးတွေလို မထောင်ဘဲ ဖားလျားကျကာ ဖတ်လတ် ဖတ်လတ်ကလေး ဖြစ်နေတတ်သည်။

ဝေါ(လ်)ဒစ္စနေ၏ ကာတွန်းထဲမှ ခွေးရုပ်ကလေး လမ်းလျှောက်သလို လှုပ်လီလှုပ်လဲ့ မော်ဒယ်(လ်)များ ကက်ဝေါ (CAT WALK)လမ်းလျှောက်သလို လျှောက်တတ်ပေသည်။



နီမသည် လမ်းပေါ်တွင် ကျက်စားနေသော်လည်း တခြားခွေးတွေလို မိတ်မလိုက်တတ်ပါ။

မာနကြီးသော ခွေးမလေးတစ်ကောင်ဖြစ်ကာ သူ့ဘာသာသူ နေတတ်သည်။ တခြားခွေးထီးကလေးတွေ ခွေးထီးကြီးတွေ သူ့မနား ကပ်သော်လည်း နီမက ယင်းခွေးများကို ဂရုမစိုက်ပါ။

သူ့ကို တစ်ကောင်ကောင်သော ခွေးကချစ်ဆေးကျွေးဖို့ အနားကပ်လာလျှင် ကိုက်လွှတ်ဟပ်လွှတ်တတ်သည်။

နီမသည် ခွေးလည်ပတ် ကင်းမဲ့သူ၊ ပိုင်ရှင်ကင်းမဲ့သူသာ ဖြစ်သည်။

နီမသည် လှပချစ်ဖို့ကောင်းသော ခွေးမလေးမို့ ခွေးလောကသာမက လူ့လောက,ကလည်း နီမကို ချစ်ကြပေသည်။ လူတချို့က နီမကို ချစ်ခင်ပေးကျွေး သနားတတ်ကြတာမို့ နီမ အနေဖြင့် အပန်းတကြီး ရှာဖွေစားသောက်ဖို့ရာမလို။

ထိုလူတွေပေးသမျှ ကျွေးသမျှ စားသောက်ပြီး ငြိမ့်ငြိမ်းချမ်းချမ်း နေတတ်ပေသည်။

နီမသည် ပိုင်ရှင်မရှိသော်လည်း ပိုင်ရှင်ကဲ့သို့ သူ့အပေါ် ဂရုစိုက် ကျွေးမွေးသူ ရှိသည်။

အဲသည်သူတွေက အကြော်ဆိုင်မှ အကြော်သည်ကြီး ဒေါ်အုံနှင့် ဂျက်စနေပင် ဖြစ်သည်။

အကြော်သည်မဒေါ်အုံက အသက်သုံးဆယ်ကျော်ရှိသည်။ သူ့ယောကျ်ားက အရက်အိုး ဖိုးမင်းသား။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဖိုးမောင်မောင်လို့ ခေါ်ကြသည်။ သူ့နာမည်ရင်းကိုကလည်း ကိုမောင်မောင်။

အရက်သောက်လွန်းလို့ ဖိုးမောင်မောင်။

ဖိုးမောင်မောင်သည် မဇာအုံကို လုပ်ကျွေးသမှုပြုစုတာဆိုလို့ အချိန်တန်လျှင် အကြော်အိုး၊ ဆန်နှစ်အိုး ချပေး၊ မီးမွှေးပေး၊ အချိန်တန်လို့ အကြော်ဖိုသိမ်းလျှင် အကြော်အိုး၊ ဆန်နှစ်အိုးကို ပြန်သိမ်းပေး။

ဒါက သူ့ရဲ့ ပြုစုမှု ဂျူတီတစ်ခု။

ဒါကလွဲပြီး ငရဲကြီးမှာ ကြောက်သလို ဘာဆိုဘာမှ မလုပ်တော့။

အဲဒီအခါ နီမက သူတတ်နိုင်သလို အကြော်ခုံတွင်ထိုင်ဖို့ ထိုင်ခုံကလေးတွေကို နှုတ်သီးနှင့် မနိုင့်တနိုင် ကိုက်ချီယူလာပေးတတ်သည်။

ဒေါ်ဇာအုံ၏ အကြော်အကျွင်းအကျန်ကလေးတွေကို အမြီးတနန့်နန့်တထောင်ထောင်နှင့် ကိုက်ဝါးစားတတ်သည်။

ခုနစ်တန်းသို့ ရောက်နေသော ဂျက်စနေသည် ကျောင်းတက်၊ အိမ်ရောက်လို့ ကျောင်းစာပြီးသည်နှင့် ဒေါ်ဇာအုံအကြော်ဖိုသို့ မုန့်ဖိုးငွေ ငါးဆယ်ကို ဆုပ်ကိုင်ပြေးသွားလေ့ရှိသည်။

အကြော်ဖိုတွင် ညနေတိုင်း၌ လူစည်နေတတ်သည်။

အကြောင်းက ဒေါ်ဇာအုံ အကြော်ဖိုတွင် ဖိုးမောင်မောင် ချက်ပုန်းသောက်သော ဘီအီးအရက်နှင့် ဒေါ်ဇာအုံ၏ အကြော်စားသောက်ကြရတာမို့ပဲ။



ဂျက်စနေသည် ထိုလူစုနှင့် မရောဘဲ တစ်နေရာတွင် သီးသန့်ထိုင်ပြီး သူ့အတွက် ဘူးသီးကြော်၊ ပဲကပ်ကြော်များကို ဝယ်ယူစားတတ်ပေသည်။

ဂျက်စနေကို ဘယ်သူကမှလည်း လာမနှောင့်ယှက်ပါ။ အရောတဝင်လည်း မလုပ်ကြ။

ကလေးဟူသော အသိနှင့် သူ့ကို လွှတ်ထားကြသည်။

ဂျက်စနေကို အသိအမှတ်ပြုသူ၊ ခင်မင်သူက နီမတစ်ကောင်သာလျှင် ဖြစ်သည်။

ဂျက်စနေ လာထိုင်ပြီ ဆိုလျှင် ဂျက်စနေနားရောက်လာတတ်သည်။ နားရွက်ဖားကလေးနှင့် ပြာလဲ့သောမျက်လုံးတစ်စုံနှင့် ခြေသုံးထိုင် ထိုင်ကာ မော်ကြည့်နေတတ်သည်။

ပြီး ဂျက်စနေ ခြေဖမိုးကို လျက်ပေးတတ်သည်။

တစ်ခါတစ်ခါ ပတတ်ရပ်၍ အမြီးကလေး တနန့်နန့်နှင့် ဂျက်စနေ၏ ပေါင်ကိုသော်လည်းကောင်း၊ တင်ပါးကိုသော်လည်းကောင်း နှုတ်သီးမည်းမည်းလေးနှင့် ထိုးလိုထိုး၊ ရှေ့ခြေအစုံနှင့် ခြစ်လိုခြစ် လုပ်တတ်၏။

သူမအတွက် ဘူးသီးကြော်တစ်ခု၊ ပဲကပ်ကြော်တစ်ခုဝါးလိုက်ဖို့ ဂျက်စနေက ချကျွေးလျှင် ငြိမ်ငြိမ်သက်သက်ကလေး အမြီးတနန့်နန့်နှင့် စားသောက်သည်။

နီမဆိုတာကိုတော့ ပတ်ဝန်းကျင် အခေါ်အဝေါ်အရ ဂျက်စနေ သိထားသည်။ သူကလည်း နီမဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက နီမနှင့် ယှဉ်သွားပြီဆိုလျှင် နီမ ကိုယ်ကလေးကို သူ့ပေါင်နှစ်လုံးပေါ် မွေ့တင်ပြီး နီမကို အကြော်ကျွေးတတ်သည်။ တစ်ခါတစ်ရံ နီမတစ်ဖဲ့ သူတစ်မွှဲ စားတတ်သည်။

အဲ့ဩဖို့ကောင်းသည်က နီမကိုယ်မှ အမွှေးများသည် အမြဲသန့်စင်နေတတ်သည်။ ခွေးနံ့သည်သာ နီမကိုယ်မှ ထွက်နေတတ်၏။

အဲသည်ခွေးနံ့ကြောင့် သူ့ကို လူတစ်ယောက်က မချိုဖို့ ပြောဖူးသော်လည်း အဲသည်လူစကားကို သူကနားမသွင်းခဲ့ပါ။

ဂျက်စနေ ပြန်ပြီဆို နီမက ဂျက်စနေ အနားမှ အပြေးကလေး လိုက်တတ်သည်။

ဂျက်စနေတို့အိမ်က မြို့၏မြောက်ဘက်တွင်ရှိပြီး အကြော်ဖိုနှင့် အကွာအဝေးက ငါးဖာလုံလောက်ပဲ ရှိမည်။

အကြော်ကို သံယောဇဉ်ရှိတာထက် နီမကိုသံယောဇဉ်ရှိတာကြောင့် ရက်ဆက် ဆက်တိုက် သို့မဟုတ် တစ်ရက်ခြား အကြော်ဖိုသို့ ဂျက်စနေ သွားတတ်သည်။

ဂျက်စနေကို လိုက်ပို့သော နီမသည် ဂျက်စနေက တစ်ဖာလုံအထိ သွားပြီးမှ မောင်းထုတ်ခံရလေ့ရှိ၏။

သည်အခါ နီမသည် မြေတွင်ဆောင့်ကြောင့်လေး ထိုင်ကျန်ရစ်ခဲ့ကာ ဂျက်စနေ သွားရာကို ငေးမောကြည့်ကျန်ရစ်ခဲ့၏။



ပြီးတော့မှ လေးကန်ဖင့်နွဲ့သော ခြေလှမ်းကလေးများနှင့် လာလမ်းအတိုင်း ပြန်သွားလေ့ရှိ၏။

ဂျက်စနေက ဒါကြောင့် နီမကို မွေးချင်သော်လည်း ခွေးကို မနှစ်သက်သော ဖေဖေ၊ မေမေတို့ကြောင့် မွေးခွင့်မရခဲ့ပါ။

ခုနစ်တန်းအောင်သောနှစ်တွင် ဂျက်စနေ လူကောင်အနည်းငယ် ထွားလာသလို နီမကလည်း ထွားလာသည်။

ဂျက်စနေ၏ ရင်းနှီးမှုနှင့် နီမ၏ ရင်းနှီးမှုကလည်း ပိုရင့်ကျက်လာ၏။ နီမ၏ ကိုယ်လုံးကလေးကလည်း တခြားခွေးတွေ မက်မောလောက်အောင် ပိုလှလာသည်။

ဒါကြောင့် နီမကို ဂျက်စနေက မော်ဒယ်ခွေးမလေးလို့ ခေါ်တတ်၏။ လူတွေကလည်း လူသားတစ်ယောက်နှင့် ခွေးတစ်ကောင် ရင်းနှီးမှုကို အသိအမှတ်ပြုလာသည်။

ဂျက်စနေ လာနေတာကိုတွေ့လျှင် ...

"နီမရေ... ဟိုမှာ နင့်သခင် လာနေပြီ"ဟူ၍လည်းကောင်း။

"နီမ ... နီမ ... သွားကြို ... ဟိုမှာ နင့်လူလာနေပြီ"ဟူ၍လည်းကောင်း သတိပေး ပြောတတ်ကြသည်။

အဲသည်အခါ အချိန်ကျလို့ ဂျက်စနေ လာရာလမ်းကို မျှော်နေတတ်သော နီမသည် ဂျက်စနေ လာနေရာသို့ အပြေးကလေး သွားတတ်သည်။

လူသား တစ်ယောက်နှင့် တိရစ္ဆာန် တစ်ကောင်၏ သံယောဇဉ်သည် ဤမှာ ဖြစ်လာတတ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေ၏ မုန့်ဖိုးသည် ငါးဆယ် မဟုတ်တော့ပါ။ ခြောက်ဆယ် ဖြစ်လာသည်။ အကြောင်းက ဂျက်စနေတို့မြို့သည် ဂျက်စနေ ခုနစ်တန်းမအောင်မီက အကြော်တစ်ခု ငါးကျပ် ဖြစ်သော်လည်း ဂျက်စနေ ခုနစ်တန်းအောင်ပြီးနှစ်တွင် ခေတ်အလျှောက် တစ်ခုခြောက်ကျပ် ဖြစ်လာသည်။

ကုန်ဈေးနှုန်းလည်းတိုး၊ အချိန်ကာလလည်းတိုး၊ လူနှင့်ခွေး သံယောဇဉ်လည်းတိုး ... တိုး။

ဂျက်စနေက အကြော်စုံဆယ်ခုကိုဝယ်။

သူတစ်ဝက်၊ ခွေးမလေးနီမတစ်ဝက် စားဖြစ်လေ ရဲ့။

သည်လိုနှင့် သည်နေ့တော့။

"ဒေါ်စာအုံကြီး ... နီမကို မမြင်ပါလား ... ဘယ်သွားနေလဲ"

"စောစောကတော့ ရှိသားပဲ ... ဒီကောင်မ တစ်နေရာရာ မှာ သွားအိပ်နေမှာပေါ့"

ညနေသုံးနာရီတွင် ဒေါ်စာအုံ၏ အကြော်ဖိုလုပ်ငန်း က စ,ချေပြီ။ မြို့မြောက်ဘက် အမှတ်(၂)ရပ်ကွက်တွင် လူဦးရေ နည်းသည်။ မြို့အထွက်တားလမ်းမကြီးက အဖွေးသား။

အကြော်ဖိုနှင့် တခေါ်လောက်ဝေးသည်။

ဟိုမှာဘက်တွင် လယ်ကွက်များမှ ရှင်သန်နေသော စပါးပင်များ၊ ထန်းပင်များ။

သည်မှာဘက်တွင် ထနောင်းပင်၊ သန်းပင်၊ သစ်ဆိမ့် ပင်များနှင့် ရှုပ်ထွေးနေသော တောတန်းများ၊ တောင်ကုန်းများ။



အကြော်ဖိုနှင့် မနီးမဝေးမှာက ကုန်းမြင့်လေးရှိပြီး ယင်းကုန်းမြင့်လေးပေါ်မှာ ထုံးဖြူဖြူနှင့် ဘုရားစေတီလေး။

စေတီထက် ထီးတော်အောက်မှ ငွေဆွဲလွဲသံကလေး များက လေလာတိုင်း တတင်တင် တတောင်တောင်နှင့် အကြော် ဆိုင်ဘက်သို့ တစ်ရံတစ်ဆစ်မှာ လွင့်မျောလာတတ်လေရဲ့။

အကြော်ဆိုင်တွင် လူမလာသေးပါ။

သီတင်းကျွတ် ကျောင်းပိတ်ရက်မို့ ဂျက်စနေ ရက် အားရနေသည်။ သူသည် လေးခွတစ်ချောင်းနှင့် ငှက်ပစ်ထွက်လာ ရင်း နီမကို သတိရသည်။

တောပစ်ထွက်လျှင် ခွေးတွေနှင့် ထွက်ကြသည်ဟု ဖေဖေ့ဆီမှ ကြားဖူးထားသည်။ ဖေဖေသည် အစိုးရဝန်ထမ်း အရာရှိတစ်ဦး ဖြစ်ကာ သစ်တောဌာနဘက်မှ ဖြစ်သည်။

ဖေဖေလည်း တစ်ရံတစ်ခါမှာ တောလည်တတ် သည်။ ဖေဖေတောလည်လျှင် အနံ့ခံ၊ လမ်းပြခံခွေးတစ်ကောင် နှစ်ကောင်တော့ ခေါ်သွားတတ်သည်ဟု ကြားဖူးသည်။

သူ သို့မဟုတ် ဂျက်စနေသည်လည်း ငှက်ပစ်ထွက် တော့ နီမကို ခေါ်ချင်သည်။ နီမအား ငှက်လိုက်ပုံလိုက်နည်း သင်ပြချင်သည်။

နီမ ငှက်လိုက်တတ်လျှင် နီမ ဘယ်လောက်တော် ကြောင်း၊ ဘယ်လောက်လိမ္မာကြောင်း ဖေဖေမေမေတို့အား ကြွားပြလိုက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ခွေးမမွေးချင်သော ဖေဖေတို့ နီမကို စိတ်ဝင်စားလာမှာ အမှန်ပဲ။

မဇာအုံနှင့် စကားမဆက်တော့။ မှန့်နှစ်နယ်နေသော မဇာအုံမှာလည်း သူ့ဟာနှင့်သူ အလုပ်ရှုပ်နေတာကြောင့် ဖောက်သည်လေး ဂျက်စနေကို အရေးမစိုက်နိုင်တော့ပါ။

"နောက်ပြီးမှ ပြန်လာမယ်ဗျာ ... နီမကို လိုက်ရှာလိုက်ဦးမယ်"

ဘာမှ ပြန်ဖြေဖော်မရသော မဇာအုံကို ကျောခိုင်းလိုက်သည်။ သူ့တွင် နီမကိုကျွေးဖို့ရန် ထန်းလျက်ခဲတွေ ပါလာပြီး သူ့ဂျင်းရှိုင်းအိတ်ထဲတွင် လောက်စာလုံးတချို့နှင့် ရောနှောထည့်ထားသည်။

"ကျွီး ... တောက်တောက် ... ကျွီး ... တောက်တောက်"

အကြော်ဆိုင်နှင့် လှမ်းလှမ်း သစ်ပင်အုပ်ထဲ အရောက် ငှက်အော်သံက ဂျက်စနေကို အသိပေးနေသည်။ ဂျက်စနေက အသံလာရာကို မော်ကြည့်လိုက်သည်။

ပျဉ်းမပင်အထက် အကိုင်းတစ်ကိုင်းတွင် ကိုယ်လုံးညိုညို၊ အမြီးရှည်ရှည်နှင့် ငှက်တော်ဟု ခေါ်သော ငှက်တစ်ကောင်က ရင့်ကျူးသံ ပေးနေသည်။

ပြာလဲ့သော မိုးသားကို နောက်ခံထား၍ ပျဉ်းမပင်ကိုင်းနှင့် အရွက်များကြားတွင် ငှက်တော်၏ ကိုယ်လုံးကပေါ်လွင်လှသည်။



ဂျက်စနေ၏ သွားနေသော ကိုယ်ရှိန်က သတ်သွားသည်။ သူက ငှက်ကို မြင်ပြီးသား။

လျှင်မြန်စွာပင် လက်တစ်ဖက်က လောက်စာလုံးတစ်လုံးကိုနှိုက် လောက်စာအိမ်တွင် လောက်စာလုံး တပ်ပြီးသွားသည်။

သူ့နေရာနှင့် ငှက်က အနည်းငယ် ဝေးသောကြောင့် ပျဉ်းမပင်ကိုင်းနှင့် နီးဖို့ရန် ရှေ့သို့ရွှေ့ဖို့လိုသည်။ ပျဉ်းမပင်အောက်နား ရောက်ဖို့ရန် ထနောင်းပင်များနှင့် ချုံပုတ်တောကို ကျော်လွှားရပေမည်။

သူ ကျော်လွှားရှေ့တိုးလာသည်။

ငှက်ပျံသွားမည်ကိုလည်း စိုးသည်။

နည်းနည်းဝေးတာကြောင့် ငှက်ကို မထိမှန်မှာကိုလည်း စိုးသည်။

သူက ရှေ့တွင်ရှိသော ထနောင်းပင် တစ်ပင်ကို အကာအကွယ်ယူကာ လေးခွကို ငှက်တော်ရှိရာသို့ ချိန်လိုက်သည်။

နေ့လယ် လေပူသည် ရှူရှူလေး တိုက်လိုက်သည်။ ငှက်နားနေသော ပျဉ်းမပင်ကိုင်းက ခါယမ်းယိမ်းနွဲ့သွားသည်။

"ကျီးတောက်တောက် ... ကျီးတောက်တောက်"

ငှက်တော် အော်သံကတစ်မျိုးပဲ။ အော်သံနှင့် မရှေးမနှောင်း ထပျံသည်။

ဟာကွာ ... နာလိုက်တာ။

ဂျက်စနေ စိတ်ထဲမှာ မချင့်မရဲ ရေရွတ်ပြီး ဆွဲအုံဆဲဆဲ လေးခွသားရေကို ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖျံ့သွားသော ငှက်တော်က လွတ်လွတ်ကျွတ်ကျွတ် မပျံဘဲ သူနားခဲ့သောကိုင်း၏ မသိမသာဝေးသော တခြားကိုင်း တစ်ကိုင်းမှာ သွားနားသည်။

ငှက်ကို မပစ်လိုက်ရသော စနေမှာ ဝမ်းသာသွားသည်နှင့်အမျှ ပိုင်ပိုင်နိုင်နိုင် ပစ်လိုက်နိုင်ဖို့အတွက် ရှေ့သို့တိုးသွားသည်။

သူ့ခြေရင်းတွင် မရိုးပင်၊ ချွေးသေးပန်းပင် စသည့် အပင်ငယ်တွေ ရှိသည်။ ထိုမှ အထဲတိုးဝင်လိုက်လျှင် လယ်ကွက်မှ ပြန့်ပြူးသောမြေကွက်နှင့် သစ်ပင်တွေ ရှိသေးသည်။

ငှက်က အဲသည်အပင်တွေထဲ တိုးဝင်သွားလျှင် ရှာရခက်မည်။ စိတ်ကလောတာမို့ အောက်ခြေမြေပြင်ကို မကြည့်တော့ဘဲ ကုန်းကုန်းကွကွနှင့် ငှက်မမြင်အောင် ပျဉ်းမပင်အောက်သို့ တိုးသွားပြီး ငှက်ကို လေးခွနှင့် ချိန်လိုက်သည်။

တကယ်ဆို သူတစ်ယောက်တည်း ငှက်ပစ်မည့်အစား အတန်းထဲက ခင်မောင်သွင်တို့၊ ရန်ကြီးအောင်တို့၊ ရဲရင့်ထက်ပိုင်တို့ကို ခေါ်သင့်သည်။

ဂျက်စနေမှာ သူငယ်ချင်း ခင်မင်တတ်သော်လည်း အသင်းအဖွဲ့နှင့် နေတတ်သွားတတ်သူ မဟုတ်။

သူ့ဘာသာ တစ်ယောက်တည်းတွေး၊ တစ်ယောက်တည်းနေ၊ တစ်ယောက်တည်း လှုပ်ရှားတတ်သူ။

ငှက်ပစ်လို့ အဖော်ခေါ်လျှင် နီမကိုပဲ ခေါ်သင့်သည်ဟု သူ ယူဆခဲ့သည်။ ငှက်ပစ်တာ အပျော်ပစ်မို့ အပေါင်းအသင်း မလိုချေ။



ငှက်ကိုချိန်တော့ ပျဉ်းမပင်၏ အောက်ကိုင်းက ကွယ်နေသည်။ သည်တော့ ငှက်ကို ရှင်းလင်းစွာမြင်ဖို့ ရှေ့သို့ တိုးရဦးမည်။

သူက ရှေ့တိုးဖို့ စဉ်းစားစဉ် စိတ်ထဲမှ ထူးဆန်းသော ခံစားမှုလေး ဖြစ်ပေါ်လာသည်။

အဲသည်ခံစားမှုက စိတ်ထင့်သွားခြင်း ဖြစ်သလို ငှက်ကို ကြည့်နေသော မျက်လုံးလေးတွေက ငှက်မှတစ်ဆင့် အောက်မြေပြင်ဘက် ရွှေ့လျားသွားသည်။

အလိုလေး ... ဘုရား။

သူ့ခြေထောက်နှင့် တစ်တောင်သာသာတွင် အဝါကွက်၊ အညိုကွက် ရောနေသော မြွေပွေးကြီးတစ်ကောင်က ကွေ့ကွေ့ရရ ခွေနေသည်။ ခွေနေသော အိနေသော ကိုယ်ကြီးပေါ်သို့ သုံးမြှောင်လုံးလုံးသဏ္ဌာန်ရှိသော မြွေခေါင်းက ထိုကိုယ်ပေါ်တင် လျက်သား။

ကိုယ်နှင့်ခေါင်း ဆက်ရာတွင် ရှူးပြီးသေးသွယ်သော လည်ပင်းက ရှိနေသည်။ ပြူးကျယ်မည်းနက်သော မျက်လုံးလေး များနှင့် ဂျက်စနေကို ကြည့်နေသည်။

ဂျက်စနေသာ မမြင်မကန်းနှင့် နောက်တစ်လှမ်းတိုး လိုက်ပါမူ သူ့ခြေထောက်တစ်ဖက်က ယင်းမြွေပွေးကြီး၏ ကိုယ်ကို တက်နင်းမိမှာ သေချာသလို ထက်လှသော မြွေစွယ်နှင့် အဆိပ်တွေက ညှပ်ဖိနပ် စီးထားသော သူ့ခြေထောက်ထဲကို မြုပ်ဝင်သွားမှာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေပွေးကိုက်လျှင် ဆေးမမီဟု လူတွေကပြောကြသည်။

ဆေးရုံကို အချိန်မီ မရောက်လို့ကတော့ အသက်ဆုံးမှာမလွဲ။

ဘုရား ... ကံကြီးပေလို့ပဲ။

ဂျက်စနေက ကြက်သီးထသွားသည်။ သတိထား၍ ဖြည်းဖြည်းချင်း နောက်ပြန်ဆုတ်သည်။

မြွေပွေးဆိုတာ မြွေဟောက်လိုမဟုတ်။

သူ့ကို မထိမချင်း ပေါက်တတ်သည် မဟုတ်ပါ။ ဒါကြောင့် သူ ဆုတ်ခွာတော့လည်း အေးအေးပဲ ကြည့်နေ၏။

ဂျက်စနေ စိတ်ထဲမှာ အသည်းတယားယားနှင့် သဏ်ချင်စိတ်တွေ ပေါ်လာသည်။ မြွေဆိုတာ လူ၏ရန်သူ။

သူ့လက်တစ်ဖက်က လေးခွသားရေကို ဆွဲလိုက်ပြီး ဖြစ်သည်။

လာရော့ကွာ။

ဖုန်း ...

မှန်းရာသို့ လောက်စာလုံးက အရှိန်ပြင်းစွာ ဝင်သွားသည်။ မြွေကြီး၏ မည်းနက်သော မျက်လုံးလေးတွေ ပျောက်ကွယ် သွားတော့သည်။ တစ်ကိုယ်လုံးသည် ခွေနေသော အနေအထားမှ တွန့်လိမ်ကောက်ကွေးသော အနေသို့ ပြောင်းလွဲသွားသည်။

ဖုန်း ...



နောက်ထပ် လေးခွမှထွက်လာသော လောက်စာလုံး။

သီပ်သည်းသော လောက်စာလုံးဒဏ်ကြောင့် မြွေခေါင်းတစ်ခြမ်းမှာ မရှိရသည့်အထဲ ဒုတိယလောက်စာလုံးကြောင့် စုတ်ပြတ်ကြေထွက်သွားသည်။ သွေးရဲရဲဖြစ်သွားသည်။

လူကိုရန်ပြုသည့် နှုတ်သီးပင် မရှိတော့။

ဖုန်း ...

တတိယလောက်စာလုံးက တဖြုန်းဖြုန်းခုန်နေသော ကိုယ်ညိုပုတ်ပုတ်ကို ထပ်မံထိတွေ့သည်။

မြွေကိုယ်ကြီးကို ကြည့်နေသည်။

တစ်စစနှင့် မြွေကိုယ်ကြီးက ငြိမ်သက်သွားသည်။

ဂျက်စနေက မကြောက်မရွံ့ဘဲ မြွေကိုယ်ထည်ကြီးကို လာရောက်ငုံ့ကြည့်သည်။ ခြေထောက်နှင့် တို့ကြည့်၏။

မလှုပ်မရှား ဖြစ်နေတော့မှ သေသွားပြီကို သိသွား၏။ အောက်မှ လှုပ်ရှားသံတွေကြောင့် ငှက်လည်း သူ့နေရာမှ ပျံပြေးလေပြီ။

မြွေသေကြီးကို ကောက်ယူပြီး စစ်ဆေးတော့ ကိုယ်ထည်လုံးပတ်မှာ လူကြီးလက်ကောက်ဝတ်လုံးလောက် ရှိသည်။

တွဲလောင်းကျနေသော ကိုယ်မှာ အရှည်အလျား တစ်လံခန့်တော့ ရှိမည်။ အမြီးမှာ ပြတ်ပြီးတုတ်သည်။

မြွေသေကြီးကို လွှင့်ပစ်မည်လုပ်ပြီးမှ အာရုံထဲ ဝင်လာသော အသိက လွှင့်ပစ်အုံဆဲဆဲ သူ့စိတ်ကို ချုပ်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြော်ဆိုင်တွင် အမူးသမားတွေ ရှိသည်။ သူတို့အထဲမှ မြွေသားကို ကြိုက်တတ်သူတွေလည်း ရှိသည်။

ယခု မြွေကြီးမှာ အလေးချိန် တစ်ပိဿာခွဲလောက်ရှိတော့ မြွေသားကြိုက်သူတွေကို ရောင်းချလိုက်ပါမှ မိမိအတွက် ရေလျှံကိန်း ဆိုက်သွားနိုင်သည်။

ကောင်းပါ့ကွာ။

မစွံမရှာဘဲ မြွေသေကြီးကို ရဲရင့်စွာ ခွေလိုက်ကာ ကျောပိုးတစ်ပတ်ရစ် ဂျိုင်းအိတ်ထဲ ထည့်လိုက်သည်။

ငှက်အစား မားစာခံသွားရရှာသော မြွေသေကြီးကို လွယ်ပြီး နီမကို အရှာထွက်သည်။

နီမသည် တစ်ခါတစ်ရံဘုရားဘက်မှာ အိပ်တတ်၏။ တစ်ခါတစ်ခါ သည်ချုံဖုတ်တွေကြားထဲ တိုးတိုးခွေ့ခွေ့ လာအိပ်တတ်သည်။ သည်နေရာမှာ မတွေ့လျှင် ဘုရားဘက်သို့ သွားရှာရမည်။

"နီမရေ ... အို့ ... အို့ ... အို့"

သူက အသံပေးသည်။ နီမကို ဟိုနေရာ သည်နေရာ ရှာ၏။

"ဝုတ် ... ဝုတ် ... ဝုတ် ... ဝုတ်"

ဟော ခွေးဟောင်သံ။

ဒါ နီမအသံပဲ မဟုတ်လား။

အသံလာရာကို သူအလျင်အမြန်ရှာသည်။

"ဝုတ် ... ဝုတ် ... ဝုတ် ... ဝုတ်"



"ဟာ ... ဒီခွေးမဟာ မသေခင် တယ်စကားများတာပဲ၊ ငါ ချက်ချင်း လုပ်ပစ်လိုက်ရ"

"ကိုမောင် ... လုပ်ရင်လည်းလုပ်ဗျာ ... စကားရှည်တယ်"

"အေး ... ငါသတ်ပြီးရင် အရေခွာဖို့က မင်းတာဝန်ပိုးစံ"

"ထားလိုက်စမ်းပါ ... ဆိတ်ကတုံးသားရဖို့ အရေးကြီးတယ် ... ဒီညနေ အရက်နဲ့မြည်းဖို့ အမြည်းလိုနေတော့ ဒီခွေးမပဲ ပေါ်ရမှာပဲ"

စကားသံတွေကြားရာသို့ လာကြည့်တော့။

ဟယ် ... ဘာတွေလဲ။

နီမကို ခြေလေးချောင်းလုံးတုပ်ပြီး မြေပြင်တွင် လှဲအိပ်ထားသည်။ အနားတွင် ဖိုးမောင်မောင်သည် သစ်သားတုတ်ကြီးတစ်ခုကိုင်ကာ လူတစ်ယောက်နှင့်အတူ မားမားရပ်နေသည်။

ဖိုးမောင်မောင်ကိုကော ဘိုးစံကိုပါ သိသည်။

သူတို့သည် မူးတွေ။

"ကိုဖိုးကြီး ... ခင်ဗျားတို့ နီမကို ဘာလုပ်မလို့လဲ"

သူ့အသံကြောင့် နှစ်ယောက်လုံး လှည့်ကြည့်လိုက်ကြသည်။ မျက်နှာတွေ ပျက်သွား၏။ နောက်မှ မထူးဟူသော သဘောနှင့် ဖိုးမောင်မောင်က ...

"တို့ အမြည်းမရှိလို့ အမြည်းဖော်မလို့ ကောင်လေး"

"ဟာ ... မလုပ်ပါနဲ့ဗျာ ... သနားပါတယ် ... နီမက လိမ္မာတယ်ဗျ"

"လိမ္မာတဲ့ခွေးရဲ့ အသားကိုစားရင် တို့ပိုလိမ္မာမလားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"နီမက သူတော်ကောင်းပါ ... ဘယ်သူ့ကိုမှလည်း မကိုက်ပါဘူး ကိုဖိုးကြီးရာ ... မသတ်ပါနဲ့ ... ကျွန်တော် ... ကျွန်တော် တောင်းပန်ပါတယ်"

"ဝုတ် ... ဝုတ် ... ဝုတ် ... ဝုတ်"

သူ့ဘေးကို သူသိသည့်အလား နီမက အရေးတယူပင် အသံပေးရှာသည်။ တကယ်တော့ ကယ်ပါယူပါဟု ဂျက်စနေကို ပြောနေသယောင်ပင်။

ဂျက်စနေကို မြင်မှ သူက ပိုရုန်းကန်သည်။ တအီအီမြည်ပြီး ထဖို့ကြိုးစားရှာသည်။ ဘိုးစံက ပိတ်ကန်ပစ်လိုက်၏။

"ကိန် ... ကိန်"

နီမက နာသည်ထက် ပိုနာလေသဟန် အထိတ်တလန့် အသံမြည်ပြသည်။ ဂျက်စနေ စိတ်မကောင်းပါ။ ထိတ်ထိတ်ပျာပျာနှင့် ဖိုးမောင်မောင်တို့နား လာရပ်၍ ...

"ကျွန်တော် နီမ ပျောက်လို့လိုက်ရှာနေတာဗျ ... ခင်ဗျားကြီးတို့ကလည်း ကြံကြံဖန်ဖန်ဗျာ အရက်နဲ့ခွေးသားကို မြည်းရမယ်လို့"

"တို့မှာ ပိုက်ဆံမရှိဘူး ကောင်လေး ... နေ့တိုင်း အကြော်နဲ့ အရက်နဲ့ မမြည်းနိုင်ဘူးကွ ... ဒါ ခွေးသားမဟုတ်ဘူး ဆိတ်ကတုံးသားခေါ်တယ်"

"ခွေးက ချစ်စရာကောင်းပါတယ်ဗျာ ... လှပါတယ်ဗျာ ... မသတ်ပါနဲ့ ခွေးသတ်စားရင် ငရဲကြီးတယ်ဗျ"



"ဟား ... ဟား ... ငရဲကြီးလည်းကြီးကွာ ... လောလောလတ်လတ်မှာ အမြည်းက အရေးကြီးတယ် ... ငရဲက နောက်မှလာမှာ ... တို့ ငရဲမကြောက်လို့ အရက်သောက်တာပေါ့ ကောင်လေးရာ"

"မောင်မောင် လုပ်ရင်လည်း မြန်မြန်လုပ်ကွာ ... အချိန်ကုန်နေပြီ ... ခွေးဖျက်တာ ဆိတ်ဖျက်သလို လွယ်တာမဟုတ်ဘူးကွ"

ဖိုးစံက ဝင်တိုက်တွန်းတော့ ဂျက်စနေက ...

"ခင်ဗျားတို့ သတ်ရဲသတ်ဗျာ ... ကျွန်တော် လူတွေကို နီမကို ခင်ဗျားတို့ သတ်လိုက်ကြောင်း ပြောမယ် ... ခွေးသားစားတဲ့ အကြောင်းလည်း လျှောက်ပြောမယ် ကိုဖိုးစံကြီး"

"ပြောလည်းပြောကွာ ... ခွေးတွင်မကဘူး မင်းအသားကိုပါ သတ်စားမယ်"

ဂျက်စနေ နှုတ်ခမ်းကို ကိုက်လိုက်သည်။ မျက်နှာအလေးက မဲ့တဲ့တဲ့ ဖြစ်သွားသည်။ ချောမောသော သူ့မျက်နှာချင် ဆံပင်တွေက ဖရိုဖရဲနဖူးပေါ် ဝဲကျနေသည်။

ယင်းဆံပင်တွေကို ဂျက်စနေက လက်တစ်ဖက်နှင့် ခေါင်တင်ကာ ဖိုးစံကို ဂရုမစိုက်ဘဲ ...

"မလုပ်ပါနဲ့ မသတ်ပါနဲ့ ကိုစိုးကြီးရယ် ... ကျွန်တော် တောင်းပန်ပါတယ် ... ခင်ဗျားတို့ကို ပိုက်ဆံပေးပါ့မယ်"

"ပိုက်ဆံ"

www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံဆိုရင် ခုပေး ... တို့ ကြက်တစ်ကောင် ဝယ်လို့ ရတယ်"

ဖိုးစံက လက်ဝါးကြီး ဖြန့်လိုက်၏။

"ဟာဗျာ ... ခုတော့ ဘယ်ရမလဲ ... မနက်ဖြန်ရမယ် ... ကျွန်တော့် မုန့်ဖိုးကို ခင်ဗျားတို့ကို ပေးမယ်ဗျာ"

"မင်းပိုက်ဆံ နှစ်ပဲခြောက်ပြားလေးလောက်နဲ့ တို့အမြည်း ဖိုး လုံလောက်ပါ့မလားကွာ ... ကောင်လေးသွား ... လာ မနှောက်နဲ့"

ဂျက်စနေက သည်လူနှစ်ယောက်ကို လောက်လေးခွ နှင့်ပစ်ပြီး နီမကို ကယ်ဖို့ရန် စိတ်ကူးမိသည်။ သို့စေငြားလည်း မလွယ်ပါ။

သူတို့က နှစ်ယောက်။

နီမက သူတို့နှင့် ကပ်နေသည်။

နီမကို မကယ်ဘဲ သူသာလျှင် ထွက်ပြေးနိုင်သော အခြေပဲ ရှိသည်။

ချက်ချင်း စိတ်ကူးတစ်ခု ဝင်လာသည်။*

"မြွေသားနဲ့အရက်မြည်းရင်ကော ကိုစိုးကြီး"

စိုးကြီး ဆိုသော အမည်သည် လူတကာက ရင်းနှီး မှုနှင့် မောင်မောင်ကို အတိုကောက်ခေါ်သော အမည်သာဖြစ်သည်။

"ဟေ ... ဘာပြောတယ်"

"မြွေသားကို အမြည်းလုပ်ပြီး အရက်နဲ့ သောက်လိုက်ရင် ကိုစိုးကြီး ဘယ်လိုအရသာရှိမလဲ"



"မင်းမို့ ပြောရက်တယ်ကွာ ... ကောင်းမှ သိပ်ကောင်းပေါ့ ကောင်လေးရာ ... ခုချိန် မြွေက ဘယ်ရမှာလဲ ... သွား စမ်းပါ"

"ဟော့ကောင် ... မင်းပြောသလိုသာ မြွေရနေရင် ဒီလောက် ခွေးကို ငါတို့က ဂရုစိုက်မှာ မဟုတ်ဘူး"

ဖိုးစံ၏ ပြောစကားကို ဂျက်စနေက မဲ့ပြုံးပြုံးလျက် သူ့ပျုံင်းအိတ်တွင်းမှ မြွေပွေးသေကြီးကို ထုတ်ပြလိုက်၏။

"ကြည့်စမ်း ... ဒါ ဘာလဲ"

"ဟ ... မင်းဟာ ..."

အရက်ငမ္ပးနှစ်ယောက်မှာ စကားပင် မပြောနိုင်ကြ ဘဲ မြွေသေကြီးကို ငိုင်ကြည့်နေသည်။ ဂျက်စနေက မြွေမြီးမှ အောက်ထိုးတွဲလောင်းချကိုင်၍ လှုပ်ယမ်းပြသည်။

"တုတ်တုတ်ခဲခဲ စားချင်စရာကြီးနော်"

"ပေး ... ပေး ... ငါ့ကိုပေး"

တောင့်ခံမထားနိုင်ဘဲ ကိုမောင်မောင်က အလော တကြီး ရှေ့သို့တိုးပြီးသော် မြွေသေကို လှမ်းယူလိုက်သည်။ ဂျက်စနေက လှုပါးလှုလျင်။

မြွေကို ဆတ်ခနဲတို့ဆွဲ ခြေတစ်လှမ်းနောက်ဆုတ် လိုက်၏။

"ဒီလိုနဲ့ ဘယ်ရမလဲဗျာ"

"မင်းက ရောင်းမှာလား"

"ရောင်းကော ခင်ဗျားတို့က ပိုက်ဆံရှိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာလိုချင်သလဲ"

"ကိုဖိုးစံကြီး... ကျွန်တော် လိုချင်တာက နီမပဲဗျ ... မြွေနဲ့ နီမနဲ့ လဲမယ်"

"ဟာ ... ဗဲရီးအီးဇီး(VERY EASY)"

တောသားက ဒါလောက်တော့ လျှာခလုတ်တိုက် တတ်ပါသည်။

"ဒီလိုနဲ့ ဘယ်ရမလဲ ... ဒီမြွေကို လိုချင်ရင် ခင်ဗျားတို့ နောင်ကို နီမကို ဘယ်လိုမှ အန္တရာယ်မပြုပါဘူးလို့ ကတိပေး"

"ပေးတယ်ဗျာ"

"ဘုရားစူး"

"စူးကွာ"

"မိုးကြိုးပစ်"

"ပစ်ကွာ"

"ဒီမြွေသားစားပြီး အပင်းအဆိပ်ဖြစ်"

"ဖြစ်ကွာ"

သည်တော့မှ ဂျက်စနေ ကျေနပ်သည်။ လဲဖြစ်သည်။ သည်လိုနှင့် နီမ အသက်ကို ဖြစ်သလို ကယ်ခဲ့ရသည်။ နီမ၏ ကျေးဇူးရှင်သည် ဂျက်စနေ။

နီမသည် ဈေးတစ်ကောင် ဖြစ်ပြားလည်း လူတွေနှင့် နီးနီးကပ်ကပ် နေတာမို့ လူ့စကား လူ့အထာကို ရိပ်မိသည်။ ဖိုးမောင်မောင်နှင့် ကိုဖိုးစံနား ကပ်ကိုမကပ်တော့။



နောင်တွင် သူတို့ကို မြင်တာနှင့် လှည့်ပြေးတော့သည်။ အဲသည်အခါမှာ အမှုးသမားနှစ်ယောက်က သဘောကျစွာ အုလှိုက်သည်းလှိုက် ရယ်ကြသည်။

ကျေးဇူးရှင်မှန်း သိဟန်နှင့် နီမက ဂျက်စနေကို ဝိုပြီးစင်မင်၊ ပိုပြီးတွယ်တာသည်။ အဲသည်အခါမှာ နီမသည် ဂျက်စနေအိမ်ရှိရာသို့သွားပြီး ဂျက်စနေ အိမ်ထဲမှ ထွက်မလာမချင်း ငေးမျှော်နေတတ်၏။

ထိုသောအခါ ဂျက်စနေ၏လမ်းတွင် ဈေးပွဲတော်ကြီး ဖြစ်တော့သည်။ လှပသော နီမကို ဈေးထီးတွေက လာရှိုက်ကြသည်။ ထိုသောအခါ နီမအတွက်နှင့် ဈေးထီးတွေ တစ်ကောင်နှင့် တစ်ကောင် ကိုက်ကြဖွဲ့ကြပေ၏။

ဈေးမတွေကလည်း နီမကို မနာလိုကြ။

သည်တော့ နီမနှင့် ဈေးမတွေ ချကြပြန်သည်။

နီမက သတ္တိကောင်းသည်။ အမြီးထောင်နေသော ဈေးပိဝိ ကောင်းကောင်းကြီး ဈေးမအုပ်စုတွေကို ပြန်အုပ်ထည့်၏။

အဲသည်အခါ လာရောက် ဖြေရှင်းပေးရသူက ဂျက်စနေ။

ဈေးတွေ ဈေးမတွေကို သူ့လောက်လေးခွနှင့် တီးပစ်လိုက်သည်။ အဲသည်တော့မှ လမ်းဘေးမှ ဈေးအုပ်ကြီးရှိပြီး ဈေးလေဈေးလွင့်၊ ဈေးနာ၊ ဈေးဝဲစား၊ ဈေးလမ်းသရဲတွေ ပြေးခုန်ကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေက ရှေ့မှ အကြော်ဆိုင်ကို မြန်းတော့ မရွှေချောနီမက ကော့ကော့ ကော့ကော့နှင့် ကြော့ကြော့လေး နောက်မှ ကပ်ပါသွားသည်။

သူတို့နှစ်ဦး၏ သံယောဇဉ်က အံ့ဖွယ်ရာ။

ဂျက်သည် လက်လွတ်ချည်း မဟုတ်တော့ဘဲ ထမင်း နှင့်ဟင်းကို ထုပ်ယူလာ၍ နီမကို ကျွေးတတ်ပြန်သည်။

အဲသည်မှာ နီမသည် ထူးထွေအံ့ဩဖွယ် အမူတစ်ခု ကို ပြုတတ်ပြန်၏။ ဂျက် ကျွေးသော ထမင်းပုံထဲမှာ အသား လျှင် အသား၊ ငါးပါလျှင် ငါးတစ်ခုခုကို ကိုက်ချီပြီး ဘုရားစေတီ ရှိရာ တောင်ကုန်းဘက်သို့သွားလျက် ထိုအသားတုံးငါးတုံးကို ဘုရားဘက်ထားပြီး အနည်းငယ်ကြာအောင် ဝပ်လျောင်း၍ ဘုရား စေတီကို ငေးမောကြည့်နေတတ်သည်။

ထိုမှ ထမင်းပုံကို ပြန်လာပြီး ထမင်းစားလေ့ရှိ၏။

ဤအမူသည် မည်သူကမှ သင်ပြခြင်း မဟုတ်သ ခွေးပင် ဖြစ်လင့်ကစား သူ့သဘောနှင့်သူ ပြုလုပ်ခြင်းဟု ဆိုရ မည်။

ဒါကို လူတွေက သတိပြုမိလာတော့ နီမကို ချီးမွမ်း ကြသည်။ စားဦးစားဖျားတင်သော ဘုရားကို ကြည်ညိုသော ဟု အသိအမှတ် ပြုကြ၏။ ချစ်ခင်ကြသည်။

နီမကို ကျွေးလိုသော စေတနာတွေ ဖြစ်ကြသည်

ဒေါ်ဇာအုံပင် နီမကို ဂရုမစိုက် မနေနိုင်တော့ တစ်နေ့ကို အကြော်သုံးလေးခုတော့ ကျွေးမြဲ။



ရက်တစ်ရက်။

အဲသည်နေ့က ဒေါ်ဇာအုံ အကြော်ဆိုင်မဖွင့်မီ အကြော်ဆိုင်တဲနားသို့ လူသုံးယောက် ရောက်လာသည်။

သူတို့ မျက်နှာတွေက ကြမ်းတမ်း၍ ရက်စက်ရန် လိုသော သဘောရှိကြသည်။ လူတွေ၏ တညီတည်း တူညီမှုက သုံးဦးလုံး အသားမည်းမှောင်သည်မှ သပိတ်ရောင်ထသလို မည်း နက်ကာ အရပ်တွေက ထောင်မောင်းပြီး အရွယ်ကလည်း တညီ တည်း ရှိကြသည်။

နီမသည် အကြော်ဆိုင်နားတွင် ဝပ်ကာ ရှုးစိုက် ကြည့်နေသည်။ သူတို့အထဲမှ တစ်ယောက်လက်ထဲမှာတော့ အဝတ်နှင့် ထုပ်ထားသော ပစ္စည်းတစ်ခုရှိ၏။

လူသုံးယောက်က နေပူကျဲတောက်တောက်တွင် ဖွင့် လျောင်းနေသော အကြော်ဖိုတဲကလေးအတွင်းတွင် ထိုင်၍ ဆေး သိပ်ဖွာသူဖွာ၊ ချွေးသုတ်သူကသုတ် လုပ်နေကြသည်။

နီမသည် အဲသည်လူစုကို စိပ်ဖြာခွဲခြမ်းသော မျက်လုံးတို့နှင့် ကြည့်နေပုံရသည်။ အနံ့လည်း ခံနေသည်။ လူနံ့ ချွေးနံ့သည် သူရခဲ့ဖူးသော လူတွေ၏ အနံ့နှင့်မတူ။

ထိုသူများ၏ ကိုယ်မှထွက်သော လူနံ့ ချွေးနံ့တို့က ကောင်းသော အန္တရာယ်များ ရှိနေသည်ဟု ခွေးတစ်ကောင်၏ အသိဉာဏ်နှင့် ဖော်ခွဲနေသည်။

ချက်ချင်းပင် မျက်လုံးများတွင် သက်သာယာမကင်း သော အရိပ်အယောင်တွေ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လှုံသုံးယောက်သည် နီမကို အစက ဂရုမပြုမိကြသော်
လည်း ခဏကြာတော့ ဂရုစိုက် သတိထားမိလာကြ၏။

"ခွေးလေးက ချစ်စရာပဲကွ၊ နီကြောင်ကြောင် အမွေးလေးတွေနဲ့ မျက်နှာလေးကလှတယ်၊ နားရွက်ကဖားဖားပဲ ... အင်းစပ်ထင်ပကွ ... ကြည့်စမ်း မော်တာ"

"ဟုတ်ဝကွာ ... တကယ်လှတဲ့ ခွေးပဲ ... အထီးလား အမ
မလား"

"ကြည့်ချင်ရင် သွားခေါ်လိုက်ပါလား ... ကြည့်ရတာ ပိုင်ရှင်လည်း ရှိပုံမပေါ်ဘူး... တို့ခေါ်သွားရင် ရတာပဲ မိုက်တီး
ရ"

"မြွေပူရာ ကင်းမှောင့်ကွာ ... ရာဇဝတ်ဘေး ပြေးနေရတုန်း ခွေးတစ်ကောင် ခေါ်နေလို့ ဘာလုပ်မှာလဲ ... အလကား အလုပ်ပိုတွေ"

"မိုးမခ ပြောတာလည်း မှန်တာပဲဟေ့"

"ဘာပဲပြောပြော မော်တာရာ ... ခွေးဆိုရင် ငါက စိတ်ဝင်စားတယ်ကွ ... ငါ အထီးအမ သွားခွဲခြား ကြည့်လိုက်ဦးမယ်"

"မိုက်တီးရယ် ... ခွေးမဆို မင်းက ယူမလို့လား ... ဟား
ဟား"

"မော်တာ ဟော့ကောင် ... ခွေးမဆို မင်းနဲ့ပေးစားမလို့ကွ"

မိုက်တီးဟု နာမည်ခေါ် ခံရသူက ထသည်။ မိုးမခ
က ခွေးကို အကဲခတ်ကြည့်ရင်း ...



"မော်တာ ကြည့်လည်းလုပ်နော် ... ခွေးက တို့ကို ကြည့်နေတာ သိပ်မနိုပ်ဘူးကွ ... မင်းသမီးက လူကြမ်းကို ရုပ်ရှင်ထဲမှာ ကြည့်သလို ကြည့်နေတာကွ"

"သွားစမ်းပါ ... ခွေးဟာခွေးပဲ"

ဝပ်လျှောင်းနေသော နီမနားသို့ မိုက်တီးကပ်သွားသည် နီမမှာ ဒေါသနှင့် နှာခေါင်းတရှုံ့ရှုံ့ တမွှမွှ ဖြစ်လာသည်။ လူစိမ်းတွေကို နီမ မနှစ်သက်ပါ။ ဒါကို မိုက်တီးဆိုတဲ့ ငတိက သတိရှိပုံမရ။

သူ့အသက်က သုံးဆယ်လောက် ရှိမည်။

"လာ ... လာ ... အို့ ... အို့ ... အို့"

ခွေးကို လက်ဖျစ်တီး၍ တီး၍ ခေါ်သည်။ နီမက သော့ စိမ်းစိမ်းပဲ ကြည့်နေသည်။ မိုက်တီးက နီမနား မှဆိုးဒူးထောက် ထိုင်လိုက်ကာ ခေါင်းလေးကို လက်နှင့်သပ်ပေးမည့်ဟန် ပြင်လိုက်စိုက် ...

"ဂဲ"

ဒေါသနှင့် မာန်ဖီသံပြု၍ နီမက ခေါင်းကို ဆတ်ခနဲထောင်၊ ပွတ်သပ်တော့မည့် လက်ကို ဂတ်ခနဲ ဟပ်လိုက်သည်။

"ဟဲ့ ... ဂျီးဒေါ်ကြီး သောက်ကျိုးနဲ့"

ယောင်အော်သံနှင့် မိုက်တီး လက်အရှက်မြန်ပေလို့ ... ခွေးစွယ်နှင့် လက်ဝါးလွဲသွား၍ အသားတစ် ပါမသွားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ငါပြောတာပေါ့ ခွေးမလင်ရဲ့ ... ခွေးကို အရောမဝင်ပါနဲ့လို့"

မိုးမခ အသံက စိတ်ရှုပ်သံ ပါသည်။ ကောင်းစေလိုသော စေတနာနှင့် ယုယမည်ပြုပါမှ ခွေးက ဖောက်ပြန်လိုက်တာကို ခံစားမိလို့ ထပ်တူပေါ်လာသော ခံစားမှုက ဒေါသ။

"အောင်မယ် ... ငါကချစ်လို့ယုယတာ ... လင်ကို စိတ်ကောက်ပြီး ယောက်မနဲ့ခုတ်တဲ့ မယားလို နင် ခွေးမလည်း စေတနာကို စေတနာမှန်း မသိဘူး ... ကဲဟာ"

ခွပ် ...

"ဂိန် ... ကိန် ... ကိန်"

လူနှင့်ခွေး ရန်မဖြစ်ထိုက်ပါ။ မိုက်တီးကတော့ နာမည်နှင့်လိုက်အောင် ရန်ဖြစ်သည်။ သူ့ခြေတစ်ဖက်က ခွေးမနှုတ်သီးကိုပင် ခတ်ပြီးပြီ။

နာကျင်စွာပင် နီမသည် တကိန်ကိန် အော်ရာကာ နေရာမှ ထပြေးတော့၏။ အနားသို့ ကပ်မလာဘဲ အဝေးမှမျှော်ကြည့်နေရှာ၏။

"ဟော့ကောင်တွေ ... ထတော့ သွားမယ်"

မိုးမခက လှော်ဆော်လိုက်သည်။

သူကိုယ်တိုင်လည်း ထလိုက်လျက် ဖွာနေသော ဆေးလိပ်တိုကို တစ်နေရာတွင် လွှင့်ပစ်လိုက်သည်။

လူသုံးယောက်သည် အစတ်ပတ်ထားသော အရာကို ပိုက်လျက် ထွက်သွားကြစဉ် ကြည့်နေသော နီမသည် နောက်ဘက်မှ



တရွေ့ရွေ့အနံ့ခံ လိုက်သွားတာကို ရှေ့လူသုံးယောက်က မသိပါ။

သူတို့သွားနေသည်မှာ ကားလမ်းကြီး ဟိုဘက် ဘုရားစေတီဘက် မဟုတ်ဘဲ သည်မှာဘက်မှ တောအုပ်ထဲဖြစ်သည်။

ဂျက်စနေသည် ထမင်းထုပ်ကိုကိုင်လျက် တဲကလေးနား ရောက်လာသည်။ ထုံးစံအတိုင်း ပုလင်းအိတ်ကို လွယ်ထားသည်။ ပုလင်းအိတ်တွင်းမှာတော့ ကိုင်နေကြ လေးခွနှင့် လောက်စာလုံးတွေ။

"နီမ ... နီမ ... လာ ... လာ ... လာ"

သူက နီမကို အသံပြုလိုက်သည်။ ဒေါ်ဇာအုံခရောက်မီတွင် သူက ယနေ့တော့ ဒေါ်ဇာအုံထက် ဦးစွာ ရောက်နေသည်။ ဖိုးမောင်မောင်ကိုလည်း မမြင်ရသေးသဖြင့် သည်နေ့အကြော်ဖိုသို့ အလာနောက်ကျပြီဟု သိလိုက်သည်။

"နီမ ... နီမ ... အို ... အို ... အို ... အို ... လာ ... လာ ... ထမင်းစားမယ် နီမရေ"

လူတွေနှင့် နီးနီးကပ်ကပ် နေခဲ့သော နီမအတွက် လူတစ်ယောက်လို ခေါ်တာ မထူးဆန်းပါ။ နီမကို မမြင်။

ဘယ်ရောက်နေသလဲကွယ်။

သူဝပ်နေကြ မြေချိုင့်ကလေးထဲ သွားကြည့်၏။ နီမ ပါသွားခဲ့သော အညစ်အကြေးကို မြင်ရသည်။ နီမ သည်နားမှာ ရှိနေမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဂိန် ... ကိန် ... ကိန်"

ခွေးအော်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ အသံလာရာမှာ ကွင်းပြင်နှင့် ရောနေသော တောအုပ်ကလေးထဲမှ ဖြစ်သည်။ ခွေးမှာ တစ်ခုခုနှင့် ထိသောကြောင့် နာနာကျင်ကျင် အော်လိုက်သံဖြစ်၍ ထိုအသံမှာ နီမ၏ အသံမှန်း ဂျက်စနေ တပ်အပ်သိလိုက်သည်။

ဂျက်စနေ နီမ အတွက် စိုးရိမ်သွားသည်။

သူက ထမင်းထုပ်ကို ချလိုက်ပြီးလျှင် တောအုပ်ထဲသို့ တန်းပြေးတော့၏။ ဖိတ်ုဒီတိုဂျပန်ဘောင်းဘီပုံစံ ဒူးဆစ်အထိသာရှည်သော ဂျင်းဘောင်းဘီတိုကို ဝတ်ထားပြီး ဝေါက်င်းရှူးအပေါင်း စီးထားသော သူ့ခြေလှမ်းတွေက သွက်လက်လှ၏။

"ကိန် ... ကိန်"

နောက်ထပ်အသံမှာ တိမ်သွား၏။

"နီမရေ ... နီမ"

သူ့ရင်တွင်းမှာ နီမကို တွယ်မိသော သံယောဇဉ်ကြောင့် နီမအတွက်ပဲ ပူပန်သောက ရောက်နေမိ၏။

တောအုပ်၏အစပ် သစ်ပင်တွေကြားထဲ ရောက်သည်နှင့် အော်ပြောလိုက်သော အသံတစ်သံကို ကြားရပြန်၏။

"မိပြီဟေ့ ... မိပြီ ... စပ်စပ်စုစုလုပ်တဲ့ ဒီခွေးမကို သတ်ပစ်ရမယ်"

ယောကျ်ားကြီးတစ်ယောက်၏ နက်နက်ကြောကြောအော်လိုက်သံ။



သစ်ပင်တွေကြား အပြေးအလွှား သွားကြည့်လိုက်သည်။

သစ်ပင်တစ်ပင်အောက်တွင် နက်မှောင်သော အသားနှင့် လူထွားကြီးတစ်ယောက် ရပ်နေပြီး နီမကို လည်ကုပ်နှင့်တင်ပဆုံကို ဆွဲကိုင်မြှောက်ထားသည်။

သူက နီးရာသစ်ပင်နှင့် နီမကို ကိုင်တွယ်ရိုက်မည်ပြုတော့ ဒေါသဖြစ်သွားသော ဂျက်စနေက လေးခွနှင့် ဆွဲပစ်လိုက်သည်။

ဖောက် ...

"အာယိုယို"

ခေါင်းကို လောက်စာလုံးမှန် ခံရတာ မသက်သာပါ။ ထိုမှာ အသံထွက်အောင်အော်ပြီး ဆွေ့ဆွေ့ခုန်သွားသည်သာမက နီမကို လွှတ်ချ၍ ခေါင်းကိုပွတ်သည်။

ဂျက်စနေ လက်မနှေးပါ။

ဒုံးပျံပစ်စင်မှ ဒုံးလွှတ်သလို သူ့လေးခွမှ လောက်စာလုံးတစ်လုံးကို ထပ်မံလွှတ်ပစ်လိုက်ပြန်သည်။

ဖုတ် ...

"အမယ်လေးဗျာ"

သူ့အော်သံ ထွက်လာစဉ် ဂျက်စနေကို မြင်သောနီမသည် ဂျက်စနေရှိရာသို့ သုတ်ခြေတင်တော့၏။

ဂျက်စနေက နီမကို ပြေးပွေ့လိုက်ကာ ချာခနဲလှည့်ကာ ပြေးတော့သည်။ တစ်နေရာတွင် ရောက်နေသော လူနှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်သည် လောက်လေးခွ ထိမှန်ခြင်း ခံရသူ၏ အော်သံကြောင့် အပြေးအလွှား ရောက်လာကြ၏။

"ဘာဖြစ်တာလဲ မိုက်တီး"

"ငါ့ကို ဘာနဲ့ပစ်သလဲ မသိဘူး ... ခေါင်းနဲ့ကိုယ်ကို လာမှန်တယ်"

"ခွေးကော"

"ခွေးထွက်ပြေးပြီ"

"ဟောဟိုမှာ ကောင်လေး ... ကောင်လေး"

"ခွေးကိုပါ ခေါ်ပြေးပြီ မိုးမခရေ"

"လိုက်ကွာ ... လိုက် ... လိုက်"

လူသုံးယောက်၏ အသံဗလံတွေက ဂျက်စနေကို ချောက်ချားစေသည်။ သူသည် ပြေးမိပြေးရာ တောထဲတွင် လျှောက်ပြေးသည်။ ကုန်းမြင့်ကလေးတွေပေါ် တက်သည်။ ကုန်းမြင့်ကလေးတွေအောက် ပြန်ဆင်းပြေး၏။

အလုပ်အတော်ကွာနေတာမို့ နောက်မှလူတွေက မမီနိုင်။

သို့သော် လူကြီးခြေနှင့် ကလေးခြေ တူညီသည် မဟုတ်ပါ။ ကြာလျှင် မီနိုင်စရာ အကြောင်းရှိသည်။

နောက်မှ လိုက်လာကြသူများသည် လူကောင်းတွေတော့ မဟုတ်တန်ရာ။ ထိုပြင် လေးခွ မိထားတာ ရှိသေးသည်။

ဂျက်စနေကိုမိလျှင် ဘယ်နည်းနှင့်မှ ချမ်းသာပေးမည် မဟုတ်ပါ။ နီမကို ပိုက်ပြေးတော့ နီမက ငြိမ်ငြိမ်ကလေး



လိုက်လာသော်လည်း ခွေးတစ်ကောင်ကို ကြာကြာချီပြေးနိုင်သော အင်အားက သူ့တွင် ဆုတ်ခွာစ ပြုလာသည်။

ပြီးတော့ မောလည်း မောနေချေပြီ။

ပုန်းဖို့တစ်နေရာရာကို အားကိုးတကြီး လိုက်ကြည့်၏။ ရှာကြံကြည့်တော့မှ လဲပြိုနေသော သစ်ပင်အိုကြီး တစ်ပင်ကို ကုန်းမြင့်တစ်ခု၏ အောက်ခြေနားတွင် မြင်ရသည်။

ခွေးကိုပိုက်ထားလျက်ပင် ယင်းသစ်ပင်အိုကြီး၏ ပင်စည်ကိုယ်ထည်အောက်ထဲသို့ သူရော နီမပါ ဝပ်လျှောင်းမိဖို့လိုသည်။ ဂျက်စနေက အလျားလိုက် လဲနေသော သစ်ပင်အိုကြီး၏ ပင်စည်အောက်သို့ ပက်လက်ဝင်ခိုလိုက်၏။

သူသည် ထိုစဉ်အခါက နီမကို ပြေးချင်ရာပြေးဆိုပြီး လွှတ်ပေးလိုက်လျှင် ဖြစ်နိုင်ကောင်းဖွယ်ရာ ရှိသည်။

သို့လင့်ကစား မောနေတာရယ်၊ ကြောက်စိတ်အနည်းငယ် လွှမ်းနေတာရယ်၊ နီမကို စိတ်မချတာရယ်ကြောင့် နီမကို လွှတ်ဖို့ရန် သတိမရဘဲ ထွေးပိုက်ထားမြဲ ထွေးပိုက်ထားခဲ့၏။

နီမကိုယ်မှ ခွေးစော်နံသော်လည်း သူ မရှုံ့ပါ။

နီမသည် ပက်လက်ဖြစ်နေသော သူ၏ မျက်နှာကို လျှာလေးနှင့် လျက်ပေးနေသည်။

"နီမ ... ငြိမ်ငြိမ်နေ"

သူက မာန်လိုက်စဉ် ပြေးလွှားလာသော ခြေသံများနှင့် သစ်ရွက်ခြောက် နင်းသံတွေကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးပါးသော ဒေသတွင်ရှိသော သူတို့မြို့တွင် သစ်ရွက်များသည် ကြွေလွင့် ခြောက်သွေ့စပြီ။

"ဒီကောင်လေး ဘယ်ကကောင်လေးလဲ ... မင်းသိလား"

"ဘယ်သိမလဲ မိုးမခရယ် ... တို့က ဒီမြို့ကမှ မဟုတ်တာပါတို့ ဘယ်လိုသိနိုင်မှာလဲ မော်တာရာ"

"တို့ ပစ္စည်းထားတာကို ခွေးက သိတာကွ ... လူကသိတာမဟုတ်ဘူး ... ကောင်လေးလည်း မြင်တာမဟုတ်ဘူးကွမိုးမခရ ... ဒီတော့ ခွေးလောက်ကိုများ မင်းတို့ ဂရုစိုက်လျှောက်လိုက်မနေနဲ့ ... တို့လူမြန်မြန်မပျက် ဒီမြို့ကနေထွက်သွားဖို့ပဲ အရေးကြီးတယ် ... တို့ ထောင်ပြေးလာတာရဲက လိုက်နေတော့ တစ်မှုပေါ် တစ်မှု မဆင့်နဲ့ မိုးမခ"

"အေး ... မိုက်တီးပြောတာ အမှန်ပဲ ... ဒီခွေးနဲ့ဒီကလေးနောက် လိုက်နေတာနဲ့ တို့အတွက် အစဖော်သလိုဖြစ်ပြီးဘားလူတွေ ရိပ်မိကုန်မယ်"

လူသုံးယောက် တစ်ယောက်တစ်ခွန်း ပြောပြီးသစ်ပင်ပြိုလဲရာနား လာရပ်နေကြသည်။

"မောတယ်ကွာ ... ထိုင်ဦးမယ် ... မောတယ်ကွာ"

တစ်ယောက်၏ ပြောသံနှင့်အတူ လူတစ်ယောက်က ဂျက်စနေ လဲလျောင်းရာ ပင်စည်အထက်ဘက်တွင် လာရောက်ထိုင်ချလိုက်သည်။ ပင်စည်က အိနေတာမို့ အနည်းငယ်အိပြီးအထက်ပင်စည်၏ မျက်နှာပြင်က ဂျက်စနေ မျက်နှာနား ကပ်သွားသည်။



ဂျက်စနေ အသက်တောင် မရှူရဲသလို နိမကိုလည်းခပ်တင်းတင်း ပွေ့ထား၏။ စိတ်ထဲမှာတော့ အိမ်မှာ ကျန်ခဲ့သည့်ဖေဖေ့ကိုသော်လည်းကောင်း၊ မေမေ့ကိုသော်လည်းကောင်း အောက်မေ့သတိရလိုက်မိ၏။

မိမိ၏ ဖြစ်ရပ်ကို ဖေဖေနှင့်မေမေ သိကြသည်မဟုတ်။

သေသွားလျှင်တောင် ဘယ်သို့ဘယ်ပုံ မိမိ သေခဲ့ရသည်ကို ဖေဖေတို့ သိမည်မဟုတ်။ ဘယ်သူ့လက်ချက် ဆိုတာလည်း တွေးမိမည် မဟုတ်ပါ။

သစ်ပင် ပင်စည်ပေါ် တက်ထိုင်ချလိုက်သူမှာ မိုက်တီးဆိုသည့် ငနဲဖြစ်သည်။

"ပစ္စည်းထားပြီးရင် တို့တစ်တွေ တစ်နေရာရာကို လစ်ကြမယ်ကွာ ... နောက်မှ ဆုံစည်းပြီးတော့ တို့ ခွဲဝေယူကြမယ်"

"အေး ... မိုးမခပြောတာ မှန်တယ် ... တို့ အချိန်ရှိတုန်းလစ်ကြစို့"

"နေကြပါဦးကွ ... မင်းတို့ကလည်း လောလိုက်ကြတာ ... ပစ္စည်းရှိတဲ့ နေရာကို ခွေးက မြင်သွားခဲ့တာ ငါ့စိတ်ထဲမတင်မကျကြီးကို ဖြစ်နေတယ်"

"ဘာမတင်မကျ ဖြစ်နေရတာလဲ"

မော်တာက ခါးတွင် လက်နှစ်ဖက်ထောက်၍ တစ်နေရာသို့ လှမ်းကြည့်နေရာက မိုက်တီး ပြောစကားကြောင့် မေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မောသဖြင့် ဝါးစပ်ထဲ ထိုးဖွဲ့လာသော ပစ်ခဲနေသည့် တံတွေးတွေကိုလည်း ထွေးထုတ်လိုက်သေး၏။

"ချေးသိတော့ သူ့ကို ခေါ်ပြေးတဲ့ကောင်လေးကော မသိနိုင်ဘူးလား"

"ကောင်လေးနဲ့ ချေးက တခြားစီပဲ မိုက်တီးရာ ... ချေးကလူ့စကားမှ မပြောတတ်တာ ကောင်လေးကို ဘယ်လိုပြန်ပြောမှာတုန်း ... အ,ပါဘိ မိုက်တီးရာ ... မင်းအတွေးအခေါ်မရှိဘဲ မိုက်လို့ ထောင်ထဲမှာ မိုက်တီးလို့ ခေါ်တာလည်း မပြောပါနဲ့တော့ကွာ ... ဟတ်ဟား"

ဖြစ်ခဲ့တာတွေကို မိုက်တီးက စိုးရိမ်သလို ဖြစ်နေတာမို့ မော်တာကဟားသည်။ မိုးမခကလည်း ခြေတစ်ဖက်ကို ပင်စည်ထက်တွင်တင်၍ ...

"ချေးက တို့ပစ္စည်းဝှက်တာကို မြင်ရော ဘာမှန်းမှမသိတဲ့ အဟိတ်တိရစ္ဆာန်ပဲဟာ ... ဘာစိုးရိမ်စရာလိုလဲ မိုက်တီး ... အေးပေါ့ကွာ ... စိုးရိမ်ရမှာက တို့သုံးယောက်ပဲ ... တို့သုံးယောက် သစ္စာဖောက်ပြီး ဒီပစ္စည်းကို တစ်ယောက်ယောက်က လာ'မ'မှာကိုပဲ စိုးရိမ်ရတယ်"

"ငါကတော့ သစ္စာရှိတယ်"

မိုက်တီး၏ အာမခံချက်။

"အေး ... ငါကလည်း သစ္စာရှိတယ်"

မော်တာ၏ ကတိပေးချက်။

"တို့သုံးယောက်ဟာ ခါးပြတိုက်တော့လည်း အတူတူ



တိုက်ခဲ့ကြတယ်၊ လူသတ်တော့လည်း အတူတူ သတ်ခဲ့ကြတယ်၊ ထောင်ပြေးတော့လည်း အတူတူ ပြေးခဲ့ကြတယ်၊ တို့လောက် စည်းလုံးတာ ရှိဦးမလား ... ဒီတော့ တို့အချင်းချင်း သစ္စာရှိမှ ဖြစ်မယ် ... ငါ့အဖို့မှာ ပစ္စည်းထက် ဦးကျော့မောင်က အရေးကြီးတယ် ... လွတ်သွားတာ သိပ်နာတာပဲ ... ငါ့မိန်းမကို မတရားကြံစည်လုပ်ခဲ့ပြီး ငါ့တို့ကို ပြဿနာဖြစ်အောင် လုပ်ခဲ့တဲ့ ဒီချေးကြီးကို ဘယ်တော့မှ မမေ့ဘူး"

"ငါတို့သုံးယောက်ဟာ အသွင်တူ ပုံတူ လူတွေတင် မကဘူး အကျင့်ချင်းလည်း တူကြတာပဲ ... တို့သုံးယောက်ကို ကတ္တရာညီနောင်တွေလို့ လူတွေက ခေါ်ကြတာလည်း မှန်တာပဲကွ ... မမှန်တာကတော့ ဦးကျော့မောင် အိမ်ကို တက်ပြီး ခုခါးပြတိုက်ခဲ့ကြတော့ ဦးကျော့မောင်ကြီးကို သတ်ထိုက် မသတ်ထိုက် ငြင်းနေကြတာ မမှန်တာဘဲကွ"

"အေးလေ ... မင်းက မသတ်ချင်ဘူး ... ငါနဲ့မိုက်တီးက သတ်ချင်တယ် ... ဒါကို ငြင်းနေတုန်း ဦးကျော့မောင်ကြီး လွတ်သွားတယ်လေ ... မသာကြီး အိမ်ပေါ်က ဆင်းပြေးလိုက်တာ တန်းနေတာပဲ"

"ဘာပဲဖြစ်ဖြစ် ဦးကျော့မောင် အစား တို့ ပစ္စည်းတွေရရင် ပြီးတာပဲ"

"မပြီးသေးဘူး မော်တာ ... ကျော့မောင်ကိုတော့ ငါက တုံ့ပြန်ချက် ပေးချင်တယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ပေးကွာ"

"တောက် ... မော်တာရာ"

တောက်ခေါက်သံနှင့် ညည်းသံကို မိုးမခက ပေးပြီး ဆက်လက်၍ ...

"ဦးကျော့မောင် 'အိမ်ပေါ်မှာသာ မင်း' ခုလိုပြောခဲ့ရင် ပွဲပြီးသွားပြီ"

"အခုလည်း မလျှော့ပါနဲ့ဦးကွာ ... မိတ္ထီလာဘက်သွားပြီး ဦးကျော့မောင်ကို စုံစမ်းရင် ရပါတယ် ... ဒီကောင်ကြီး တစ်နေရာရာ တစ်ရွာရွာမှာ ဝင်ခိုနေမှာပါ ... တစ်ပွဲလောက် ပြန်ကြော့လိုက်ရင် ပြီးတာပဲ"

"ဒါ မှန်တယ်"

မိုက်တီးက ထောက်ခံတော့ မိုးမခက အားရွှာ ...

"အဲဒီလို လုပ်ကြစမ်းပါကွာ ... ပေးစမ်းကွာ ... မင်းတို့ လက်တွေ"

သူတို့ လက်ဝါးတွေက မြှောက်ကာ လေထဲမှာ ဆုံစည်းပြီး တစ်လက်ဖဝါးနှင့် တစ်လက်ဖဝါး ရိုက်ကြသည်။

ဖတ်ခနဲ ဖတ်ခနဲ ပေါ်ထွက်လာသံတွေကို သစ်ပင်ပင်စည်အောက်မှာ ဂျက်စနေက ပြတ်ပြတ်သားသား ကြားလိုက်ရသည်။ သူ့ရင်တွေ ခုန်နေသည်။ ကိုယ်လက်ရှိ အကြောတွေ သေသလို ခံစားရသည်။



ကြောက်စိတ်ကို ဖယ်သည်။ ဘာကြောက်ရမလဲ။ သည်လူတွေက ဘာကောင်တွေမို့လဲ။

တစ်ယောက်ယောက်ကသာ ရှည်ပြီး ငုံ့ကြည့်လိုက်လျှင် သူ့ကိုယ်တစ်ပိုင်းတစ်စကို တွေ့နိုင်သည်။ ဒါပေမယ့် သူက ကံသာနေသည်။

ကျောပေးထိုင်နေသော မိုက်တီးသည်လည်းကောင်း၊ ခြေတစ်ဖက်ကို သစ်ပင်ရင်းပေါ်တင် လာရပ်နေသော မိုးမခသည်လည်းကောင်း သူ့ကို မတွေ့သေးပါ။

ရင်ခွင်ထက်မှ နီမသည် ပါးနပ်၏။ ရန်သူ၏အနံ့ကို သိ၏။ ဒါကြောင့် ဟောင်ခြင်း၊ မာန်ဖီခြင်း မပြုဘဲ ဂျက်စနေ ရင်ဘတ်ပေါ်တွင် မေးတင်လက်တင်ကာ ငြိမ်ယုမှေးနေသည်။

လူသုံးယောက်၏ စကားအသွားအလာတွေအရ သူတို့သည် ထောင်ပြေးများ၊ ဓားပြများ ဖြစ်ကြသည်။ အဖိုးတန်ပစ္စည်းတွေကို ယူလာပုံရသည်။ နောက်ပြီး လူတစ်ယောက်ကို သတ်ဖြတ်ဖို့ ကြိုးစားနေကြ၏။

ဒါတွေကို ဂျက်စနေက သိခဲ့ပြီးဖြစ်ရာ သူ့ကို သည်လူသုံးဦးသာ မိသွားပါက ချမ်းသာပေးဖို့ရန် လမ်းမမြင်။

ပြီးတော့ နာမည်တွေကလည်း မော်တာတဲ့၊ မိုက်တီးတဲ့၊ မိုးမခတဲ့လေ။

နောက်တစ်ခုက ကဏ္ဍရာညီနောင် ဆိုပါလား။

အသက်ကို အောင့်ထားရာမှ မှုန်းမှုန်းလေး ထုတ်လိုက်စဉ် မိုက်တီးက ထိုင်ရာမှ ထသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမခက သူ့ခြေကို မြေတွင်ချသည်။ အဲသည်နောက် သူတို့ ထွက်ခွာသွားကြသည်။ ကလေးတစ်ယောက်နှင့် ခွေးတစ်ကောင်နောက် လိုက်ခြင်းကို စွန့်လွှတ်လိုက်ကြသည်။

သူတို့ သွားမှပဲ ဂျက်စနေက အောက်ဆီဂျင်ကို တစ်ဝကြီး ရှူသွင်းလိုက်သည်။ အဲသည်မှာ သတိပြုလိုက်မိတာက အနံ့တစ်ခု။

ဟောင်စပ်စပ်နံသော ခွေးနံ့။

## စာတ်လမ်းစဉ်(၂)

ရှစ်တန်းရောက်နေပြီဖြစ်သည့် ကလေးတစ်ယောက်သည် လူမှုရေးရာတွင် သိတန်သလောက်တော့ သိပေပြီ။

အသက်ဆယ့်နှစ်နှစ်ကျော် ရှိခဲ့ပြီဖြစ်သော ဂျက်စနေသည် သူတွေ့ကြုံခဲ့မှုတွေကို သုံးသပ်ခဲ့သည်။

ရာဇဝတ်မှုဟူသည်မှာ မိမိသိလျှင် ထိန်ချန်မထားအောင်းဟု ကြားထားဖူးသည်။

သူက နိမကို ထားခဲ့ပြီး အိမ်သို့ပြန်ရာတွင် တစ်ညလုံး အိပ်မပျော်ပါ။

သန်ဘက်ခါ ကျောင်းဖွင့်တော့မည်။

ကျောင်းဖွင့်လျှင် ယခုလို လွှတ်လပ်စွာ သွားလာ၍ မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစာနယ်ပယ်တွင် သူ ပြန်လည်လှုပ်ရှားရ မည်။ အဲသည်တော့ သူတွေ့ကြုံရသမျှတွေကို အတန်းထဲက သူငယ်ချင်းတွေကို ပြန်ပြောလျှင် ကောင်းမလား၊ ဒါမှမဟုတ် မိမိ၏ အုပ်ထိန်းသူ မိဘတွေကို ပြန်ပြောလျှင် ကောင်းမလား၊ ဒါမှမဟုတ် ရဲစခန်းကိုပဲ တိုက်ရိုက်သွားပြောလျှင် ကောင်းမ လား။

မေမေက စိုးရိမ်တတ်သည်။ ဖေဖေက အပြစ်တင် တတ်သည်။ မိဘတွေကို ပြောပြလျှင် စိုးရိမ်ကြီးသည့် မေမေ အတွက် မိမိ၏ အသွားအလာ ကျဉ်းကျပ်သွားနိုင်သည်။

ဖေဖေက အပြစ်တင်တတ်သည့် ဝါသနာပါတော့ ခွေးတစ်ကောင်အတွက်နှင့် အန္တရာယ်ရှိအောင် လုပ်ရပါဦးမည်လာ ဟု ကြိမ်းမောင်းဦးမည်။

ရဲစခန်း သွားပြောပြန်လျှင်လည်း မိမိစကားကို ယုံ လျှင်ကောင်းရဲ့၊ မယုံမိလျှင် မိမိအား လူဆိုးတွေနှင့် ပတ်သက် သည်ဟုသော မယုံသင်္ကာခံရဦးမည်။

သည်တော့ ကျောင်းဖွင့်သည့်အခါ သူငယ်ချင်းတွေ ကို ပြောပြပြီးမှ အကြံဉာဏ် တောင်းခံလိုက်တာ အကောင်းဆုံး

ဤစိတ်ကူးကိုတော့ သူ့ဆုံးဖြတ်ချက်နှင့်သူ လက် ခံလိုက်သည်။

မနက်ဖြန် ကျောင်းဖွင့်တော့မှာမို့ ကျောင်းစာအ ပြင်ရင်း တစ်ဖက်က မေမေ့အတွက် အိမ်အလုပ်တွေ ကူလုပ်ပေး ရပြန်သည်။



ရွှေနန်းတော် ရုပ်ရှင်ရုံတွင် သည်ကနေ့ သောကြာ နေ့မို့ ကားသစ်လဲတာတော့ သိသည်။ ကျော်ဟိန်း၊ ဆွေဇင်ထိုက် ဆိုတော့လည်း သူကြည့်ချင်သည်။

ဖေဖေကတော့ ပညတ်ထားသည်။ ကျောင်းဖွင့်ရက် တပ်ပြီမို့ ရုပ်ရှင်မကြည့်ရ၊ ဗီဒီယိုမကြည့်ရ စာကိုပဲ ကြည့်ရမည်ဟု ဆိုထားသည်။ သူ ခိုးကြည့်လျှင်တော့ ဖြစ်နိုင်သည်။

ငယ်ငယ်ကတည်းကမှစ၍ မိမိအပေါ် မွှင့်လင်းစွာ ဆက်ဆံသော ဖခင်နှင့် မိခင့်ကွယ်ရာတွင် ဂျက်စနေ ခိုးကြောင် ခိုးဝှက် မလုပ်တတ်ပါ။

ယခုလည်း ရုပ်ရှင်ခိုးကြည့်နိုင်သောအခြေ ရှိသော် လည်း ဖေဖေ့စကားကို ပယ်ရှားပြီး မကြည့်ပါ။

သုံးနာရီလောက်တွင် အိမ်ရှေ့ခြံဝင်းဝမှာ တဝုတ်ဝုတ် ဟောင်သံ ကြားရသည်။ ဒါ နီမအသံ။

နီမသည် လူမဟုတ်ပါ။ လူစကား မပြောတတ်ပါ။ သူ့တွင် ထူးခြားတာက လူနှင့် နီးစပ်သဖြင့် လူ့အထာ နားလည် သလို အချိန်နာရီလည်း မှန်ကန်တတ်သည်။

သုံးနာရီလောက်ဆို နီမ ရောက်လာသည်။

လူခေါ်သလို ခြံဝမှ ခေါ်တတ်သည်။

"သားရေ ... မနက်က မေမေ ဈေးထဲက ဝယ်လာတဲ့ ဆိတ်ရိုးတွေ ရှိတယ် ... ထမင်းနဲ့ ရောပြုတ်ထားတယ် ... အဲဒါ နီမကို ကျွေးလိုက်သားရေ"

www.burmeseclassic.com

www.burmeseclassic.com



သည်ကနေ့တော့ မေမေက ထူးထူးခြားခြား စကားဆိုး၏။ နီမအတွက်တောင် ဆိတ်ရိုးထမင်းပြုတ် လုပ်ထားသတဲ့။

သည်ထမင်းဟင်းကို နီမအား ခြံထဲမှာပဲခေါ်ပြီး ဂျက်စနေက ကျွေးသည်။ နီမသည် အမြီးကလေးတနန့်နန့်နှင့် စားသည်။ စားပြီးတော့ နှုတ်ခမ်းကို လျှာနှင့်လျက်ပြီး ထွက်သွားသည်။

ခွေးထီးသုံးလေးကောင်သည် ခွေးလောကမှ မော်ဒယ်မလေး နီမကို လိုလိုလားလားပင် ကြည့်နေကြသည်။

သူတို့ကို နီမက ဂရုမစိုက်ပါ။

ခွေးတစ်ကောင်က နီမအနား အရဲစွန့်ကပ်လာ၏။ လမ်းပေါ်မှ ရေမြောင်းကမ်းတင် ခွေးလေတစ်ကောင်ဖြစ်သည်။

နီမက ဂရုမစိုက်။

ခွေးမလေးနား ခွေးထီးက ပိုရဲတင်းစွာ ကပ်လာပြီး နီမကို ဟိုနမ်းသည်နမ်း နမ်းသည်။ ကျန်ခွေးတွေက စောင့်ကြည့်နေကြ၏။

သူတို့သာမက ဂျက်စနေပင် ရပ်ကြည့်နေမိ၏။

ခွေးထီးက နီမထက် ထွားကျိုင်းသည်။ သူက ရဲတင်းစွာ စွံပြီဟူသော သဘောနှင့် နီမကို ချော့မြှူသလို နှုတ်သီးနှင့် နီမနှုတ်သီးကို အထိုး ...

"ဂဲ"

နီမ၏ မာန်ဖီသံသည် တစ်မုဟုတ်ချင်း ပေါ်လာသည်။ လာနှုတ်ဆက်သော ခွေးထီးကို ဂွပ်ခနဲ ဂွပ်ခနဲ ဆွဲသတကြီး



ကိုက်လွှတ်လိုက်ရာ အနားကပ်၍ ချိုင်လိုသော ခွေးကြီးခမျှာ တကိုင်ကိုင် အော်မြည်ပြေးရှာ၏။

ပြီးတော့ ရှက်ရမ်းရမ်းသည်နှယ် ကြည့်နေကြသော ခွေးတွေကို လိုက်ကိုက်တော့သည်။ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်လေးမှာ ခွေးကိုက်သံ၊ ခွေးအော်သံ တကိန်ကိန် တဂိုင်ဂိုင် တစီစီနှင့် ညံသွားတော့သည်။

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

သူတို့ကိုကြည့်၍ သဘောကျစွာ ရယ်လိုက်သူက ဂျက်စနေ။

ခွေးလောကမှာလည်း မြှူယောင်ဆွယ်ယောင် ချစ်သလိုလို ကြိုက်သလိုလိုလုပ်ပြီး အခွင့်ရှာလွှတ်လိုက်သော ခွေးမတွေ ရှိကြသေးသကိုး။

လက်ဖျောက်တီး၍ နီမကို ခေါ်ထွက်လာသည်။ နီမက အပြေးကလေး လိုက်လာခိုက် ခွေးအုပ်ကြီးမှာ တဆူဆူ တညံညံနှင့် ရန်ပွဲနှဲ ကျန်ရစ်ခဲ့ကြ၏။

နီမ ပရိယာယ် များတတ်တာကို ဂျက်စနေက ရိပ်မိသွားသည်။ အကြော်ဆိုင်သို့ရောက်တော့ လူတစ်ယောက်က အကြော်ကြော်ရန် ဆီပုံး၊ မုန့်နှစ်အိုးတွေ လာချပေးနေသည်။

သူက ခိုးမောင်မောင်၏ အပေါင်းအသင်း ဖြစ်၏။

"ကိုစိုးကြီး ဘာလို့မလာတာလဲ ကိုဖိုးစံကြီး"

"သူ နေမကောင်းတာ သုံးလေးရက်ရှိပြီကွ"

www.burmeseclassic.com



ဂျက်စနေ အမေးကို ကိုဖိုးစံက ပြောစဉ် နီမက နိုးစံကိုမြင်တော့ လှည့်ထွက်သွားသည်။ ကားလမ်းတစ်ဖက်ကူးပြီး ဘုရားစေတီလေးရှိသော ကုန်းမြင့်အောက်တွင် တစ်နေရာ၌ ဝပ်လျှောင်းကာ ဘုရားစေတီလေးကို ငေးမောနေ၏။

ဘုရားစေတီလေးမှာ ပြုပြင်မည့်သူ မရှိသဖြင့် ထုံးများ ဂျက်ပြယ်ကာ ဟောင်းနွမ်းနေသည်။ အထက်မှ ထီးတော်မှာ ယိုင်နဲ့နေသည်၊

စေတီ၏ ဟိုဘက်တွင် ဘုန်းကြီးကျောင်းဟောင်း တစ်ခုရှိ၍ ဘုန်းကြီးကျောင်းနားတွင် ပိန္နဲပင်၊ မရမ်းပင်၊ သစ်တိုပင်၊ သရက်ပင် စသည့် သီးစားပင်များ ဝိုင်းရံနေသည်။

ထိုဘုန်းကြီးကျောင်းတွင် ခွေးတချို့ရှိသည်။ ဘုန်းကြီးကျောင်းတွင် ကြီးပြင်းလာသောခွေးများ ဖြစ်သောကြောင့်လား မသိ၊ တစ်ကောင်နှင့်တစ်ကောင် ကိုက်ခြင်း ဖွဲခြင်း ရန်လိုခြင်း မရှိပါ။

နီမသည် ထိုဘုန်းကြီးကျောင်းခွေးများထဲမှ ပေါက်ဖွားလာသော ခွေးမတစ်ကောင်ဖြစ်၍ အပြင်သို့ ထွက်ရာမှ ပြန်လာနေလေ့ မရှိတော့ပါ။

သို့သော် သူသည် ဘုန်းကြီးကျောင်းမှ ခွေးများနှင့် ခင်မင်ပြီး မည်သည့်အခါမှ ရန်ဖြစ်ခြင်း မရှိဘဲ တစ်ကောင်နှင့် တစ်ကောင် ဆော့ကစားနေတတ်ပါ၏။

ဘုရားစေတီလေးကို ငေးမောနေသော နီမသည် အူ့စိတ်တွင်းမှ ကြည်ညိုစိတ်နှင့် ဘုရားကို ရှိခိုးကောင်း ရှိခိုးနေလိမ့်မည်။



ဒေါ်စာအုံနှင့် ခင်မင်ရင်းနှီးနေသော စနေသည် ဒေါ်စာအုံ ရောက်လာတော့ စကားပြောရင်း ဆိုရင်း အကြော်စားသူများ စားသောက်ဖို့ ခုံများကို ဝိုင်းဝန်း ကူခင်းပေးသည်။

ဒေါ်စာအုံသည် ဖိုးမောင်မောင်နှင့် ညားသည်မှ သည်နေ့အထိ သားသမီး မရသေးပါ။ သူမသည် ဂျက်စနေကို သားသမီး မရှိသဖြင့် သားတစ်ယောက်လိုပဲ သဘောထား ရင်းနှီးသည်။

သူမ၏ အကြော်ပေါင်းစုံကို ကြိုက်သော ဂျက်စနေအား တစ်ခါတစ်ရံ အကြော်တွေ ပိုထည့်ပေးခြင်း၊ အလကားကျွေးခြင်းများ ပြုတတ်ပေ၏။

"ကိုဖိုးကြီး နေမကောင်းလို့ဆို … ဟုတ်လား ဒေါ်လေးအုံ"

"နေမကောင်းဘဲ သေသွားရင် ပိုတောင်ကောင်းမယ်"

"အမယ် … လုပ်မနေနဲ့ … ကိုဖိုးကြီး သေသွားရင် ဒေါ်လေးအုံ ငိုနေမှာပါ"

"အမယ်လေးဟာ မျက်ရည်မကျတဲ့ပြင် ရှူးရှူးရေတောင် ထွက်မှာမဟုတ်ဘူး … အလကား အသုံးမကျတဲ့ သေနာကောင် … သူ့ကိုယူလို့ အားကိုးရမလား မှတ်တယ် … ငါကတောင် လုပ်ကျွေးနေရတယ်"

"ဒါဆို အရက်ပုလင်းယူပြီး သူ့ကို ကွာလိုက်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတော့ ဂျက်စနေက ရယ်ပါသည်။

"နင့်နယ်ဟယ် ... အရက်ယူမှတော့ ဘာအသုံးကျတော့မလဲ"

"အရက်ယူတော့ အရက်ရောင်းစားရတာပေါ့ဗျ ... ခုလည်း ရောင်းနေရတာပဲ မဟုတ်လား"

"အေး ... ငါက အရက်ယူတော့ နင်က ကိုမောင်မောင်ကို ယူလိုက်"

ပြောပြီး နှစ်ယောက်သား ရယ်ကြပြန်သည်။ ခေါင်းတွင်ပုဆိုးတစ်ထည်ကို ရစ်ပတ်နေသော မစာအုံက ...

"အရက်သမား တစ်ယောက်ကို ယူမိရင် မိန်းမတစ်ယောက်ဟာ သူ့ဘဝမှာ သုညနဲ့ပဲ ရင်ဆိုင်ရမယ်မှတ်"

"အမယ် ဒေါ်လေးအုံက အတွေးအခေါ်နဲ့ ကဗျာဆန်လိုက်တာ"

"ငါပေါ့သေးသေး ပြောတာ မဟုတ်ဘူး ... နင် ငယ်သေးတယ် ... ကြီးလာရင် အရက်မသောက်ဖို့ ငါပြောတာ ... အရက်သောက်တဲ့ အရက်သမားဟာ နီမလောက်တောင် အဖိုးတန်တာ မဟုတ်ဘူး"

နီမ နာမည်ကို ထည့်ပြောမှ ဂျက်စနေ နီမကို သတိရလာ၏။

"ဒေါ်စာအုံကြီး ... အကြော်မရသေးဘူးလား ... အကြော်ငါးခုနဲ့ ဘီအီးတစ်ပိုင်းပေးဗျာ"



လူတစ်ယောက် ရောက်လာသည်။ အကြော်နှင့်အရက်ကို မှာသည်။ ဒေါ်စာအုံက မုန့်နှစ်ထဲ ဘူးသီးစိတ်များထည့်၍ နယ်နေသည်။ မီးဖိုထားသော မီးတောက်ပေါ်တွင် ဆီထည့်ထားသော ဒယ်အိုးက တာဝန်ထမ်းဆောင်ဖို့ အဆင်သင့် ဖြစ်နေပြီ။

"ဒေါ်လေး ... ကျွန်တော့်အတွက်လည်း ဘူးသီးကြော်ငါးခုနဲ့ ပဲကပ်ကြော်သုံးခု ထည့်ထားနော် ... နီမကို သွားရှာလိုက်ဦးမယ်"

ဂျက်စနေက ကားလမ်းတစ်ဖက်ကိုကူးရန် မြင်စဉ် ထရပ်ကားတစ်စီး ဖြတ်မောင်းသဖြင့် စောင့်နေလိုက်သည်။

ကားလမ်းကို ဖြတ်ကူးသည်။

သစ်ပင်တွေကိုဖြတ်၍ ဘုရားစေတီလေးရှိသော ကုန်းမြင့်ဘက် လျှောက်လာသည်။

ထင်သည့်အတိုင်း မြေသလင်းပြောင် တစ်ခုတွင် လျှာကလေးတွဲလောင်းထုတ်၍ ဖုတ်လိုက် ဖုတ်လိုက်နှင့် အသက်ရှူပြီး စေတီဘက် ငေးမောနေသော နီမကို တွေ့ရ၏။

"နီ ... နီ ... နီ"

ဂျက်စနေ၏ လေချွန်သံတိုးတိုးက နားပါးသော နီမ၏ နားတွင်းသို့ ဖောက်ဝင်သွားဟန်နှင့် နီမသည် ဖျင်းရိစွာ ထရပ်လိုက်သည်။ ခါးကလေးဆန့်ကာ အကြောဆန့်ထုတ်လိုက်၏။

ဝုတ် ... ဝုတ် ...

www.burmeseclassic.com

www.burmeseclassic.com



အသံပေးကာ ဂျက်စနေ ရှိရာသို့ မလာဘဲ တစ်ဖက်သို့ ပြေးတော့သည်။ ဂျက်စနေက လိုက်ဖမ်းသည်။ အဖမ်းမခံ။

သူကပြေးလိုက်၊ ဂျက်စနေကဖမ်းလိုက်နှင့် ဆော့ကစားနေကြသည်။

"နီမနော် ... ငါ စိတ်တိုရင်ရိုက်တော့မယ် လာခဲ့"

မာန်သံနှင့် စနေက ပြောမှ နီမက ရပ်လိုက်၏။ အနားသို့ ဂျက်စနေရောက်မှ ဆတ်ခနဲ ဂျက်စနေလက်ကို ကိုက်လိုက်သည်။

"ဟာ"

ဂျက်စနေ လန့်သွားသည်။ လက်ကို ရုတ်လိုက်သည်။ သူ့လက်ကို နီမက နာအောင်မကိုက်ဘဲ ခဲရုံပဲ ခဲထားသည်။ မျက်လုံးပြာပြာလေး အတွင်းမှ လေးစားသော ချစ်ခင်သော အရိပ်အငွေ့တွေက နီမ၏ သဘောကို ထင်ရှားအောင် ပြနေသည်ဟု ထင်၏။

"နီမ ... ဘာလုပ်တာလဲ ... လွှတ်လိုက်"

ခပ်မာမာလေး စနေက ဆိုလိုက်မှ နီမက လက်ကို ခဲထားရာမှလွှတ်၍ ဂျက်စနေ၏ ပုဆိုးစကို ဆွဲကိုက်ပြန်သည်။

ပြီးတော့ ဂျက်စနေကို နှုတ်သီးနှင့် ပုဆိုးစကို ဆွဲကိုက်ရင်း ဆွဲခေါ်သည်။ ဂျက်စနေက နားမလည်သဖြင့် ...

"ဟ ... ဘာလုပ်တာလဲ ... နီမ လွှတ်စမ်း"

နီမက အတင်းပဲ ဆွဲနေသဖြင့် ဂျက်စနေ ပုဆိုးကျွတ်သွားသည်။ ဂျက်စနေ ဒေါကန်သွားသည်။



"ဟာ ... ဒီခွေးမဟာ"

ပြောပြီး နီမဖင်ကို ဝိတ်ကန်ပစ်လိုက်တော့သည်။ နီမက ပြေးတော့သည်။ သူပြေးရာနောက်ကို ဂျက်စနေ လိုက်သည်။ ကားလမ်းတစ်ဖက်က အကြော်တဲကို ရောက်သွားသည်။

အကြော်ဆိုင်တွင် လူလေးငါးယောက် ရောက်နေချေပြီ။ နီမသည် အကြော်ဆိုင်ကို ပတ်ပြေးနေသဖြင့် ဂျက်စနေနှင့် သိသော လူတစ်ယောက်က ...

"မောင်ဂျက်ရေ ... မင်းခွေးကို ခေါ်ထားလိုက်ပါဦးဟ ... ဒီကောင်မ ပြေးနေတာနဲ့ တို့စားမယ့် အကြော်ထဲ ဖုန်တွေဝင်တော့မယ်"

"နီမ ... ရပ်စမ်း ... ငါခေါ်နေတာ ရပ်စမ်း ... နင့်ကို အကြော်မပေးဘဲ နေမယ်"

ဂျက်စနေက ဒေါသနှင့် အော်လိုက်သည်။ ဒေါသကို ဒေါသမှန်းသိသည့် နီမ။

ရပ်သွားသည်။ ပြီးတော့မှ အမြီးကလေးနန့်ပြီး ပြန်လာကာ ဂျက်စနေကို ခုန်ခုန်တက်သည်။ ဂျက်စနေက နီမရှေ့လက်နှစ်ဖက်ကိုဆွဲ၍ ပတတ်ရပ် လမ်းလျှောက်စေသည်။

နီမက ကားယား ကားယား ပါလာသည်။

"ဒီခွေးမက တော်တော်ထူးဆန်းတယ် ... မင်းခွေးပဲ"

ခွေးရပ်အောင် ပြောလိုက်သူက လှမ်းပြောတော့ ကျန် မိန်းမတစ်ယောက်က ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့တယ် ... အဲဒီဈေးက ဒီကောင်လေးမှ ဒီကောင်လေးပဲ ... ဘာအရက် ပါလာသလား မသိဘူး"

"ဒီကောင်က ချောတော့ ဈေးမက သူ့ကို ကြိုက်နေသလားမှ မသိဘဲ"

တခြားတစ်ယောက်၏ အပြော။

"ဟာဗျာ ... ခင်ဗျားကြီးကလည်း"

"မသိဘူးလေကွာ ... ခုခေတ်မှာ ယောကျ်ားလေးတွေ ချောရင် ကောင်မလေးတွေက ကြိုက်တတ်ကြလွန်းလို့ ဈေးမကလည်း လူကိုကြိုက်ချင် ကြိုက်မှာပေါ့"

"သွားစမ်းပါဗျာ"

"မောင်ဂျက် ... နင့်ဥစ္စာ"

အသင့်ထည့်ထားသော ဘူးသီးကြော်၊ ပဲကပ်ကြော်ပန်းကန်ကို ဒေါ်စာအုံက တုတ်တံနှင့် ကြော်နေသော အကြော်တွေကို စမ်းထိုးနေလျက်မှ တခြားလက်တစ်ဖက်က အကြော်ကို လှမ်းပေး၏။

တခြားနေ့တွေက ကိုမောင်မောင်က အကြော်ထည့်သည်။ အကြော်ထည့်ရင်း အရက်ကလေးကို ငွတ်ခနဲ ငွတ်ခနဲ သောက်တတ်၏။

သည်ကနေ့တော့ ကိုမောင်မောင် မလာ။

အကြော်ထည့်ပေးသူက ဗိုးစံ။

ဗိုးစံမှာ အကျီကျွတ်နှင့်မို့ မဲသဲနေသော သူ့ကိုကြည့်ကာ ဂျက်စနေ ရှုတတ်သဖြင့် အကြော်မစား။



သည်တော့ ဒေါ်စာအုံ ကိုယ်တိုင် ထည့်ပေးရ၏။ အကြော်ပန်းကန်ထဲတွင် အကြော်နှစ်ခု ပိုထည့်ပေးထား၏။

ဂျက်စနေက အကြော်ဖိုးကို ရှင်းပေးပြီး ကြွေပန်းကန်လုံးကလေး တစ်လုံးတွင် ရေတ်ချဉ်ရည်ကို လိုသလောက် ခပ်ယူလိုက်၏။

ဒေါ်စာအုံ၏ ရေတ်ချဉ်ရည်မှာ မန်ကျည်းသီးနှစ်၊ ဝဲမှုန့်၊ အချိုမှုန့်၊ သကြား၊ ငါးပြာရည်နှင့် ပြုလုပ်ကာ နံနံပင်တွေပါ လှီးထည့်ထားတာမို့ အကြော်နှင့်သာမကပဲ သူ့ချည်းသောက်တောင် မြိန်ချဉ်အရသာ ရှိသည်ဟု ပြောတတ်ကြသည်။

ဂျက်စနေက အကြော်ကို သူတစ်ခု ယူစားလိုက်၏။

"နီမ"

သူက နီမကို ခေါ်သည်။ နီမ အနားကပ်လာတော့ ဘူးသီးကြော်တစ်ခု ချကျွေးလိုက်သည်။ အေးစပြုနေသော ဘူးသီးကြော်ကို သူက မစားသေးဘဲ ကိုက်ချီကာ ကားခေမ်တစ်ဖက်သို့ ပြေးသွားသည်။

သူ ဆွမ်းတော်တင်သွားခြင်း ဖြစ်မည်။

"ဒီခွေးဟာ လိမ္မာတယ်ဗျ ... လူလိုပဲ ... သူဘာသွားလုပ်တာလဲ"

လူတစ်ယောက် မေးနေသည်။ ဘယ်သူ့ကို မေးမှန်းတော့ မသိ။ သူသည် မြို့ထဲမှ လာသောလူဖြစ်၍ အကြော်ကို အဘာကျလို့ လာလာစားတာ နှစ်ရက် သုံးရက်ရှိပြီ။

ဂျက်စနေနှင့် ခွေးကို စိတ်ဝင်စားဟန် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူစားမယ့် အစားကို ဆွမ်းတော်သွားတင်တာ"

"ဟင် ... ဟုတ်ရဲ့လား"

"ဦးလေး ကျွန်တော် ပြောတာ မယုံလို့လား ... သွားကြည့်လေ ... ဦးလေး ထူးထူးဆန်းဆန်း ဖြစ်သွားမယ် ... ဒီမြို့မှာ နီမလောက် လိမ္မာတဲ့ခွေး ရှိမယ် မထင်ဘူး"

"ဟုတ်တယ် ဆရာကြီးရေ ... နီမက ဘုန်းကြီးကျောင်းက မွေးလာတဲ့ ခွေးမို့လား မသိဘူး ... လူ့အကြောလည်းသိတယ် ... ဘုရားတရားလည်း သိတယ်"

ဒေါ်စာအုံက အကြော်တွေကို တုတ်တံနှင့် ထိုးထိုးပြီး ဆီပူထဲနှစ်ရင်း တက်လာသော မီးခိုးကို လက်တစ်ဖက်နှင့် ယပ်ကာ ပြောလိုက်၏။

"ဟာ ... အတော်လိမ္မာတဲ့ ခွေးပဲ ... သူ့နာမည်က နီမတဲ့လား"

"ဟုတ်တယ်ဗျ ... ကျွန်တော် ပေးထားနဲ့ နာမည်လေ"

အဲသည်မှာတော့ သူ့အသံက ဂုဏ်ယူဝင့်ကြွားလိုက်သံ။ ဂျက်စနေက ပြောနေစဉ် အကြော်ခုံများခင်းရာ နေရာသို့ ခြေထောက်မည်းမည်းနက်နက်ကြီးတွေ ဝင်လာရပ်တာကြောင့် မော်ကြည့်လိုက်၏။

မိုက်ကန်းကန်း မျက်နှာပေးတွေနှင့် လုံးတူ၊ ရပ်တူ ထွားကျိုင်းမှု အတူတူနှင့် အသားမည်းမှောင် နက်ကြောသည့် နေရာတွင်လည်း တူညီနေကြသည့် ကတ္တရာညီနောင်တွေ။

---

ဓာတ်လမ်းစဉ်(၁)

ဂျက်စနေက သူတို့ကို မှတ်မိသည်။

ဘယ်ကောစ်က မော်တာ၊ ဘယ်ကောင်က မိုက်တီး မှန်း မသိပေမယ့် သုံးကောင်စလုံး စိတ်ဓာတ်ဆိုးသွမ်းသည့် လူတွေဖြစ်ကြောင်းတော့ ရိပ်မိသည်။

သူတို့သည် အကြော်ခုံမှာ အကြော်စားနေသည့် လူတွေကို ကြည့်လိုက်သေးသည်။ အကြော်ခုံတွေမှာ လေးယောက် တွဲထိုင်နိုင်သော လေးထောင့်ခုံပုလေးတွေဖြစ်၏။

"အကြော်ထည့်စမ်းဟေ့"

သူတို့အထဲမှ တစ်ယောက်က အာဏာသံကြီးနှင့် ပြောလိုက်၏။ အသံကြီးက ကြမ်းသည်။ အဲသည်လူက မိုမဲခ ဆိုသူပဲ။

www.burmeseclassic.com

www.burmeseclassic.com



မိုးမခက မျက်နှာစိမ်းမို့ အဲသည်လူတွေကို လှမ်းကြည့်၏။ ပြီးမှ သံဖန်းထန်ပြား တစ်ချပ်ကိုယူ၍ ...

"ဒါဘယ်လောက်ဖိုးလဲ"

"တည့်ချင်သလောက် ထည့်ကွာ"

"အစုံပဲလား"

"အစုံပေါ့ဗျာ"

အကြော်စုံကို ထည့်ပေးလိုက်သည်။ တစ်ယောက်က အရက်သောက်နေသော လူတစ်ယောက်၏ ခုံကိုကြည့်ပြီးတော့ ...

"အရက်ကော ရသလား"

"ရပါတယ်"

မေးလိုက်သူက မိုက်တီး။

"မိုက်တီး ... တို့အရက်မသောက်ကြရင် ကောင်းမယ်"

"နည်းနည်းလေးပါ မိုးမခရာ"

"မင်းတို့ကို ငါအစက သတိပေးပြီးသားပဲ ... အရက်သောက်လို့ ရုတ်ရုတ်ဖြစ်လာရင်တော့ တာဝန်မယူဘူး"

မိုးမခ ဆိုသည့် လူ၏အသံက ပြတ်ပြတ်သားသား အသံ။

သူ့ရုပ်က နှုတ်ခမ်းမွေးထူပြတ်ပြတ်၊ မေးရိုးကားကား၊ မျက်ခုံးထူထူနှင့် ခေါင်းတွင်ရှိသော ဆံပင်တွေက အဖြူတစ်ဝက်၊ အနက်တစ်ဝက်ရှိသည်။ ရုပ်ရည်မဆိုး။

မိုက်တီးဆိုသည့်ကောင်က မျက်နှာပြုပြု မျက်ခုံးပါးပါး၊ နှာခေါင်းအနည်းငယ်ပွပြီး တစ်ချက်ထိုး လုပ်ချင်သည့်မျက်နှာ။



မော်တာ ဆိုတာက မေးသွယ်သွယ်နှင့် စုတ်ချွန်းချွန်းရုပ်။

ဂျက်စနေသည် ဘူးသီးကြော်နှင့်ကော်စားရင်း သည်လူတွေကို လေ့လာနေ၏။ မသိမသာ လေ့လာနေသော သူ့ကို မိုးမခက လှမ်းကြည့်လိုက်တော့ မျက်လွှာချလိုက်၏။

ခုံတစ်ခုံတွင်ထိုင်ကာ ကိုဖိုးစံ ချပေးသော အရက်ဖန်ခွက်ပုလင်းနှင့် အကြော်စုံတွေကို သောက်လိုက် စားလိုက် လုပ်နေသည်။

ဂျက်စနေမှာ နီမ ပြန်မလာပါစေနှင့်ဟု ဆုတောင်းနေသည်။ နီမကို သူတို့မြင်သွားလျှင် ပြဿနာဖြစ်နိုင်ပါသည်။

ဆုတောင်းမပြည့်ပါ။

မိုက်တီး တစ်ယောက်တည်း သောက်နေသော အရက်ပုလင်းမှ အရက်တစ်ဝက် အကျိုးတွင် နီမသည် အမြီးလေးနှန့်ကာ ကားလမ်းကို ဖြတ်ပြေးလာသည်။

ဆိုင်နားအရောက်တွင် လှုပ်နေသော နီမ အမြီးက ရပ်ဆိုင်းသွားသည်။ ရန်သူတို့ မြင်လိုက်သည်။ အနံ့လည်းရလိုက်၏။

နီမနှင့် မိုးမခတို့ လူသိုက်က ပေနှစ်ဆယ် အစီတ်လောက်ဝေးမည်။

"ဂှ"

နီမသည် ရန်သူကို မြင်တာနှင့် ဂဲခနဲ ဟောင်လိုက်သည်။ အသံကြားလို့ သူတို့တစ်သိုက်ကလည်း လှမ်းကြည့်၏။

www.burmeseclassic.com



"ဟာ ... ဟိုမှာခွေး"

"တွေ့ပြီပေါ့"

"ချကွာ"

သူတို့တစ်တွေက ရုတ်ခနဲ ထလိုက်ကြသည်။ မိုက်တီးက အရက်ပုလင်းနှင့် လှမ်းပေါက်သည်။ နီမက ရှောင်လိုက်သည်။ မထိတာတွေ့တော့ ပြေးကန်ပြန်၏။

သတ္တိမဲ့ နီမက ထွက်မပြေးသေး။

ကန်တာကို ရှောက်ဆုတ်ရှောင်သည်။ အင်းစပ်သော ခွေးမို့ ဂျင်နရေးရှင်း ရှိနေသူပီပီ မကြောက်ဘဲ မိုက်တီး၏ ပုဆိုးအောက်မှ ခြေထောက်ကို ဆတ်ခနဲ ကိုက်လိုက်သည်။

"အာ ... အမယ်"

မိုက်တီး အသံထွက်သွားသည်။ ခွေးမက ကိုက်ပြီးသည်နှင့် ချာခနဲ လှည့်ပြေးတော့၏။

ခွေးစွယ် ဖင်ခံလိုက်ရသော မိုက်တီးမှာ တန့်ရပ်ကာ ငေးမောကြည့်နေသည်။

လွှနစ်ယောက်သည် သူ့နား ရောက်သွားကြ၏။

"ဒီခွေးဟာ ဘယ်သူ့ခွေးလဲ"

မိုးမခက ဒေါသနှင့် မေးသည်။ အဖြစ်အပျက်တွေမှာ မြန်လွန်းသောကြောင့် အားလုံးပဲ ငိုင်ကြည့်နေကြသည်။

"မေးနေတာ မကြားကြဘူးလား ... ဒီခွေးဟာ ဘယ်သူ့ခွေးလဲ"

ဒေါသနှင့် မိုးမခအသံက မြင့်တက်သွားသည်။



"ပိုင်ရှင်မရှိဘူးဗျ ... ခွေးလေခွေးလွင့် တစ်ကောင်ပဲ"

ဂျက်စနေက သံမှန်နှင့် ပြန်ပြောသည်။

"ကိုက်မိသွားသလား"

ကိုဖိုးစံက လှမ်းမေးတော့ မိုက်တီးက ဒေါသသံနှင့် ဖြေးဖြေး ပြောလိုက်၏။

"ကိုက်မိသွားတာပေါ့ဗျ ... ဒီခွေးကို ကျုပ်သတ်မယ် ... တောက်"

"ခွေးက လီမှာပါတယ် ... ခွေးမပဲ ... တော်ရုံလူကို ရန်မပြုပါဘူး"

တအံ့တဩနှင့် ဒေါ်စာအုံက ပြောသောအခါ ကိုဖိုးစံ ထလည်း ...

"ဟုတ်ပါရဲ့ ဒီခွေးဟာ ဒီအကြော်ဗိုနား လာလာနေတာ နှစ်ချီရှိနေပြီ ... ကိုက်ခဲပါဘူး ... ဒီနေ့မှ"

"ဘာလဲ ကျုပ်တို့က ဆိုရှယ်ဖွေမို့ လူဆိုးလူယုတ်မာတွေမို့ ကိုက်တာလား ... ခင်ဗျားစကားက ဘာလဲ"

"ခွေးက ကိုက်ခဲပါတယ်လို့ ပြောတာပါ"

"ဟာကွာ ... စကားရှည်လိုက်တာ ... အဲဒီခွေးကို လိုက်ရှာကွာ ... သတ်ကွာ"

"မိုက်တီး ... သိပ်ဒေါသမကြီးနဲ့ ... တို့သွားကြပါစို့"

ပြဿနာအဖြစ်ကို မခံလိုသော မော်တော်က ဝင်ပြောလိုက်သည်။ ဒေါ်စာအုံက အကြော်ကြော်နေရာမှ ထကြည့်တော့ သွားပေါက်ပေါက်ကျနေသော ဒဏ်ရာကို တွေ့ရှာခိုင်း၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ဪ ... တောင်တွဲဆိတ်ဖွား ... ငမွဲသွားဟာ"

ဟုး အဆက်အောင် ခုနစ်ခေါက် ထုံးတွင်မန်းဆို ရွတ်ဆိုကာ ထုံးမန်းနှင့် အနာကို လိမ်းပေးလိုက်သည်။

ပျောက်မပျောက်တော့ မသိရသေး။

မိုက်တီးမှာ ချက်ချင်းတော့ သက်သာသွားသည်။ ဒဏ်ရာကို အဝတ်စတစ်စနှင့် စည်းပေးလိုက်သည်။ ခြေထော့နဲ့ ထော့နဲ့ ဖြစ်နေသော သူ့ကိုတွဲ၍ လူနှစ်ယောက် ထွက်သွားသည်။

မိုက်တီး ခံရသည်ကို ကြည့်ပြီးတော့ ဂျက်စနေက ဝမ်းသာနေသည်။

"ဘယ်ကကောင်တွေမှန်း မသိပါဘူး ... ဒီမြို့ကတော့ ဟုတ်မယ်မထင်ဘူး"

ကိုဖိုးစံ အပြောကို ဂျက်စနေက ဝင်မပြောပါ။ နီမ လည်း ပြန်မလာတော့ပါ။ တစ်ခုတော့ ဂျက်စနေ စဉ်းစားမိတာ က ကိုက်တတ်ဖူးသော ခွေးသည် အစဉ်အမြဲ ကိုက်တတ်သည်ဟူ သော စကားကို ကြားဖူးသောကြောင့် ဖြစ်သည်။

အေးအေးနေတတ်သော နီမ၏ အစွယ်တွင် လူ့သွေး စွန်းသွားခဲ့ပြီ ဖြစ်သည်။

အကြော်ဆိုင်မှ ထွက်ကာ နီမကို ရှာပါသေး၏။ နီမက ခွေးပါး။ ကိုက်ပြီးသည်နှင့် တစ်ချီးတည်း လစ်သွားခဲ့တော့ သည်မှာ ဂျက်စနေ ရှာလို့တောင် မတွေ့။

ဖတ်ဖတ်ကို မောရော။



နောက်တစ်နေ့ ကျောင်းတက်တော့ သူငယ်ချင်းတွေ ပြန်ဆုံသည်။ မိန်းကလေးရော ယောကျ်ားရွယ်လေးတွေရော ကျောင်း ဆယ်ရက်ပိတ်သည့်အတွင်း ကိုယ့်အဖြစ်ကလေးတွေကို ကိုယ်စမြို့ ပြန်သူတွေက ရှိသေးသည်။

ဂျက်စနေက ထွန်းမြတ်နှင့် ခင်မောင်ကျော်ကို သူ တွေ့ကြုံခဲ့သော စွန့်စားခန်းလေးကို ပြောပြသည်။ သူတို့က စိတ် ဝင်တစား နားထောင်သည်။ နီမဆိုသော ခွေးမလေးတစ်ကောင် အကြောင်းကို ဂျက်စနေက မကြာခဏ သူတို့ကို ပြောပြဖူးသော ကြောင့် နီမကို မမြင်ဖူးသော်လည်း နားရည်ဝနေကြပြီ။

ကဏ္ဍရာညီနောင်သုံးယောက်နှင့် ပတ်သက်၍ ခင် မောင်ကျော်နှင့် ထွန်းမြတ် အကြံပေးကြတာကတော့ ရဲစခန်းကို သွားပြီး ဖြစ်ကြောင်းကုန်စင် ရဲအား တိုင်ကြားဖို့ပဲ ဖြစ်၏။

ဒါမှ ဓားပြတိုက်မှုရော၊ ဦးကျော့မောင်ကို သတ်ဖို့ အကြံပြုထားတာတွေပါ ပေါ်ပြီး ဦးကျော့မောင်၏ အသက်ကိုကယ် နိုင်မည် ဖြစ်သည်။ ဂျက်စနေ သဘောပေါက်သွား၏။

ထိုနေ့တွင် ကျောင်းက နေ့ကျောင်းမို့ ညနေငါးနာရီ မှ ကျောင်းလွှတ်သည်။

နီမအတွက် စိုးရိမ်သော ဂျက်စနေသည် အိမ်သို့ မပြန်သေးဘဲ မြို့မြောက်ဘက်မှ အကြော်ဖိုသို့ တန်းပြေးသည်။

အကြော်ဖိုတွင် လူမရှိပါ။

ဒေါ်ဇာအုံလည်း မရှိပါ။

အကြော်အိုးကြီးကို ပစ်ပြီး ဘယ်ကိုများ သွားပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ ထင်သွားသည်။ တစ်ခုပဲ သွားစဉ်းစားမိသည်။ ကိုမောင်မောင်ကြီး တစ်ခုခု ဖြစ်လို့များ အိမ်ကိုပြန်ပြေးလေသလား။

သူမ၏ ယောက်ျားကြီး နေမကောင်းသည်မှာ ရက်အတန်ပင် ကြာနေပေပြီ။

သူ၏ မျက်လုံးတွေက ကားလမ်းဘေးကို ရွေ့သွားသည်။ လူတစ်စုသည် ကားလမ်း၏ ဟိုအဝေးတစ်နေရာတွင် စုရုံး စုရုံး ဖြစ်နေကြ၏။

ဂျက်စနေ ကျောပိုးအိတ်ကို ထပ်ဆင့်တင်လွယ်ကာ ကားလမ်းကိုဖြတ်၍ ထိုလူစုလူဝေးရှိရာသို့ သုတ်ခြေတင်တော့သည်။

မကြာမတင်မှာ လူတစ်စုနား ရောက်သွား၏။ တစ်ယောက်တစ်ပေါက် ပြောနေကြသည်။ ဂျက်စနေ လာတာကို တွေ့လျှင် ...

"ဟာ ... ဟိုမှာ နီမ ယောက်ျား လာနေပြီ"

"ဟော့ ... ဂျက်စနေ ... မင်းနီမအဖြစ် လာကြည့်ဦး"

တစ်ယောက်တစ်ခွန်း ပြောသံကြောင့် သူ အပြေးကလေးသွားသည်။ သူသွားသည့်နေရာသည် မြေချိုင့်ကျင်းကလေးရှိကာ ထိုနေရာမှာ နီမ စပ်စေ့ရှိကာ ဘုရားစေတီကလေးကို ဝေးမျှော်ရာ နေရာဖြစ်သည်။

"ဟာ"



ချိုင့်ကျင်းထဲတွင် မြင်လိုက်ရသော မြင်ကွင်းဆိုးကြောင့် ဂျက်စနေ ဟာသံထွက်သွားသည်။

"နီမ ... နီမ"

သူသည် တုန်ယင်လိုက်ဆို့မှုနှင့် ခေါ်၍ နီမကို မြေပြင်ပေါ်မှ ပွေ့လိုက်သည်။

နီမ၏ လုံးကျစ်သော ကိုယ်လုံးကလေးက မာမာတောင့်တောင့် မဟုတ်တော့ဘဲ သူ့လက်ထဲတွင် ပျော့ပျော့ခွေခွေပါလာ၏။

နီမ၏ ခေါင်းတစ်ခြမ်းပွင့်ကာ သွေးနှင့် ဦးနှောက်တွေက မြင်မကောင်းအောင် ထွက်ကျနေသည်။

ဂျက်စနေ၏ အဝတ်အစားတွေ သွေးများတစ်မှုတ်ချင်း လူးသွားတော့သည်။

"နီမရာ ... နင် ဘယ်လိုဖြစ်တာလဲ နီမရဲ့"

ပြောပြီး ဂျက်စနေ မျက်ရည်တွေ ကျလာသည်။ မျှော်လင့်ဘဲ အသေဆိုးနှင့် သေရသော ချေးမကလေးတစ်ကောင် သေရသည်မှာ သူနှင့် တစ်အူတုံဆင်း ညီမလေးတစ်ယောက် သေသလို ရင်ထဲ ဝမ်းထဲမှာ ခံစားရသည်။

နီမသည် ပြန်ပြီးညည်းခြင်း၊ ဝုတ်ဝုတ်သံပေးခြင်း မပြုနိုင်ရှာတော့ပါ။

"မင်း နီမတော့ အကုသိုလ်ကံ ဆိုက်သွားရှာတာပဲ ကိုဂျက်ရာ"

သည်စကားကိုတော့ မိုးစံက စိတ်မကောင်းခြင်းကြီး

www.burmeseclassic.com



စွာနှင့် ပြောသည်။ နီမ လိမ္မာလို့ လူတွေက သံယောဇဉ်ဖြစ်၊ ချစ်နေကြဆဲမှာ နီမ သေလို့ စိတ်မကောင်းရသည့်အထဲ ဂျက်စနေ မျက်ရည်ကျ ငိုကြွေးတာ တွေ့တော့ ပိုလို့စိတ်မကောင်းကြ။

"ကိုဖိုးစံကြီး ... ဘယ်လိုဖြစ်တာလဲဗျာ ... နီမကို ဘယ်သူလုပ်လိုက်တာလဲ"

"ငါတော့ မသိဘူး ... ဘူးသီးလှီးနေတုန်း ဒိုင်းခနဲ သေနတ်သံတစ်ချက် ကြားလိုက်ရတယ် ... အကြော်စားနေတဲ့ လူတွေကော ငါကော မဓာပါ အထိတ်တလန့် ဖြစ်သွားကြတာပေါ့"

"ဟုတ်တယ် မောင်ဂျက် ...အသံကြားတာက ဒီဘက်က ကြားရတော့ ငါတို့ ပြူးတူးပျာတာ ဖြစ်ကုန်တာကိုး ... ဒါနဲ့ တစ်ယောက်က သွားကြည့်မယ်ဆိုပြီး အဲဒီဘက်ကို ထွက်လာတယ် ... မကြာပါဘူး သူပြန်လာတယ် ... နီမ သေနတ်ဒဏ်ရာနဲ့ သေနေပြီလို့ ပြောတယ် ... တို့လည်း ထိတ်ထိတ်လန့်လန့်ဖြစ်ပြီး လာကြည့်ကြတာပဲ မောင်ဂျက်ရယ် ... စိတ်မကောင်းပါဘူးဟယ် ... နီမကို ဘယ်ကောင်ကများ သေနတ်နဲ့ လာပစ်ရသလဲလို့"

မိန်းမကြီးအသံမှာ စိတ်မကောင်းမှုနှင့် တုန်နေသည်။ မျက်ရည်တွေ ဝဲနေရှာသည်။

ကိုဖိုးစံကမှာ လူတွေဘက်လှည့်၍ ...

"လူကိုသတ်တော့ လူသတ်မှု ... လူသတ်မှုမှာ လူကိုအရေးယူ တရားခံကို အရေးယူလို့ရတယ် ... တိရစ္ဆာန်သတ်မှု



ကြတော့ ဘယ်သူက အရေးယူမှာတုန်း ... ခွေးတစ်ကောင်ကို သေနတ်နဲ့ပစ်တယ်ဆိုတာ မဖွယ်မရာဗျာ ... ကျုပ်တို့ ဒီအတွက် ဘာလုပ်ရင် ကောင်းမလဲ"

"တိရစ္ဆာန်ကို နာကျင်စေမှုနဲ့ အရေးယူနိုင်းမယ်ဗျာ"

တစ်ယောက်ကပြောတော့ ...

"လူမှု မဟုတ်တာ ဘယ်သူက အရေးယူမှာလဲ ... လူ့လောကကြီးမှာ ဥပဒေဟာ လူတွေအတွက် ထားတာ ... တိရစ္ဆာန်တွေအတွက် ထားတာမဟုတ်ဘူး ... အေးဗျာ ... လုပ်သွားတဲ့ကောင် မတွေ့လို့ ... တွေ့များတွေ့ရင် ရိုက်ကိုပစ်တယ်"

"လုပ်တဲ့ကောင်က ယုတ်မာပါတယ် ... ခွေးနဲ့ဖက်ပြီး ရန်ဖြစ်ရတယ်လို့"

"နေဦး ... နေဦး ... ကျုပ်သိပြီ ... မနေ့က အကြော်ဆိုင်မှာ လူသုံးယောက်ထဲက တစ်ယောက်ကို နီမက ကိုက်လိုက်ခဲ့တယ် ... အဲဒီတော့ အကိုက်ခံရတဲ့လူက နီမကို သေနတ်နဲ့ လာပစ်သွားတာကော မဖြစ်နိုင်ဘူးလား"

သည်အဖြစ်ကို သိသည့်လူတွေလည်း ရှိသည်။ မသိသည့်လူတွေလည်း ရှိသည်။

ဂျက်စနေကတော့ ရင်ထဲမှာ ဒေါသမီး ထွားမိသည်။

ဒါ မော်တာတို့ မိုက်တီးတို့ လက်ချက်ဆိုတာ ရှာနိုင်နန်းပြည့် သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝပ်လျှောင်းသော ချိုင့်ကျင်းရှေ့တွင် ပဲကပ်ကြော် တစ်ခုကို တွေ့ရ၏။ ဒါက နီမ မသေမီ နီမ စားအုံ့သောဗှာ ဒေါ်စာအုံက ကျွေးသော ပဲကပ်ကြော် ဖြစ်သည်ဟု သိရသည်။

နီမက သူ မစားဘဲ လုပ်နေကြအတိုင်း ဘုရားကို ဦးချိုက်လာတာင် ပူဇော်တာ ဖြစ်ကောင်းဖြစ်မည်။

နီမအတွက် စိတ်မကောင်းဖွာနှင့်ပဲ လူတွေတစ်စ တစ်စ ရှိသွား၏။ ဒေါ်စာအုံလည်း စိတ်မကောင်းမှု ပိုက်ကာ ပြန်သွား၏။

ကိုဖိုးစံ ထွက်သွားပြီး မကြာခင် ပြန်ရောက်လာသည်။

တစ်ချိန်တုန်းက သူနှင့် ကိုမောင်မောင် အမြည်းလုပ်မည်ဟု အကြံပြုခဲ့သော ခွေးမလေး နီမသည် ယခုတော့ ဝမ်းဗိုက်ထဲ မရောက်ဘဲ မြေကြီးထဲ ရောက်သွားရှာပါပြီ။

သူ့လက်ထဲတွင် ပေါက်ပြားတစ်လက် ပါလာသည်။ ခွေးကို ခွေးတစ်ကောင်ဆိုပြီး ပစ်ထားလို့ မဖြစ်ပါ။ လိမ္မာသော၊ လူ့အထာကိုသိသော၊ လူလိုနားလည်မှုရှိသည့် ခွေးတစ်ကောင်ကို လူလိုပဲ မြှုပ်နှံသဂြိုဟ်ရပေလိမ့်မည်။

နီမအတွက် မြှုပ်ရန်ကျင်းကို သူကိုယ်တိုင် တူးပါရစေဟုဆိုပြီး ဂျက်စနေ ကိုယ်တိုင် မြေကြီးကိုတူးသည်။

ထိုမြေသည် နီမ မသေမီ ဝပ်လျှောင်းခဲ့ရာ နေရာပဲ ဖြစ်သည်။ တာမလွန်ဘဝမှနေပြီး ထုံးဖြူဖြူဘုရားစေတီကလေးကို နီမ အမြဲပဲ ဖူးမြော်ရပါစေ။



အလောင်းကို စေတီရှိရာဘက် ခေါင်းထား၍ မြှုပ်နှံပေးသည်။ နီမနှင့်သူ တွေ့လာရသော အချိန်မှာ တဒင်္ဂဖြစ်ပေမယ့် ကွဲကွာရသောအချိန်က ထာဝရဖြစ်သေသည်။

ဂျက်စနေတွင် ခင်မင်စရာဆိုလို့ အဖေနှင့်အမေက လွဲလျှင် ထွန်းမြတ်နှင့် ခင်မောင်ကျော်ပဲ ဖြစ်၏။

ဒါပေမယ့် သူတို့က ဂျက်စနေအား နီမလို သွားလေရာ တကောက်ကောက် လိုက်မခွဲခဲ့။

ဂျက်စနေ၏လက်နှင့် ကျွေးသော ထမင်းကို မစားသူးခဲ့။

နီမက ဂျက်စနေခေါ်ရာ တကောက်ကောက် လိုက်သည်။ ဂျက်စနေ ကျွေးသော ထမင်းကိုလည်း စားခဲ့ဖူးသည်။

အပတ်တိရစ္ဆာန်ထဲမှာ ခွေးသည် သံယောဇဉ်အထားရဆုံး သတ္တဝါဖြစ်ကြောင်း ဂျက်စနေ နားလည်သည်။

ငယ်ငယ်လေးကတည်းက ခွေးချစ်တတ်သော ဂျက်စနေမှာ နီမနှင့်ဆုံကာမှ ပိုသံယောဇဉ်ဖြစ် ပိုချစ်ခဲ့ရသည်။

နီမဆုံးတော့ သူ့သွေးသားရင်းတစ်ဦး ဆုံးသည့်ပမာ ကျောက်ရည်ဖြိုင်ခဲ့ရသည်။

နီမ အလောင်းကို မြှုပ်တော့ နီမ၏ မြေပုံနားမှာက အရက်သမား ကိုဖိုးစံနှင့် သူ။

သူတို့နှစ်ယောက်တည်း။

"နီမရေ … ခွေးမလေးရေ … ငါပြုလုပ်သမျှ ကုသိုလ်ကောင်းမှုတွေကို နင့်ကို အမျှပေးဝေပါတယ် နီမရေ … နင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ရာ ဘုံဘဝက သာဓုခေါ်ပါဟာ ... အမျှ ... အမျှ ... အမျှ နီမ ကောင်းရာမွန်ရာ ရောက်ပါစေကွာ”

ခွေးဘဝနှင့် သာဓုခေါ်နိုင် မခေါ်နိုင် သူ မသိ။

တမလွန်ဆိုတာတော့ ဂျက်စနေ ယုံကြည်သည်။

ကြားဖူးနားဝ သူတတ်စွမ်းသမျှ အမျှပေးဝေလိုက်ခြင်းသာ။

ငါတတ်နိုင်တာ ဒါပဲ နီမရယ်။

## ဇာတ်လမ်းစဉ်(၄)

နီမသတင်းကို ဖေဖေနှင့်မေမေ ကြားရတော့ စိတ် ကောင်း၊ လူအချို့သည် မိုးလွန်မှ ထွန်ချတတ်သော သဘောကို ဆောင်ကြသည်။

နီမ သေပြီးနောက်မှ ဖေဖေနှင့် မေမေက နီမကို အဖြစ်နှင့် မရင်ဆိုင်ရအောင် အိမ်တွင်မွေးထားရ အကောင်း ဟု နောင်တ တရားနှင့် ဆိုကြသည်။

ဂျက်စနေကတော့ သားလိမ္မာပီပီ ဖေဖေနှင့် မေမေ အပြစ်မတင်ပါ။

ရွှေမုဋ္ဌောဘုရားသို့သွားပြီး ရွှေသင်္ကန်းကပ်ခြင်း၊ ဆီမီးပူဇော်ခြင်းဖြင့် နီမအတွက် ရည်စူးပြုလုပ်သည်။ အမျှ ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com



နီမ သေပြီးသည့် အချိန်မှစပြီး ဘယ်ခွေးကိုမှ သူ မခေါ်တော့၊ မယုယတော့၊ ခင်တွယ်ဖို့လည်း မကြိုးစားတော့။

နီမ သေပြီးသည့်နောက်မှစပြီး သူ ဒေါ်စာအုံ၏ အကြော်တဲကို မသွားတော့ပါ။ သွားလျှင် နီမကို သတိရနေမည်။

နီမကို ကြိုးစား၍ မေ့ပစ်ရပါမည်။

ကျောင်းစာများတွင်သာ သူ အာရုံပြုသည်။

တစ်ရက်တွင် အိမ်တစ်အိမ်၏ အလှူသို့ အကြော်အော်ဒါ လာသွင်းသော ဒေါ်စာအုံနှင့် ဆုံမိ၏။ ဒေါ်စာအုံက ဂျက်စနေ၏ ခံစားမှုကို သိသဖြင့် ဘာလို့ အကြော်လာမစားတာလဲ ဟု မမေးတော့ပါ။ ဂျက်စနေကသာ ဦးမောင်မောင် နေကောင်းရဲ့လားဟု မေးသည်။

"ငါတော့ မတတ်နိုင်တော့ဘူးဟယ် ... သူ့ရောဂါက ဖျဉ်းစွဲတဲ့ရောဂါလို့ ဗိုက်ကြီးပူပူလာတာပဲ ... အရက်သောက်လွန်းလို့ အသည်းရောင်ရောဂါကြောင့် ဖြစ်တယ်လို့ ပြောကြတာပဲ"

"ဆရာဝန် ပြကြည့်ပါလား"

"ပြတယ် ... ဆရာဝန်က အသည်းရောဂါလို့ ပြောတယ် ဆေးထိုး ဆေးစားပဲ ... မသက်သာပါဘူး"

ဂျက်စနေက အနည်းငယ် စဉ်းစားပြီး ...

"ဒေါ်လေးအုံ ... ကျွန်တော်ပြောတာ လုပ်ကြည့်မလား"



"ဘာလုပ်ရမလဲ"

"ပိစပ်ရွက်ရှာဗျာ ... ပိစပ်ရွက်အပင်ကို အမြစ်ကခွဲနုတ်၊ ပဲ့ငါးပါး မကျန်အောင် ရေစင်စင်ဆေးပြီးတော့ ပြုတ်ဗျာ၊ အဲဒီပြုတ်ရေကို လက်ဖက်ရည်ကြမ်း သောက်သလို နေ့တိုင်း အချိန်ရသရွေ့ သောက်ပေး ... ဒီနည်းစမ်းကြည့်ပေါ့"

"ဟဲ့ ... ဟုတ်ပါ့မလား"

"ကျွန်တော့်အဖေမိတ်ဆွေ ဗိုက်ကြီးပူတဲ့ရောဂါ ဖြစ်တုန်းက ဒီနည်းနဲ့ပဲ ပျောက်တယ်လို့ ကြားဖူးတာပဲ"

ကလေးစကားကို မစာအုံ လက်မခံသည်၊ လက်ခံသည် မပြောနိုင်သလို လုပ်ပါမည်ဟုလည်း မပြော၊ မလုပ်ပါဟုလည်း မပြောပါ။

စာမေးပွဲ ဖြေကြသည်။

ကိုးတန်းကို ဂျက်စနေက ကောင်းစွာအောင်မြင်ခဲ့သည်။ မြို့နယ်ဂုဏ်ထူးဆုပင် ရလာသည်၊

"အေး ... မင်း ဒီနှုန်းအတိုင်းဆို အမ်(မ်)စီရောက်မှာ သေချာတယ်"

ဖေဖေကပြောတော့ ဂျက်စနေက ခပ်မဲ့မဲ့။

သူက အမ်(မ်)စီ မလိုချင်။ ဝါသနာလည်းမပါ။ ဆရာဝန် လုပ်ရမှာ ဝါသနာမပါသောကြောင့်။

နှစ်လကျော် သုံးလသည့် စာမေးပွဲဖြေပြီးသည့် အချိန်ပင် ကြာညောင်းလာသောရက်များ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် အိမ်သို့ မစာအုံ ရောက်လာသည်။ သူ့ကိုမြင်တော့ ဂျက်စနေ အံ့အားသင့်နေသည်။ ဒေါ်စာအုံ တစ်ယောက်တည်း မဟုတ်ပါ။ သူ့ယောကျ်ားပါ ပါလာသည်။

စိုးမောင်မောင်သည် ပကတိ ကျန်းမာနေပြီး ဝဝဖြိုးဖြိုးဖြိုးပင် ဖြစ်နေသည်။ မိုက်ကြီး ပွနေတယ်ဆိုတာ ဘယ်တောင်ရောက်သွားသည်မသိ။

သူ့မိုက်ကလည်း လူကောင်းပကတိမိုက်လို ချပ်ချပ်ရပ်ရပ်ပင်။

"မင်း ကျေးဇူးရှိလို့ လာတာပေါ့ မောင်ဂျက်"

အခန်းတွင်းသို့ ရောက်လျှင် ဝတ်ကောင်းစားလှ ဝတ်ထားသော မစာအုံက ဆိုသည်။

ဂျက်စနေက မစာအုံ၏ မိုက်ကို စိုက်ကြည့်နေ၏။ မစာအုံ၏မိုက်မှာ သာမန်ထက် လွန်ကဲပြီး မသိမသာ ပူထွက်ချုပြီးနေ၏။

မြတ်စွာဘုရား ... စိုးမောင်မောင် မိုက်က သူ့မမိုက်သို့ ပြောင်းသွားတာပါလား။

"ဘာကျေးဇူးတွေများ ရှိလို့လဲ"

ကိုဂျက်က အထူးတဆန်းမေးရင်း သူတို့ကို နေရာထိုင်ခင်းပေးသည်။ လင်မယားနှစ်ယောက်သည် ကိုဂျက်ကို ကလေးဟူ၍ သဘောမထားပါ။ လေးလေးစားစားပင် ဆက်ဆံကြ၏။

ဂျက်စနေတို့အိမ်မှာ ရွှေအုန်းဝင်လမ်းတွင် ရှိသည်။ အုတ်ကြွပ်မိုး အုတ်စီမျဉ်တောင် လုံးချင်းဖြစ်သည်။



လှပသောအိမ် ဖြစ်၏။

အိမ်တွင် မေမေမရှိ။ မေမေနှင့် စနေထွန်းဝဲ ရှိသည်။

"ဆိုပါဦး ဒေါ်လေးအုံ ... ဦးစိုးကြီးလည်း နေကောင်းသွားပြီပေါ့နော်"

"ငါ့တူရေ ... မင်းကျေးဇူးပဲကွ ... မင်းပြောသလို ပိစပ်ဖင်က ပိစပ်ရွက်တွေကို ကျိုပြီးလက်ဖက်ရည်ကြမ်းသောက်သလို သောက်တာ ငါ့ပူနေတဲ့မိုက်ကြီးဟာ တဖြည်းဖြည်းပိန့်ကျလာပြီး အခု မင်းမြင်တဲ့အတိုင်း ကျန်းမာနေတာပဲပေါ့"

"ဟာ ... ဝမ်းသာတယ်ဗျာ"

မိမိ ဆေးနည်းကလေး မှန်သွားသဖြင့် ဂျက်စနေကည်း ဝမ်းသာ၏။ မြန်မာ့ဆေးမြီးတိုကလေးများသည် လူ့အသက်ချွက် တစ်ခါတစ်ရံ တိုက်ဆိုင်အသုံးဝင်တတ်၏။

"ငါ အရက်လည်း မသောက်တော့ဘူးကွ ... ဖြတ်လိုက်ပြီ"

"ဒီလိုမှ မဖြတ်ရင် ရှင်သေဖို့ပဲ ရှိတယ်"

"ဟီး ... ဟီး ... ငါလိမ္မာလာပါပြီကွာ ... အခု ငါ ဝတ်စားထားတာကြည့်ပါ ... ငါ စိုးမောင်မောင် မဟုတ်တော့ပါဘူး ကိုးမောင်မောင်ပါ"

"ဦးစိုးကြီးက ဘာကိုးမောင်မောင်လဲ"

"နေ့စဉ် ပုတီးကိုးပတ်စိပ်တဲ့ ကိုးမောင်မောင်ပေါ့ကွာ"

"ဒါဆိုရင် ဦးစိုးကြီး မဟုတ်ဘဲ ဦးကိုးကြီး ဖြစ်သွားပြီပေါ့"

"အေး ... ဦးသူနိုးကြီး မဖြစ်ရင် ပြီးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရယ်ဖြစ်ကြသည်။ လူဆိုတာ နောင်တတရား
နှင့် ဖြူမြင်ဖို့အချိန် ရှိကြတာပဲ။

သူတို့တွင် ကိုဂျက် အတွက် လက်ဆောင်တွေပါလာ
သည်။ အဲသည်လက်ဆောင်တွေကို လက်ခံခြင်းမပြုဘဲ ကိုဂျက်က
ငြင်းသည်။ မေမေက အခန်းထဲ ဝင်လာတော့ ပေးသူနှင့် လက်
သူ ငြင်းပွဲကြီး ရပ်သွား၏။

ဘယ်သူတွေပါလိမ့်ဟူသော စူးစမ်းသောအကြည့်
နှင့် မေမေက ကြည့်၏။ ဂျက်စနေက မေမေ့ကို မဇာအုံတို့ လ
မယားနှင့် မိတ်ဆက်ပေးသည်။

မဇာအုံတို့က ဂျက်စနေ၏ ကျေးဇူးတရား မကုန်နိုင်
အောင်ရှိကြောင်း၊ ဂျက်စနေ၏ ဆေးစွမ်းကြောင့် ကိုမောင်မော
အသက်ချမ်းသာရကြောင်း ပြောပြသည်။

အဲသည်တော့ မေမေက ပြုံးနေပါသည်။ သားအတွ
ဝင့်ကြွားသော အပြုံးကလေး။

မေမေက ဖော်ရွေသည်။ အရာရှိဇနီး ဖြစ်သော်လည်
အတန်းအစား မခွဲခြားတတ်ပါ။ မဇာအုံနှင့် မေမေ စကားလက်
ကျသည်။

ထိုအထဲတွင် နီမ အကြောင်းလည်းပါသည်။

ဂျက်စနေသည် နီမကို ချေးဖြစ်သော်လည်း သံယော
ဇဉ် တွယ်နေသဖြင့် နီမ ဆုံးပြီး သုံးလေးရက် ထမင်းမစားနိုင်
စာမကျက်နိုင်ကြောင်း။ ယခုတော့ ပုံမှန်ဖြစ်သွားပြီဖြစ်ကြောင်
ပြောပြသည်။



နီမ အကြောင်းကို မေ့ထားဖို့ ကြိုးစားခဲ့သော ဂျက်
စနေသည် နီမအကြောင်းကို ပြန်ကြားရတော့ အနည်းငယ် စိတ်
မကောင်း ဖြစ်လာပုံရသည်၊

"မေမေတို့ တော်ပါတော့ ... နီမ အကြောင်း
မပြောပါနဲ့တော့"ဟု ပိတ်ပင်လိုက်ရသည်။

"အေးပေါ့လေ ... သံယောဇဉ်ဆိုတာ အာသဝေါမကင်း
သရွေ့ သုံးဆယ့်တစ်ဘုံမှာရှိတဲ့ သတ္တဝါတိုင်း ရှိကြတာ
ပဲ"

မဇာအုံက ဆိုပါသည်။ စိပ်ပုတီး စိပ်နေသော
ကိုမောင်မောင်က သူသိသရွေ့တော့ ပြောပါသည်။

"သံယောဇဉ်ဆိုတာ နာမ်ကဖြစ်ပေါ်လာတာပါ ... ရုပ်
တရားကြီးပဲ ဆိုရင်တော့ သံယောဇဉ်က မရှိပါဘူး ...
ဗြဟ္မာဘုံနှစ်ဆယ့်ထဲက ရုပ်တရားကြီးရှိတဲ့ အသညသတ်ဘုံ
မှာ သံယောဇဉ်ဆိုတာ မရှိနိုင်ပါဘူး"

"အမယ်လေး ... ရှင်က အခုမှ ပုတီးလေးစိပ်ရုံနဲ့ လာ
ငြင်းနေပြန်ပါပြီ ... ကျွန်မက ရှင့်ထက် မိုးကုတ်တရား
စခန်းမှာ တရားထိုင်ခဲ့တာရှင့်"

မဇာအုံက သူမအပေါ် ဆရာလုပ်သည်ထင်ပြီး
ကိုမောင်မောင်ကို လှည့်နင်းတော့ ကိုမောင်မောင်က ပြုံးနေသည်။

"မင်းကော ဘုံတွေအကြောင်း နားလည်လား"

"ဦးကိုးကြီးရာ ... ကျွန်တော် နားလည်တာတော့ ဆိုင်း
တီးတဲ့ဗုံပဲ သိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေ စကားကြောင့် သူတို့ ရယ်ဖြစ်ကြပြန်သည်။

မိန်းမတွေဆိုတာ ဟိုစကားပြော သည်စကားပြောနှင့် ဆေးမြီးတိုလို တောက်တိုမယ်ရ ပြောတတ်ကြပါသည်။

အဲသည်စကားထဲတွင် မဇာအုံ၏ ပြောစကားအရ သူမတွင် ကိုယ်ဝန်နှစ်လရှိသည့်အကြောင်း၊ ဘယ်တုန်းကမှ ကိုယ်ဝန်မရှိခဲ့ဘဲ ယခုမှ ရှိလာသော ကိုယ်ဝန်အတွက် ဂရုစိုက်ရကြောင်း၊ မိမိတို့သည် ကိုယ်ဝန်ရကာစတွင် သိန်းထီထိုးသောကြောင့် ငွေငါးသိန်း သိန်းဆုပေါက်ကြောင်း၊ ယခု အကြော်မရောင်းတော့ဘဲ မြို့မဈေးထဲတွင် လက်ဖက်ရည်ဆိုင် ဖွင့်ထားကြောင်းတွေပါ ပြောပြသည်။

အချိန်အတိုင်းအတာသည် တိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ ကံတရားက အဆိုးအကောင်းကို မြပြင်ပြောင်းလွဲတတ်ပုံများကို ဂျက်စနေ စဉ်းစားနေမိ၏။

လက်ဆောင်ပစ္စည်းတွေကို ထားပြီး လင်မယားနှစ်ယောက် ပြန်သွားကြသည်။ ဂျက်စနေအားလည်း ယုစနေလမ်းထဲရှိ သူမတို့အိမ်သို့ လာလည်ပါရန် ဖိတ်ခေါ်သွားသည်။

ကံတရားဆိုသည်မှာ မြင်ကောင်းစရာ အရာမဟုတ်ပါ။ မိမိပြုလုပ်သော ကောင်းမှု၊ မကောင်းမှုသာလျှင် ကံတရားဖြစ်တော့သည်။ ထိုကံတရားသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် သုံးပါးလုံးကို ကိုင်တွယ်ဖန်တီးတော့သည်။



နီမသည် ဘဝအတိတ်က မကောင်းသဖြင့် အကုသိုလ်ကံကြောင့် ခွေးဘဝရောက်ပြီး သက်တမ်းတိုတိုနှင့် သေဆုံးခဲ့ရသည်။ ဤအကြောင်းသည် ဥပစ္ဆေဒကကံ ပါနေသောကြောင့် ဖြစ်၏။

ဥပစ္ဆေဒက ဆိုသည်မှာ ဖျောက်မရသော အတိတ် အကုသိုလ်ကံပင် ဖြစ်သည်။

ခွေးဘဝတွင် နီမသည် ခွေးပင် ဖြစ်လင့်ကစား ကုသိုလ်ကံကလေးများကို ကောင်းစွာလုပ်ခဲ့၏။ ဒါဆို ဘဝကူးကောင်းပါရဲ့။

မိမိဘာဏ်မီသလောက် ဂျက်စနေ စဉ်းစားခဲ့ပါသည်။ ဆေဖန်ပိုင်းခြားခဲ့ပါသည်။

သူသည် ဆယ်တန်းမအောင်မီအတွင်း မဇာအုံတို့အိမ်သို့ နှစ်ခေါက်သုံးခေါက် သွားလည်ခဲ့ပါသည်။

မဇာအုံတို့မှာ လက်ဖက်ရည်ဆိုင်နှင့်ပင် ကြီးပွားတိုးတက်ခဲ့သည်။

ကံတရားသည် လူတို့အတွက်ပင် မဟုတ်ပါ။

နိုင်ငံနှင့် ခေတ်ကိုပါ ကံတရားအပြောင်းအလဲဖြစ်လာ၏။

ဂျက်စနေ ဆယ်တန်းအောင်ပြီး နှစ်လ သုံးလအကြာမှာပင် ခေတ်ဟောင်းစနစ် ပြုတ်ကျပျောက်ကွယ်ပြီး ခေတ်သစ်စနစ် ပေါ်ထွန်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေလည်း ရာထူးတက်၍ ရန်ကုန်သို့ ပြောင်းရွှေ့ရသည်။

ရန်ကုန်တက္ကသိုလ်မှာပဲ ဂျက်စနေ တက်ခဲ့ရသည်။

သြော် ... အဲသည်အကြောင်းလေး ဖော်ပြဖို့ မေ့ခဲ့လေရဲ့။

ဂျက်စနေ ဆိုတဲ့ နေ့က တစ်မျိုး။

အရွယ်ကြီးရင့်လာသလို စိတ်ကလည်း ရင့်ကျက်လာကာ ငါတကော ကောတတ်သော ဥဉ်ကလေး ပါလာသည်။

မိဘက သူ့စာကြိုးစားပုံ၊ သူ့အရည်အချင်းနှင့် "ဆေး"ကို မျှော်မှန်းသည်။ ဂျက်စနေက "ဆေး"ဘာသာကို ဝါသနာမပါ။

သည်တော့ သူသာကြိုးစားလျှင် ဂုဏ်ထူးတွေ တစ်သီကြီးနှင့် "ဆေး"ဘက်ရောက်မှာ သေချာသည်။

ဆေးတက္ကသိုလ်ကို မတက်ချင်သော သူသည် ဂိုက်(GUIDE)ကိုလည်း အားမကိုး၊ ကျူရှင်ကိုလည်း ကျောပေး၊ မိမိ၏ ကြိုးစားမှုကိုလည်း တစ်ဝက်ခွန့်လွှတ်လိုက်၏။

စာမေးပွဲဖြေတော့လည်း အောင်ရုံလောက်သာ အဓိက ထားဖြေသည်။

အောင်ပါသည်။

ဆေးဘက်ဖြစ်သော ဆေးတက္ကသိုလ်သို့လည်း မပါ။

စက်မှုဘက်သို့လည်း မပါ။

စီးပွားရေးဘက်သို့လည်း မရောက်။



အမှတ်စစ်လိုက်တော့ ရန်ကုန်တက္ကသိုလ်သို့ ဝင်နိုင်ရုံ သိပ္ပံအမှတ်နှင့်သာ ရတော့၏။ ဒါကြောင့် သူက ကင်မစ်စရီ အရောနှင့် ပျော်ပျော်ကြီး တက်ခဲ့သည်။

ဒေါသဖြစ်ရသည်က ဖေဖေ။

စိတ်မကောင်းဖြစ်ရသည်က မေမေ။

သို့တစေ တစ်ဦးတည်းသောသားမို့ ဘာတစ်ခွန်းမှ မပြောကြတော့ပါ။

ဂျက်သည် ရုပ်ရည်ချောမောသလို ပေါင်းသင်းဆက်ဆံရေးလည်း ကောင်းသည်။ ပညာလည်း ထူးချွန်သည်။ အားကစားဘက်မှာလည်း တော်သည်။ ဘက်စုံတော်သော သူ့ကို နှစ်တိုင်း "ကင်း KING"အဖြစ် ထားပေးကြ၏။

ဂျက်သည် ဒုတိယနှစ်အထိတော့ ရည်းစားမထားရပါ။

တတိယနှစ်မှာတော့ အီကိုမှ "နှောင်းဖွဲ့တွယ်တာ"နှင့် ဆုံခဲ့ရသည်။

နှောင်းဖွဲ့တွယ်တာသည်လည်း ခေသူမဟုတ်ပါ။

မော်ဒယ်(လ်)သင်တန်းမတက်၊ မော်ဒယ်(လ်)ကိုလည်း အားမကျပါဘဲလျက် သူ့ကိုယ်လေးက မော်ဒယ်(လ်)လို ရှိန့်နှောင်းနှောင်းနှင့် ရုပ်ရည်ကလေးက လှပသူ ဖြစ်သည်။

ဝတ်လိုက်လျှင် ပေါ့ပါးသော အဝတ်အစားနှင့် မော်ဒယ်(လ်)ပုံစံပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာလည်း တော်သလို အိကိုဇွင် ကွင်း QUEEN ရထားသူ။ ခါတ်ဆီနှင့် မီးတွေ့တော့ ဘာဖြစ်သလဲ။

ကင်းနှင့်ကွင်း တွေ့တော့ ဘာဖြစ်သလဲ။

သူတို့နှစ်ယောက်၏ ထိတွေ့မှုသည် နှလုံးသားနှစ်စုံကို တစ်စုံတည်းသော နှလုံးသားအဖြစ်သို့ ရောက်စေ၏။

သူတို့နှစ်ယောက်၏ နှစ်ချစ်သည် တစ်ချစ်တည်း ဖြစ်သွားသည်။

ချစ်လိုက်ကြ ... ကြိုက်လိုက်ကြ ...။

မင်းမရှိရင် ငါမနေ ... ငါမရှိရင် မင်းမနေ ...။

တို့ဘဝမှာ တို့လိုချင်တာက နှစ်ယောက်တစ်ဘဝ။

တစ်ခုတည်းသော နေ ... တစ်ခုတည်းသောလ ...။

နေနှင့်လ ... ရွှေနှင့်မြ ... ပေါင်းစပ်လို့ရထား ... တို့အချစ်များ ...။

သူတို့နှစ်ယောက် ရင့်ကျူးသော ရက်(ပ်) စကားလုံးကလေးတွေ။ ဒါတွေကိုပဲ သူတို့ဆိုချင်ကြသည်။

တက္ကသိုလ်မှာ တွေ့တော့လည်း အတူတူ။

ချစ်တော့လည်း အတူတူ။

ထွက်တော့လည်း အတူတူ။

အလုပ်လုပ်တော့လည်း အတူတူ။

နှောင်းဖွဲ့တွယ်တာ၏ မိဘတွေက ချမ်းသာကြပါသည်။ ရန်ကုန်တွင် ကုမ္ပဏီကြီးတွေဖွင့်သည်။ ကွန်စရပ်ရှင်တွေ လုပ်သည်။ စက်မှုဇုံတွင် ဝိုင်ယာလုံမ်ငန်းတွေ လုပ်သည်။



နှောင်းဖွဲ့တွယ်တာက သူမဒက်ဒီ၏ မိအေဝင်လုပ်သလို စနေထွန်းကိုလည်း သူ့ဒက်ဒီအား အလုပ်ပေးဖို့ ပြောပေး၏။ အဲ့ရတာတော့ ဟုတ်ပါရဲ့။ လုပ်ရည်ကိုင်ရည်က လိုသေးတယ်လေ။

သည်တော့ သမီး၏ချစ်သူ ဖြစ်မှန်းလည်း သိသည်။ ပေါင်းသင်းဆက်ဆံမှုကောင်းသော ဂျက်စနေကိုလည်း ခင်မင်သည့်အားလျော်စွာ အလုပ်တစ်ခု လုပ်ခိုင်းလိုက်၏။

သဃ်န်းကျွန်းဘက်တွင် ဆေတစ်ရာစတ်လည်း မြေကွက်ကြီးတစ်ကွက် ရှိသည်။ ထိုမြေကွက်ကို ပိုင်ဆိုင်သူမှာ အဖိုးကြီးတစ်ဦး ဖြစ်သည်။

စကားပြောလျှင် ကြောသည်။ စကားကိုလည်း အတည်မပြော။ ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောတတ်သည်။ ငွေလည်း မက်သည်။ ပစ္စည်းကိုလည်း တွယ်တာသည်။

မြေကွက်ဝယ်ချင်လို့ အဖိုးကြီးနား ချဉ်းကပ်သူတွေ တပ်လန်သွားကြသည်။ နှောင်းဖွဲ့တွယ်တာ၏ ဖခင် ဦးရွှေမြတ်မိုးလည်း တပ်လန်သည့်အထဲမှာ ပါသည်။

ဂျက်စနေက ထိုတာဝန်ကို ယူရလေတော့ ဦးစွာ အဖိုးကြီးအကြောင်းကို စုံစမ်းသည်။ အဖိုးကြီးမှာ ချောချောလှလှ လူငယ်လေးတွေကို သဘောခွေ့တတ်သည်၊

ဂျက်က အဲသည်မြေကွက်ကိုသိတော့ အဖိုးကြီးနှင့် ဦးစွာ သိကျွမ်းအောင် ကြိုးစားသည်။ သူလိုရုပ်ရည်နနယ်လှပ ရှန်းတောက်သော မော်ဒယ်(လ်)ဘွိုင်းဆန်ဆန် လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အဖို့ အပိုကြီးနှင့် အဖွဲ့ကျရန် လွယ်ကူသည်။ ခင်မင်တော့ ပုလဲနံ့ပသင့်အောင် ပေါင်း၏။

စကားကြောလျှင်လည်း ငုံ့ခံ။ ကျေးစရာရှိလည်း အကုန်ခံ။ သည်တော့ ဟိုက မောင်လေးဂျက်။ မောင်လေးဂျက် ဖြစ်လာ၏။

အပိုကြီးက လေးဆယ်ငါးနှစ်။

သူက နှစ်ဆယ်ငါး။

နောင်းဖွဲ့တွယ်တာပင် မိမိနှင့် မညားဘဲ အပိုကြီးနှင့် ညားနေမည်ဟု သတိပေးရသည်။

အပိုကြီးရုပ်ကလည်း မခေပါ။ သူမနာမည် ချိုချိုလှဲ။

အဲ ... ဒေါ်ချိုချိုလှဲဟု ခေါ်ကြရအောင်။

အပိုကြီးနှင့် ပေါင်းမိတော့ အပိုကြီး နတ်တွေ ဆေးဒင်တွေ မိန်းမပီပီ ယုံတာကိုသိသည်။

ဂျက်စနေ တွေ့ခဲ့တာက နတ်ထိန်းမှာ ဂန်ဒူးကြီး။

စခေတ်အခေါ်တော့ "ဂျယ်"

အဲသည်အခြောက် ဂျယ်ကြီးမှာ ကားနှင့် သူ့ဆီသို့ လိုက်လိုက်ပို့သော ဂျက်စနေကို သဘောကျသည်။ တွေ့လျှင် စကားတွေ အများကြီး ပြောသည်။ ပြီးတော့ ပေါင်ပုတ် ဒူးပုတ်။

အရသာခံတယ်လေ။

ဂျက်က အဲသည်အခြောက်ကြီးနှင့် အလွမ်းသင့်အောင် ပေါင်းသည်။



နောင်းဖွဲ့တွယ်တာက ဂျက်စနေသည် မိမိနှင့်မညား။ အပိုကြီးနှင့် မညားဘဲ ဂန်ဒူးကြီးနှင့် ညားနေလိမ့်မည်ဟု ထပ်မံသတိပေး နှိုးဆော်ချက် ထုတ်ပြန်ခဲ့သည်။

ဂျက်စနေက ရယ်ပါသည်။

တစ်နေ့ အပိုကြီး နေမကောင်းဖြစ်သည်။ သူမဝမ်းတွေသွားအောင် ဂျက်စနေက ဖာလူဒါတိုက်ပြီး မုန့်ဟင်းခါးကျွေးသဖြင့် ဝမ်းတွေသွားတော့၏။

အဲသည်မှာ ဂျက်စနေက အခြောက်ကြီးကို ငွေသုံးထောင်ပေး၍ မြေနှင့် ပတ်သက်သည့် ကိစ္စကို တိုင်ပင်၏။

ထိုသည်နောက် ဂျက်က နေမကောင်းသည့်ကိစ္စ နတ်မေးရအောင်ဆိုပြီး ဒေါ်ချိုချိုလှဲကို အီအီးတယိုယိုကြားမှ ဂန်ဒူးနတ်ထိန်းကြီးဆီ ခေါ်လာသည်။

ဂန်ဒူးကြီးက နတ်ရုပ်တွေထားသော အိမ်ဦးခန်းတွင် တဟင်းဟင်း တဟဲဟဲ ဘာနတ်မှန်းမသိ ဝင်ပူးပြီး အပိုကြီး သေကိန်းရှိသည့်အကြောင်း၊ မကောင်းသောမြေကို လက်ဝယ်ထားသဖြင့် မြေမျိုခံရလိမ့်မည့်အကြောင်း၊ မြေမျိုတယ်ဆိုတာ အလောင်းကို မြေကြီးထဲ မြှုပ်နှံခြင်းဖြစ်ကြောင်း ဟန်ပါပါနှင့် ပြောသည်။

အပိုကြီး ကြောက်သွားသည်။

ဘာလုပ်ရမလဲမေးတော့ ရောင်းပစ်လိုက်ပါဟု နတ်ဝင်သည့် အခြောက်ကြီး ကိုထွန်းလွင်က ဆိုသည်။

အတိုချုံးရလျှင် မြေရောင်းဖြစ်သွားသည်။ ဝယ်သူက ဦးရွှေမြတ်မိုး။ ပွဲစားက ဂျက်စနေ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဥဒေါင်းနှင့်တော်င် ရလိုက်သေး။

ဂျက်စနေလည်း ပွဲစတောင် ရလိုက်သေးရဲ့။

ဒါတွေကို နောင်းအား ပြောပြောပြီး ဂျက်စနေက ဟားတိုက်သည်။

နောင်းကလည်း ရယ်လိုက်တာ တခစ်ခစ်။

သူ့အရည်အချင်းကို ဦးချွေမြတ်မိုး သိသွားတော့ အလုပ်ခန့်လိုက်၏။

ပေးလိုက်တဲ့ရာထူး။

ဒုမန်နေဂျာတဲ့။

ဒေါ်ချိုချိုလှဲ့ဆီက မြေဝယ်ဖို့အရေး နှစ်လလောက် ကြိုးစားလိုက်ရသည်။ ဒက်ဒီကတော့ သူ့အမှားကို သူမှားလည် သွားသည်၊

"လူဆိုတာ ပါရမီခံနဲ့ မွေးလာတာ အမေရဲ့ ... တို့က သူ့ကို ဆရာဝန် ဖြစ်ချင်တယ် ... သူက စီးပွားရေးသမား ဖြစ်ချင်တယ် ... အခုတော့ သူ့ပါရမီအတိုင်း စီးပွားရေး သမား ဖြစ်သွားပြီ"

"အဖေရယ် ... ဆရာဝန်ဖြစ်လည်း စီးပွားရေးသမား လုပ် လို့ရပါတယ် ... ခုခေတ်မှာ စီးပွားရေးဆရာဝန်တွေရှိတာတ ကြတာပဲ ... လူနာက ရောဂါလာပြရင် ရောဂါသေးသေးကို ကြီးကြီးဖြစ်အောင်ပြော ... ပြီးတော့ ကြီးကြီးကု ... ကြီး ကြီးပိုက်ဆံယူ ... ဟိုနှလုံးကုတဲ့ ဆရာဝန်ကြီးတစ်ယောက်



ကြည့်ပါလား ... ရောဂါသေးသေးကို ကြီးကြီးဖြစ်အောင် လုပ်ပြီး ပိုက်ဆံယူ ... ကျိုကျိုတက်ချမ်းသာ ... ပြီးတော့ မိန်းမရှုပ် ... ဒါ စီးပွားရေးအလုပ် ဟုတ်မှုလား အဖေရဲ့ ကိုဂျက်လည်း ဆရာဝန်ဖြစ်ရင် ဒီလိုလုပ်နိုင်းပေါ့ ... ဟင်း ... ဟင်း"

"ကိုဂျက် ဆရာဝန်ဖြစ်ရင်တော့ လူနာဆီက ပိုက်ဆံရဖို့ နေနေသာသာ သူ့အိတ်ထဲက ပိုက်ဆံမထွက်ရင် ကံ ကောင်း"

အမေနှင့် အဖေက သူတို့သားကို ကွယ်ရာမှ ဆေ ခန့်ရေး လုပ်ကြတာကို ဂျက်စနေ မသိ။

"တစ်ခုတော့လည်း ကောင်းပါတယ် ... သူယူမယ့်မိန်းမက စီးပွားရေးသမားရဲ့ သမီးဆိုတော့ သူ့အတွက် ပိုအမြင် ကျယ်တာပေါ့ အမေရယ်"

"ဘာအမြင်ကျယ်တာလဲ အဖေရဲ့"

"ဟာကွာ ... စီးပွားရေးသမား ဖြစ်ချင်တော့ စီးပွားရေး သမားရဲ့ သမီးကို ကောက်ယူလိုက်တာ ဒါ အမြင်ကျယ် တာပေါ့ အမေရဲ့ ... စီနီမာစကုပ်ထက်တောင် ကျယ်သေး ပေါ့ ... ပေါ့"

"အမယ် ... အဲဒါကတော့ အဖေနဲ့တူတယ် ... အဖေတော စတုန်းက ယူဒီ(U.D)နဲ့စတာ ညွှန်ကြားရေးမှူးသမီးဖြစ်တဲ့ ကျွန်မကို ကောက်ယူလိုက်တော့ ရှင့်မှာ ယောကျ်ားချက်ရှာ

www.burmeseclassic.com



နဲ့ ရာထူးတိုးမလာဘူးလား ... ခေတ်ဟောင်းတုန်းကလေ ခေတ်ဟောင်းတုန်းက ... ရှင်က စီနီမာစကုပ်မကဘူး ဖြစ်ဦးလွင်က မြူးဖွိုင့်(VIEW POINT) ရှုခင်းသာထက် တောင် အမြင်ကျယ်သေး"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်"

သူတို့သည် ဂျက်စနေကို အားထားရသော သား အဖြစ် မြင်ထားသော်လည်း ဂျက်စနေ မိန်းမယူဖို့ ရည်စူးထား တာ တွေ့တော့လည်း စိတ်တွင်းမှာ မသက်မသာ ဖြစ်မိကြ သည်။

ဩော် ... သီးချိန်တန် သီးကြပြီပဲ။

ဂျက်စနေ မန်နေဂျာ ဖြစ်ချိန်မှာ စင်ကာပူသို့ အလုပ်ကိစ္စနှင့် နှစ်ခေါက်သွားရသည်။ ဂျက်၏ စီးပွားရေးအမြင် ကျယ်လာသလို သူ့ဘာသာသူ ခြေလှမ်းဖို့ စိတ်ကူးလာသည်။

သူသည် အလကားနေသူ မဟုတ်။

တစ်ဖက်က စာအုပ်ထုတ်ဝေရေး စာပေလုပ်ငန်းကို လုပ်ကိုင်ပြီး အလယ်အလတ် စာရေးဆရာများနှင့် စုပါတန်းရောင် နေသော စာရေးဆရာတွေကို ငွေကြေးနှင့်ဆက်၍ စနစ်တကျ ကိုင်တွယ်၍ စာအုပ်များကိုလည်း အဆင့်မြင့်မြင့်ထား၍ ထုတ် ဝေဖြန့်ချီ၏။

စာရေးဆရာကို ကိုင်ရတာ ပြေးနေသော မြင်းတစ် ကောင်၏ခက်လို ကိုင်ရခက်ပါသည်ဟူသော ထုတ်ဝေသူအပေါင်း



အသင်းတစ်ယောက်၏ စကားကို ပယ်ရှားကာ စာရေးဆရာတွေ ကိုစုရုံးခဲ့၏။

သူက စာရေးဆရာဆိုသည့် ပုဂ္ဂိုလ်တွေကို စူးစမ်း ကြည့်သည်။ စာရေးဆရာဆိုတာ သူတို့ကိုယ်ကိုသူတို့ အထင်ကြီး တတ်၏။ သူတို့စာပေကို သူတို့တန်ဖိုးထား၏။ ရိုသေလေးစားမှု ကို နှစ်လို၏။

ထိုက်တန်သော ငွေကြေးကိုလည်းကောင်း၊ ယင်းငွေ ဆက် ပိုပေးနိုင်လျှင်လည်းကောင်း သဘောကျ နှစ်သက်တတ် ကြ၏။

သည်တော့ ဂျက်စနေက စာရေးဆရာတွေကို လေး စားခင်မင်စွာပေါင်းပြီး သူတို့ရေးသားသော စာပေကို မြတ်နိုးမှု ထားကာ ငွေကို လမ်းခင်းလေတော့ တော်ရုံစာရေးဆရာများသည် သူ့ဆီမှ မသွားကြတော့။

စာရေးဆရာတွေ၏ အလိုကျ မပေါင်းဘဲ ပေသီး တွက်တွက်သော ထုတ်ဝေသူမှာ ဂျက်စနေကြောင့် ပါးစပ်ပိတ် သွားတော့၏။

"ထုတ်ဝေသူနဲ့ စာရေးဆရာဟာ လင်မယားပါ ... တစ် ဦးဖက်ကို တစ်ဦးကြည့်ပြီး နှစ်ဖက်အမြင်ရှိရင် ဘာပြဿနာ မှ မရှိဘူး ... ကိုယ့်ဘက်ကို ကိုယ်မကြည့်ကြနဲ့ပေါ့ ... စာရေးဆရာဆိုတာ အတ္တနွယ်ဘွားတွေပဲ ... သူတို့ကို ဆန့်ကျင်ဘက်မလုပ်ရင် ပြီးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေက သူ့အမြင်နှင့် ဆို၏။

စာရေးဆရာအချို့တွင် အတွေ့အကြုံကြောင့် တစ်ခါတ
ဂျက်စနေနှင့် မသင့်မတင့်ဖြစ်လျှင် ဂျက်က မသိဟန်ဆောင်
ခွင့်လွှတ်ထားလိုက်၏။

တချို့ထုတ်ဝေသူတွေမှာလည်း အတ္တဆန်တာ
ရှိ၏။ စာအုပ်ထွက်လာပြီး ရောင်းကောင်းလာလျှင် သိုဝှက်တ
ကြ၏။ အဲသည်မှာ စာရေးဆရာနှင့် ဝိရောဓိပဲ။

ဂျက်ကတော့ စာအုပ်တက်လာလျှင် တက်
ကြောင်း ပြောပြီး စာမူခကို စာရေးဆရာနှင့် ညှိနှိုင်းကာ
ဖေါ်သည်။

ကျွေးမွေးပြီဟော့ ဆိုလျှင်လည်း သူကပဲ အကု
၏။ သူ့တွင်ရှိသော စာရေးဆရာများတွင် သူ့အား စာရေးဆ
တစ်ယောက် နှစ်ယောက်မှအပ ကျန်စာရေးဆရာတွေက သူ
အိတ်ထဲမှ ပိုက်ဆံထွက်ကြသည်မဟုတ်။

အဲဒါကိုလည်း ဂျက်က အပြစ်မမြင်။

သူ့စာပေတိုက်မှာ "အတွယ်အတာစာပေ" တိုက်
၍ ပေးထား၏။ နောင်းဖွဲ့တွယ်တာကို ချစ်တာကြောင့် သည်
ကို ပေးခြင်းဖြစ်သည်။

သုံးလေးနှစ်ကြာတော့ သူ့တွင် ငွေသိန်းနှစ်ရာ
ပိုက်လာမိ၏။ အဲသည်မှာ သူက ကားတွေကို ဝယ်ရောင်းလုပ်
သူ့တွင် စာပေတိုက်ရော၊ ကားအရောင်းအဝယ်ပါ ပိုင်ဆိုင်
သဘော ရှိလာသည်။



အဲသည့်နောက် သူက ယောက္ခမလောင်းရှယ်ယာနှင့် အဖေ၏ရှယ်ယာပါ စုထည့်ဝင်ကာ တိုက်ခန်းတွေ ဝယ်ပြန်သည်။ ဈေးကောင်းလျှင် ပြန်ရောင်းသည်။

စင်ကာပူမှ ပြန်လာပြီးသည်နောက် တက်ကြွနေသော ဂျက်စနေကို ဦးရွှေမြတ်မိုးက သူ့သမီး နောင်းဖွဲ့တွယ်တာနှင့် နေရာချထားပေးလိုက်သည်။

ဆီဒိုးနားတွင် ဂျက်က မလုပ်ချင်ဘဲ အင်းလျားလိတ်လောက်နှင့်ပင် ဂျက်က ပြီးချင်၏။

မင်္ဂလာပွဲသို့ မျက်နှာကြီးပိုင်းမှကော သက်ဆိုင်ရာအပိုင်းတွေမှကော လာလိုက်ကြတာ တသဲသဲ။

ဦးရွှေမြတ်မိုး မျက်နှာနှင့် ဂျက်ဖေဖေ၏ ရာထူးမျက်နှာက ရှိပေသကိုး။

အဲသည်တော့ ဂျက်က အသက်နှစ်ဆယ့်ရှစ်နှစ်။
နောင်းဖွဲ့တွယ်တာက နှစ်ဆယ့်ငါးနှစ်။
ပျော်လိုက်ကြတာ။

ဂျက်သည် နှစ်ပေါင်းများစွာ ကြာလာတော့ ချွေးမလေးနီမကို မေ့သယောင် ဖြစ်သွားသည်။

သံယောဇဉ်ဆိုတာ ကြာလာတော့လည်း ပြတ်ရောမဟုတ်လား။ သေသောသူ ကြာလျှင်မေ့၊ ပျောက်သောသူ ရှာလျှင်တွေ့။

ဒါပေမယ့် နီမနှင့် နီးစပ်ဖို့ရန် ပန်လာတာတော့။

⊢◆⊣

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်လမ်းစဉ်(၅)

သွားလိုက်ကြ။

ပျော်လိုက်ကြ။

အလုပ်လုပ်လိုက်ကြ။

ချစ်ခွန်းတွေ သီလိုက်ကြ။

ရက်တွေပြောင်း၊ လတွေညောင်း၊ နှစ်တွေဟောင်းခဲ့ပေါ့။

ဂျက်စနေတို့ ချမ်းသာလာချိန်တွင် ယောက္ခမကြီးက ခွန်းတော်ချွေသည်။

"ချမ်းသာတယ် ဆိုတာ ကိုယ်ကလုပ်လို့ချည်း ဖြစ်တာမဟုတ်ဘူးကွ ... ကံလည်းပါတယ် ... ခေတ်လည်းပါတယ်၊ စနစ်လည်းပါတယ်၊ ခုဈေးကွက်စီးပွားရေးခေတ်မှ တို့ကြိုးစားချက်ဟာ ခေတ်နဲ့ကိုက်ညီတယ် ... လူတွေလည်း



ငြိမ်းငြိမ်းချမ်းချမ်း သွားသွားလာလာ နေရတယ် ... စနစ်လည်းကောင်းတယ် ... ဈေးကွက်စနစ်ဆိုတော့ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်ဖို့ပဲ အရေးကြီးတယ် ... ကိုယ့်လှုပ်ရှားချက်ဟာ သူများကို မထိခိုက်စေနဲ့ပေါ့ကွာ ... ဂျက်ကြီးမင်းလည်း ကွန်စရပ်ရှင်ကို ကောင်းကောင်းနားလည်နေပြီပဲ ... ဒီတော့ ဈေးကွက်စီးပွားရေးမှာ မင်း ဈေးကွက်ချဲ့သင့်ပြီ"

"ကျွန်တော် လုပ်ဖို့ စဉ်းစားနေပါတယ် ဒယ်ဒီ"

နှောင်းဖွဲ့တွယ်တာက သူမအဖေ မုဆိုးဖိုကြီးကို ဒက်ဒီခေါ်စေဘဲ ဂျက်စနေပါ လိုက်ခေါ်ရသည်။

"မင်း ဘာစဉ်းစားတာလဲ"

"ကျွန်တော် တစ်မြို့တစ်ရွာသွားပြီး ထုထောင်ရေးလုပ်ငန်းတွေ လုပ်မလားလို့"

"ဘယ်မြို့လဲ"

"ကျွန်တော် နေခဲ့တဲ့မြို့"

သူ့မြို့ကို ကိုဂျက်က ပြောပြသည်။ အဘိုးကြီးက သွက်လက်စွာ ခေါင်းညိတ်သည်။

"ကောင်းတယ် ... ဂွဒ်"

"ဟိုမှာတော့ အပြိုင်ချရမှာ ကွန်စရပ်ရှင်အဖွဲ့တွေရှိတာပဲ၊ ဒါပေမယ့် ကျွန်တော် မကြောက်ဘူး"

"စီးပွားရေး ပြိုင်ရမှာ မကြောက်နဲ့သားရေ ... သူတို့ထက် အကွက်မြင်ဖို့ အရေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေသည် နှောင်းနှင့် တိုင်ပင်သည်။ နှောင်းက လည်း ကိုနှင့်အတူ သွားရောက်နေထိုင်ဖို့ သဘောတူသည်။

"ကိုတို့မြို့က မြေလတ်မြို့ ဖြစ်ပေမယ့် ကားလမ်း ရထားလမ်း သဘောာဆုံရာ ဖြစ်တယ် နှောင်း ... ပျော်စရာကောင်းပါတယ် ... ခုလို ဆောင်းဦးပေါက်ဆိုရင် အေးနေပြီလေ"

"တစ်ခေါက်မှတော့ မရောက်ဖူးဘူး ... သွားချင်တယ် ကို"

"ပထမဆုံးနေဖို့ထိုင်ဖို့ လိုတယ် ... အလျင်ဆုံး သွားစုံစမ်းရမယ် ... ပြီးတော့မှ လုပ်ငန်းချရမယ် ... ကိုလည်းဒီမြို့ကို တစ်ခေါက်မှ ပြန်မရောက်သေးဘူး ... ကွဲခဲ့တာပဲ ဆယ့်ရှစ်နှစ် ကျော်နေပြီ"

"အသိတွေရှိလား"

"ရှိတယ် ... မိတ်ဆွေတွေ သူငယ်ချင်းတွေ ရှိတယ်"

သူ့မျက်လုံးထဲတွင် ကိုဖိုးစံ၊ ဦးဖိုးကြီး၊ ဒေါ်လေးအုံတို့ရယ်၊ ခင်မောင်ကျော်၊ ထွန်းမြတ်တို့ရယ်။

ခုလောက်ဆို ဒီကောင်တွေလည်း မိမိလို အိုကောင်တွေ ဖြစ်နေမှာပဲ။

အိမ်မှာဝယ်ထားသော နှစ်ဆန်းဆန်နီဆူပါဆလွန်းကားအဖြူကလေးဖြင့် ယောက္ခမအိမ်မှာ နေနေသည့် ဂျက်စနေနှင့် နှောင်းသည် နှင်းတွေမကျဘဲ အနည်းငယ်သာ ချမ်းအေးသည့် ရန်ကုန်မြို့၏ မဟာ်ရာသီဥတု၏ ပြောင်းလွဲမှုတွင် စောစောထကြသည်။



မနက်တိုင်း အပြေးလေ့ကျင့်သည့် ဂျက်စနေမှာ ...ည်နေ့တော့ မပြေးနိုင်ပါ။

သူတို့နေတာက ကန်တော်ကြီး ဖိုးစိန်လမ်းထဲမှာ ...သည်။ သူတို့တိုက်ကြီးက ကုန်းမြင့်တစ်ခုပေါ်တွင် ထည်ထည် ...ကြီးနှင့် ဟိန်းနေသည်။

အယ်(လ်)ဇေးရှင်းခွေးကြီးတစ်ကောင်ကို မွေးဖို့ ...ရွှေမြတ်မိုးက ကြိုးစားသော်လည်း နီမကြောင့် သံယောဇဉ် ...ခဲ့ဖူးသည့် စနေထွန်းက ခွေးမမွေးဖို့ ယောက္ခမကို နည်း ...မျိုးမျိုးနှင့် ပြောရသည်။

ဦးရွှေမြတ်မိုးလည်း အိပ်ရာမှ ထချေပြီ။

နှောင်းသည် ခေတ်မိန်းကလေး ဖြစ်သလို ဗုဒ္ဓ၏ ...ဝါဒအာဝါသအောက်မှ သမီးပျိုလည်း ဖြစ်သည်။ ခရီးမထွက်မီ ...သ်နေကြ ရေချမ်းနှင့် ဆီမီးကို ကပ်လှူသည်။

လင်ရော မယားရော ဘုရားကို ကန်တော့၏။ ...ရွှေမြတ်မိုးကို ကန်တော့၏။ ငယ်ငယ်ကလေးကတည်းက ...မီးကို မခွဲခဲ့ဘူးသော ဒက်ဒီသည် သမက်နှင့် သမီးက ကန် ...တော့တော့ မျက်နှာပျက်နေသည်။

ပြီးမှ တိုးတိုးကလေး ဆုပေး၏။

အဲဝတ်သေတ္တာကို အိမ်ဖော်မိန်းကလေးက ကား ...နောက်ဖုံးထဲကို လိုက်သယ်ထည့်ပေး၏။

သူတို့နှစ်ယောက် ကားနှင့်ထွက်ခွာသွားတော့ ဦးရွှေ ...မြတ်မိုးမှာ မျက်ရည်တွေ မျက်ဝန်းမှာဝေ့လို့။

www.burmeseclassic.com

www.burmeseclassic.com



ဩော် ... သံယောဇဉ်။

တိုက်အိမ်ကြီးမှာလည်း ခြောက်ကပ်ကျန်ခဲ့သည်။ သားပဲဖြစ် သမီးပဲဖြစ်ဖြစ် သည်လိုပဲ အတောင်စုံလျှင် ပျံကြစမြဲ ပဲလေ။

ဖေဖေနှင့် မေမေသည် ညက တယ်လီဖုန်းနှင့် အကြောင်းကြားထား ခံရခြင်းကြောင့် အဆင်သင့်ပဲ စောင့်နေကြ သည်။

သားနှင့်ချွေးမလာတော့ နွေးထွေးစွာ ကြိုဆိုကြသည်။ မေမေ အဆင်သင့်လုပ်ထားသော ကော်ဖီမစ်နှင့် မုန့်တွေကိုစား ကြ၍ ဂျက်စနေနှင့် နှောင်းက ဖေဖေနှင့် မေမေကို ရိုသေလေးစား စွာ ကန်တော့ကြသည်။

သားနှင့်ခွဲနေပြီးမို့ ဖေဖေနှင့် မေမေမှာ ရပ်ဝေးသို့ တစ်အိုးတစ်အိမ် သွားကြမည်ဖြစ်သော သားနှင့်ချွေးမအပေါ် တွယ်တာမှုကို ထိန်းထားနိုင်ကြသည်။

သွားလေရာအရပ်တွင် ဘေးကင်းစေဖို့ မျက်နှာပွင့် လန်းစေဖို့ အလုပ်အကိုင်တွေ အောင်မြင်စေဖို့ မိဘနှစ်ပါးလုံးက ဆုမွန်များ ပေးကြသည်။

"ကိုယ့်မိဘတွေကို အမြဲတမ်း သတိရကြ၊ ရိုသေကြ၊ မိဘ အပေါ် ဂရုစိုက်တဲ့ သားသမီးများဟာ ပစ္စုပ္ပန်မှာကော၊ အနာဂတ်မှာကော အမြဲတမ်း ကံကောင်းတတ်ကြတယ်။ သားတို့ သမီးတို့တွေလည်း အမြဲတမ်း ကုသိုလ်ကံကောင်း ပြီး ကံတက်ကြပါစေကွာ"



ဖေဖေက နောက်ဆုံး ဒါပဲ ပြောလိုက်၏။

"သား ... ကားကို သတိထားမောင်းနော် ... ဟိုက်ဝေး (HIGH WAY)ဆိုတာ ကားမျိုးစုံ သွားလာနေကြတာပဲ ... ကားကိုကော စစ်ပြီးပြီလား"

"စစ်ပြီးပါပြီ"

"ဟိုက်ဝေးမှာ ခရီးသည်တင် ဟီးနိုးကြီးတွေနှင့် ကုန်တင် ကားတွေကိုပဲ သတိထားရမှာပါ ... ဒါပေမယ့် ကုန်တင် ကားတွေက ညမှထွက်ကြတော့ အန္တရာယ် မရှိနိုင်ပါ ဘူး"

မိဘဆိုတာ သည်လိုပဲ သားသမီးအပေါ် ကြံဖန်စိတ် ပူတတ်ကြသည်။ သူတို့နှစ်ယောက် ရန်ကုန်ထဲမှထွက်တော့ မနက် ခြောက်နာရီ ထိုးစပြုနေပြီ ။

နံနက်ခြောက်နာရီဆိုတာ လင်းလင်းရှင်းရှင်း ဖြစ်စ ပဲရှိသေး၏။ ရန်ကုန်ထဲမှာ မချမ်းပေမယ့် ပဲခူးကားလမ်းပေါ်ရောက် တော့ ချမ်းလာ၏။ တချို့နေရာတွင် နှင်းတွေဝေစ ပြုနေ၏။

လင်မယားနှစ်ယောက် ခရီးထွက်လာရာ ပျော်စရာပဲ။

စကားတပြောပြောနှင့် ကားကို မောင်းလာ၏။ ကားမောင်းလို့ အကောင်းဆုံးလမ်းမှာ ပဲခူးလမ်းနှင့် မန္တလေးပုလိပ် လမ်းပဲ ဖြစ်၏။ ရှင်းသည်။ ကျယ်သည်။ ညက်ညောသည်။ ခေတ်ဟောင်းတုန်းက လူညာတွေ များခဲ့တာမို့ ယခုလို ကားလမ်း ကောင်းကောင်းတွေ မရှိနိုင်ခဲ့။

နှောင်းကတော့ ပျော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ကတော့ နှောင်းလောက် စိတ်လွှတ်လပ်စွာ မပျော်နိုင်။

အလုပ်ကိစ္စတွေအတွက် စဉ်းစားနေရသောကြောင့် ဖြစ်သည်။ သို့သော် လင်မယားနှစ်ယောက် ဟန်းနီးမွန်းထွက်သလို ကားကို အေးအေးလူလူ မောင်းလိုက်၊ လမ်းတွင်စားလိုက်၊ နားလိုက်နှင့် သာတောင့်သာယာ ပျော်စရာကောင်းသည်။

စနေထွန်း နေခဲ့သောမြို့သို့ ညနေငါးနာရီလောက်မှာ ဝင်သည်။ အံ့အားသင့်သွား၏။

မြို့မှာ ဟောင်းနေလိမ့်မည်ဟု ယူဆခဲ့သော်လည်း တိုက်တာအဆောက်အအုံတွေ၊ ပျော်ရွှင်စရာကစားကွင်းတွေ၊ ပန်းခြံတွေက မြို့၏တိုးတက်မှုကို ပြနေ၏။

ကားတွေကတော့ ယခင်အတိုင်းပဲ။

တိုးချဲ့မြို့သစ်ရပ်ကွက်တွေကြောင့် လည်းကောင်း၊ တိုက်တာအဆောက်အအုံသစ်တွေကြောင့် လည်းကောင်း မျက်လုံးလည်သွားသည်။

လမ်းတွေကို အတော်စဉ်းစားယူရသည်။ မရောက်တာကလည်း နှစ်ပေါင်းများစွာ ရှိသလို အဆက်အသွယ် ပြတ်နေခဲ့တာကလည်း ကြာပြီကိုး။

"ကိုယ့်လမ်းတောင် ကိုယ်မမှတ်မိဘူးလား"

"မရောက်တာကြာပြီ ... ပြီးတော့ မြို့ကလည်း ပြောင်းလဲနေတယ်"

"ဒါတော့ တစ်နိုင်ငံလုံးလိုလိုပဲ"



"ဒါကြောင့် ချက်ချင်းမမှတ်မိတာပေါ့"

"သတိထားဦး ... ကိုယ့်မိန်းမပါ မမှတ်မိဘဲ နေဦးမယ်"

"အဟား ... ကိုယ့်မိန်းမတော့ မှတ်မိတာပေါ့ ... ကိုယ့်အနားမှာ အမြဲနေတာကိုး"

"ဒါပေါ့လေ ... သူတို့ ငြီးငွေ့စော်မနံရင်တော့ ယောကျ်ားတိုင်း ဒီလိုပဲ ပြောတတ်ကြတာပဲ"

"မိန်းမတွေကော ဘာထူးလဲ ... မြို့နဲ့တူတယ် ... အပြောင်းအလဲ အမြဲတမ်းဖြစ်တယ် ... ယောကျ်ားတွေကတော့ လမ်းနဲ့တူတယ် ... ဒီလမ်း ဒီလမ်းပဲ"

ပြောပြီး နှစ်ယောက်သား ရယ်ဖြစ်ကြသည်။ အဲသည် [illegible]တာလေးတွေကိုက သူတို့နှစ်ယောက်ကို ကြည့်လျှင် ကြည်နူး[illegible]ာ။

တိုးချဲ့ရပ်ကွက်တွေကို ဖြတ်ပြီးမှ မြို့ပတ်လမ်းကို တွေ့ရ၏။ မြို့ပတ်လမ်းမှကြည့်လျှင် ရွှေမုဋ္ဌောစေတီသည် ဝင်လုဆဲနေရောင်ခြည်ဟပ်၍ ရွှေရောင်တဖိတ်ဖိတ်ဝင်းဝင်း။

မြို့ပတ်လမ်းတွင် တည်းခိုခန်းတွေ ရှိနေ၏။

အသန့်ဆုံး အစ်ီးသပ်ဆုံး တည်းခိုခန်းကို ရွေးချယ်လိုက်သည်။

သီးသန့်တည်းခိုခန်း။

တည်းခိုခန်းမှာ ခေတ်မီပါသည်။ ရှယ်အခန်းဆိုလျှင် ရေချိုးခန်း ရေခဲသေတ္တာ၊ တီဗီပါသည်။ တစ်ဦးခန်း ထောင်ငါးရာ၊ နှစ်ယောက်ခန်း နှစ်ထောင့်ငါးရာ။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ခန်းကိုပဲ ယူလိုက်၏။

မိန်းမချောလေးနှင့် ယောကျ်ားချောချောလေးကို တည်းခိုခန်းမှ လူတချို့က တစေ့တစောင်း ကြည့်ကြ၏။

တည်းခိုခန်းမှာ နှစ်ထပ်ဖြစ်၏။

အထက်ထပ်တွင် ရှယ်ခန်းများထားပြီး ရေချိုးခန်း ရော အိမ်သာပါ ထည့်ပေးထား၏။

ဒါပေမယ့် ...

ခံရချက်တော့ သည်လို။

ရေခဲသေတ္တာကို ဖွင့်ကြည့်လိုက်တော့ သောက်ရေ ပုလင်းတွေကလွဲလို့ ဘာမှမရှိ။

တီဗီကို ဖွင့်လိုက်တော့ ဘာမှမလာ။

မီးပျက်နေတာကိုး။

"တောက် ... သေတာပဲကွာ"

ဂျက်စနေ ညည်းသည်။ နှောင်းက ရယ်၍ ...

"နှောင်းတို့တော့ အနှပ်ခံလိုက်ရတာပဲ ... တော်ပြီ — မနက်ဖြန် ရှီးရှီးခန်းပဲ"

"ဈေးကွက်စီးပွားရေးမှာ လူလည်လုပ်တဲ့လူတွေလည်း ရှိ သေးတယ်နော် ... မီးမလာမှန်း သိရင်လည်း ငွေလျှော့ယူ ပေါ့ ... ပြောတော့ ရေခဲသေတ္တာရှိတယ် ... တီဗီရှိတယ် နဲ့ ... နေဦး ကောင်တာစာရေးကို ဆင်းပြောဦးမယ်"

"ဟုတ်တယ်လေ ... သူပြောတာ မှန်တာပဲ ကိုရဲ့ — ရေခဲသေတ္တာနဲ့ တီဗီရှိတာ အမှန်ပဲလေ ... မီးရှိပါတယ် —



စားလို့ရပါတယ် ... ဖွင့်ကြည့်လို့ ရပါတယ်ဆိုတဲ့ စကား ပါမှမပါဘဲ ... ဟော ဟော့ ... ရှက်ပါတယ်ကွာ ... ကိုယ့် မြို့ကိုယ် လာတယ်ဆိုပြီး အနှပ်ခံရတယ်လို့ ... ဟာ ... ဟ"

နှောင်းက ဟားကွက် ဖော်သည်။ သည်တော့မှ မိမိတို့ ရှယ်အခန်းငှားတော့ လူတချို့က သူတို့အား တစေ့ တစောင်း ကြည့်ကြသည်ကို ခုမှပဲ ဂျက်ကြီး သဘောပေါက်သည်။

ဂျက်ကရယ်ပြီး ပခုံးတွန့်သည်။

"အင်း ... တို့မြို့ကလူတွေလည်း ရန်ကုန်က စီးပွားရေး သမားတချို့စိတ်ဓာတ် ဝင်သွားပြီပေါ့"

ကိုယ့်မြို့ ကိုယ့်ဒေသဆိုတော့ မစိုးရိမ် မပူပန်။

ရန်ကုန်မှာ အအေးဓာတ် လျော့သလို တစ်ချိန်က ဆောင်းဆိုလျှင် ဆောင်ထူထူမှ အအေးလုံသော ထိုမြို့ကလေးသည် လည်း ဆောင်ထူထူတောင် ခြုံဖို့မလိုတော့ပါ။

ရွှေမုဋ္ဌောစေတီကိုလည်း ပြုပြင်ထားတာ တွေ့ရ၏။

ဘုရားဖူးများ စည်ကားနေသည်။ အထူးသဖြင့် ဝန်းသည်ကလေးတွေက ကဲလှ၏။

"ပန်းလေးတွေ ယူသွားကြပါဦးရှင် ... ဘုရားတင်လို့ ကောင်းပါတယ်ရှင်"

"ပန်းလှလှကလေးတွေ ဝယ်သွားကြပါ ... ဘုရားပန်းတင် ရင် အနုထက် ပိုလှတတ်ပါတယ်ရှင်"

"တစ်စီးမှ ငါးကျပ်ပါ ... ဝယ်ယူအားပေးကြပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကလေးတွေသည် ငယ်နေသော အပျိုစင်ကလေး များပင် ဖြစ်ကြသည်။ အနောက်ဘက်မှစ်ပေါက်ဝမှ ဝင်လိုက်သည် နှင့် သကြားခဲကို ယင်ကောင်အုံသလို ဂျက်စနေတို့ဆီ ဝိုင်းလာ ကြသည်။

ပန်းတွေကို ဟိုမှ သည်မှ ထိုးပေးသည်။

ဘယ်ပန်းကို ဝယ်ရမည် မသိ။

"လိုချင်လည်းယူ မလိုချင်လည်းနေ ... ကုသိုလ်ဆိုတာ ရှာဖွေယူရတယ်ရှင့် ... စိတ်ကြိုက်ရင်တော့ ဝယ်သွား မကြိုက်ရင် ကုသိုလ်ကို ထားခဲ့"

ထူးထူးခြားခြား ပြောသံကလေးက သူတို့နား ပေါ်လာ၏။ ပန်းစည်းတွေလည်း ထိုးပေးသည်။

"အာ ... အမေ့"

နှောင်း၏ လန့်နာကလေးနာပြီး အော်လိုက်သံ

ဖြစ်ချင်တော့ ပန်းသည်ကလေးများ၏ ဝိုင်းဝန်းထိုး ပေးသော ပန်းစည်းများကို နှောင်းကရှောင်ပြီး ခေါင်းအငုံ့ မှထိုးပေးလိုက်သော ပန်းသည်ကလေးတစ်ဦး၏ ပန်းစည်းမှ မျက်စိထောင့်စွန်းကို ခိုက်မိသွားသည်။

သူမ၏ နာကျင်စွာ အော်လိုက်မိသံလေးကြော ဂျက်စနေမှာ ပြူးပြူးပျာပျာ ဖြစ်သွားမိ၏။

"ဟင် ... နှောင်း ... နှောင်း ဘာဖြစ်သွားလဲ"

ရုတ်တရက်တော့ ပြန်မပြောနိုင်။



နုနယ်သော နှောင်းက ညာဘက်မျက်လုံးကလေး တစ်ဖက်ကို လက်ကလေးနှင့် အုပ်ထားသည်။ ဂျက်က ယင်းလက် ကို ညင်သာစွာ ဆွဲဖယ်လိုက်တော့ မျက်ဝန်းစပ်တွင် မျက်ရည်စ ကလေးတွေ ထွက်နေ၏။

"နှောင်း ... နှောင်း မျက်လုံး ဘာဖြစ်သွားလဲ"

"မျက်လုံးထောင့်ကို ပန်းနဲ့ ထိုးမိသွားတယ်"

"ဟာ"

ဂျက် လန့်သွားသည်။ နှောင်း မျက်လုံးကလေးကို လက်နှင့်ဖြဲ၍ လေနှင့် မှုတ်ပေး၏။

"ဟဲ့ ... ပွတ်ကျွတ် ... နင် ဘယ်လို လုပ်လိုက်တာလဲ ဟယ်"

"မတော်လို့ပါဟယ် ... ငါက စေတနာနဲ့ ပန်းစည်းထိုးပေး တာ ဒီက အစ်မက ခေါင်းငုံ့လိုက်တော့ ထိသွားတာပေါ့၊ ကန်တော့နော် ... အစ်မ ... ကန်တော့ ... ကန်တော့"

မိန်းကလေးနှစ်ယောက်၏ အချီအချအသံ။

ဂျက်စနေမှာ ဒေါကန်သွားသည်။ နှောင်းကို ပြုစု ပေးရင်းက ဒေါသသံနှင့် ...

"နင်တို့ ဘာလို့ ဒါလောက်တောင် အလုအယက် ရောင်း ချင်ကြတာလဲဟင် ... တစ်ဖက်က ဝယ်ချင်မှန်းမသိ၊ မဝယ် ချင်မှန်းမသိ"

"ကျွန်မ တောင်းပန်ပါတယ် အစ်ကိုရယ် ... ဒါ မတော်တဆ ဖြစ်သွားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဖြော့လိုက်သော ကောင်မလေးက ဆယ့်ရှစ်နှစ်လောက် ရှိမည်။ အသားဖြူဖြူဝင်းဝင်းလေး ဖြစ်သည်။ သူမလက်ထဲတွင် နှင်းဆီပန်းစည်းများ ကိုင်ထားသည်။

"ဘာမတော်တဆလဲ … လူတွေကို အားမနာ လျှာမကျိုး အတင်းထိုးထည့် ရောင်းပြီးမှ ဘာမတော်တဆလဲ … ဒီမှာ မျက်လုံးကန်းတော့မယ် … အေး … ငါ့မိန်းမ မျက်လုံးကန်းရင်တော့ အသိပဲ"

"ပွတ်ကျွတ်ကလည်းဟယ် … လုပ်လိုက်ရင် အရှမ်းချည်းပဲ၊ ဒီလူကြီးက မကျေနပ်လို့ ဘုရားရဲ့တွေကို သွားတိုင်ရင်တို့ ပြေးပေါက်ပဲ"

"မဖြူရှယ် … ငါ မတော်တဆ လောကြီးပြီး ပန်းထိုးပေးမိတာပါ … အစ်ကိုရယ် တောင်းပန်ပါတယ် … ကျေနပ်ပါနော်"

"အေး … နင်တို့က ပြီးမှတောင်းပန် … ငါ့မိန်းမက မျက်လုံးကန်း … တောက် … ဘယ်လိုဟာမလဲ"

"ကိုရယ် … မပြောပါနဲ့ … နှောင်း မျက်လုံး ကောင်းသွားပါပြီ ကိုရယ်"

နှောင်း မျက်လုံးကလေးတွေ ပြန်ကောင်းသွားပါပြီ။ မျက်ရည်ကြည်ကလေးတွေက ထိမိသော ဒဏ်ကြောင့် ထွက်လာခဲ့ခြင်းသာ ဖြစ်တော့၏။

"အစ်မရယ် … ကျွန်မ တောင်းပန်ပါတယ် … ကျွန်မ မတော်တဆ"



"အေးပါကွယ် … အစ်မမျက်လုံး ဘာမှမဖြစ်တော့ပါဘူး"

နှောင်းသည် စိတ်မာတင်ညင်သာသူ ဖြစ်သည့်အားလျော်စွာ ကိုနှင့် ပန်းသည်ကလေး ရန်ဖြစ်မှာ စိုးသည်။ ပန်းသည်ကလေး၏ ပန်းတွေမှာ နှင်းဆီပန်းတွေမို့ နှင်းဆီကြိုက်သော သူမက …

"နှင်းဆီပန်းတွေ တယ်လှပါလား … ဘယ်လောက်လဲ"

"ငါးပွင့် တစ်ဆယ်ပါ … အလကားပဲ ယူသွားပါ အစ်မရယ် … အစ်မကို ပန်းထိုးမိလို့ လျော်ကြေးသဘောပေါ့"

"ဟယ် … မဟုတ်တာ … ပန်းနှစ်စည်းရောင်း … အလကား မလိုချင်ဘူး"

"ဘာလျော်ကြေးလဲ … နင်တို့ပန်းက ဘယ်လောက်များ အဖိုးတန်လို့လဲ"

ဂျက်စနေအသံက ဟောက်သံ။

နှောင်းကို နာကျင်စေမိသည့်သူကို သူ ကြည့်မရ။

"အစ်ကိုရယ် … ပန်းက တန်ဖိုးမရှိပေမယ့် ဒီပန်းနဲ့ဘုရားတင်လိုက်တဲ့ ကုသိုလ်ဟာ အများကြီး တန်ဖိုးရှိပါတယ်ရှင်"

ကောင်မလေးက ဂျက်စနေကို ပြောပြီး ငေးကြည့်နေသည်။

"ကိုရယ် … နှောင်း ဘာမှဖြစ်တာ မဟုတ်ဘူး … ထားလိုက်စမ်းပါ၊ ပေး ပေး … ညီမ … ပန်းနှစ်စည်း … ဘယ်လောက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး အစ်မရယ်"

"ဟဲ့ ... ပွတ်ကျွတ် ... နင့်နယ်ဟာ တစ်နေ့လုံးရောင်းမှ အစိတ်သုံးဆယ်လောက်ရတာ ... ဒီအစ်မက သဘော ကောင်းလို့ ပန်းဖိုးပေးတာပေါ့ဟဲ့ ... အစ်မ ... နှစ်ဆယ်ပါ အစ်မ"

ဘေးမှ ကောင်မလေးတစ်ယောက်က သူတို့အုပ်စု ထဲတွင် တော်တော်သွက်ပုံပဲ။ နှောင်းဆီမှ ငွေနှစ်ဆယ်ကိုယူပြီး ပွတ်ကျွတ် အမည်ခံ မိန်းကလေးကို ပေးလိုက်သည်။

ပွတ်ကျွတ် ဆိုသည့် ပန်းသည်မလေးက ဂျက်စနေ ကို ငေးမောကြည့်နေ၏။ ဂျက်စနေက နှာခေါင်းကို ပွစိပွစိလုပ် ရင်းမှ ဘာမှမပြောတော့ဘဲ နှောင်းကို ဆွဲခေါ်သွားသည်။

ဘုရားဖူးပြီးကြသည်နှင့် ဂျက်က ဦးမောင်မောင်တင် ဆိုသူဆီသို့ သွားသည်။ သူ့အဖေက စာတစ်စောင် ပေးခိုင်းလိုက် ခဲ့သည်။

ဦးမောင်မောင်တင်သည် ဖေဖေလုပ်သောဂိုဏ်းမှ ဖေဖေ့ မိတ်ဆွေတစ်ယောက် ဖြစ်သည်။ ဖေဖေ့ထက် အသက်ကြီးသည်။ ခုလောက်ဆိုလျှင်တော့ ပင်စင်ယူလောက်ပြီပေါ့။

ဦးမောင်မောင်တင်ကို မတွေ့ရတော့ပါ။ သူ့အိမ် သားစုကိုပဲ တွေ့သည်။ ဦးမောင်မောင်တင် သွေးတိုးရောဂါနှင့် ဆုံးပါးခဲ့သည်မှာ နှစ်နှစ်ခန့် ရှိပြီဟု သိရသည်။

သေခါရဆိုတာ ဒါပဲ။

အနိစ္စဆိုတာ ဒါပဲ။



ဦးမောင်မောင်တင် ရှိလျှင် သည်မြို့မှာ သူ အကူ အညီ ရနိုင်စရာရှိသည်။ ရအောင်လည်း ဖေဖေက စာထဲမှာ ရေး ပေးလိုက်၏။

စိတ်တော့ မပျက်ပါ။ စာကို ပြန်ယူလာသည်။ သူနေထိုင်သော ရွှေအုန်းပင်လမ်းသို့ သွားကြည့်၏။ မြို့မြောက်ဘက် သို့ရောက်တော့ မြို့၏အကွက်အကွင်းတွေက စိတ်ကူးထဲ ပေါ် လာ၏။

ရွှေအုန်းပင်လမ်းကတော့ မပြောင်းလဲပါ။ အိမ်တွေ တိုက်တွေကတော့ သုံးလေးတိုက်မှလွဲ၍ ယခင်အတိုင်းပဲ။

ပြောင်းလဲသွားကြတာက ယခင်နေသောလူများ မနေ ကြဘဲ ပြောင်းရွှေ့သွားကြခြင်းပါ။

အားလုံးတွေ့သမျှက မျက်နှာစိမ်းတွေချည်း ဖြစ် သည်။

"အင်း ... ဆယ့်ရှစ်နှစ်ဆိုတဲ့ ကာလက နည်းတာမှ မဟုတ်ဘဲ ... ကိုတောင် ကလေးဘဝက လူကြီးဖြစ်လာ တာ"

သူနေသည့်ကျောင်းမှာတော့ အဆောက်အအုံက အခြေမပြောင်း။ ဆရာ ဆရာမတွေကတော့ ပြောင်းကုန်ရောပေါ့။ ပင်စင်ယူသည့်လူ။ ပြောင်းရွှေ့သည့်လူ။

မမြဲသော သဘောတရားတွေကို သူ စဉ်းစားရင်း နိမကို သတိရလာသည်။ သူဖြိုးမိ၏။ ကလေးဘဝ ချွေးသေပေါ် သဲယောခဲ့ထားပြီး ချွေးအတွက် ငိုမိသည့် အဖြစ်တွေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အပြုံးကြောင့် နောင်းကမေးတော့ သူနှင့် နီမ အကြောင်းကို ပြန်ပြောပြသည်။ နောင်းက နီမလေး သနားပါတယ် ဟု ဆိုသည်။

"အင်း ... တစ်ချိန်တုန်းကတော့ ကလေးဘဝဆိုတော့ ခွေးကို အရမ်းသံယောဇဉ်ဖြစ်တာ ... နောင် အဲဒီလို ဖြစ်မှာစိုးလို့ ဘယ်ခွေးမှ မမွေးဘူး ... ဒက်ဒီ ခွေးမွေးမယ်ဆိုတာတောင် အတော်တားမြစ်ခဲ့ရတာ"

"တိရစ္ဆာန်တွေထဲမှာ ခွေးဟာ ဘာလို့ သံယောဇဉ်အဖြစ်ဆုံးလဲ မသိဘူးနော်"

"ခွေးဟာ လူနဲ့အနီးစပ်ဆုံး၊ သစ္စာရှိဆုံး၊ အပါးနပ်ဆုံး၊ အလိမ္မာဆုံးမို့လို့ပေါ့ ... နီမဟာ ကိုပြောတဲ့ အချက်တွေနဲ့ အားလုံး ပြည့်စုံတယ်"

ဘူတာသာက် ရောက်လာ၏။ ရထားမဝင်သေးသဖြင့် ဘူတာရုံမှာ လူရှင်းနေသည်။

ထွန်းမြတ်မှာ ဘူတာရုံနားတွင် နေသည်။

ထွန်းမြတ်၏ မိဘနှင့် ညီအစ်ကို မောင်နှမတွေက ဂျက်စနေကို အတော်မမှတ်မိဘဲရှိရာ ဂျက်က ပြန်ပြောင်းပြောမှ သူတို့ မှတ်မိကြသည်။

"မင်းက အရပ်ကြီးရှည်ပြီး နေတာထိုင်တာကလည်း ခေတ်ဆန်တော့ တို့က ရုတ်တရက် မမှတ်မိဘူး ... မင်းသားရုပ်ကို ပြောင်းနေတာပါပဲလား"



ထွန်းမြတ်မေမေက ဆိုသည်။

"ထွန်းမြတ်ကော"

"ဒီကောင် ဒီအက်(စ်)အေ တက်ပြီး ဗိုလ်ကြီးထွန်းမြတ်ဖြစ်နေပြီလေ ... အခု သူ့ပိုစတင်ကျတာက တောင်ကြီးမှာလေ"

အင်း ... ဒီကောင်ကြီးက ငယ်ငယ်တုန်းက အေးအေးနေပြီး ကြောက်တတ်တဲ့ကောင်ကြီး ဘယ်လို စစ်ဗိုလ်ဖြစ်သွားပါလိမ့်။

ခင်မောင်ကျော် အကြောင်း ကြားရတာတော့ စိတ်မကောင်းစရာ။ ခင်မောင်ကျော်မှာ အပေါင်းအသင်းများကာ ဆေးစွဲပြီး ဆေးကြောင့် သေဆုံးသွားရသည့်သတင်း။

အင်း ... အရာအားလုံးဟာ မျှော်လင့်တိုင်း မဖြစ်ပါလား။ သခ်ီရှနှင့် အနီစွာသည့် ထာဝရ စိုးမိုးနေပါလား။

သူ့အာရုံထဲကို မဓာအုံကြီး ဝင်လာသည်။ ခုလောက်ဆို ချမ်းချမ်းသာသာနဲ့ ကြီးပွားတိုးတက်နေကြမှာပဲ။

ခေတ်ကလည်း လူတွေ ကြီးပွားလာသည့်ခေတ်ကိုး။

ယုနေလမ်းသို့ ယောင်ပေယောင်ပေနှင့် ဟိုလူ့မေးသည်လူ့မေးနှင့် ရောက်သွား၏။

မဓာအုံ၏ အိမ်သို့ သွားသည်။

မဓာအုံ အစား တခြားအမျိုးသမီးတစ်ယောက်နှင့် တွေ့သည်။ တရုတ်အမျိုးသမီး။

www.burmeseclassic.com

www.burmeseclassic.com



သူက မစားအုံကို မသိပါ။ ယခင်က လူတစ်ဦးဆီမှ ဝယ်လိုက်သည်ဟုသာ သိရ၏။ မစားအုံတို့ ဘယ်ရောက်သွားပြီလဲ။

"ကိုဟာ အရပ်တကာလှည့်ပြီး ညာတကာ နဲ့သက်ဟောပလာတာလည်းပင်း နင်မှငါ့ကို ပြောလို့ လုပ်နေလို့တော့ မပြီးဘူး ကိုရေ"

"မဟုတ်သေးဘူး နှောင်းရ ... ကိုယ်ဒီမြို့က ခွာခဲ့တာ အနှစ်နှစ်ဆယ်နီးပါး ရှိပြီဆိုတော့ အားလုံး စိမ်းနေတယ်၊ လူခံရှိမှ အလုပ်လုပ်ရတာ အဆင်ပြေတယ်"

"အင်းပါ ... လုပ်ပါ ... အခုထိကို ကိုလူတွေက အဆင်ကို မပြေနိုင်ဘူး"

"ခဏတော့ သည်းခံပါဦးကွာ"

ကိုက နှောင်းကို ထောင်းပန်သည်။ ကားဦးက မြို့မြောက်ဘက်လမ်းသို့ မောင်းလာ၏။ အဲသည်က တခြားမြို့တွေဘက် သွားသောလမ်းမကြီး။

ဟိုတစ်နေရာတွင် ထုံးဖြူဖြူ စေတီလေးက တည်နေ၏။ ထီးတော်သည် နေရာဟပ်၍ ရွှေရောင်ထပ်နေသည်။

ဒါ သူငယ်ငယ်တုန်းက နီမနှင့် ဆော့ကစားခဲ့သည့်နေရာ။

အကြော်ဆိုင်ကလေးပါလား။

အင်း ... ဒါကတော့ မပြောင်းလွဲသော သင်္ကေတတစ်ခုပါလား။ ဘဝ၏ မှတ်တိုင်လေး။



"အကြော်စားရအောင် နှောင်း"

"မစားချင်ပါဘူး"

"ကိုယ်ကတော့ အကြော်ကြိုက်တယ်ကွ"

"နီမတော့ ရှိမယ် မထင်ပါဘူး"

ကိုသည် ကားကို အရှိန်လျှော့ရာက နှောင်းကို မျက်ခနဲ လှည့်ကြည့်လိုက်သည်။ နှောင်း မျက်နှာတွင် စိတ်တိုခြင်း၊ စိတ်ကောက်ခြင်း အငွေ့အသက်တွေ မတွေ့။

ပကတိ ဖြူစင်နေသည်၊

"ခွင့်ပြုကွာ ... ကို သုံးလေးခုတော့ ဝါးလိုက်ဦးမယ်"

ငယ်မူငယ်ကျင့်ကလေးတွေကတော့ မပျောက်ပါ။ ဆိုင်ရှိ ခုံကလေးများသည် လွန်ခဲ့သည့် နှစ်များကလိုပဲ လေးထောင့်ခုံပုကလေးတွေ ဖြစ်သည်။

မစားအုံကြီး နေရာ ဘယ်သူ လာဆက်ခံနေသလဲ။

ကားကို အကြော်ဆိုင်ရှေ့ ရပ်လိုက်သည်။ ခေတ်က ပြောင်းခဲ့ပေမင့် အကြော်ဆိုင်ကတော့ မပြောင်းပါ။

"ဘာကြော်တွေ ... ရ ... ရ ..."

ကားထဲမှ သွက်လက်စွာ ဂျက်စနေ ဆင်းပြီး အကြော်ကို အမေး၊ အကြော်အိုးနားမှ လှည့်လိုက်သူကြောင့် သူ့စကား ရပ်သွား၏။

ညိုသောအသားနှင့် အသားအရေက ကြမ်းကြမ်း။ ပြာမှုန်တွေ ကပ်နေသော ခေါင်းထိပ်တွင် ဆံဖြူရှောင်းကလေးတွေထပ်လို့။

www.burmeseclassic.com

www.burmeseclassic.com



ဈက်နှာရင့်ရော်အိုမင်းစ ပြုသည်မှလွဲလို့ မပြောင်းလဲ သေးသော မဓာအုံ၏မျက်နှာ။

"ဒေါ်လေးအုံ"

မဓာအုံက ဂျက်စနေကို အသေအချာ ကြည့်သည်။ ပြီးတော့မှ မျက်နှာတွင် ဝင်းလက်၍ ရွှင်လာပြီး ...

"ဟဲ့ ... နင် မောင်ဂျက် မဟုတ်လား ... အမယ်လေး ကြည့်ပါဦး ... နင့်ကို ငါ ရုတ်တရက် မမှတ်မိဘူး ... မနည်းကြီး ရုပ်ဖမ်းရတယ်"

"ဒေါ်လေးအုံ ... ဟာဗျာ ... ခင်ဗျားကြီး ဘယ်လိုဖြစ်တာ လဲ ... ကျွန်တော်က ဒေါ်လေးအုံကို သည့်ထက်မက ချမ်း သာပြီ ထင်နေတာဗျ"

"ထိုင်ဦးဟေ့ ... ထိုင်ဦး ... ငါ နင့်ကို တွေ့ရတာ ဝမ်းသာ တယ်ဟယ် ... တို့ကွဲနေကြတာ နှစ်ပေါင်းမနည်းတော့ ဘူး"

ဒေါ်ဓာအုံမှာ ဝမ်းသာအားရ ရှိလှသည်။ နောင်းက စနေ့နား ရောက်လာတော့ စနေက နောင်းကို ထိုင်ရန်လက်ရိပ် ပြသည်။ သူကလည်း ထိုင်ပြီးပြီ။

"ဆယ့်ရှစ်နှစ်ကျော် ရှိပြီဗျ ... ကျွန်တော် ဒီမြို့ကို အခု ပြန်ရောက်တာ ပထမဆုံးပဲ"

"အေးပေါ့ ... နင်က ရန်ကုန်သားကြီး ဖြစ်သွားပြီဆိုတော့ တို့ကို ခေါက်ထားပြီပေါ့ ... တို့ကတော့ မမေ့ပါဘူးဟယ်၊ ဒါကြောင့် နင့်ကို မှတ်မိတာပေါ့ဟာ"



"ဒေါ်လေးအုံကတော့ မပြောင်းလွဲဘူးနော် ... အရင်အတိုင်း ပဲ"

"တို့က အလုပ်လည်း မပြောင်းလွဲပါဘူး ... လူလည်း မပြောင်းလွဲပါဘူးဟယ် ... အရင်အတိုင်းပဲ"

"ဦးနိုးကြီး ... အဲ ... ဦးကိုးကြီးကော"

"သူက ဘုန်းကြီးဖြစ်နေပြီလေ ... ရော့ ... အကြော်စား ဦး ... အကြမ်းလည်းသောက်"

စားပွဲတွင် အကြော်စုံပါသော ပန်းကန်နှင့် ရေနွေး ကြမ်းအိုး လာချပေးသည်။ ပန်းကန်လုံးလေးတွေက အဆင် သင့်။

"ဒေါ်လေးအုံဆီ လာလည်တာဗျ ... ဒီမှာ ဒေါ်လေးအုံ ရှိနေလိမ့်မယ်လို့တောင် မထင်ဘူး ... နောင်း ... ဟောဒီ ပဲကပ်ကြော်လေးကို စားကြည့် ... ရှူရှူလေးနဲ့ စားလို့သိပ် ကောင်းတာ ... ဒီမြို့မှာတော့ ဒေါ်လေးအုံ အကြော်ကို မီတဲ့လူ မရှိဘူး ... အရသာရှိတယ်"

ပဲကပ်ကြော်တစ်ခုကို ကမ်းပေးတော့ နောင်းက ခေါင်းခါသည်။ ဂျက်စနေက အတင်းပေးတော့မှ သူမက အချဉ် နှင့်တို့ပြီး တစ်ကိုက်ဝါးစားကြည့်၏။ မျက်လုံးကလေး လည်သွား သည်။

"ဘယ်လိုလဲ"

"အင်း ... ကောင်းတယ်နော် ... နောင်းက ရန်ကုန်က အကြော်တွေလို အောက်မေ့နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကာလံဒေသ အင်္ဂါစုံနေတဲ့ ... အစားအသောက်လည်း သူ့အရပ်နဲ့သူ ကောင်းတာပဲ ... ဒါထက် ဒေါ်လေးတို့က ဘယ်လို ..."

ဒေါ်စာအုံက အနားတွင် လာထိုင်ရင်း ...

"တို့ မိုက်လို့ပါဟယ် ... နင်တို့ ရန်ကုန်အပြောနဲ့ဆိုရင် ကြီးမိုက်ကြီးတွေပေါ့ ... ကုသိုလ်ကံလေးကလေးလို့ ချမ်းသာလာတော့ အလုပ်ကို ကြိုးစားမလုပ်ချင်တော့ဘူး ... လောဘနည်းနဲ့ ဖြတ်လမ်းက လိုက်ချင်တယ် ... နင်တို့ ရန်ကုန်ကရောဂါ တို့ဆီကူးနေတာ ကြာပြီ ... ချဲနဲ့နှစ်လုံးလေ ... ငါတို့က ဂဏန်းသုံးလုံး၊ ဂဏန်းနှစ်လုံးကို အားကိုးပြီး လင်ရော မယားရော ရှိသမျှ လောင်းလိုက် ထိုးလိုက်ကြတာ အိမ်ပါရောင်းလိုက်ရတဲ့ အဖြစ်ပဲ၊ ပြီးမှ တို့လည်း နောင်တရကြတယ် ... ဒါပေမယ့် ကုန်နေပြီလေ၊ နင့်ဦးလေးကိုမောင်မောင်လည်း နောင်တအသချော်နဲ့ ဘုန်းကြီးဝတ်သွားပြီ ... ငါလည်း ခုံရင်း ခုံရင်း အကြော်သည် မစာအုံဟာ မစာအုံ ပြန်ဖြစ်တာပဲပေါ့ဟယ်"

ဩော် ... ကံတရားဆိုတာ လူ့ဘဝကို အမြဲနိုးမိုးနေတာပါပဲလား။

ကံကိုမှီပြီး ချမ်းသာလာတော့ ကံကိုပဲမှီပြီး မွဲအောင် ပြန်လုပ်ကြသည်။ ကံတရားမှာ သတိလက်လွတ် မဖြစ်ကောင်းပါလား။



"ဦးနိုးကြီး ... အဲ ... ဦးမောင်မောင်က ဘယ်မှာဘုန်းကြီးဝတ်သလဲ"

"ဟိုစေတီကကျောင်းမှာပေါ့ ... ဘွဲ့နာမည်က ဦးပညာဝံသတဲ့"

"အေးဗျာ ... မလိမ္မာတစ်ခါမိုက်စမြဲတဲ့"

"နင်တို့ လူငယ်တွေ ငါတို့ကို အတုယူကြ"

"ဒါဆို ဒေါ်လေးအုံ တစ်ယောက်တည်း ရှန်းကန်နေရတာပေါ့"

"သမီးလေးတော့ ရှိတယ်"

"သမီး"

ဂျက်စနေ မျက်ခုံးစိမ်းလဲ့လဲ့ခုံးခုံးကလေးတွေ မြင့်သွား၏။

"ဟဲ့ ... လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်က ငါ နင့်ဆီလာတော့ ဗိုက်နဲ့ဟယ်"

"ဩော် ... ဟော် ... ဒါလား ... ဟား ဟား"

ဂျက်စနေ ရယ်ပါသည်။ ဒေါ်စာအုံပါ ရောယောင်မြူးသည်။

"အဲဒီ သမီး ဘယ်မှာလဲ"

"အပြင်သွားတယ် ... နင် ဦးပညာဝံသနဲ့ တွေ့လိုက်ပါဦးလား"

"တွေ့မယ် ... တွေ့မယ်"

"အခု ဘယ်မှာနေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နေဖို့တောင် မရှိပါဘူးဗျာ ... တည်းခိုခန်းက ကျွန်တော်တို့အိမ်"

"သူက"

ကျွန်တော်တို့ဆိုသော စကားကြောင့် ဒေါ်စာအုံက နှောင်းကို အကဲခတ်ပြီးမေးတော့ ဂျက်စနေက ဂုဏ်ယူသံနှင့် ...

"ဒါ ... ကျွန်တော့် မိန်းမပေါ့ ... မချောလား"

"ရန်ကုန်သူပဲဟယ် ... ချောတာပေါ့ ... ဗီဒီယိုတို့ ရုပ်ရှင်တို့ထဲက မင်းသမီးတွေ အတိုင်းပဲ"

"ရုပ်ရှင်ထဲက မင်းသမီးတွေက ပြင်မှချောတာဗျ ... ကျွန်တော့်မိန်းမနှောင်းက မပြင်ဘဲ ချောတာ ... အင်ဂျင်ဝိုင်ကတောင် ဆရာတင်ရမယ်"

"အိုကွယ် ... ကိုကလည်း"

"နှောင်းတဲ့လား"

"နာမည်လေးက လှပြီး ချစ်စရာ ကောင်းတယ် ... ယမင်းကေရီလိုပေါ့"

"ဘယ်က ယမင်းကေရီလဲ"

"ငါ့သမီးလေဟယ်"

ယမင်းကေရီ ဆိုရင်တော့ သူမလိုပဲ မည်းမည်းသဲသဲနှင့် ရုပ်ကြမ်းကြီး ဖြစ်မှာပါပဲ။ တချို့ဆိုလျှင်သည်လိုပဲ မှည့်တတ်ကြတာပဲနော့။

"ဒါဆို ဦးဝဋ္ဋင်းဆီ သွားဦးမယ် ... ကားကို ပြန်လာယူမယ် ... ဒီမှာ ထားခဲ့မယ် ... ရော့ ... အကြော်ဖိုး"



"အံမယ် ... ငါ့ကို လာစော်ကားနေပြန်ပြီ ... နင့်ကိုအလကားကျွေးတာပါ ... တွေ့ဆုံပွဲလေးအတွက်"

အကြော်တန်းလန်းကိုကိုက်ရင်းက ကိုဂျက်က စားရင်းဝင် ...

"ကျွန်တော်ကလည်း ဟန်ဆောင်ပေးတာပါဗျာ ... ခင်ဗျားယူလည်း ကျွန်တော် မပေးပါဘူး ... အလကား စားမှာပဲ"

"အေး ... နီမတော့ မရှိဘူးကွယ်"

"လှမတော့ ရှိပါတယ်"

နှောင်း၏ ပခုံးကလေးကို ပုတ်ပြသည်။ နှောင်းက သူ့ကို တွန်းလိုက်သည်။ သူကရယ်သည်။

သည်ကောင်လေးက ငယ်ငယ်ကလေးကထက်တောင် ပိုနောက်သေး။

ဦးပဥ္စင်းဦးပညာဝံသနှင့် တွေ့သောအခါ ဦးပညာဝံသက ဝမ်းသာအားရရှိ၏။ မှတ်မိ၏။

ဘုန်းတော်ကြီးလည်း ဝလို့ ဖြိုးလို့။

"ငါ့အသက်သခင် ကျေးဇူးရှင် ဒကာလေးနဲ့ တွေ့ရတာ ဝမ်းသာတယ်ဟေ့ ... မင်းတို့ ဒကာမကြီးနဲ့ တွေ့ခဲ့ကြပြီထင်တယ်"

"တင်ပ ... အဲ ... မှန်ပ"

ဂျက်မှာ ဦးဇိုးကြီးနှင့် ငယ်ပေါင်းဆိုတော့သည်း အပြောအဆို ပေါ့တော့တော့ ဖြစ်နေသဖြင့် ပုဆစ်ဝှပ်၍ ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



ထိုင် ထိုင်နေသော နောင်းက လက်ကလေးနှင့် ဘုန်းကြီးမမြင်အောင် ကုတ်လိုက်မှ ...

"မှန်ပါဘုရား ... မှန်ပါဘုရား"

"မြို့ကတော့ တိုးတက်ပြောင်းလဲနေပြီကွယ် ... ဘုန်းကြီးလည်း တိုးတက်သွားပြီ ... လူဝတ်ကြောင်မှ ရဟန်းဝတ်ဖြစ်ပြီး ကျောင်းမှာလည်း မြင့်မြင့်မှာ နေရတာကိုးကွယ့်"

ဘုန်းကြီးစကားကြောင့် နောင်းက ကျိတ်ပြုံးလေးပြုံးသည်။ သူတို့သည် ဝမ်းသာအားရနှင့် စကားတွေပြောကြသည်။ ဦးနိုးကြီး ဘဝမှလာသော ဦးပညာဝံသ၏ စကားတွေမှာ တရားသံတွေ ပါသည်။ ရုပ်တရား နာမ်တရား မတည်မြဲပုံတွေပါ ကြားညှပ်ပြော၏၊

ဩော် ... ရဟန်းဝတ်ဆိုတော့လည်း ရဟန်းဝတ်နဲ့တူအောင် ပြောရမယ်ပေါ့။

## ဇာတ်လမ်းစဉ်(၆)

မမိုတ်မသုန် ကြည့်နေမိ၏။

သည်မှာ ပြန်တွေ့ရလိမ့်မည်ဟု မမျှော်လင့်ပါ။

ထိုနည်းတူ တစ်ဖက်ကလည်း အံ့အားသင့်စွာ ကြည့်နေသည်။

ကားထားခဲ့ရာသို့ အလာမှာ သူမနှင့် ရင်ဆိုင်မိခြင်းပဲ။

သည်တုန်းက သူမသည် သူမတွင်ရှိသော ငွေစကြေးစလေးများကို တစ်ဖက်လူသို့ အပ်နေဆဲ။

"ဩော် ... မင်းကိုး"

မမိုတ်မသုန် စိုက်ကြည့်လျက်မှ ဂျက်စနေ အသံထွက်လာသည်တွင် သူမ မျက်နှာကလေးက ငယ်သွားသလားထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဂျက်ရေ ... ငါ့သမီးဆိုတာ အဲဒါပဲကွယ် ... သူ့နာမည်က ယမင်းကေရီလေ"

ဒေါ်လေးအုံက မိန်းကလေးနှင့် ဂျက်စနေကို မိတ်ဆက်ပေး၏။ ပြီးမှ နောင်းဘက်သို့ အပြုံးနှင့် ...

"အဲဒါ အဒေါ့သမီးကွယ့်"

"ယမင်းကေရီ ... ဟုတ်လား ... သူ့နာမည် မပွတ်ကျွတ်ပါ ... မပွတ်ကျွတ် မဟုတ်လား"

လေးလေးတွဲ့တွဲ့ ဂျက်စနေက ဆိုသည်။ သည်တစ်ခါ အံ့အားသင့်သွားရသည်က ဒေါ်ဇာအုံ။

"အလို ... မင်းက သမီးလေးကို သိနေသကိုး"

"ကျွန်တော်တို့ ဆုံခဲ့ပြီးပါပြီ ... အဲဒီတုန်းက သူ့သူငယ်ချင်းတွေက ပွတ်ကျွတ်လို့ ခေါ်သံကြားတယ်"

"ဟုတ်လား သမီး"

"ဟုတ်တယ် အမေ ... သမီးဆီက ဒီအစ်ကိုနဲ့ အစ်မက ပန်းဝယ်သွားတယ်"

ပွတ်ကျွတ်က ပြန်ပြောစဉ် မျက်လုံးတွေက ဂျက်စနေဆီမှ မခွာပေ။ သူမ၏ မျက်လုံးကလေးများသည် နက်မှောင်ကြည်ရွှဲနေပြီး ယင်းမျက်လုံးများထဲတွင် တောင်းပန်ခယမှုလေးများ ပါဝင်နေသည်။

"သူ့ ပွတ်ကျွတ်ဆိုတဲ့ နာမည်က ငယ်နာမည်လေ ... အိမ်ခေါ်နာမည်ပဲပေါ့ ... အပြင်ခေါ်တော့ ယမင်းကေရီတဲ့ ... လှူနဲ့လိုက်အောင် မှည့်ထားတာ မောင်ဂျက်ရဲ့"



လှူနဲ့လိုက်အောင်တဲ့ ...

တကယ်လည်း လိုက်ပါပေ့ ...။

လှလည်း လှပါတယ် ...။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းလေးတွေက ပန်းချီဆရာ တစ်ယောက်ရဲ့ မိန်းမရုပ်လှလှကလေးထဲက အင်္ဂါအစိတ်အပိုင်း အလှတရားနဲ့ ညီပါပေရဲ့ ...။ အချိုးအစား ကျနပါပေရဲ့ ...။ မျက်နှာကလေးသွယ်၊ မေးရိုးကလေး မသိမသာကားပြီး သွားကာ မေးကလေး လုံးသွားပုံက ပုံရိပ်ပန်းချီထဲက အလှတရားနဲ့ ပြည့်စုံတဲ့ မိန်းမချော ပုံရိပ်အတိုင်းပဲ။

ကိုယ်လုံးကလေးကလည်း သွယ်သွယ်ကျစ်ကျစ်နှင့် အဖုအထောင်းတွေ ပေါ်လွင်တယ်နော် ...။ အသားကလေးကလည်း ဝင်းလို့ပါလား ...။

သူမအလှက နောင်းထက်ဆောင် သာချင်သေးပါလား။ ကျစ်ဆံမြီးကလေးနှစ်ဖက် ပခုံးထက် ချထားတာကိုကပဲ မခို့ကရို့။

တဒင်္ဂအားဖြင့်တော့ သုံးသပ်လိုက်မိသည့် ဂျက်စနေ၏ အတွေးစိတ်ကလေးပါ။

"အစ်ကိုနဲ့ အမေက သိကြတာကိုး"

"အေး"

ကိုဂျက်က ပြောပြီး နောင်းအား ...

"သွားကြစို့"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မောင်ဂျက် ... မင်းက ဒီမြို့ကို နှစ်ပေါင်းအကြာကြီးနေမှ ရောက်လာတော့ လိုအပ်တာရှိရင် ပြောပေါ့ကွယ်၊ တို့နဲ့မင်းက ရင်းရင်းနှီးနှီး နေခဲ့ကြတာ ... တို့က ကူညီဖို့ ဝန်မလေးပါဘူးနော် ... တတ်နိုင်ရင် ကူညီရမှာပေါ့"

"ဝမ်းသာပါတယ် ဒေါ်လေးရယ်"

"အဒေါ် အဲဒါဆို ကျွန်မတို့ အကူအညီ တစ်ခုတော့ တောင်းချင်တယ်"

"ပြောပါကွယ်"

"အခု ကျွန်မတို့ တည်းခိုခန်းမှာ နေနေရတယ်၊ တိုက်အိမ် တစ်လုံး ကောင်းကောင်းတော့ ငှားမယ့်လူ ရှိမလား မသိဘူး ... စပေါ်နဲ့ပေါ့ ... အဲဒီကမှ ဒီမှာ အခြေကျရင်တော့ အိမ်တစ်လုံး ကောင်းကောင်း ဝယ်ချင်တယ်"

"ဟာကွာ ... နှောင်းကလည်း အားနာစရာ"

"ကိုကလည်းကွာ ... အခု လိုအပ်နေတယ် မဟုတ်လား လို့"

အကူအညီ တောင်းရမှာ အားနာနေဟန်ရှိသော ကိုဂျက်ထက် နှောင်းက ပိုသွက်လက်သည်။ ဒေါ်စာအုံက သူ့သမီးလေး၏ ပခုံးတွင် လက်တစ်ဖက် တင်လိုက်၍ ...

"အားနာစရာ မလိုဘူး မောင်ဂျက် ... မင်း ငယ်ငယ်တုန်းက တို့ကို ကျေးဇူးတစ်ခု ပြုထားတာရှိတယ် ... တစ်ဦးကျေးဇူး တစ်ဦးနားလည်ရမှာပေါ့ ... မင်းတို့ လိုချင်တဲ့အိမ်ကို ကူညီနိုင်တဲ့လူ ရှိတယ် ... အဲဒါ ငါ့သမီးလေးပဲ"



သူမက ပွတ်ကျွတ်အား တစ်ဆက်တည်း ပြောသည်။

"ပွတ်ကျွတ် ... သမီးလေး ... နင် သူတို့လိုချင်တာ ရှာပေးနိုင်မလား"

"ရပါတယ် အမေရယ်"

"ပွတ်ကျွတ်က အပေါင်းအသင်း ဆန့်တယ်နော် ... မင်းတို့က ဒီမြို့မှာ မနေ့ညကမှ ရောက်တာဆိုတော့ မြို့အထာကို မသိသေးဘူး ... မင်းတို့တည်းခိုတဲ့ လိပ်စာကိုပြောခဲ့၊ မနက်ဖြန် ပွတ်ကျွတ် လာလိမ့်မယ်"

"ရပါတယ် အစ်ကိုရယ် ပွတ်ကျွတ် ကူညီပါ့မယ် ... အစ်ကိုတို့က စပေါ်ဘယ်လောက် ထားနိုင်မှာလဲ"

"လေးငါးသိန်းပေါ့ ... ဖြစ်နိုင်မလား"

"ဒီမြို့မှာ ပျဉ်ထောင်အိမ်မှ အများဆုံး တစ်သိန်းခွဲပဲရှိတယ်၊ လေးငါးသိန်းဆို တိုက်ခန်း ဒါမှမဟုတ် တိုက်အိမ်ပေါ့ ... လခကော"

"ရန်ကုန်မှာတော့ လခတွေက များတယ် ... တစ်လကို အနည်းဆုံး တစ်သောင်းခွဲက သုံးသောင်းအထိရှိတယ် ... အဲဒါ နှစ်ချုပ်နဲ့ ပေးရတယ် ... ဒါတောင် တိုက်ခန်းကျဉ်းကျဉ်းပဲ ရမယ်"

"ဘုရားရေ ... တစ်လသုံးသောင်း ... မြတ်စွာဘုရား ... ဈေးကြီးလှချည်လား ... ဒီမြို့မှာတောင် ဒါလောက်ကြီး မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဈေးကွက်စီးပွားရေးလေ အဒေါ်ရဲ့ ... ဈေးကွက်စီးပွားရေး ဆိုတော့ လူတွေက ဝိသမလောဘတွေတက်ပြီး မတရား တောင်းနေကြတာလေ"

"နေတဲ့လူကော နေနိုင်ရဲ့လား"

"ဒီလိုပဲ ကုန်းရုန်းရှာပြီး နေကြရတာပဲ ... တိုက်ခန်းတွေက ဝယ်ရင်လည်း အနည်းဆုံး သိန်းနှစ်ဆယ်လောက်ရှိတော့ တစ်လ နှစ်သောင်း သုံးသောင်း သက်သာတယ်ဆိုတဲ့ ကြံဖန်အတွေးနဲ့ နေကြရတာပဲ"

"အံမယ်လေး ... ကြားရတာ ကြောက်စရာကွယ် ... ကြက်သီးထရောပေါ့ ... တို့က ရန်ကုန်ကို အထင်ကြီးနေတာ"

"ရန်ကုန်ဆိုတာ ရသလိုရှာ ရသလိုသုံးပဲ အဒေါ်ရေ ... ဒါကြောင့် တချို့က ရန်ကုန်လို့ မခေါ်ဘူး 'ရကုန်'လို့ခေါ်ကြတာပဲ"

"ကဲ ... ကဲ ... သတင်းစာထဲက အာယုနဲ့ ကာဋ္ဌဆွေးနွေး ခန်း ရပ်ကြပါတော့ ... အိမ်ကိစ္စ ဆက်ရအောင် ... ညီမ လေး စိတ်ချထားလိုက်မယ်နော်"

"စိတ်ချပါ ... ပွတ်ကျွတ် လုပ်ပေးပါ့မယ်"

ဂျက်စနေတို့ နှုတ်ဆက်၍ ကားနှင့်ထွက်သွားကြမှ ပွတ်ကျွတ်က ဒေါ်စာအုံအား တိုးတိုးကလေးနှင့် ...

"အမေ ... ဟိုအစ်ကိုက သိပ်ချောတယ်နော်"



"အမယ်လေး အေရယ် ... ချောတာ အကြော်နဲ့တို့စားလို့ မရပါဘူး ... အကြော်နဲ့ တို့စားရတာက အချဉ်ရည်ပါ ... ညည်းအချဉ်ရည်ဖျော်လိုက်ဦး"

"အကြော်စားမယ်"

လူနှစ်ယောက် ရောက်လာသည်။ ဝါးဖို့ ကြေညာ ချက်ထုတ်သည်။

ပွတ်ကျွတ်က စကားဆက်နေသည်။

"သမီး စိတ်ထဲမှာလေ အဲဒီအစ်ကို့ကိုဖြင့် မြင်ဖူးနေသလိုပဲ၊ ဘယ်မှာ မြင်ဖူးမှန်း မသိဘူး"

အဲသည်စကားကြောင့် ဒေါ်စာအုံ လန့်သွားသည်။ သူမက အကြော်ကြော်ရာမှာ ထိုင်သည့်ခုံကလေးပေါ် ပြန်မထိုင်မီ စိုက်ကြည့်၍ ...

"ပွတ်ကျွတ် ... စိတ်ထင်တာတွေ လျှောက်ပြောမနေနဲ့ ကိုယ်အလုပ်သာလုပ်"

ချဉ်ရည်အတွက် သံဇလုံထဲတွင် ပွတ်ကျွတ်က ချဉ် ရည်စပ်နေစဉ် လူနှစ်ယောက်က ပွတ်ကျွတ်၏ အလှကို ငေးမောနေ ကြသည်။ သည်စဉ် တစ်ယောက်က နှာခေါင်းကိုရှုံ့၍ ...

"ဟင်း ... နှာခေါင်းထဲ ဘာနံ့ကြီးလဲကွာ ... ဟောင်စော် ကြီး"

"ဟုတ်ပါရဲ့"

သူ့ကို မကြားတကြား ပြောနေသည်ကို ပွတ်ကျွတ် ကြားစေကာမှ မကြားဟန်ဆောင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ ဘယ်ဘဝက ဝင်စားခဲ့လေသလဲ။

ဒေါ်စာအုံကတော့ ပွတ်ကျွတ်စကားတွေကို စဉ်းစားနေသည်။ ဟုတ်၏ မဟုတ်၏ကိုတော့ သူမ မသိ။

"ပွတ်ကျွတ်ရေ ... နင်က စနေကို မြင်ဖူးနေမှာပေါ့ ... ငါ့စိတ်ထင် နင်ဟာ နိမ ဝင်စားတာပဲ ဖြစ်မှာပဲ ကောင်မရေ"

✥

ယမင်းကေရီ ဒါမှမဟုတ် ပွတ်ကျွတ်ဟုခေါ်သော မိန်းကလေးသည် ကတိတည်ပါသည်။

ဂျက်စနေက သူ့ကားနှင့် မြို့ထဲ လှည့်ပြီးတော့ ဆောက်လုပ်ရေးအဖွဲ့တွေ ဘယ်နှခုရှိသလဲဟု စုံစမ်းခဲ့သည်။

ပထမအဖွဲ့က မိုးသောက်ကြယ်အဖွဲ့။

ဒုတိယအဖွဲ့က ကတ္တရာညီနောင်။

ဒုတိယအဖွဲ့က တော်တော် စိတ်ဝင်စားစရာ ကောင်းသည့်အမည်ဖြစ်သည်။

"ကတ္တရာညီနောင်"ဆိုတာကို သူသိခဲ့ဖူးသလိုလိုပဲ။ ဘယ်မှာ သိခဲ့ဖူးသလဲ။ ကြားပဲကြားဖူးလို့လား။

ဘာပဲဖြစ်ဖြစ် မိမိ၏ ဆောက်လုပ်ရေးအဖွဲ့တစ်ခု



သည်အဖွဲ့နှစ်ဖွဲ့ ဘာတွေ ဆောက်ပြီးပြီ။ ဘာတွေ ဆောက်လုပ်ဖို့ ရှိသလဲဆိုတာကို စုံစမ်းဖို့တော့ လိုသည်။

ပြီးတော့ အကြောင်းအကျိုးသိရအောင် ယောကျာ်းမနှင့် မေမေ့ဆီ စာရေးအကြောင်းကြားမည် သို့မဟုတ် ဖုန်းနှင့်ပဲ ပြောမည်။ သူ့တွင် ဆဲ(လ်)ဖုန်းခေါ် ဆယ်လူလာ ပါလာတာမို့ ချက်ချင်း အကြောင်းကြားနိုင်သည်။

ပထမ အိမ်ရှာရမည်။

ဒုတိယ အလုပ်ခန်း ရှာရမည်။

တတိယ လူရှာရမည်။

မလောဘဲ တစ်ဆင့်ပြီးတစ်ဆင့် လုပ်နိုင်ဖို့ အရေးကြီးပါသည်။

မြို့ထဲမှ ပြန်လာတော့ တည်းခိုခန်း၏ ဧည့်ခန်းထဲတွင် ထိုင်စောင့်နေသော ပွတ်ကျွတ်နှင့် အမျိုးသားပျိုတစ်ယောက်ကို တွေ့ရသည်။

ကောင်လေးမှာ နှစ်ဆယ်ကျော်လေးပဲ ရှိမည်။

သန်မာတောင့်တင်းသည်။ မျက်နှာထား တည်ကြည်၏။ ခေါင်းကကေမှာ အာနိုးကေ့ ဖြစ်သည်။ ဂျင်းဘောင်းဘီတစ်ပတ်နွမ်းနှင့် စပို့ရှပ်အနွမ်းတစ်ထည်ကို ဝတ်ထားသည်။

"ဟော် ... ပွတ်ကျွတ်"

သူမတို့ကို ဂျက်စနေက အသိအမှတ်ပြုသည်။

ငါးပေကိုးလက်မရှိသော ဂျက်စနေအရပ်ကို ကောင်လေးအရပ်က လိုက်မမီပါ။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကို စောင့်နေတာ"

သူ့စကားထဲတွင် "အစ်ကိုတို့" ဟူသော စကားမပါသည်ကို နှောင်း သတိပြုမိသည်။

"လာ ... လက်ဖက်ရည်ဆိုင်မှာ စကားပြောကြရအောင်"

ပွတ်ကျွတ်ကပင် ကိုဂျက်ကို ပြော၍ ရှေ့မှ ထွက်သွားသည်။ ကိုဂျက်ကလည်း နှောင်းကို ကြည့်စဉ် နှောင်းက ခေါင်းကလေးကို ညိတ်ပြ၏။ ကောင်လေးက ပွတ်ကျွတ်နောက်မှ ကပ်လိုက်သွား၏။

ဂျက်စနေ နာခေါင်းကို ပွစိပွစိ လုပ်သည်။

သူတို့ထိုင်သော လက်ဖက်ရည်ဆိုင်သည် "ရွှေမြန်မာ" လက်ဖက်ရည်ဆိုင်ဖြစ်သည်။ ကောင်လေးက လက်ဖက်ရည်လေးခွက်မှာတော့ နှောင်းက ငြင်းပယ်သည်။

ကိုဂျက်ကလည်း အအေးပဲ သောက်မည်ပြောသည်။ သူ့အတွက် ပေါက္ကာ(Pokka) လိုင်းချီး(စ်)တစ်ဘူး မှာသည်။ နှောင်းကို အအေးသောက်မလားလို့ ကိုဂျက်က မေးတော့ နှောင်းက ခေါင်းခါပြ၏။

သူတို့ အအေးသောက် လက်ဖက်ရည်သောက်ရင်းပင် ...

"အိမ်ရပြီလား"

ဂျက်၏ အမေးကို ပွတ်ကျွတ်က မဖြေသေးဘဲ ကောင်လေးနှင့် မိတ်ဆက်ပေးသည်။



"အစ်ကို သူက ပွတ်ကျွတ် သူငယ်ချင်းပါ ... နာမည်က ရဲအာကာတဲ့ ... ဒီမြို့မှာ အစ်ကို ဘာသိချင်သလဲ သူ့ကိုမေး ... ဘာလိုချင်သလဲ သူ့ကိုမေး ... သူ ရှာပေးမယ်၊ ဖွဲ့ကျပြီးသားပါ ... အခု အစ်ကိုတို့ နေချင်တဲ့အိမ်ကိုလည်း သူပဲ စုံစမ်းပေးတာ"

ရဲအာကာသည် အလေဏာတော ကောင်လေးတစ်ကောင်ပင် ဖြစ်လိမ့်မည်။ ထိုကောင်လေးမျိုးကို ဂျက်စနေ အထင်မကြီးပါ။ မိတ်ဆွေစာရင်းထဲလည်း မထည့်နိုင်သေးပါ။

ပွတ်ကျွတ်မကိုလည်း ထို့အတူပဲ။

သို့သော် ပေါင်းသင်းဆက်ဆံရေးတွင် လိုက်လျောတတ်သော ဂျက်စနေက ဖော်ဖော်ရွေရွေပင်။

"ဪ ... ညီလေးနာမည်က ရဲအာကာတဲ့လား ... သိရတာ ဝမ်းသာပါတယ်ကွာ ... မနေ့က ပွတ်ကျွတ်ကို တို့ အိမ်လိုချင်တယ်လို့ပြောလို့"

"အစ်ကိုတို့က ရန်ကုန်ကလား"

"အေး"

"ဒီမှာ ဘာအတွက် လာလဲ၊ ခဏလား"

"ဟဲ့ ငရဲ ... နင်က ဘာတွေ လျှောက်မေးနေတာလဲ၊ အိမ်ကိစ္စ ... အိမ်ကိစ္စပဲ ပြောပေါ့"

"မဟုတ်ဘူးဟ ... ပွတ်ကျွတ်ရ ... ဒီအစ်ကိုတို့က အကြာကြီး နေမယ်ဆိုရင် အကြာကြီးနေမယ့်အိမ်ကို ငါ ရှာပေးမယ် ... အဲဒါ ကောင်းကောင်းသဲ၊ ခဏလေးဆိုရင်တော့

www.burmeseclassic.com



သာမန်အိမ်ပေါ့ ... ခဏလေးနေပြီး အိမ်ကောင်းကောင်း ကြီး ရှာပေးလိုက်ရင် သူတို့ ပိုက်ဆံပိုကုန်မယ် မဟုတ်လား"

သူ့စကားကိုတော့ ဂျက်စနေ သဘောကျသွားသည်။

"တို့က လုပ်ငန်းအတွက်လာတော့ ဒီမှာ တစ်သက်လုံး အရိုးထုတ်သွားချင် ထုတ်သွားမှာ"

"နင် အထင်မသေးနဲ့ ... အမေက ပြောတော့ ဒီအစ် ဟာ ဒီမြို့မှာ ငယ်ငယ်ကလေးကတည်းက မွေးပြီး ဒီမြို့မှာ ပဲ ကြီးသွားတာတဲ့ ... ဆယ်တန်းလည်း ဒီကပဲ အောင် သွားတာ ... သူက ဘွဲ့ရပြီးသားလို့ အမေက ပြောတယ်"

ပွတ်ကျွတ်လေသံမှာ ရင်းနှီးနေသလိုလို။

ယခင်ကပဲ ဂျက်စနေနှင့် သိဟောင်းကျွမ်းဟောင် လိုလိုလေသံ။

ဂျက်စနေ မကြိုက်ပါ။

"တို့က မနေ့ကမှ ပွတ်ကျွတ်နဲ့ သိကြတာပါ ... ကဲ ထာ ပါတော့ ... မင်း အိမ်ကို တွေ့ထားပြီလား"

ပြောစဉ် ရန်ကုန်က အိမ်ပွဲစားတွေကို သွားစဉ်း သည်။ ရန်ကုန်က အိမ်ပွဲစားများတွင် အတော်များများသည် လူလည်တွေပင် ဖြစ်ကြသည်။

မိမိက ဆောက်လုပ်ရေးကံထရိုက်တာမို့ ပွဲစား အကြောင်း ကောင်းကောင်းသိသည်။ ရဲအာကာဆိုသည့် ကော လေးသည်လည်း ပွဲစားလုပ်ပြီး မိမိကို ဘယ်လောက်လိုးဦး မည်မသိ။



ပွတ်ကျွတ်ကိုလည်း သူ မယုံ။

"အိမ်က လေးအိမ် ... အစ်ကို ဒီမြို့မှာ နေခဲ့တော့ သိမှာ ပါ၊ (၅)ရပ်ကွက်က မြမဉ္ဇူလမ်းမှာတစ်အိမ် ပျဉ်ထောင်အိမ်၊ စပေါ်ရှစ်သောင်း၊ အိမ်လခ တစ်ထောင်၊ မြို့တောင်ဘက် ဦးပေါ်ဦးလမ်းမှာက တိုက်ခန်း၊ အစ်ကိုတို့ အခေါ်တော့ သုံးလွှာ၊ ကျွန်တော်တို့အခေါ်တော့ သုံးထပ်၊ သူက စပေါ် နှစ်သိန်း၊ အိမ်လခ ထောင့်နှစ်ရာ၊ ပေါ်တော်မူကုန်းမှာက တိုက်ပဲ၊ ဒါပေမယ့် လူနေတယ်၊ ရှေ့လမှ ဆင်းမယ်၊ တစ်ထပ်တိုက်၊ အဲဒါက စပေါ် ... အဲ ... နေဦး ... ဟုတ်ပြီ စပေါ်သုံးသိန်း ... အိမ်လခနှစ်ထောင်၊ နောက်တစ်ခုက ရွှေအုန်းပင်လမ်း၊ သူက ခြံနဲ့ဝင်းနဲ့ တိုက်ခံပျဉ်ထောင်၊ နည်းနည်းတော့ဟောင်းတယ်၊ အဲဒါက စပေါ်သုံးသိန်းခွဲ၊ အိမ်လခ နှစ်ထောင့်ငါးရာ"

ကျောင်းသားကလေး စာကျက်ပြီး အလွတ်ဆိုပြ သလို ရဲအာကာက ပြောသွားသည်။ သူ ပြောသည့်အထဲမှာ ရွှေအုန်းပင်လမ်းဆိုတာကို စိတ်ဝင်စားသည်။

မိမိ နေခဲ့ ကြီးပြင်းခဲ့သည့်လမ်း၊ မွေးခဲ့သည့်လမ်း။

ထိုနေရာကိုပင် လိုက်ကြည့်ချင်သည်ဟု ဆို၏။ ရဲအာကာကိုကော ပွတ်ကျွတ်ကိုပါ ဆန်နီဆလွန်းတွင် တင်ခေါ်၍ ရွှေအုန်းပင်လမ်းသို့ သွားသည်။

အံ့အားသင့်သွား၏။

မိမိ နေခဲ့သည့်အိမ်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့က ရောက်တော့ လူစိမ်းတွေ ရှိနေသည်။ သူက ရဲ့အာကာအား အိမ်ရှင်နှင့် တွေ့ပေးစေသည်။

နောက်ဆောက်သော တိုက်များကြားတွင် သူတို့ အိမ်ကလေးမှာ ညပ်နေသည်။ သို့သော် ခြံဝင်းကြီးကြောင့် နံထည်သည်။

အိမ်ရှင်မှာ သူငယ်စဉ်က မတွေ့မမြင်ဘူးသူ့ မျက်နှာစိမ်း အမျိုးသမီး။

အသက်အရွယ်က သုံးဆယ်ကျော်။

မျက်မှန်တပ်ထားပြီး ဂျက်စနေကို စိတ်ဝင်တစား ကြည့်သည်။ ဂျက်စနေက သူ့အိမ်မှာ သူ ပြန်နေချင်သဖြင့် အိမ်ရှင်အမျိုးသမီးအား ဖယ်ပေးနိုင်ရက်ကို မေးသည်။

"နှစ်ရက်ကြာပြီး ဆင်းပေးမယ် ... အခု စရန်သတ်ထားပေါ့၊ စပေါ်အကျေကိုတော့ အိမ်ဆင်းမှပဲ တစ်ခါတည်း အကျေချေပါ"

ကြိုက်သည်။

ဈေးလည်း မဆစ်တော့။

"ကိုက လောတယ်"

အပြန်မှာ နောင်းက ဆိုလေတော့ ဂျက်က ရှင်ပျစွာ ရယ်လျက် "အဲဒီအိမ်က ကိုတို့အိမ်လေ ... အဲဒီအိမ်မှာ ကို့ကို မွေးခဲ့တယ် ... ဖေဖေ နယ်ပြောင်းတော့မှ ဒီအိမ်ကို ဖေဖေက အပြီးရောင်းသွားခဲ့တာပဲ"

"ဟယ်"

"ဒါကြောင့် ကိုက စပေါ်ကို မဆစ်တာပေါ့"

"အစ်ကို သိပ်ကံကောင်းတာပေါ့နော် ... ကိုယ့်အိမ်ကိုယ် ပြန်နေရတယ်"

သည်စကားက ပွတ်ကျွတ် ပြောလိုက်သည့်စကား။

ပွတ်ကျွတ်သည် နောင်းကို စကားသိပ်များများ မပြောပါ။ သူမ အာရုံက စနေထွန်းဆီမှာပဲ ရှိသည်။ ပွတ်ကျွတ် ပြောတော့ ဂျက်က ကားကို မောင်းနေရာမှ နောက်လှည့်မကြည့်ဘဲ ...

"ပွတ်ကျွတ်ကိုကော ညီလေးရဲ့အာကာကိုကော ကျေးဇူးတင်တယ်ကွာ ... ကိုယ့်လိုဘ တစ်ခုတော့ ပြည့်သွားတာပဲ"

"လိုဘဆိုတာ ဆန္ဒပဲ ... ဆန္ဒဆိုတာလည်း လိုဘပဲ ... ကိုယ့်ဆန္ဒက ဆန္ဒကောင်းပြီး ဆန္ဒမဆိုးဖို့ပဲ အရေးကြီးတယ်၊ ဆန္ဒဆိုးထက် ဆန္ဒကောင်းက အထိန်းရလွယ်ပေမယ့် ဆန္ဒဆိုးကတော့ အထိန်းရခက်တယ် ... ဆိုကြပါစို့ အစ်ကိုရာ ... လူတစ်ယောက်ဟာ ရုပ်ရှင်ကြည့်ချင်တယ်၊ အဲဒီရုပ်ရှင်ကြည့်ချင်တဲ့ ဆန္ဒကို အထိန်းရလွယ်တယ် ... မကြည့်ဘူးဆို ဖြစ်တယ် ... အဲ အရက်သောက်ချင်ရင်တော့ သောက်ချင်တဲ့ ဆန္ဒကို ထိန်းဖို့ မလွယ်ဘူး ... သောက်လိုက်ရမှပဲ ကျေနပ်တော့တယ်"

နောက်ခန်းတွင် ပွတ်ကျွတ်နှင့် ယှဉ်လိုက်လာသော ရဲ့အာကာ၏ စကားသံသောတရားတစ်ခု။

www.burmeseclassic.com

www.burmeseclassic.com



ဂျက် သဘောကျသွားသည်။ ဒါနှင့်ပဲ ရဲအာကာကို လေးစားသလို ဖြစ်သွားမိသည်။ ညီလေးလို့လည်း လေးလေးစားစား ခေါ်မိ၏။

"ဟုတ်တယ် ... ညီလေးပြောတာမှန်တယ် ... ဆန္ဒဆိုတာ ချုပ်တီးနိုင်ရင် လူတော်ပဲ ... ဆန္ဒဖြစ်လာတာမှာ ဆန္ဒကို မပြင်းပြဖို့ရယ် ထိန်းနိုင်ဖို့ရယ် အရေးကြီးတယ်"

"ဒါကတော့ ကို မမျှော်လင့်ဘဲ ဆန္ဒပြည့်သွားတာပါ"

"ဒါ ကံပဲလေ နှောင်းရဲ့"

"ကိုဂျက်က ကံကို သိပ်ယုံတာပဲနော်"

"ကံဆိုတာ မမြင်ရပေမယ့် ရုပ်တရားတစ်ခုပဲ ထင်တာပဲ။ အလုပ်လုပ်ခြင်းဟာ ကံပဲ ... အလုပ်ဆိုတာကလည်း ရုပ်ပဲမဟုတ်လား"

"အဲဒါကိုတော့ ကျွန်တော် လိုက်မမီဘူးဗျို့"

ရွှေကိုယ်တော် ရဲအာကာက နောက်ပိုင်းမှ ကျူးရှင့်သည်။ သူတို့စကားတွေကို စိတ်မဝင်စားသော နှောင်းက မိန်းမသားပီပီ လွယ်ကူသော စကားကိုပဲ ပြောသည်။ သမင်လည်ပြန် လှည့်၍ မေးလိုက်သောမေးခွန်း။

"ဒီနေ့ ပွတ်ကျွတ် ပန်းမရောင်းဘူးလား"

"မရောင်းဖြစ်ဘူးလေ ... အစ်မတို့အိမ်အတွက် ရဲအာကာနဲ့ လျှောက်လိုက်နေရတာ"

ငရဲနှင့် သူမသည် အတော်ရင်းနှီးကျွမ်းဝင်ပုံရ၏။

"ဖြစ်ရလေကွယ် ... အားနာစရာတော့ ဖြစ်နေပြီ"



"ကျွန်မက ကူညီတတ်တဲ့စိတ် ရှိလို့ပါ"

"ပန်းရောင်းတာ တစ်နေ့ ဘယ်လောက်ရလဲ"

"တစ်မနက်ခင်းပါ ... သုံးလေးဆယ်တော့ ရတယ် ... အလကားနေ အလကားပဲလေ ... နေ့လယ်ရောက်တော့ အမေ့ကို ကူလုပ်ပေးတာပေါ့"

"သုံးလေးဆယ် ... ဟုတ်လား"

"အစ်မကလည်းဗျာ ... မြင်သားနဲ့ ... မနေ့က အစ်မ မြင်သားပဲလေ ... ပန်းရောင်းတဲ့လူက ပုစွန်ဆိတ်အုံလို ဖြစ်နေတာ အစ်မရဲ့ ... ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုတာ ပန်းရောင်းသူနဲ့ ဝယ်သူပဲလေ"

ကရုဏာသက်စိတ်ကလေးက နှောင်းအပေါ် ဝင်သွားသည်။

ကိုဂျက်ကတော့ လူတို့၏ မိုက်မဲမှုနှင့် ကံတရားကိုပဲ စဉ်းစားနေ၏။

ဦးနိုးကြီးနှင့် ဒေါ်အအုံသာ မမိုက်မဲခဲ့လျှင် သူမတို့သည် ချမ်းသာနေပြီး ယခုလို သည်မိန်းကလေး/ ဆင်းရဲတွင်း ရောက်လိမ့်မည် မဟုတ်။ ကံတရားက ပေးသော်လည်း မွဲတေသောကံ ပါချင်သောကြောင့် ဦးနိုးကြီးတို့ လင်မယား မထိန်းသိမ်းနိုင်ပေ။

ခုနက ရဲအာကာ ပြောသည့် မထိန်းနိုင်သော ဆန္ဒဆိုးများ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က တည်းခိုခန်းတွင် စိတ်ချရလောက်အောင် ငွေတွေ မထားခဲ့ပါ။ လိုချင်သော ငွေအမောင့်ကို ပုဂ္ဂလိကဘဏ် တစ်ခုမှ ကရက်ဒစ်ကတ်နှင့် ထုတ်ယူဖို့ပဲ ရှိသည်။

ဒါကလည်း ရန်ကုန်မှာကတည်းက ဘဏ်နှင့် ဆက်သွယ်ခဲ့ပြီးသား။

ထိုဘဏ်သို့ သူတို့ မောင်းသွားကြသည်။

ကရက်ဒစ်ကတ်နှင့်ပင် လိုလိုမယ်မယ် ငွေလေးသိန်း ထုတ်ယူလိုက်ကြသည်။

ရွှေအုန်းပင်သို့ ပြန်သည်။

အိမ်ရှင်မမှာ အံအားသင့်နေသည်။

ထိုမျှလောက် မြန်လိမ့်မည်ဟု သူ့တို့ မယူဆ။

ချက်ချင်းပင် တစ်ဦးကိုတစ်ဦး ယုံကြည်မှုနှင့် စာချုပ်လိုက်ကြသည်။ စရန်ငွေ တစ်သိန်းကို ဂျက်စနေက ထုတ်ပေး၏။

ဂျက်စနေတို့ ငွေသုံးနိုင်ပုံကို ပွတ်ကျွတ်က အားကျပုံပေါ်သည်။ ပွတ်ကျွတ်သည် ဂျက်စနေကိုပဲ ခိုးခိုးကြည့်နေခြင်းကို ကာယကံရှင် ဂျက်စနေက သတိထားမိ၏။

ဂျက်စနေက ပွတ်ကျွတ်မ ဘယ်လောက်လှလှ ပွတ်ကျွတ်နှင့်တော့ နီးနီးကပ်ကပ် မနေပါ။

အပြန်တွင် ကားမထွက်မီ ဂျက်က ငွေငါးထောင်ကို ရဲအာကာဘက်သို့ ကမ်းပေးလိုက်၏။

"ရော့ကွာ ... မင်းတို့အတွက် စေတနာအကျိုးဆောင်ခ"

"ဟာဗျာ ... အစ်ကို ဘာလုပ်တာလဲ"



"မင်းတို့က တို့အတွက် ဆောင်ရွက်ပေးတယ်လေ ... ဒီအတွက် တို့က မင်းတို့ကို ပွဲခ"

ရဲအာကာ၏ မျက်နှာမှာ အသွေးအရောင် ပြောင်းသွားသည်။ နီသွားသော အရောင်သည် ဒေါသသက်တကာလာပဲ။

"အစ်ကို ... ကျွန်တော်တို့ စေတနာကို မစော်ကားပါနဲ့ ... ကျွန်တော်နဲ့ ပွတ်ကျွတ်က အစ်ကို့ကို လူမှုရေးအရ ဆောင်ရွက်ပေးတာပါ ... ကျွန်တော်တို့ ပွဲစားမဟုတ်ဘူး"

ရဲအာကာတို့ကို ဂျက်စနေ နားမလည်နိုင်တော့ပါ။

"စေတနာနဲ့ပေးတဲ့ ငွေပါ ... ငါးထောင်ပါ"

"ဒီငွေ ငါးထောင်ဟာ ရန်ကုန်မှာ မပြောဖလောက်ပေမယ့် ဒီမြို့မှာတော့ ငွေတန်ဖိုးရှိပါတယ် ... အစ်ကို ထားတဲ့ စေတနာ ငါးထောင်ဖြစ်ပေမယ့် ကျွန်တော်တို့ရဲ့ လူမှုရေးအရ ကူညီတဲ့စေတနာက ငါးထောင်နဲ့တောင် မနှိုင်းယှဉ်အပ်ပါဘူး ... ဒီငွေကို ကျွန်တော်တို့ မယူပါရစေနဲ့"

"သူ မယူရင် ပွတ်ကျွတ်"

"ဟင့်အင်း ... ပွတ်ကျွတ်ကိုလည်း မပေးနဲ့ ... ပွတ်ကျွတ်တို့ အစ်ကို့ကို မြင်မြင်ချင်း ခင်မင်လို့ ဖရိုးကူညီတာပါ အစ်ကိုရာ"

"ကဲ ... ကဲ ... ဒါလောက်ငြင်းမှတော့ မပေးတော့ပါဘူး ရဲအာကာနဲ့ ပွတ်ကျွတ်ရဲ့ စေတနာကို အသိအမှတ်ပြု မှတ်တမ်း တင်ပါတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ ဝင်မပြောလို့ မဖြစ်သော နှောင်းက ပြောမှ အဆင်ပြေသွားကြသည်။

"ဒါဆို ပွတ်ကျွတ်တို့ကို အကြော်ဆိုင်ထိ လိုက်ပို့မယ်"

ဂျက်စနေက စေတနာနှင့် ဆိုသည်။ သူတို့လေးတွေ၏ ကူညီစိတ်ကလေးတွေကြောင့် ယခင်ကလို အထင်မသေးတော့ဘဲ ဂျက်စနေမှာ ခင်မင်စိတ် ဖြစ်သွားသည်။

ပွတ်ကျွတ်မှာ ဂျက်စနေ၏ ဂရုစိုက်မှုအတွက် မျက်နှာကလေး ရွှင်နေသည်။

ဂျက်က အကြော်ဆိုင်သို့သွားစဉ် သူက ယယ်ယယ်က အကြောင်းကို ပြန်ပြောင်းအောက်မေ့သည်။ ကလေးဘဝအရွယ်က ချေးမလေးနီမနှင့် အကြော်ဆိုင်သို့ သွားကြသည့်အကြောင်းကို နှောင်းအား ပြောပြနေမိသည်။

"ချေးမလေးနီမ ဆိုတာ ဘယ်ကချေးလဲ အစ်ကို"

ကြားဖောက်ပြီး ပွတ်ကျွတ်က စပ်စပ်စုစု လုပ်လာ၏။

"အကြော်ဆိုင်က ချေးလေချေးလွင့်မလေးပါ ပွတ်ကျွတ်ရယ် ... ပွတ်ကျွတ်တို့ဆိုင်ကပေါ့ ... အဲဒီတုန်းကတို့က ယယ်ယယ်ရှိပါသေးတယ် ... နီမဆိုတဲ့ ချေးမလေးက သိပ်လိမ္မာတာကွ ... သူ သေတော့ တို့ ငိုလိုက်ရတာလေ"

"အစ်ကိုက ချေးကို သံယောဇဉ်ကြီးတယ်နော်"

"လိမ္မာတဲ့ချေးမို့ပါ ... ပြီးတော့ နီမက ချေးမျိုးသန့်ပါ — ဘုန်းကြီးကျောင်းဝင်းထဲမှာ ချေးလာတဲ့ အင်းစပ်ချေးလေးပဲ"



"ပွတ်ကျွတ်ကို အမေက တစ်ခါက ပြောဖူးပါတယ် ... အဲဒီချေးကို လူတစ်ယောက်က သေနတ်နဲ့ ပစ်သတ်သွားတယ်ဆို"

"ဟုတ်တယ် ... သိပ်မိုက်"

ကျွီ ...

ကားဘီးနှင့် ကတ္တရာတိုက်သံ ပေါ်လာသည်။ နောက်ကားက ဟွန်းမပေးဘဲ ဂျက်စနေတို့ကားကို ဖြတ်ကျော်တက်သောကြောင့် ဂျက်ကကားကို တစ်ဖက်သို့ ချွေ့ပြောင်းမောင်းပစ်လိုက်ရ၏။

ဂျက်မှအပ အားလုံးလန့်သွားသည်။ ဂျက်တစ်ယောက်သာ သတိရှိပေလို့ပဲ။

တက်ဖြတ်သောကားမှာ ခါးရှည်နိုင်နာအမျိုးအစား ဝစ်ကပ်ကား။

ကားက ဆက်မသွားဘဲ လမ်းတွင် ပိတ်ဆို့ရပ်လိုက်၏။

"ဟဲ့ ... ဟဲ့ ... ဘယ်လိုလဲ"

"ဟာ ... ဘာတွေလဲ"

"ဗုဒ္ဓေါကြီး"

လူသုံးယောက်လုံး အသံကိုယ်စီ ထွက်သွားကြသည်။ ကိုဂျက်သည် မျက်မှောင်ကုတ် ကြည့်လိုက်သည်။

အကြောင်းက သည်လိုလေ။

နိုင်နာနောက်ခန်းထဲတွင် လူသုံးယောက်ပါပြီး ရှေ့

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ လူနှစ်ယောက်ပါသည်။ သုံးယောက်သည် အလုပ်သမားဆောင်း လျှာထွက်ဖိုင်ဘာဦးထုပ်အမာအဖြူ ကိုယ်စီဆောင်းထားကြ၍ ရန်လိုသော သဘောနှင့် သူတို့ကို ကြည့်ကြသည်။

ရှေ့ဒရိုင်ဘာခန်းမှ လူတစ်ယောက် ဆင်းလာ၏။ ပိုလီယက်စတာရိက်ဒါဘောင်းဘီနှင့် နိုင်ငံခြားဖြစ် စပို့ရှပ်တစ်ထည် ဝတ်ထားသည်။

အသားက သပိတ်ရောင် ကတ္တရာရောင်လို နက်ပြောင်ပြောင်နှင့် မျက်နှာက ခပ်မာမာ။

"ဟေ့ကားထဲက ကောင်တွေ ဆင်းစမ်း"

မာမာကျော့ကျော့ပင် ပြောလာ၏။

"ဘာလဲ ... ဒါဘာသဘောလဲ"

ဂျက်က ခပ်မာမာမေးသည်။

နောင်းက ရန်ဖြစ်မည်စိုးသဖြင့် တိုးတိုးကလေး ...။

"ကိုရယ် ... ကောင်းကောင်း ပြောပါ ရန်ဖြစ်နေပါဦးမယ်"

ဂျက်က အတည်ပေါက်နှင့် မာကျောမှုကြောင့် တစ်ဖက်လူက ကားထဲငုံ့ကြည့်၏။ လက်ညှိုး ထိုးပြ၏။

"ဟေ့ကောင် ဆင်းစမ်း"

တရားခံပေါ်ချေပြီ။ ခပ်ကုပ်ကုပ်ကလေး ဆင်းလိုက်သူက နောက်ခန်းမှ ရဲအာကာပါပဲ။

ဂျက်စနေမှာ အံ့အားသင့်နေသည်။ သည် လူကြီးမျက်နှာကို တစ်နေရာရာတွင် မြင်ဖူးသည်ဟု ထင်သည်။ ဘယ်မှာမြင်ဖူးသည်မှန်းမသိ။



"မင်းကိုယ် မင်း မင်းကလည်လှပြီလို့ အောက်မေ့နေတာယ် ပေါ့လေ"

ဒေါသသံ၊ မုန်းသီးသံသည် နက်ကြောကြောလူကြီးပါးစပ်မှ လိှမ့်ထွက်လာသလို ရဲအာကာ၏ အကျီလည်ကုပ်ကို ဆွဲပါ၏။

"အာ ... ဆရာ ... ဆရာ ... ကျွန်တော် ပြောပါရစေဦး၊ ဆရာပေးတဲ့ ဈေးကနည်းလို့ မရောင်းနဲ့လို့ ကျွန်တော်သွားပြောမိတာပါ ... ဆရာကို အကျိုးမဲ့စေတာတော့ မဟုတ်ပါဘူး"

"ချေးကောင် ... မအေ ... ငါမင်းကို အခဲမကျေဘူး ... ငါ့ လုပ်ငန်းထဲ ဝင်ရှုပ်တဲ့ကောင်"

ဖြန်း ... ဖြန်း ...

ပါးရိုက်သံနှစ်ချက်။

ရဲအာကာ ခေါင်းမှာ ဟိုမှ သည်မှ လွှဲယမ်းသွားသည်။

အဲသည်မှာ နောက်တစ်ယောက် ပေါ်လာသည်။

သူက ကားနောက်ပိုင်းခန်းမှ ခုန်ဆင်းလာသူ မွတ်ကျွတ်။ မွတ်ကျွတ်က သူမ၏ လက်ကလေးနှစ်ဖက်နှင့် နက်ကြောကြော လူကြီး၏ ရင်အုံကို ဆောင့်တွန်းလိုက်သည်။

"အလို ... စုပါမင်းဆိုတာ ယောကျ်ားပဲ မှတ်တယ် ... မိန်းမလည်း ရှိသေးတာကိုး ... မင်းက ဆူပါဝိုးမင်း (Super Woman) ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဦးမိုးမခ … ရှင် လောဘကြီးပြီး မတရားရှေးနှိမ်လို့ ဟိုက မရောင်းတာ ငရဲနဲ့ ဘာမှမဆိုင်ဘူး"

"ငရဲနဲ့မဆိုင်ရင် မိုးမခနဲ့ ဆိုင်တာပေါ့ကွ … မင်း မျက်နှာလှလှလေး စုတ်ပြတ်မသွားချင်ရင် ဒီနေရာက ထွက်သွားလိုက် … ကောင်မက အရှေ့ရှာခံချင်ပြီ ထင်တယ် … ယော့ သံလုံးနဲ့ ဖိုးထော်င် ဒီကောင့်ကို လာချုပ်စမ်း … ငါ ပညာပေးလိုက်မယ်"

ခဏကလေးအတွင်းဝယ် ရဲအာကာမှာ နိုင်မာကြမ်းတမ်းသော လူနှစ်ယောက်၏ တစ်ဖက်တစ်ချက် ချုပ်ခြင်းကို ခံရ၏။

မိုးမခက သူ့လက်သီးမည်းမည်းကြီးကို လက်ဝါးတစ်ဖက်ပေါ်တွင် ပွတ်၍ ကျေကျေနပ်နပ်ကြီး ဖြီးကာ အနားကပ်သွား၏။

"ရပ်လိုက်စမ်း"

ထည်ဝါသည်။ အေးစက်သည်။ မာကျောသည့် အမိန့်ပေးသံပါသည်။

ဂျက်စနေပဲ။

သူသည် ကားပြင်တွင် ရောက်နေသည်။ လက်နှစ်ဖက် ခါးထောက်ထားသည်။

တကယ်တော့ သည်ပွဲမှာ သူပါဖို့ မလိုပါ။

သို့လင့်ကစား ပွတ်ကျွတ်က သူ့ကို အားကိုးတကြီး



လှည့်ကြည့်လိုက်တာရယ်၊ ရဲအာကာမှာ သူ့ကားပေါ်ကဆိုတော့ သူ့လူဖြစ်နေတာရယ်ကြောင့် သည်ပွဲမှာ ဝင်ပါလာရသည်။

"ယော့ကောင် … မင်း မိုးကြိုးပစ်ခံချင်လား … မင်း မဆိုင်ရင် ဝင်မရှုပ်နဲ့"

"ရဲအာကာက ကျုပ်လူဗျ … ကျုပ်ကားပေါ် ပါလာတာ၊ ပြီးတော့ ဒီပွဲမှာ လူကြမ်းနဲ့ချည်း မပြီးဘူး … မင်းသားလို နေတယ်လေ"

"ဩော် … မင်းက မင်းသားလုပ်ချင် … အား"

စကားတောင် အဆုံးမသတ်နိုင်။

လက်သွက်သော ဂျက်စနေ၏ ညာလက်ဝါးစောင်းတစ်ချက်က မိုးမခ၏ လည်ပင်းထဲသို့ လက်ပြန်ဝင်သွားသည်။

"ကို"

နှောင်းသည် ကားတွင်းမှ ကြောက်လန့်တကြား အော်လိုက်မိရှာသည်။ ဂျက်စနေ၏ မဟုတ်မခံတတ်သော စိတ်ဓာတ်ကို သိ၏။

လူနှစ်ယောက်အနက် တစ်ယောက်က ဂျက်စနေဆီ ပြေးလာသည်။

ကျန်တစ်ယောက်ကတော့ ရဲအာကာနှင့် လုံးထွေးနေပြီဖြစ်၏။

ပြေးဝင်လာသူကို ဂျက်စနေ၏ မာကျောသန်မြန်သော ခြေထောက်ရှည်ကြီးက ဆီးကြိုဆောင့်ကန်ပြီး ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင့်"

ဖင်ထိုင်ကျသွားသည်။

"သန်းတိုးအောင် ခြေမျိုး၊ မျိုးလှိုင်ဝင်း ခြေမျိုး မင်း ထပ်လိုချင်ရင် ဝင်လာခဲ့"

ဂျက်က လက်ညှိုးကလေး ကွေးကာ ဆန့်ကာနှင့် စိန်ခေါ်လိုက်သည်။ သူ့ကြည့်ရတာ ရန်ပွဲတစ်ပွဲကို ကြုံတွေ့ရသလို မဟုတ်ဘဲ ကစားကွင်းတွင် ကစားနေသည့် ပုံသဏ္ဌာန်။

"အစ်ကို"

ပွတ်ကျွတ်၏ သတိပေးသံ။

ရန်ပွဲတွင် လွတ်ကျန်ခဲ့သော နောက်ဆုံးလူက ဘေးမှ ဝင်ပြီး ဂျက်စနေကို စုန်အုပ်လိုက်ခဲ့သည်။

ဘာရမလဲ။

ဂျက်စနေက ဘယ်ထောက်လက်သီး တစ်လုံးကို ကြိုလွှတ်ပေးလိုက်သလို ညာခြေကလည်း ဝိုက်ခတ်ပြီးသား။

ဖုန်း။

"အင့်"

မြေသားကို မြေကမ္ဘာလာအမှတ်နှင့် ဝက်ကျကျပြီး လောကကြီးကို မေ့သွားသည်။

"အား ... အား ... အမယ်လေးဗျ"

ဂျက်စနေ၏ ပထမလက်ချက် မိလိုက်သော ဖိုးထောင်၏ အော်သံ။



ပွတ်ကျွတ်သည် ဖိုးထောင်၏ ပခုံးတစ်ဖက်ကို ဒေါသတကြီး ဝင်ရောက်ကိုက်ခဲနေချေပြီ။ ဖိုးထောင်သည် မစ်မရုပ်နိုင်အောင် နာကျင်မှုနှင့် ကုန်းအော်ပြီး လက်သီးနှင့် ထိုးရန် ပြင်သော်လည်း ထိုးမရဘဲ တယမ်းယမ်း တစါစါ ဖြစ်နေ၏။

ပွတ်ကျွတ် ကိုက်ပုံမှာ လူနှင့် မတူဘဲ ခွေးတစ်ကောင်၏ သဲကြီးမဲကြီးကိုက်ပုံနှင့် တူသည်။ ခွဲခွဲခါသည်။

ဖိုးထောင်မှာ မရှိမဆဲ အော်ပြီးတော့ ပွတ်ကျွတ်သွားဒဏ်မှ လွတ်လျှင် လွတ်ချင်း ပခုံးကို လက်တစ်ဖက်နှင့် အုပ်ကာ ဒယီးဒယိုင် ထပြေးတော့သည်။

ပွတ်ကျွတ် မလိုက်တော့။

သူမ၏ ဆံကေသာတွေက နဖူးထက်တွင် ဖရိုဖရဲ ဖြစ်နေပြီး မျက်နှာလေးမှာ ရဲရဲတွတ်နီနေသည်။

အလှနှင့် ဒေါသ။

ဂျက်စနေပင် သူမကို ငိုင်ကြည့်နေမိ၏။

ရဲအာကာနှင့် ထိုးနေသော သံလုံးမှာလည်း သူ့လူ တွေခံလိုက်ရမှန်း သိသည်နှင့် ဒိုင်နာကားပေါ်တွင် ကျန်ရစ်ခဲ့သော ဒရိုင်ဘာအား ...

"ကိုသက် ... ကိုသက် ... မောင်း ... မောင်း ..." ဟု အော်သတိပေး၏။ သို့သော် ကိုသက်ဆိုသော ကားဒရိုင်ဘာက နောက်ကြည့်မှန်ထဲတွင် ဖြစ်ခဲ့သော အဖြစ်အပျက်တို့ကို ကြည့်၍ ဆေးဆေးဆေးဆေးပင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဂျက်က မိုးမခနှင့် မေ့နေသော ဖိုးထောင်ကို ကြည့်ကာ ပခုံးတွန့်လိုက်သည်။ ကားထဲသို့ အေးဆေးစွာ ပြန်ဝင်လိုက်သည်။ နဖူးမှ ဆံပင်တွေကို သပ်တင်ပြီး ပွတ်ကျွတ်က လိုက်ဝင်လာ၏။

ပွတ်ကျွတ်၏သတ္တိ၊ ပွတ်ကျွတ်အကြောင်းကို ယနေ့မှာပဲ စတင်တွေ့ရှိခြင်း စနေထွန်း သိလိုက်ရသည်။ အားလုံး ကားပေါ်ရောက်၍ မောင်းထွက်ချိန်တွင် နောင်း၏ အပြစ်တင်မှုကို ဂျက်စနေ ခံရတော့၏။

"ကိုရယ် ... မဆီမဆိုင် ဘာသွားလုပ်တာလဲ ... ပြဿနာ ဖြစ်တော့မယ် ... ကိုက မနေ့ကမှ ဒီမြို့ကို ရောက်လာတာ"

"အိုး ... ဒါဟာ ကို မွေးတဲ့ ကိုယ့်မြို့ပဲ ... ဘာပြဿနာလဲ၊ ကိုယ့်စာတီ ကိုယ့်ရပ်ရွာမှာ မတော်မတရား လာလုပ်တဲ့ လူကို ငုံ့ခံနေရမလား ... ဒါဆေ့(ဖ်)ဂတ် (SAFE GUARD) စောင့်ရှောက်ကာကွယ်တာလို့ခေါ်တယ်"

"သွားပါ ... သူ့တို့ဟာ ဘာပြဿနာမှန်းမသိ"

"ညီလေးအာကာ ... ဒီမိုးမခဆိုတဲ့ လူကြီးက ဘယ်သူလဲ"

"သူက ကဗ္ဗာရာညီနောင် ဆောက်လုပ်ရေးရဲ့ အဖွဲ့ဝင် မန်နေဂျင်း ဒါရိုက်တာလေ ... သူက မုဆိုးမတစ်ယောက် ရဲ့ မြေတစ်ကွက်စာကို မတရားခြိမ်းခြောက်ပြီး ဈေးနှိမ် ဝယ်လို့ ကျွန်တော်က အဲဒီမုဆိုးမကို မရောင်းနဲ့လို့ သွား ပြောတယ် ... အဲဒါ သူက ကျွန်တော့်ကို ငြိုးတာ"

"မင်းနဲ့ မိုးမခ ... ဘယ်လို သက်ဆိုင်လဲ"



"ကျွန်တော် သူ့ဆီမှာ ပန်းရံအဖွဲ့ခေါင်းဆောင် လုပ်ခဲ့ဖူး တယ်"

"မင်း ပန်းရံနားလည်သလား"

"သိပ်ကျွမ်းတာပေါ့၊ ကျွန်တော့် အဖေက ပန်းရံဆရာ ပဲ"

မမျှော်လင့်ဘဲ ပွတ်ကျွတ်တို့ ရဲအာကာတို့နှင့် သိကျွမ်းလိုက်ရခြင်းသည် ဂျက်စနေ အလုပ်အတွက် အထောက် အကူဖြစ်လာဖို့ လမ်းရှိကြောင်း ဂျက်စနေ သိ၏။

နောင်းကတော့ သည်မိန်းကလေးနှင့် သည်ကောင် လေးကို သိလိုက်ရခြင်းသည် မိမိတို့အတွက် အန္တရာယ်ဖိတ်ခေါ် လိုက်ပြီလားဟု စဉ်းစားမိသည်။ ရင်ဖိုမိသည်။

အကြော်ဆိုင်နားတွင် ကားကို ရပ်သည်။ ဒေါ်စာ အုံကို စကားဆင်းမပြောဖြစ်ပါ။ နောက်တစ်နေ့မှာ သီးသန့်တည်း နိုးခန်းသို့လာရန် ဂျက်စနေက မှာလိုက်သည်။

ကားထွက်သွားမှ ရဲအာကာက ပွတ်ကျွတ်အား ...

"ငါ ကတိတည်တယ်နော် ... နင်က ဗိုက်ဆံမယူပါနဲ့ဆိုလို့ ငါ မယူလိုက်ဘူး ... ဒါပေမယ့် ငါ လိုချင်တယ် ... ငါ့ အမေ နေမကောင်းဘူး ပွတ်ကျွတ်"

"နင့်ကို ငါကျေးဇူးတင်ပါတယ်ဟယ် ... နင်မယူလိုက်လို့ ငါတို့အတွက် ရှေ့လျှောက် ကောင်းမယ့်လမ်းတွေ ပွင့် သွားပြီ ... မနက်ဖြန်ချိန်းသွားတာပဲကြည့်"

www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာလေ အခုမှသူတို့လင်မယားနဲ့ သိတယ် ... လွှတ်သဘောကောင်းမနေနဲ့ ... နင်ကြည့်ရတာ ဒီဂျက်စနေဆိုတဲ့ လူကို ... အား"

စကားပြောစဉ် ညည်းသံနှင့် အာကာ မျက်မှာမဲ့သွားသည်။ တီးခဲ့သော မိုးမစ လက်ရာက ထည့်ဝါလိုက်ပါဘိခြင်း။ ပါးနှစ်ဖက် ယောင်လာတာကိုပဲ ကြည့်တော့။

"ဟယ် ... နင့်ပါးကြီးတွေ ယောင်နေပါလား ... ဒီဟာကြီးနဲ့မှ သွားတွေ့တယ် ... လာ ... လာ ... နင့်ကို ငါ ကျပ်ရိုက်ပေးမယ်"

"ငါ့ပါးယောင်တာ အရေးမကြီးပါဘူးဟာ ... ငါ့အသည်းမယောင်ဖို့ပဲ အရေးကြီးတယ် ... ဒါပဲနော် ... နင့်ကို ငါချစ်တယ် ... နင်က ဟိုလူက ငါ့ထက်ချောတာနဲ့ ..."

"ငရဲ ... ငါ့ကို ဒါတွေ လာမပြောနဲ့ ... ငါ သွားမယ်"

ပွတ်ကျွတ် စိတ်ဆိုးသွားဟန်ရှိ၏။ မျက်နှာရှုံ့ဆောင့်အောင့်ထွက်သွားသည်။ ရဲ့အာကာမှ ပါးယောင်လို့ ပါးနာတာ သွားနာတာတောင် ဂရုမစိုက်နိုင်ရှာဘဲ ...

"ပွတ်ကျွတ် နေဦးလေ ... ငါ နိုးရိမ်လို့ ပြောတာပါဟာ ငါ နင့်ကို ချစ်လို့ ပြောမိတာ စိတ်မဆိုးပါနဲ့ ... အား"

သူက အော်ပြော၍ အားသုံးပေးပြီး ပါးတစ်ဖက်ကို ကိုင်လိုက်မိရှာသည်။ ရင်ထဲမှာ ပွတ်ကျွတ် သူ့ကို မုန်းသွားမှာ နိုးဆဲ။



"ပွတ်ကျွတ် ... နင် အိမ်ပြန်ရင် ရေချိုးလိုက်ဦး ... နင့်ကိုယ်က ချွေးစော်နံနေ ... အား"

ပွတ်ကျွတ်က ငရဲကို စိတ်မဆိုးပါ။ တာမင် သရုပ်ဆောင်လိုက်ခြင်းသာ ဖြစ်သည်။

မျက်နှာလေးတော့ ပြုံးလို့။

ဒါကို ငရဲ မသိလေ။

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်လမ်းခွဲ(၇)

ကြီးစားမှု၊ ကုသိုလ်ကံလိုက်မှု။

နေ့ချင်းညချင်း ကြီးပွားစပြုလာသည်။

အဲဒါတွေက စနေချည်း စွမ်းလို့ မဟုတ်ပါ။

သူ့ကို ပွတ်ကျွတ်နှင့် ငရဲက ကောင်းစွာ အထောက်အကူပြုကြသောကြောင့် ဖြစ်သည်။

တွေ့စက အထင်သေးလို့ အထင်မကြီးသော်လည်း ပေါင်းလာမိတော့သူတို့၏ လူတွေအပေါ် မျှော်လင့်ချက် မထားဘဲ ပေါင်းသင်းမှုတွေ၊ အနစ်နာခံမှုတွေက ခင်စရာ ဖြစ်လာသလို သည်မြို့တွင် ထိပ်တန်းတွေကို မပေါင်းသော်လည်း သူ့နေရာနှင့်သူ အလိုက်အထိုက် ပေါင်းတတ်သော သူတို့ကြောင့် ဂျက်စနေမှာ ထောက်ကူရမည့် မိတ်ဆွေတွေ တိုးလာသည်။



ပထမဆုံးနေရမည့် နေအိမ်ကို ရသည်။

ဒါ ဂျက်စနေ၏ မူလပထမအိမ်။

မေမေ့ဆီကို ဖုန်းနှင့် အကြောင်းကြားတော့ မေမေရော မေမေပါ ဝမ်းသာကြသည်။

ဒါ ဂျက်၏ ခြေလှမ်းအတွက် ပထမဆုံး အောင်မြင်မြင်းလမ်းစဟု မေမေက ဆိုချေသည်။

ဒုတိယအလုပ်ခန်း။

မြို့မဈေးကြီးနားက တစ်ထပ်တိုက်တစ်လုံးကို တစ်လလျှင် တစ်သောင်းခွဲ လပေးနှင့် ငှားလိုက်သည်။

ဒါက ပွတ်ကျွတ်နှင့် ရဲအာကာတို့၏ ဆောင်ရွက်ပေးချက်။

လုပ်ငန်းမှတ်ပုံတင်တာတို့၊ စည်ပင်သာယာ မှတ်ပုံတင်တာတို့ကတော့ ပွတ်ကျွတ်၏ ဆောင်ရွက်ပေးချက်အရ မြို့နယ်အင်ဂျင်နီယာ ဦးဘတိုးနှင့် သိကျွမ်းပြီး ဦးဘတိုးကပင် ဆောင်ရွက်ပေးသည်။

လုပ်ငန်းထောက်ကူရာတွင် အမှီသဟဲ ပြုနိုင်ရမည့် မိတ်ဆွေကောင်းနှင့် နားလည်ကျွမ်းကျင် ထောက်ကူသူများ လိုကြောင်း ဂျက်စနေ နားလည်ပြီးဖြစ်ရာ ပွတ်ကျွတ်နှင့် ငရဲကို လက်မလွှတ်တော့။

ခေါ်စာအုံကလည်း သမီးကလေးမှာ ဂျက်စနေနှင့် အလုပ်ဖြစ်နေသည်ကို တွေ့ရ၍ ဝမ်းသာရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့စိတ်ထင် သူဟာ နီမ ဝင်စားတာပဲလို့ ထင်တာပဲ ... ငါ ကိုယ်ဝန်ရကာနီးမှာ နီမက ငါ့ဆီလာပြီး ငါ့ဗိုက်ကို လျှာနဲ့ လာလျက်တယ် ... ငါကလည်း သနားလို့ နင် ငါ့ ဗိုက်ပေါ် နေချင်နေ ဆိုပြီး အိပ်မက်ထဲမှာ ခေါ်နိုင်းလိုက် တယ် မောင်ဂျက်ရဲ့ ... အဲဒါ ငါ အိပ်မက် မက်ပြီး မကြာ ခင် ကိုယ်ဝန်ရှိလာတယ် ... နင့်ဆီတောင် ငါ လာလည်သေး တော့ ဗိုက်က နစ်လကျော်နေပြီ ... ဒါပေမယ့် ငါသူ့ကို မွေးပြီး သူ့အနံ့ကို သိလာတယ် ... ပြီးတော့ နီမက ကိုက် တတ်တဲ့အကျင့်နဲ့ ဖွာတတ်တဲ့အကျင့်လည်း ရှိတယ်ဟ ... ငယ်ငယ်တုန်းက တစ်ဦးနဲ့တစ်ဦး ရန်ဖြစ်ပြီဆို ခွေးလို ကိုက်တော့တာပဲ၊ တို့မှာကလည်း တစ်ဦးတည်းသော သမီးဆိုတော့ နီမ ဆယ်နှစ်သမီးအထိ ချမ်းချမ်းသာသာ ထားခဲ့နိုင်ပါတယ် ... နောက်မှ စီးပွားပျက်လို့ နီမ ... အဲ ပွတ်ကျွတ်ကို ဆင်းဆင်းရဲရဲ ထားလာခဲ့ရတယ် ... အခု နင့်ဆီ ရောက်တယ် ဆိုတော့လည်း တို့က ဝမ်းသာရတော့ တာပေါ့"

သမီးနှင့် ပတ်သက်၍ ဒေါ်စာအုံက ပြောသည်။ ဂျက်မှာ နီမ ဝင်စားသည်ဆိုခြင်းကို မယုံနိုင်ပါ။ ဒါမှမဟုတ် မယုံတစ်ဝက်၊ ယုံတစ်ဝက်။

အေးလေ ... နီမက ခွေးဘဝကတည်းက ကုသိုလ် ကောင်းမှု လုပ်ခဲ့တော့ သည်ကုသိုလ်လေးတွေ အရှိန်ကြောင့် လူ ဖြစ်လာရခြင်း ဖြစ်တန်ရာသည်။



ကံ,ကံ၏ အကျိုးဆိုတာကိုး။

"အဒေါ်က ပွတ်ကျွတ်ကို နီမ ဝင်စားပါတယ်လို့ ပြောဖူး သေးသလား"

"ဘယ်ပြောရဲမလဲကွယ် ... သမီးကလေး စိတ်တစ်မျိုးဖြစ် သွားမှာပေါ့ ... ဒါကလည်း သမီးကလေးဟာ နီမ ဝင်စား တယ်လို့ အဒေါ့်စိတ်ထင် ပြောတာပါ ... လူတွေကိုလည်း မပြောရဲဘူးလေ ... ခွေးဝင်စားလို့ လူဖြစ်တယ်ဆိုပြီး လူတွေ က တစ်မျိုးထင်ကုန်မှာပေါ့ ... မင်းကိုတော့ မင်းက နီမ ကို သံယောဇဉ်ကြီးလွန်းလို့"

"ဒါက ကလေးဘဝကပါ ... ကျွန်တော့်စိတ်ထဲ မရှိတော့ ပါဘူး ... ဒါထက် နီမ ပညာအရည်အချင်း ဘယ်လောက် ရှိလဲ"

"သမီးလေးက ပညာနဲ့ ပတ်သက်လို့ ပါရမီ မပါရှာပါဘူး ကွယ် ... လေးတန်းအထိပဲ နေခဲ့ရပါတယ် မောင်ဂျက် ရယ် ... သမီးလေးက စာထဲ စိတ်မဝင်စားတော့ ကျောင်း ထုတ်လိုက်ရတယ်လေ"

"သူ ပညာနည်းပေမယ့် စီးပွားရေးလုပ်ငန်းမှာတော့ တော်မယ့်ပုံပဲ ... လူပေါင်းသူပေါင်းတတ်တယ် ... စွဲရှိတယ်၊ အကွက်မြင်တာလေးတွေ ရှိတယ် ... ကျွန်တော့်ဆီမှာ သူ့ကို တစ်လငါးထောင်နဲ့ ပေးပြီး ခန့်မလားလို့ ... ကိုရဲကိုလည်း ဒီအတိုင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင်တော့ ကူညီစမ်းပါဦးကွယ် ... သူ
ဟောင်းက နီမ ဖြစ်တယ် ဆိုရင်တော့ မင်းဆီမှာ
နှံ့နှံ့ လုပ်မှာပါ ... မင်းကော သူဟာ နီမဆိုတာ ယုံ

ထိုအခါ ဂျက်က ဘောင်းဘီအိတ်တွေထဲ
ဖက်နှိုက်ပြီး ရယ်သည်။ သူ့အနားတွင် ဒေါ်စာအုံမှလွဲ၍
တစ်ယောက်မျှ မရှိပါ။

"ကျွန်တော်က ခေတ်လူငယ်ပေမယ့် အစွန်း
ရုပ်ဝါဒသမားတစ်ယောက် မဟုတ်ပါဘူး ... သိပ္ပံ
တွက်ဆလို့မရတဲ့ ဝိဇ္ဇာနည်းတွေ အများကြီး ရှိပါ
ပရလောကဆိုတာ ကိုယ်မြင်ရတာ မဟုတ်ပေမယ့်
ဆန်းဆန်း ဖြစ်လာတာတွေ ရှိတတ်တာပဲ ... ကျွန်
ယုံတယ်လည်း မဟုတ်ဘူး ... မယုံဘူးလည်း မဟု
လက်ရှိမှာတော့ နီမ မဟုတ်ဘဲ ပွတ်ကျွတ်ဟာ ပွတ်
ပါပဲ"

"သူ့ကို ပွတ်ကျွတ်လို့ ခေါ်ရင် သူက ကြိုက်
ယမင်းကေရီဆိုရင် မကြိုက်ဘူး"

"သူ့ကို နီမလို့ ခေါ်ဖူးသလား"

"မခေါ်ဖူးပါဘူး"

ပွတ်ကျွတ်နှင့် ပတ်သက်လို့ ဒါလောက်
သိလာရတော့လည်း စိတ်ဝင်စားမိ၏။

တစ်ချိန်က ဈေးနီမကို သူ အမှတ်မရ
ထူးကဲတာက နီမ လှနေခြင်းဖြစ်၏။ နီမ



လောက်ပဲလှလှ သူမ၏ ကိုယ်နံ့မကောင်းမှုကြောင့် ကြိုက်ချင်သူတွေက အကြောင်းသိတော့ ဖယ်ခွာသွားကြသည်။

ပွတ်ကျွတ်၏ ဘာဝပေးမကောင်းသော အနံ့ကို ကယ်ဆယ်ဖို့ နောင်းက ကြိုးစားရှာသည်။ ယခုခေတ်ထွက်သော ဘော်ဒီစပရေးတွေ၊ မိတ်ကပ်တွေ၊ ပေါင်ဒါတွေ ပေးသည်။

ကိုယ်ကို ပေါင်းတင်ခိုင်းသည်။ မျက်နှာကလေးကို ပေါင်းတင်ခိုင်းသည်။

လုံးဝ မပျောက်သော်လည်း ယခင်ကနှင့်စာလျှင် ခံသာသည်။

ဒါပေမယ့် ခက်တာက ပွတ်ကျွတ်။

နောင်းက သူမအပေါ် ဘယ်လောက်ကောင်းကောင်း သူမကတော့ နောင်းအပေါ် ခပ်တည်တည်။

နောင်း၏ ဆက်ဆံမှုသည် ပွတ်ကျွတ် အပေါ် ညီအစ်မအရင်းသဖွယ် ရှိသည်။ အတန်းအစားခွဲခြားမှုမရှိ။ သူမ စားလျှင် စားသလို၊ သူမ သွားလျှင် သွားသလို။

ဂျက်စနေတာ နောင်းကို သတိပေးသည်။

"နောင်း ... လူမှာ လူ့စည်းကမ်းဆိုတာ ရှိတယ် ... အဆင့်အတန်းဆိုတာ ခွဲခြားမှုတော့ ရှိရတယ်၊ အုတ်အရော ရော ကျောက်အရောရော လုပ်လို့မရဘူး၊ နောင်းရဲ့ ... အုတ်သည်အုတ်၊ ကျောက်သည်ကျောက်ပဲ၊ နောင်းက အလုပ်ရှင်၊ ပွတ်ကျွတ်က အလုပ်သမပဲ၊ သိမ်ရာလျှန်းရင် အာဏာမတည်ဘဲ ရှိတတ်တယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကလည်းနော် … ပူစရာမရှိ ကြံဖန်တွေးပူနေ … ပွတ်ကျွတ်မက အထီးကျန်သနားစရာ မိန်းကလေးပါ … နောင်းလည်း အထီးကျန်ပဲ၊ ညီအစ်ကို မောင်နှမ ရှိတာ မဟုတ်ဘူး … ပွတ်ကျွတ်ကို ကိုယ့်ညီမလေးလို သဘော ထားရင် သူကလည်း ကိုယ့်ကို အစ်မလို သဘောထား မှာပါ"

"လူ့သဘောဆိုတာ ဆန်းစစ်ဝေဖန်လို့ မလွယ်ဘူး … တိုင်းတာလို့ မရဘူး … ကို ကြုံဖူးတာပါ … အိမ်တွေမှာ အနိုင်းအစေတွေထားတယ်၊ ကိုတို့အိမ်လည်း ထားခဲ့ဖူး တယ် … ဖေဖေက အခွင့်အရေးပေးတယ်၊ မေမေနဲ့ ကို ကလည်း အခွင့်အရေးပေးတယ် … ကိုတို့နဲ့ တန်းတူပေါ့ လေ … ဒါပေမယ့် အဲဒီအနိုင်းအစေတွေဟာ အခွင့် အရေး ပေးတာကို ဘာကြောင့်ပေးသလဲဆိုတာ နားမလည် ကြဘူး … နောက်ဆုံး သခင့်ခေါင်းပေါ် တက်ချင်ကြတယ်၊ အမိန့်ကို မနာခံဘူး၊ သူတို့ကို တန်းတူဆက်ဆံမိတော့ အာဏာမတည်ဘူး … ဖောက်ပြန်လာကြတယ် … အလုပ် သမားလည်း ထိုနည်းလည်းကောင်းပဲ … အဲဒါ ကြုံသတိ ပေးတာပါ"

"ကျွန်တော်လည်း ထိုနည်းလည်းကောင်း၊ ထိုနည်းလည်း ကောင်း၊ ထိုနည်းလည်းကောင်း၊ ကျွန်းမာတော်မူစေကြောင်း လို့ နေ့စဉ်ဆုတောင်း၊ ဆုတောင်းရပါသည်"

ဂျက်စနေ ပြောတာကို နောင်းက ရယ်စရာလုပ်၍



ဘတ်မင်းသားကြီး ရွှေမန်းတင်မောင်၏ သီချင်းတစ်ပိုင်းတစ်စ ကို သံနေသံထားနှင့် ဟဲပြလိုက်သည်။

သေနာမလေး။

ချစ်သူဆိုတော့ အပြစ်မယူ၊ မျက်စောင်းနှင့်သာ ညုတော်မူလိုက်တော့၏။

ပွတ်ကျွတ်ကိုတော့ မှန်မှန်တည်တည်ပင် ဂျက်စနေ က ဆက်ဆံသည်။ ပေးစရာရှိပေး၊ ကျွေးစရာရှိကျွေး၊ ဝေါက်စရာရှိ ဝေါက်ပစ်လိုက်သည်။ ဒါပေမယ့် ပွတ်ကျွတ်က စိတ်ဆိုးပုံမရ။

အလုပ်ဆိုင်းဘုတ်တင်ပွဲ လုပ်သည့်နေ့က အလုပ် ဌာနတွင် သံဃာတော်ငါးပါးကို ဆွမ်းပင့်ကျွေးသည်။ လူတွေကို လည်း ဖိတ်ကျွေးသည်။ လုပ်ငန်းနှင့်သက်ဆိုင်သောသူများ၊ အစိုးရ အရာရှိတချို့၊ မျက်နှာကြီးပိုင်းတွေပါသည်။

ကျွေးတာက ဒံပေါက်။

သူ့လူဦးရေနှင့်သူ ကန့်သတ်စီစဉ်ကာ ကျွေးခြင်း ဖြစ်၏။ မနက်ပိုင်းမို့ ကားကြီးကားငယ် အသွယ်သွယ်တွေနှင့် ရောက်လာကာ ဂျက်စနေနှင့် နောင်းကို နှုတ်ဆက်ကြ စကားပြော ဆိုကြနှင့် စားကြသောက်ကြသည်။

အဲသည်အချိန်တုန်းက ပွတ်ကျွတ် ဘယ်ရောက်နေ သည်မသိ။

လုပ်ပေးကိုင်ပေးပါမည်ဆိုပြီး ပျောက်နေသည်။ ချောင်းမှာ ချည့်ခံတာရော စီမံလုပ်ကိုင်ပေးရတာကော ချာချာလည် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးမီးဖိုချောင်တွင် အလုပ်ဌာနမှ ကွန်ပျူတာကိုင်သော မိန်းကလေးတစ်ယောက်၊ ငွေစာရင်းကိုင် မိန်းကလေးတစ်ယောက်နှင့် ရဲအာဏာမှာ ဒံပေါက်ဆိုင်အလုပ်သမားတစ်ယောက်နှင့် ချာချာလည်နေသည်။

ထမင်းပွဲချပေးဖို့ကို ပွတ်ကျွတ်က တာဝန်ယူထားရသော်လည်း သံယာတွေကို ရေစက်ချပြီးချိန်မှစ၍ ပွတ်ကျွတ်ပျောက်နေသည်။

အလှူလုပ်လို့ အလယ်ချိန်လောက်တွင် တိုက်ရှေ့မှ ဆူဆူညံညံသံတွေ ကြားရသည်။ ဒိုင်နာတစ်စီး ထိုးရပ်ပြီး ဒိုင်နာပေါ်မှ ယောကျ်ားလေး မိန်းကလေးတစ်သိုက် ဆူဆူညံညံ ဆင်းလာကြသည်။

သူတို့သည် အဝတ်အစား ခပ်ညံ့ညံ့ကလေးတွေသာ ဝတ်စားထားသည်။

သူတို့ကို ခေါင်းဆောင်လာသူက ပွတ်ကျွတ်။

သူတို့အားလုံး ခုန်ပေါက်မြူးကြွကာ ဆူညံဆူညံ ရယ်ကာမောကာနှင့် တိုက်အိမ်ကြီးထဲ ဝင်လာကြသည်။

လူတွေမှာ တိတ်တိတ်ဆိတ်ဆိတ် တိုးတိုးသက်သာ စကားပြော၍ စားသောက်နေကြရာ ဆူညံဆူညံလုပ်ကာ ဝင်လာသော အုပ်စုကို အံ့အားသင့်ကြည့်သူကြည့်၊ အကဲခတ်သူခတ် ကြည့်နေကြ၏။

ကျက်စနေပင် ပွတ်ကျွတ်နှင့် သူမ၏ အုပ်စုကို အံ့အားသင့် ကြည့်နေမိ၏။



"လာကြ … အပေါင်းအသင်းတို့ရေ … လာကြ၊ တို့အလှူမှာ
င်းတို့ပါ စားသောက်ပြီး လုပ်အားပေးကြရမယ် … အလှူ
ဆိုတာ စားသူရှိမှ ကျွေးသူ ဒါနမြောက်တာဟ"

"အေးပေါ့ … ပွတ်ကျွတ်ရယ် … တို့က နင်တို့အလှူလုပ်တာ
သိပ်ဝမ်းသာတာပဲ … စားမယ်ဝါးမယ် စိတ်ချ"

"မဖြူရေ … နင်ပဲ ဦးစီးပြီး နေရာချပေးပါ"

ပွတ်ကျွတ်က သူ့ကိုယ်သူ အလှူ့ရှင်ကြီးလို လုပ်နေ
ပွတ်ကျွတ်လုပ်တာကို နောင်းက ငေးကြည့်နေ၏။

စနေမှာ စိတ်ထဲတွင် ဒေါသထောင်းခနဲ ဖြစ်သွား
ပွတ်ကျွတ် လုပ်ပုံမှာ မသင့်လျော်။

မိမိက လူကြီးလူကောင်းတွေ၊ စီးပွားရေးသမား
ဖိတ်၍ ပွတ်ကျွတ် ခေါ်လာသူတွေကို ဖိတ်ခဲ့သည်
။

ဒံပေါက်ဆိုတာ မုန့်ဟင်းခါးနှင့် အုန်းနို့ခေါက်ဆွဲတို့
န့်ဟင်းခါး အုန်းနို့ခေါက်ဆွဲဆိုတာ လိုလျှင်လိုသလောက်
ည့်ခံကျွေးမွေးလို့ရသည်။

ဒံပေါက်ဆိုတာ လူဦးရေအလိုက် ကျွေးရတာ။

ပွတ်ကျွတ် လုပ်လိုက်ပုံက ပြဿနာ။

ပွတ်ကျွတ်သည် မတ်တတ်ရပ်နေသော စနေနားသို့
ကျဲနှင့်။

စ်ကိုရေ … ပွတ်ကျွတ်လေ ရပ်ကွက်ထဲက ဘော်ဒါတွေ

www.burmeseclassic.com

www.burmeseclassic.com



ကော ပွတ်ကျွတ်ရဲ့ ပန်းရောင်းဘော်ဒါတွေကော ခေါ်လာတယ် ... သူတို့ကိုပါ ကျွေးလိုက်ပါနော် အစ်ကို"

ဂျက်စနေသည် ဒေါ်သနှင့်ပြောမည် ပြုပြီးမှ စိတ်ကို ချုပ်လိုက်သည်။ လူရှေ့သူရှေ့မှာ မာန်လို့မဲလို့ မသင့်တော်။

အရှက်တော်ကွဲမှဖြင့် ...

ယခုဟာက မိမိ အလုပ်ဌာနဖြစ်သော စကိုင်းဂျက် (SKY JET)ဆောက်လုပ်ရေး ကုမ္ပဏီ၏ ပထာမ မိတ်ဆက်အလှူပင် ဖြစ်သည်။ အဖုအထစ်တွေ ဖြစ်သွားလို့ကတော့ အရှက်ကွဲပေါ့။

"အေးပါဟာ ရပါတယ်"

သူက ဒေါ်သကို မျိုသိပ်၍ ပြီးပြီးရော ပြောပစ်လိုက်၏။ ဒါတောင် မချေချော ပွတ်ကျွတ်က မရပ်သေးပါ။

"ဟေး ... ဟိုဓာတ်ပုံဆရာ ... ဒီကိုလာစမ်းပါဦး ... ဒီမှာ ဓာတ်ပုံတစ်ပုံ ရိုက်ပေးစမ်းပါတော်"

မလှမ်းမကမ်းက ဓာတ်ပုံဆရာကို လှမ်းခေါ်သည်။ ဂျက်စနေဒေါ်သနှင့် တိုးတိုးကလေး ...

"ပွတ်ကျွယ် နင် ဘာလုပ်တာလဲ"

"အစ်ကိုကလည်းဂွာ ... အစ်ကို့အလှူမှာ အမှတ်တရရပေါ့၊ ဓာတ်ပုံဆရာ ရိုက်မှာသာရိုက်ပါ"

ဂျက်စနေနှင့် ယှဉ်တွဲပြီး ပွတ်ကျွတ် ဓာတ်ပုံအရိုက်ခံတာကို မျက်နှာကလေး အပျက်ပျက်နှင့် ကြည့်နေတာက နှောင်းရယ်။



သနားစရာ နှောင်းမှာ မျက်နှာကလေး ငယ်နေသလို။

ပွတ်ကျွတ်မှာ နှောင်း ဆင်ပေးထားသော မန္တလေး ချိတ်ထဘီ၊ ရယ်ဒီမိတ်လက်ဖောင်းအင်္ကျီ အစိမ်းနုရောင် ဝတ်ထားကာ ကေကဲ ကြည်လဲ့လဲ့ဦးကေမျိုးနှင့် အတော်ကြီးလှသည်။

သစ်ခွရောင် ဆွစ်ဇာလန်ဇာ လည်ဟိုက်အင်္ကျီနှင့် ဆွစ်ဇာလန်ဇာစကတ်ထဘီဝမ်းဆက် ဝတ်ထားသော နှောင်းထက်ပင် ပိုလှနေသယောင်ယောင်။

"ဒီကောင်မလေးဟာ မြို့မြောက်ဘက် ကားလမ်းမကြီးနား က အကြော်သည်သမီး မဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ် ... သေသေချာချာ ကြည့်မှ မှတ်မိတာဗျ ... လှတော့လှတယ် ... အခုပိုတောင်လှနေတယ်"

ထမင်းဝိုင်းမှ နှစ်ယောက်သောလူ၏ တိုးတိုးပြောသံ။ အမျိုးသမီးတစ်ယောက်က မျက်မှောင်ကုတ်၍ ...

"ဒီဟာမကို ငါမြင်ဖူးပါတယ်"

အသက်ကြီးကြီး မိန်းမတစ်ယောက်က တဲတောင်နှင့် ပြောသူကို တွက်၍ ...

"ညည်းကလည်းအေ မမှတ်မိဘူးလား ... ဈေးမှာ ပန်းရောင်းတဲ့ ကောင်မလေးလေ"

"အေး ... အို ... တို့မှတ်မိပြီ ... နေပါဦး ... သူက ဒီကုမ္ပဏီမှာ ဘာလာလုပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဝင်ဝင်ချင်း ဆောက်နဲ့ထွင်းဆိုသလို သူ့ထမင်းစားပြီး သူ့တို့အကြောင်း မပြောချင်ပါဘူး ... ဟိုဦးဂျက်စနေရဲ့ အငယ်အနှောင်းဖြစ်မှာပေါ့ ... ဓာတ်ပုံတွဲရိုက်တာ ကြည့်ပါလား"

"ဟုတ်ပါ့မလား ... ဟိုမှာ သူ့မိန်းမ နှောင်းဖွံ့တွယ်တာ ဆိုတာ ရှိတယ်လေ"

"မထင်နဲ့ မချွေမြင့် ... ခုခေတ်မှာ ကောင်လေးတွေ ချောရင် ကောင်မလေးတွေက ငမ်းငမ်း ငမ်းငမ်းနဲ့ ... ငွေရှိတော့ ပိုတောင်ကပ်သေး ... အဘိုးကြီးတွေကိုတောင် ဆံပင်ဖြူလည်း မရှောင် ... သွားကျိုးလည်း မရှောင်"

"ကဲ ... တော်ကြပါတော့ရှင် ... ဟိုက ကြားရင် မကောင်း ပါဘူး"

သေးမှ အမျိုးသမီးတစ်ယောက် ဝင်ပြောမှ အတင်း ၁ဖန်ရေး ဆရာမနှစ်ယောက်မှာ ပါးစပ်ပိတ်သွားသည်။

လှပချောမောသော ပွတ်ကျွတ်ကိုယ်မှာ မွေးနေပါ

သူမ လုပ်ပုံကြောင့် ဂျက်စနေမှာ နောက်ပေးသို့ ကိုရဲကို အကူအညီတောင်းရသည်။

နောက်ထပ်ဒံပေါက်အထုပ် သုံးဆယ်ရှာပြီး ဝယ်လာ အောင်ရှာ။

မခိုင်းလို့လည်း မဖြစ်ပါ။ မလောက်မငှနှင့် အရှက် င်ပါ။



သူ နိုင်းနေသည့် အချိန်မှာ ပွတ်ကျွတ် လူတွေက ဝိုင်းတွင် ဆူညံဆူညံနှင့် စကားပြောကာ ဝင်တွယ်နေကြ

စောစောက တိတ်ဆိတ်သော အလှူအိမ်မှာ ယခုတော့ းဆူညံနေပြီ။

သူတို့တစ်စုသည် ပတ်ဝန်းကျင်ကို ဂရုမစိုက်ပါ။ ပြောချင်သလိုပြော၊ ကိုယ်စားချင်သလိုစားကြသည်။

ဩော် ... စရိုက်ကြမ်းသူတစ်စု။

အလှူပွဲကိုတော့ အဲသည်လူစုကပဲ ပွတ်ကျွတ်ပြော ိုင်းဝန်းကူညီ၍ ပတ်စာခွာ ဖျာသိမ်းလုပ်ပေးကြသည်။

သည်လိုဆိုတော့လည်း ပွတ်ကျွတ်ကို အပြစ်ပြော ်သား။

အလှူပွဲလည်းပြီး အိမ်လည်း ပြန်ရောက်ရော ပင်ပန်း ားမှ နှောင်းက ငိုပါလေရော။

ပွတ်ကျွတ် နှိပ်စက်လိုက်သည့်ဒဏ် အသည်းထဲမှာ င်း ခံရပါရောလား။

ပွတ်ကျွတ် ဒါလောက် အတင့်ရဲလိမ့်မည် မထင်။

ဒါလောက် အလိုက်ကန်းဆိုးမသိ လုပ်လိမ့်မည်

ဓာတ်ပုံရိုက်သည့်ကိစ္စ။

နှောင်းကတော့ မိန်းကလေးပီပီ တစ်မျိုးထင်ပါလေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုက သည့်ကောင်မလေးနဲ့ ဘယ်လို ချိတ်ဆက် ဘယ်လို ဖြစ်နေမှန်း မသိတာ … ကိုအနေမတတ်လို့ သူ ဒီလိုအတင့် ရဲတာ"

"ဟာ ဘုရားပေးပေး ကျမ်းပေးပေးပါ နောင်းရယ် … ရွှေတိဂုံဘုရားကြီး စူးရပါစေရဲ့ … ရွှေမှုဋ္ဌောဘုရားကြီး စူးရပါစေရဲ့ … ကိုက ရှင်းရှင်းကင်းကင်းပါဗျာ … သူ့သဘောနဲ့သူ ရိုက်တာ"

"ဖြစ်ပါ့မလား … ကိုက သူ့ကို ဘာအခွင့်အရေးတွေ ပေးထားလဲ … မိန်းမဆိုတာ အခွင့်အရေးပေးရင် ပေးသလိုတော့ ယူတတ်ကြတာပဲဟာ … ဒါဟာ ကိုယ်ပါလို့ သူဆွဲတာ၊ ကိုယ် ခေါင်းညွှတ်လို့ သူ ပွတ်တာ"

"ဟာ … ပြဿနာတော့ ဆိုက်ကုန်ပြီ … ဒီပွတ်ကျွတ်ဆိုတဲ့ တိရစ္ဆာန်မ ဝင်ရှုပ်တာနဲ့ လင်မယား စကားများကိန်း ဆိုက်ပြီ … စနေရေ မင်းတော့ စနေကို စနေဂြိုဟ်ရော အင်္ဂါဂြိုဟ်ရော စီးတာပါပဲလားကွာ"

ဂျက်စနေ စိတ်ညစ်ရသည်။

သဘောပေါက်အောင် ရှင်းပြသော်လည်း နောင်းလက်မခံပါ။ စိတ်ဆိုးသည်။ စိတ်ကောက်သည်။

နောင်းနှင့်စနေ ညားကတည်းက တစ်ခါမှ သည်လို နောင်း စိတ်မကောက် စိတ်မဆိုးဘူးပါ။

သေပါရောဟာ။

အကြောင်းက မိန်းမတို့ထုံးစံပေါ့လေ။



သိတယ် မဟုတ်လား။

မချွေနောင်းက အိပ်ခန်းတံခါးကို ပိတ်ကျိတ်။

တစ်ယောက်တည်းအိပ်။

ကိုချွေစနေထွန်းမှာတော့ ဧည့်ခန်းထဲမှာ တစ်ယောက်တည်း စိတ်ညစ်ညစ်နှင့် ဟိုလှိမ့်သည်လှိမ့် မအိပ်နိုင်။

စိတ်ကူးတစ်ခု ပေါ်လာသည်။

နောက်တစ်နေ့။

သူက အကြော်ဆိုင်သို့ စပ်စောစော ထွက်သွား၏။ အကြော်ဆိုင်မှာ ငုတ်တုတ်ထိုင်နေသော ကိုရဲ။

"ဟာ … ကိုရဲ … မင်း ဘာလာလုပ်"

"ဟာ … မိပွတ်ကျွတ်ပေါ့ … ဒီမနက် လမ်းလျှောက်မယ် ဆိုပြီး အစောကြီးခေါ်ပြီး ဒီမှာ ထိုင်စောင့်နိုင်းထားတယ်၊ အခုထက်ထိ မလာသေးဘူး"

"အချိန်ကို ကြည့်ပါဦးကွာ … နေပဲ ဖင်ထိုးနေပြီ"

ဆောင်းတွင်းက တက်သော မြူနှင်းတို့က ကမ္ဘာမြေ့တတ်ခုံမှာ ပျောက်ကွယ်ပြီး နေရောင်တောင် လာနေပြီ။

ဂျက်က သူ့လက်ပတ်နာရီကို ကြည့်၍ …

"ရှစ်နာရီပဲ ထိုးတော့မယ် … မင်း ကောင်မလေးက လာဦးမလား … လာ ငါနဲ့လိုက်ခဲ့ … သူ့အိမ်သွားမယ်"

နေအိမ်သို့ ရောက်သွားသည်။ ပွတ်ကျွတ် အိမ်မှာ အကြော်ဆိုင်နှင့် မဝေးလှ။

www.burmeseclassic.com



"ဩော် ... မောင်ဂျက်တို့ကိုး ... မင်း ညီမတော့
ထိုးတောင် အိပ်ရာက မထသေးဘူး"

"ကျွန်တော့်ကို သူက လာတွေ့မယ်ဆိုပြီး အကြော
စောင့်ခိုင်းနေတာ ... အစ်ကိုနဲ့ တွေ့လို့ လိုက်လာ

"ဟော ... ပွတ်ကျွတ် ... ပွတ်ကျွတ် ... ထစမ်း"

ဂျက်စနေက ပွတ်ကျွတ် အခန်းဝမှာ သွားအော
ပွတ်ကျွတ် အိပ်ခန်းမှာ ရှုပ်ပွေပြီး တံခါးပိတ်မထားပါ။ စ
မှာ အော်နိုးပြီးမှ ဒေါ်စာအုံကို အားနာသွားမိသည်။

"ဒေါ်လေးအုံ ... ကျွန်တော် လောကြီးသွားတ
တောင်းပန်ပါတယ်"

"မင်းကြည့်ရတာ ရေးကြီးသုတ်ပျာနဲ့ ... ဘာဖြစ်လာ

"ဟာ ... ဒေါ်လေးရယ် ... ကျွန်တော်တို့ လင်
ကွဲကိန်းပဲ"

မနေ့က အလှူတွင်ဖြစ်သော ပြဿနာကို
သည်။ ဒေါ်စာအုံမှာ မျက်စိမျက်နှာပျက်နှင့် ...

"ပွတ်ကျွတ်တို့ကတော့လုပ်ပြီ ... သူ့ကို သိပ်အ
လို့ မကောင်းဘူး မောင်ဂျက်ရဲ့ ... ဒီကောင်မက
လေးအရောဝင် ပါးလျက်နားလျက် ဆိုသလို"

သူမကြီး၏ စကား ရပ်သွား၏။ သူမ၏
ဘယ်အထိ တာရှည်သွားမည်ကို စဉ်းစားနေ၏။

ပွတ်ကျွတ် နိုးလာသည်။ မျက်လုံးတွေ
သပ်၍ ...



"ဟင် ... အစ်ကို"

"အစ်ကိုတွေ ဘာတွေ လုပ်မနေနဲ့ ... ညည်းလုပ်
ကောင်းသေးရဲ့လား ... သွားတောင်းပန်ချေ"

"ဟင် ... အမေရဲ့ ... ပွတ်ကျွတ်က ဘာလုပ်လို့လဲ"

"ဩော် ... ဘာလုပ်လို့လဲ ... ညည်းလုပ်ပုံကြောင့် ဒီမှ
လင်မယား ကွဲတော့မယ်"

"ဟာ ... အမေကလည်း ရှုပ်လိုက်တာ ... ပွတ်ကျွတ်က
ဘာလုပ်လို့ လင်မယားကွဲရမှာလဲ"

"ကဲ ... မောင်ဂျက်ရေ ... မင်းက ကာယကံရှင်ပဲ ... မင်
ပဲ ပြော"

ဂျက်စနေက မျက်နှာတင်းတင်းနှင့် ...

"နင် ဘာမှ အလိုက်ကန်းဆိုးမသိဘူး ... မနေ့က လူတေ
ရှေ့မှာ ငါနဲ့တွဲပြီး ဓာတ်ပုံရိုက်တယ် ... ငါ့ဆို ... ဒါ
မဟုတ် နောင်းဆိမှာ ခွင့်တောင်းပါဦးလား ... နင် ဓာတ်
ပုံအတင်းရိုက်လို့ ဇနောင်းက ငါ့ကို အထင်မှားသွားပြီ"

"ဟာ ... အစ်ကိုရယ် ... ပွတ်ကျွတ်က သဘောရိုးနဲ့ပါ
ခွင့်မတောင်းတာကတော့ ရင်းနှီးမှုနဲ့ပါ ... အစ်မက အစ်ကို
ကို စိတ်ဆိုးနေလား"

"စိတ်ဆိုးလား မဆိုးလား မေးစရာမလိုဘူး ... နင့်မိန်း
ကလေးမပီသဘဲ မရှုပ်ထွေးလုပ်လို့ မပျံလွှားလုပ်လို့ နောင်း
က ငါ့ မျက်နှာတောင် မကြည့်တော့ဘူး ... တစ်ခါတည်း
တံခါးပိတ်ကျိတ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အာဟာ ... ဒါကြောင့် အစ်ကို့မျက်နှာ ခြင်ကိုက်ဖုကလေး တွေထနေတာကိုး ... အစ်မကို ပွတ်ကျွတ် လိုက်တောင်း ပန်ပြီး ရှင်းပြပါ့မယ်"

ပွတ်ကျွတ်က ရယ်သံလေးနှင့် စကားဆိုတော့ ဂျက်စနေ ပိုဒေါကန်လာရ၏။ ပွတ်ကျွတ်မှာ အိပ်ရာထမို့ မနေ့ကလို မမွှေးတော့ဘဲ ဟောင်စော်နံ သည်။

"နင် ဘာမှ အလိုက်မသိဘူး ... နေ့က နင့်လူတွေ ဖိတ်ကျွေးချင်ရင် တို့ကို စောစောက ပြောထားပါလား ... ဖြုန်းချင်းဒိုင်းချင်းကြီး ခေါ်လာတော့ ဒီလူတွေကို ဘယ်လို လုပ်ပြီး ငါက ကျွေးရမှာလဲ ... အဲဒါ အလိုက်မသိတာ၊ အလိုက်မသိတာ"

"အစ်ကိုရယ် ... ပွတ်ကျွတ်က အစ်ကိုတို့အလှူမှာ ကူညီရ အောင်ရယ် ... ပြီးတော့ တို့အလုပ်ရှင်ဟာ ဘယ်လောက် စေတနာထား ရက်ရောတယ်ဆိုတာရယ် သိရအောင်လို့ ပွတ်ကျွတ်က ခေါ်လာတာပါ"

"အေး ... နင်လုပ်ပုံက ပိုလွန်းတယ် ... ငါပါ ကြားထဲက ပင်ပန်းသွားတယ် ... မနေ့က ဒံပေါက်အထုပ်သုံးဆယ်ကို တစ်မြို့လုံး လည်ရှာရတာ ဖတ်ဖတ်မောရော ... နင်လုပ်တာ လွန်တယ် ... အခုလည်း ငါ့ကို ထိုင်စောင့်နိုင်းပြီး မလာဘူး"

"ငါ အိပ်ပျော်သွားတာတော့ ဘယ်တတ်နိုင်မလဲ ငရဲရဲ့"

သူမက ဂျက်စနေဘက် လှည့်မြန်ကာ ...



"အားလုံးအတွက် ပွတ်ကျွတ် တောင်းပန်ပါတယ် အစ်ကို ရယ်"

"ကဲ ... သွား မြန်မြန်လုပ် ... ရေချိုးစမ်း ... နင့်ကိုယ်က နံလွန်းလို့ အိမ်မှာ မွှေးမွှေးထားသလား အောက်မေ့ရတယ်"

ရက်စက်သော ဂျက်စနေ၏ စကား ...

ပွတ်ကျွတ်မှာ စိတ်မဆိုးနိုင်ဘဲ ခစ်ခနဲ ရယ်ကာ အိမ်နောက်ဖေးဘက်သို့ ဝင်ပြေးသွားသည်။

ပွတ်ကျွတ် လိုက်ရှင်းတော့မှပဲ ပူနေသောပြဿနာ အေးသွားတော့သည်။ နှောင်းအား ပွတ်ကျွတ်က မိမိသည် ဂျက်စနေအား ခင်မင်မှုဖြင့် အလိုက်ကန်းဆိုးမသိ ရိုးရိုးသားသား စတတ်ပုံရှိကြောင်းပါသည်ဆိုသော ရှင်းလင်းချက်ကို နှောင်းက သဘောထား ကင်းစွာနှင့် လက်ခံခဲ့သည်။

"ကိုရယ် ... နှောင်းလေ ကိုယ့်ကို ချစ်လွန်းလို့ အထင်မှား မိတာပါ ... နှောင်းကို စိတ်မဆိုးပါနဲ့ ... နော် ... နော်၊ နှောင်းကို ခွင့်လွှတ်ပါ ကိုရယ်"

နှောင်းက ငိုမဲ့မဲ့လေးနှင့် တောင်းပန်တော့လည်း နှောင်းကို နဂိုကတည်းက ခွင့်လွှတ်ပြီးသော ဂျက်စနေမှာ နှောင်း ငိုမှာကိုပဲ စိုးရိမ်ပြီး ချော့မော့ရပြန်သည်။

ဪ ... အချစ်ဆိုတာ ဒါပဲလား။

www.burmeseclassic.com

## ဇာတ်သိမ်းခြေ(၈)

"ဒီကောင်ဟာ ခုမှ ဒီကိုလာပြီး လူတွင်ကျယ်လုပ်တာပါ ကွာ ... သူ့ဆွမ်းကျွေး စည်ကားတယ်ဆိုတာကိုကော တို့က ဂရုစိုက်ရမှာလား"

"လူတွေကတော့ စကိုင်းဂျက်ကို စိတ်ဝင်စားတယ်၊ သူ့ကြေညာချက်ကလည်း အိမ်ရာတွေကို အဆင့်မြင့်နည်းနဲ့ ဆောက်လုပ်နည်းတဲ့ ... မြို့သစ်တွေဘက်မှာ ဆောက်မှာတဲ့ ဆရာရဲ့"

စားသောက်ခန်းတစ်ခုတွင် မိုးမခ၊ ဖိုးထောင်နှင့် ကြက်အီး ဆိုသည့် လူအပါအဝင် သုံးယောက် ထိုင်စကားပြောနေကြ၏။

မိုးမခသည် နေကာမျက်မှန်ကြီးကို တပ်ထားတာ ကျီးကန်းကြီးလို ဖြစ်နေသည်။



"ဒီကောင်က ရန်ကုန်ကလာပြီး လူတွင်ကျယ်လုပ်လို့တော့ ဘယ်ရမလဲ ... မိုးမခအကြောင်း သိသွားမှာပေါ့ ... ဟိုတစ်နေ့က လစ်လို့ ခံလိုက်ရတာပါ ... ငါ ငြိုးတာက ငရဲ ဆိုတော့ ငရဲကိုပဲ အာရုံထားမိတာနဲ့ ဝင်တွယ်သွားတာပါ ... မင်းတို့လည်း အသုံးမကျဘူး"

"ဆရာရယ် ... ကျွန်တော်တို့လည်း ဝင်တာပါပဲ ... ဒါပေမယ့် အဲဒီကောင်က လျင်တယ်ဆရာရဲ့ ... ရုပ်နဲ့ မလိုက်အောင် အသတ်အပုတ် ကောင်းတယ် ... သတ္တိလည်း ကောင်းတယ် ... ရုပ်နဲ့တောင် မလိုက်ဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ ... နောက်မှ ပေါ်တဲ့ရွှေကြာပင်ကိုတော့ ရှင်သန်ခွင့် မပေးနိုင်ဘူး"

"ဆရာက ဘယ်လို ဖြစ်ချင်တာလဲ"

"ပြိုင်ရတော့မှာပေါ့ကွ ... ဒီကောင် ဘာလုပ်သလဲ ... တို့ သူ့ခြေလှမ်းကို ကြည့်ရမယ်"

သူတို့ စားပွဲပေါ်တွင် အရက်နှင့်စားသောက်စရာတွေ ရှိနေရာ မိုးမခက အရက်သောက်လိုက်၊ အမြည်းစားလိုက် လုပ်နေသော်လည်း ဖိုးထောင်နှင့် ကြက်အီးတို့မှာ တို့တောင် မတို့ရဲ။

သူတို့ဆရာက သူတို့ကို ဒူးနေရာဒူး၊ တော်နေရာ တော် ထားတာမို့ မိုးမခကို မလေးမစား မလုပ်ရဲပါ။

မိုးမခ စားတာကိုပဲ သွားရည်အိုင်ကာ တံတွေး မကြာခဏ မျိုချပြီး ကြည့်နေကြသည်။

www.burmeseclassic.com



"ဂျက်စနေဆိုတဲ့ကောင်ရဲ့ ခြေလှမ်းကို ကြည့်ချင်ရင်တော့ သူလျှိုတစ်ယောက်ကို ထားရမှာပဲ"

"အဲဒီသူလျှိုက ဘယ်မှာ ရှာမှာလဲ ဆရာ"

"မင်းတို့ကို အသုံးချလို့လည်း ရမှာမဟုတ်ဘူး ... မင်းတို့ ရုပ်ကြီးတွေကို ဆင်နှင်းသွားတောင် ဒီကောင်တွေက မှတ်မိနေပြီးသား"

"သက်ကိုကိုကော ဆရာ"

"သက်ကိုကိုလည်း ဟိုကောင်ငရဲက မှတ်မိပြီးသား ... ဒီကောင်က ငါ့လက်အောက်မှာ ဝင်လုပ်သွားတော့ ငါ့လူတွေမှန်သရွေ့ အားလုံးမှတ်မိနေတယ်"

"ဒါဆိုရင်တော့ ခေတော့ စောင့်ကြည့်ရမှာပဲ ဆရာရေ့"

ဘဲကင်နှင့် ပြည်ကြီးငါး ရောမွှေချက်ထားသော အမြည်းပန်းကန်ကို ကြက်အီးက မသိမသာ ကြည့်ရင်း တံတွေးမျို ချသလို မန္တလေးရမ်ပုလင်းထဲမှ အရက်တွေကို ဖိုးထောင် ကြည့်၍ လည်ချောင်းနှင်သလို ခံစားနေရ၏။

သူတို့ ဖြစ်နေ ခံစားနေပုံတွေကို မိုးမခ သိသည်။ သိသော်လည်း မသိသလို ဟန်ဆောင်ကာ သူ့လူနှစ်ယောက်၏ သွားရည်တမြားမြား ဖြစ်နေတာကို ကြည့်ပြီး အရသာခံနေမိ၏။

အရက်ကို မြင်သာရုံ တစ်ငွတ်သောက်ပြလိုက်၊ ဟဲခနဲ အသံမြည်ကာ နှုတ်ခမ်းပန်းနားကို လျှာလေးနှင့် လျက်ပြလိုက်၊ ဘဲကင်နှင့် ပြည်ကြီးငါးမွှေထားသော အစားအစာတွေကို တူနှင့် ညှပ်ထောင်ပြကာ ဝါးပြလိုက် လုပ်နေသည်။



မိုးမခသည် လူတစ်ဖက်သား ဒုက္ခဖြစ်နေမှု၊ မသက်မသာ ဖြစ်နေမှုကို အင်မတန် ခံစားကြည့်လိုသူ ဖြစ်သည်။ အဲဒါက သူ၏ စိတ္တဇတစ်မျိုးပဲ။

"သက်ကိုကို ဆိုလို့ မေးရဦးမယ် ... ဟိုနေ့က သူ ဘာလုပ်သလဲ ... ငါခံခဲ့ရတာတောင် ဆင်းချော် မရဘူးလား"

"သံလုံးက သက်ကိုကို့ကို ကားမောင်းထွက်ဖို့ ပြောပြီး တစ်ချိုးတည်း လစ်ပြေးတာ ဆရာရဲ့ ... ဒီကောင် သိပ်မလွယ်ဘူးနော် ... အရေးကျ ပြေးပေါက်ကြည့်နေတာ"

ကြက်အီးက အဆင်းတွန်းသည်။

"သံလုံးလိုကောင်မျိုးကို ဆိုက်(SITE)ထဲမှာထားရင် အိမ်သာကျင်းတူးနိုင်းဖို့ ကောင်းတဲ့ ကောင်မျိုး၊ ကျွန်တော်တို့လို သစ္စာရှိမယ့်ကောင် မဟုတ်ဘူး ဆရာ ... ဆရာ သတိထား"

ဖိုးထောင်က ဆက်ကျုံပေးသည်။

မိုးမခ မျက်နှာကြီး နီလာသည်။

ငါးဆယ်နား နီးသော သူ့အသက်အရွယ်တောင် မထောက်။

မကောင်းတာပြော၊ မကောင်းတာလုပ်ဖို့ကိုပဲ ခေါင်းစား နေသူ။ အရက်ကို တငွတ်သောက်ကာ လျှာနှင့် ပျတ်ပျတ်မြည် အောင်ထိုးကာ ...

"သံလုံးကို ပညာပေးရမယ်ကွ ... ဂျက်စနေငါ့လည်း ပညာပေးရမယ် ... သက်ကိုကို့ကိုလည်း ငါ ရမယ် ... မင်းတို့နှစ်ယောက်နဲ့ မလုံလောက်ဘူး"

www.burmeseclassic.com



မိမိတို့ဘက် လှည့်လာတော့မည်ကို သိသဖြင့် ဟိုနှစ်ယောက် ငြိမ်သွားသည်။

မကောင်းမှုသာ လုပ်သည်။

မိုးမခအနေနှင့် စပြီး ဘာလုပ်လို့ လုပ်ရမှန်း မသိ။

ကတ္တရာညီနောင် ဆောက်လုပ်ရေးကို တည်ထောင်ရာတွင် သူတို့သုံးယောက်ဖြစ်သော မော်တာ၊ မိုက်တီး၊ မိုးမခ ဆိုသည့် (မ)သုံးလုံး အမည်တွေပါသည်။

မော်တာနှင့် မိုက်တီးမှာ ဦးကျော့မောင်ဆိုသော လူကို မိမိနှင့် အတူ သတ်လိုက်ပြီးသည်နောက် ထောင်ဆယ်နှစ်စီ အကျခံလိုက်ကြသည်။

လွတ်လာကြတော့လည်း အတူတူ။

သူတို့သုံးယောက်သည် သူတို့၏ ဘဝရှေ့ရေးကို တိုင်ပင်ကြသည်တွင် ပြည်ပသို့ သွားရောက်အလုပ်လုပ်ရန် တိုင်ပင်ကြ၏။

ရာဇဝတ်မှုဒဏ်ရှိသော သည်သုံးယောက် ပြည်ပသို့ တရားဝင် သွားရောက်ဖို့ မဖြစ်နိုင်ပါ။

မဖြစ်ဖြစ်သည့်နည်းနှင့် သွားရောက်လုပ်ကိုင်ကာ ငွေကြေးစုဆောင်းပြီး ရောက်သည့်နေရာမှ ဆက်သွယ်ကြရန် သဘောတူကြသည်။

မြန်မာနိုင်ငံနှင့် များစွာမဝေးကွာသော ပြည်ပနိုင်ငံ တစ်ခုဆီသို့ သူတို့ ရောက်သွားကြသည်။



တစ်ဦးနှင့် တစ်ဦးလည်း အဆက်အသွယ် မပြတ်ရှိကြသည်။ ငါးနှစ်ခြောက်နှစ်လောက် ကြာပြီး ဦးစွာ မိုးမခက မြန်မာနိုင်ငံသို့ ပြန်ရောက်လာသည်။

သူ့တွင်ရှိသော အင်အားဖြင့် ကတ္တရာညီနောင် ဆောက်လုပ်ရေးကို ထူထောင်ချိန်တွင် ကျန်နှစ်ယောက်က သူ့ဆီသို့ ရှိသောအင်အားလေးများကို ရှယ်ယာအဖြစ် ပေးပို့ကြသည်။

နောက်နှစ်ရက်ဆို သူတို့ ပြန်လာကြတော့မည်။

လုပ်ငန်းဝိုင်းဝန်း ဦးစီးကြတော့မည်။

သည်မြို့တွင် သူတို့သည်သာ ဆောက်လုပ်ရေးအက်မှာ မင်းမူနေဖို့ မိုးမခက ဆုံးဖြတ်ထားသည်။

သူလို ဆောက်လုပ်ရေးအဖွဲ့ဖြစ်သည့် "မိုးသောက်ကြယ်" အဖွဲ့မှာ လမ်းတံတားတွေကိုသာ ကန်ထရိုက်ယူကာ ဆောက်လုပ်သဖြင့် အဆောက်အအုံဆောက်သော မိမိတို့နှင့်တခြားစီပါ။

သူတို့ ကတ္တရာညီနောင်သာ ဤမြို့တွင် အဆောက်အအုံတွေကို တစ်ခုပြီးတစ်ခု ဆောက်လုပ်ဖို့ (ဆောက်လုပ်ခဲ့တာတွေလည်း ရှိသည်) ရည်ရွယ်ကာမှ ပြိုင်ဘက် စကိုင်းဂျက်က ပေါ်လာသည်။

မိုးမခက စကိုင်းဂျက်အကြောင်းကို စုံစမ်းတော့ ရန်ကုန်ဆောက်လုပ်ရေးအဖွဲ့တစ်ခုမှ ခွဲထွက်လာသော အဖွဲ့ဟု သိရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူက စိုးရိမ်ဆဲမှာ စကိုင်းဂျက်မှ ဂျက်စနေနှင့် ပဋိပက္ခဖြစ်ရသောအခါ ပိုအခဲမကျေ ဖြစ်လာတော့သည်။

စကိုင်းဂျက် ဖြိုကွဲရာဖြိုကွဲကြောင်း ကြံရတော့သည်။

အဲသည်ကာလတွင် မိမိအပေါ် တစ်ဖက်က အကောက် ကြံနေပြီကို မသိသော ဂျက်စနေက ကိုရဲနှင့် ပွတ်ကျွတ်၏ သတင်းပေးချက်အရ မြို့သစ်တွင် အိမ်ရာဆောက်ဖို့ မြေကွက်များရှိနေကြောင်း သိရသည်။

ထိုမြေကွက်ကို သက်ဆိုင်ရာမှာ တင်လျှောက်၍ ဝယ်ရမည်။ မြေကွက်မှာ လယ်ကွက်မြေရိုင်းတွေဖြစ်ပြီး လယ်မလုပ်တာကြာပြီ။

အဲသည့်မြေကွက်မှာ ကေတော်တော်များများသည် သက်ဆိုင်ရာသို့ လျှောက်ပြီး သက်ဆိုင်ရာမှ ရောင်းချလျှင် သိန်းပေါင်းတစ်ထောင်ကျော် ပေးဝယ်ရမည်။

အဲသည်ငွေ၏ ပမာဏမှာ ဂျက်စနေတွင် မရှိပါ။ အရေးမကြီးပါ။

သူက လုပ်ငန်းပြ၍ ရှယ်ယာခေါ်မည်။-သူ့ယောက္ခမနှင့် ဒက်ဒီဆီမှလည်း ငွေချေးမည်။

အဲသည်အတွက် သူက လုံးပန်းစဉ် သည့်မြို့မှာ အရင်းခံဖြစ်သော ပွတ်ကျွတ်နှင့်ကိုရဲကိုပဲ အားကိုးရသည်။

ပွတ်ကျွတ်က အကြံပေးသည်။

ဂျက်စနေ လုပ်နေပုံမှာ သည့်ကေပေါင်း မြောက်မြားစွာသော မြေတွေကို ဝယ်ယူလိုက်ခြင်းသည် ငွေအရင်းအနှီး



ပုံပေးရသလို အလုပ်အတွက် စက်ယန္တရားတွေ၊ ပစ္စည်းတွေ၊ အလုပ်သမားတွေအတွက် ထပ်မံကုန်ကျရမည်။

အိမ်ယာအဆောက်အအုံ ဖြစ်လာလျှင် နေထိုင်မည့်သူများ ချက်ချင်း မပေါ်လာဝါက ငွေအရင်းအနှီးများစွာကို မြှုပ်နှံသလို ဖြစ်နေမည်။ အတိုးနှင့် တွက်လျှင် အတိုးဆောင်ရများစွာ နစ်နာပြီး ထိုအတိုးသည် မိမိဝင်ငွေမို့ ဝင်ငွေနစ်နာသည်နှင့် တူကြောင်း ပြောပြသည်။

ဒါကြောင့် အိမ်ယာဆောက်လုပ်ရေးစီမံချက်ကို ခေတ္တရပ်ဆိုင်းထားပြီး မြို့ထဲမှာ လုံးချင်းတိုက်များကိုသာ ရှာဖွေဆောက်သင့်ကြောင်း တင်ပြသည်။

ခေါင်းချင်းဆိုင်ဆွေးနွေးပွဲမို့ ပွတ်ကျွတ်၏ တင်ပြချက်ကို နောင်းနှင့် ကိုရဲက ထောက်ခံသည်။

ဂျက်စနေက လုပ်ငန်းစဏာစတွင် မိမိ၏ အလောကြီးမှုကိုလည်း ပြန်တွေးမိသည်။

ပွတ်ကျွတ်ကိုလည်း လေးစားမိသည်။

ဂျက်စနေနှင့် ပွတ်ကျွတ်၏ ဆက်ဆံမှုသည် အလုပ်ရှင်နှင့်အလုပ်သမား ဆက်ဆံရေး မဟုတ်ဘဲ မိတ်ဆွေလို တရင်းတနီး ဆက်ဆံမှုအခြေကို ရောက်သွား၏။

ပွတ်ကျွတ်၏ ဆက်ဆံရေးမှာ နောင်းကောင်းသလောက် နောင်းအပေါ်တွင် ခပ်တန်းတန်းပဲဖြစ်သည်။

တစ်ခါတစ်ရံ နောင်းစကားကို ပွတ်ကျွတ်က နားမထောင်၊ သူ့မ လုပ်ချင်ရာလုပ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပွတ်ကျွတ်က သူ့အပေါင်းအသင်းတွေ ရှေ့တွင် သူမနှင့်ဂျက်စနေ အလှူတွင် တွဲရိုက်ထားသော ဓာတ်ပုံကိုပြပြီး ကြွားတတ်သည်။

ဂျက်စနေက သူမကို ဘယ်လိုအခွင့်အရေးပေးကြောင်း ဘယ်လိုဆက်ဆံကြောင်းများ ကြွားလုံးထုတ်တတ်၏။

နှစ်လသုံးလတွင် ပွတ်ကျွတ်မနှင့် ကိုရဲမှာ လခငါးထောင်စီရသော်လည်း ထိုလများကျော်လျှင်တော့ သူတို့လခတွေက တစ်သောင်းကျော်ဆီသို့ တက်သွား၏။

ထိုလခနှစ်ဆကို ရခြင်းမှာ နောင်းက လခပိုတိုးပေးအောင် ဂျက်စနေကို ပြောသောကြောင့် ဖြစ်၏။

ဂျက်စနေကလည်း ရည်ရွယ်ထားသည်။

ပိုကြိုးစားစေလိုသောကြောင့် မိမိဆီတွင်အမြဲတည်မြဲလိုစေသောကြောင့် တိုးပေးခဲ့သည်။

ထုတ်ဝေသူဖြစ်ဆဲက အကိုင်ရခက်သော စာရေးဆရာများကိုပင် ကိုင်လာသော ဂျက်စနေမှာ ပွတ်ကျွတ်နှင့်ကိုရဲကို သူ၏ သပိတ်ဝင်အိတ်ဝင် ဖြစ်ဖို့ရန် ဝန်မလေးပါ။

ပွတ်ကျွတ်မှာ ငွေပိုရသည်ထက် ဂျက်စနေက သူမအပေါ် ဂရုစိုက်ရန်ကိုသာ သူမ လိုလားသည်။

တစ်ရက်မှာပေါ့ ...

ဂျက်စနေ၏ အတွင်းရေးမှူး သို့မဟုတ် ကိုယ်ရေးထိန်းအောင်ရေး ဝန်ထမ်းအတွက် နောင်းကို ဂျက်စနေက လုပ်

[illegible]



သူမတွင် အိမ်ထောင်တာဝန်များ လုပ်စရာရှိသည်ဟု ပြောဆိုငြင်းပယ်ခဲ့သည်။

ပွတ်ကျွတ်ကို ထားလိုသော်လည်း ပွတ်ကျွတ်မှာ စီးပွားရေးဦးနှောက် ရှိပေမယ့် ပညာအရည်အချင်း ရှိသည်မဟုတ်ပါ။

ပွတ်ကျွတ်ကို (OUTSIDE BUSINESS) ခေါ် ပြင်ပလုပ်ငန်းတာဝန်ကိုသာ ပေးထားသူဖြစ်၏။

ထို့အတွက် သတင်းစာထဲမှနေပြီး အတွင်းရေးမှူး အလိုရှိကြောင်း ကြော်ငြာထည့်ဖို့ရန် လိုသည်။

ထိုကြော်ငြာကို မြို့နယ် ကြော်ငြာလက်ခံဌာနမှ ရန်ကုန်သတင်းစာတစ်စောင်တွင် ထည့်ရန် ဖြစ်၏။

မန္တလေးမှ ထည့်လျှင်လည်း ဖြစ်နိုင်၏။

မြန်မာ့အလင်းသတင်းစာမှာ မန္တလေးမှ ထုတ်လုပ်ဖြန့်ချိနေပြီဖြစ်၏။

"ဟော ... အစ်ကို စောစောလာပါလား"

"ကိစ္စလေးတစ်ခုရှိလို့ စောစောလာတယ်"

ကားက တိုက်ရှေ့မှာ ရပ်ရပ်ချင်း တိုက်ရှေ့မှာပဲ ရပ်နေသော ပွတ်ကျွတ်က ပြောသည်။

ပွတ်ကျွတ်မှာ ခေတ်ဆန်ဆန်လေး ဝတ်ထားသည်။ သည်ဟိုက်အင်္ကျီနှင့် မီနီပိုးသားဂါဝန်ကိုပဲ ဝတ်ထားသည့် အတွင်းခံ ဘော်လီပျောက်နှင့်။

www.burmeseclassic.com

www.burmeseclassic.com



သည်အဝတ်အစားတွေကို နှောင်းက သင်ပေးခြင်းသာဖြစ်၏။

ပွတ်ကျွတ်ကိုယ်မှ မွေးပြီး ပွတ်ကျွတ် လှနေသည်။

ဂျက်စနေက သူမအလှကို စိတ်မဝင်စားပါ။ လက်အွင်းမှ အက်တက်ချိကေ့(စ်)ကို ပွတ်ကျွတ်က ဆွဲယူလိုက်၏။

ဆွဲယူသောအခါ သူမလက်နှင့် ဂျက်စနေ၏လက်ကို အုပ်ပြီး ဆွဲယူလိုက်ခြင်းဖြစ်ကြောင်း ဂျက်က သတိထားမိ၏။

တိုက်မျက်နှာစာတွင်ရှိသော စကိုင်းဂျက်ဆိုင်းဘုတ်မှာ ဖိန်းနေသည်။ ကြော်ငြာမီးနိုင်းဆန်ဆန်မျိုး ဖော်ပြထားသည်။

"တိုက်ထဲမှာ အလုပ်သမားတွေ ရောက်ပြီလား"

"မရောက်သေးဘူး အစ်ကို"

"ကိုရဲရော"

"မလာသေးဘူး"

သူတို့ တိုက်ထဲ ဝင်လာသည်။ တိုက်ခန်းမှာ ကွန်ပျူတာခန်း၊ အလုပ်ဝန်ထမ်းများခန်း၊ ရုံးခန်းစသည်ဖြင့် ခွဲထားသည်။

ဂျက်စနေက သူ့ရုံးခန်းကို စားပွဲများရှေ့မှ ဖြတ်လျှောက်သွားစဉ် ဟိုဟိုသည်သည် သွားနေသော ပိုးဟပ်တစ်ကောင် စားပွဲပေါ်မှာ ရှိနေတာကို သတိမထားမိလိုက်။

အက်တက်ချိကေ့(စ်)ကို ကိုင်ထားသော ပွတ်ကျွတ်က ဂျက်စနေမမြင်အောင် ထိုပိုးဟပ်ကို ဖမ်းလိုက်၍ သူမ၏ လည်ဟိုက်အင်္ကျီနောက်ကျောထဲ ထည့်လိုက်၏။



"အရာရာ ... အမယ်လေး ... အမယ်လေး ... လုပ်ပါဦး အစ်ကို ... လုပ်ပါဦး"

အော်သံလေးကြောင့် ဂျက်စနေ နောက်လှည့်ကြည့်လိုက်သည်။ သူ့စိတ်တွင် ထိတ်ခနဲ ဖြစ်သွားသည်။

အက်တက်ချိကေ့(စ်)ကို ကိုင်ထားသော ပွတ်ကျွတ်သည် သူမ၏ ကိုယ်ကလေးကို တွန့်လိမ်၍ ဟိုမှသည်သို့ လှုပ်ရှားနေသည်။

ဂျက်စနေ မနေနိုင်။

ရင်ထဲ ထိတ်ခနဲနှင့်အတူ သူမ အနား ရောက်သွားကာ ...

"ဘာလဲ ... ဘာဖြစ်တာလဲ ပွတ်ကျွတ်"

ကောင်မလေးမျက်နှာ ရှုံ့မဲ့နေစဉ် ပိုးဟပ်က သူမ ကျောပြင်ပေါ်မှ တရွရွ တက်လာပြီး အပြင်သို့ ပျံထွက်သွား၏။

"ဟာ ... ဒီပိုးဟပ်က ဘယ်လိုလဲကွာ"

မြင်လိုက်သော ဂျက်စနေက မြည်တမ်းကာ သက်ပြင်းချလိုက်သည်။

ထင်သလို မဖြစ်တာက မိမိအတွက် တစ်ကွက် ကောင်းသွားတာကို ဂျက်စနေ မသိပါ။

ပွတ်ကျွတ်စိတ်ထဲမှာတော့ မချင့်မရဲ ဖြစ်သွား၏။

အဲသည်စဉ်မှာ တယ်လီဖုန်းခေါင်းလောင်းသံက မြည်လာသည်။ နှစ်ယောက်စလုံး တယ်လီဖုန်းနားမှာ ကြိုကြသည်။

www.burmeseclassic.com



နှစ်ဦးစလုံးက ပြိုင်တူတိုင်ပင်ထားသလိုပင် တယ်လီဖုန်းစကားပြောခွက်ကို ပြိုင်တူငုံ့ကိုင်လိုက်သည်။

"ခွပ် ..."

"အာ ..."

သည်တစ်ခါတော့ ပွတ်ကျွတ် ခံလိုက်ရချေ၏။

မတော်တဆကို သွားထိမိကြတာပဲ။ ဂျက်စနေခေါင်းနှင့် ပွတ်ကျွတ်နဖူး သွားရောက် နှုတ်ဆက်မိ၏။ ကောင်မလေး အာခနဲ အသံထွက်ကာ သူမ နဖူးကို ကိုင်လိုက်၏။

"ဟာ ... ပွတ်ကျွတ် နာသွားသလား ... ဆောရီး"

ဂျက်က ပွတ်ကျွတ်ကို အားနာသွားသည်။ သူမ၏ နဖူးလေးကို အလေးတယူ ပွတ်ပေးလိုက်သည်။

"ဟာ ..."

အာမေဋိတ်သံတစ်ခုသည် တံခါးဝမှ ပေါ်လာ၏။

တံခါးဝတွင် ရဲအာကာသည် တောင့်တောင့်ကြီး ရပ်၍ သူတို့နှစ်ယောက်ကို ငေးမောကြည့်နေဘိ၏။

နှစ်ယောက်လုံး ကိုယ်ချင်းကွာသွားသည်။ ဂျက်စနေက ပွတ်ကျွတ် နဖူးပြင်မှ သူ့လက်ကို ရုပ်လိုက်ပြီး ...

"ကိုယ်က ..."

စိတ်မလုံ ဖြစ်သွားသော ဂျက်စနေက ကိုရဲကို စကား စ,ကာ ရှိသေးသည်။ ကိုရဲက ချာခနဲ လှည့်ပြီး လာလမ်းအတိုင်း ခပ်သုတ်သုတ် ထွက်သွားသည်။

"ငရဲ"



အသံကြောင်လေးနှင့် ပွတ်ကျွတ်ကလည်း လှမ်းခေါ်၏။ ငရဲက လှည့်လို့တောင် မကြည့်တော့။

ငရဲ ရင်ထဲ ဘာဖြစ်သွားမည်ကို ပွတ်ကျွတ် သိလိုက်သည်။ ပွတ်ကျွတ်သည် ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။ မတော်တဆ ဖြစ်ရသည့် ကိစ္စတစ်ခုကို မတော်တဆလို့ပဲ စိတ်ထဲ မှတ်ထင်ထားရတော့မှာပေါ့။

ရုံးခန်းထဲမှာလည်း ဂျက်စနေ ငိုင်နေပါ၏။

မတော်တဆ ထိမိကြလို့ မိမိက လူမှုရေးအရ ပွတ်ကျွတ်ကို နှစ်သိမ့်စဉ် ရဲအာကာ တွေ့သွားပြီး တစ်မျိုးထင်သွားပြီဟူသော အတွေးနှင့် ငိုင်နေမိခြင်းဖြစ်သည်။

လောကတွင် အတွေ့အကြုံရှိလာသူပီပီ အချစ်ကို အချစ်ကြောင်းနှင့် နားလည်လာသူပီပီ ကိုရဲ စိတ်ထဲ ဘာတွေဖြစ်နေမည်ကို ခန့်မှန်းမိ၏။

ငါ ကောင်းလျှင် ခေါင်းဘယ်မှ မရွေ့ဟူသော ရဲရဲတောက်စိတ်ဓာတ်ဖြင့် ငြိမ်နေခြင်းဖြင့်တော့ ပြီးမည်မဟုတ်ချေ။

လောကတွင် အတွေ့အကြုံ ရှိလာခဲ့သူပီပီ အချစ်ကို အချစ်ကြောင့်ဖြင့် နားလည်လာသူပီပီ ဆယ့်ရှစ်နှစ် ကောင်မလေး ပွတ်ကျွတ် အပေါ်တွင် ရဲအာကာ ဘယ်လိုချစ်စိတ်တွေ တစ်ဖက်သတ်ဝင်နေသည်ကို သူနားလည်သည်။

ယခုတွေ့မြင်ခဲ့ရသော မလျော်သော မြင်ကွင်းကြောင့် ထိုကောင်လေး ရဲအာကာ ဘယ်လို ခံစားရမည်ကိုလည်း တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး မိမိက လူဖျိုလူလွတ် အိမ်ထောင်မဲ့ မဟုတ်။

လိုင်စင်ချထားပြီးခဲ့သူ။

ဒါကို မြင်သွားလျှင် မိမိ သိက္ခာဘယ်လောက်ကျ သွားမလဲ။

မိမိအပေါ် ရှိအာကာ နောကောင်လေး ဘယ်လို ထင်သွားမလဲဆိုသည့် အတွေးကလည်း သူ့ကို လှန့်နေသည်။

သည်နေရာ သည်စခန်းမှာ သည်မျှနှင့် ရပ်ရင်တော် ရဲ့။ မတော်တဆ နှောင်းနားထဲ ပေါက်ကြားသွားပြီဆိုလျှင် ...။

အင်း ... ဒါတွေဟာ မွတ်ကျွတ် လုပ်တာပါပဲ။

သည်မွတ်ကျွတ် ဆိုသည့် တိရစ္ဆာန်မလေးသည် အတော်ဂြိုဟ်မွှေသော တိရစ္ဆာန်မလေးပါပဲ။

ခွေးဘဝက ဝင်စားတယ်ဆိုတာ ဟုတ်မှာပါ။

အရောဝင်လိုက်မိတာနှင့် ပါးလျက်နားလျက် လုပ်ချေ ပြီ။ သည်ကောင်မလေး မိမိအပေါ် ဘယ်လိုစိတ်ညွှတ်နေတယ် ဆိုတာ မိမိ သိလောက်ပါပြီ။

ခွေးဝိစားမလေးကို ရှောင်လေမှ။

သက်ပြင်းချပြီးလျှင် ဖုန်းကို ကောက်ကိုင်လိုက်သည်။ ရွာနဆိုင်ရာနှင့် ကျွမ်းဝင်ပြီးသော သူ့အတွက် တစ်မြန်နေ့ကပဲ မြို့တွင်းဖုန်း အသစ်တစ်လုံး တပ်ဆင်ခဲ့ပြီးချေပြီ။

မြို့နယ်အင်ဂျင်နီယာကို ဆက်ရန် ဖြစ်၏။

"အစ်ကို"



ခေါ်သံကို ကြားသည်။ ဖုန်းကိုင်လျက်တန်းလန်းမှ လှည့်ကြည့်သည်။ ရုံးခန်းတံခါးဝတွင် မွတ်ကျွတ် ရောက်နေသည်။ မျက်နှာသေလေးနှင့်။

"ဟဲ့ကောင်မလေး ... နင် ငါ့အခန်းထဲ မဝင်နဲ့ ဘာဝကိစ္စလဲ"

ခပ်မာမာပင် မေးလိုက်မိ၏။ သည်တော့ မွတ်ကျွတ် က နောက်ဘက်ကို တစ်ချက်လှည့်ကြည့်ပြီးနောက် ...

"စောစောက ကိစ္စဟာ မထင်မှတ်ဘဲ ဖြစ်သွားရတာ တောင်းပန်ပါတယ် အစ်ကို ... မွတ်ကျွတ် အကျိုထဲ တကယ် ပိုးဟပ်ဝင်သွားတာပါ"

"အေး ... ပြီးရော"

ပြောပြီး ဖုန်းနံပါတ်ဒိုင်ယယ်ကို တစ်ချက်လှည့် လိုက်၏။

"အစ်ကို"

"ဟာကွာ ရှုပ်လိုက်တာ ဘာလဲ"

သည်တစ်ကြိမ်တော့ လှည့်မကြည့်။

"ဒီနေ့ အမှတ်တစ်ရပ်ကွက် ဖြူဟွစ်ရိလမ်းက မြေကွက် နံပါတ်ငါးကို သွားကြည့်ဖို့ ပိုင်ရှင်နဲ့ ချိန်းထားတယ်လေ၊ အခု ဆယ်နာရီ သွားရမှာ"

"ငါ့ဟာငါ သွားမယ်"

"ဖြစ်မလား အစ်ကို ... ပိုင်ရှင်က မွတ်ကျွတ်နဲ့ခင်တာ၊ မွတ်ကျွတ် လိုက်ရင် အစ်ကို ဈေးသက်သာမယ် ... ပြီးတော့ လွယ်လွယ်ကူကူ စကားပြောလို့ ရမှာပါ"

www.burmeseclassic.com



သက်ပြင်းချလိုက်သည်။ ပွတ်ကျွတ် စကားကို သူ ဝန်ခံသည်။

ပွတ်ကျွတ်က ပိုင်ရှင်ဦးဘခန့်ကို ဘယ်လိုပေါင်းထားသည်မသိ။ ပွတ်ကျွတ်လိုက်လျှင် ချောချောမွေ့မွေ့ ဖြစ်သွားနိုင်တာရှိသည်။ ထို့အပြင် ကြော်ငြာကိစ္စလည်း သွားရမည်။

ဖုန်းကို ချသည်။ သက်ပြင်းချလိုက်သည်။ ပွတ်ကျွတ် ရုံးခန်းထဲ ဝင်လာမှာ ကြောက်သည်။

"အေး ... သွားတော့ ဓာင့်နေ"

ပွတ်ကျွတ် ထွက်သွားပြီးလျှင် သူက ဘဏ်ကို ဖုန်းလှမ်းဆက်သည်။ ဘဏ်မှ မြေကွက်တချို့ ပြန်လည်ရောင်းချမည်ကို ကြားသိထားရ၏။

ဈေးကွက်စီးပွားရေးဆိုတာ ဟိုတစ်ပေါက် သည်တစ်ပေါက်။

အမြတ်ရလျှင် ဘာမဆို လုပ်ချင်ကြသည်။ ဒါမှမဟုတ် ပဲ ကုန်ဈေးနှုန်းက တက်တက်လာတာ။

ကုန်ဈေးနှုန်း တက်တာကလည်း ရန်ကုန်မှာပါ။

နယ်မှာက ရန်ကုန်လောက် အတက်မကြမ်းပါ။

မျက်နှာကို လက်ဝါးနှင့် ပွတ်ပစ်လိုက်သည်။ ဆံပင်ကို နောက်သို့ လက်နှစ်ဖက်နှင့် သပ်လိုက်သည်။

အက်တက်ချိကေ့(စ်)ကို ကိုင်ပြီး ရုံးခန်းပြင် ထွက်လာတော့ ဝန်ထမ်းတွေ ရောက်နေကြပြီ။ ကိုယ်စီကိုယ်ငှထိုင်ကာ သူတို့အလုပ်သူတို့ လုပ်နေကြသည်။



အပြင်တာဝန်က နှစ်ယောက်။

အတွင်းဝန်ထမ်းက ကွန်ပျူတာစက်မှ မိန်းမငယ်လေးအပါအဝင် ငါးယောက်။

သူ့ကုမ္ပဏီတွင် သည်မျှနှင့်ပဲ စရဦးမည်။ အလုပ်ကြီးကျယ်လာလျှင် ဝန်ထမ်းတွေကို ပိုခန့်ရမည်။

ရဲအာကာကိုတော့ သူ့စားပွဲတွင် မမြင်မိပါ။

"အစ်ကိုပေးပါ"

ရီဝေလေးစားစွာပင် ဣန္ဒြေရရနှင့် ပွတ်ကျွတ်က အက်တက်ချိကေ့(စ်)ကို လက်နှစ်ဖက်နှင့် လာယူသည်။

ကုမ္ပဏီထဲမှာတော့ သူမ အလှဆုံး အဖြောင့်ဆုံး။

ဂျက်က ကားရှိရာသို့ လာတော့ အက်တက်ချိကေ့(စ်)ကို ရှေ့ပိုင်းခန်းသို့ တရိုတသေ သွင်းပေးလိုက်သော ပွတ်ကျွတ်ကို ဂျက် ဘာမှ မပြောဘဲ နောက်ခန်းတွင် ထိုင်ရန် လက်မနှင့် ညွှန်လိုက်၏။

ပွတ်ကျွတ် မျက်နှာကလေး မသိမသာ အိုသွားသည်။ သူမ စိတ်ထဲတွင် ကိုဂျက်နှင့် ထိုင်ဖို့ ခန့်မှန်းထားပုံရ၏။

ကိုဂျက်က တစ်လမ်းလုံး ကားမောင်းလာစဉ် ပွတ်ကျွတ်ကို စကားမပြောပါ။ မပြောသော်လည်း အတွေးကတော့ လုံးထွေးနေချေသည်။

ပွတ်ကျွတ်နှင့်သူ တွေ့ခဲ့တာ သုံးလလောက် ရှိပြီ။

မိမိက ပွတ်ကျွတ်ကို ဘာအခွင့်အရေးမှ မပေးခဲ့ပါ။ လိုအပ်တာထက် ပိုမရင်းနှီးခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ ပွတ်ကျွတ်က မိမိအပေါ်တွင် ဘာလို့ မရိုးသားသောစိတ် ထားရသလဲ။ မိမိကတော့ ညီမလေးသဖွယ်၊ မိတ်ဆွေသဖွယ်ပါပဲ။

ပွတ်ကျွတ်လှသည်။ အနံ့အသက်တစ်ခုပဲ ပြောစရာရှိသည်။

ဒါတောင် ခေတ်ပေါ် နံ့သာတွေက ထိုအနံ့အပေါ် အထိုက်အလျောက် အနိုင်ယူထားတာ။

တခြားယောကျ်ားသား တစ်ဦးဆိုလျှင် ပွတ်ကျွတ်အပေါ် အနိုင်ယူလိုက်မှာ သေချာသည်။

ပွတ်ကျွတ်က မဆွတ်ခင်က ညွှတ်ချင်နေတာကိုး။

မိမိကတော့ ယောကျ်ားကောင်းပီပီ မြင့်မြတ်သောစိတ်ထားရမည်။ ပွတ်ကျွတ်လည်း မနာရအောင်၊ နောင်းအပေါ်တွင်လည်း သစ္စာထားရအောင်။

ထို့ပြင် ရဲအာကာ၏ တစ်ဖက်သတ် ချစ်စိတ်ကလေးကို မညှိုးငယ်စေချင်ပါ။

မြဟွစိုရ်လမ်းမှ ပေနှစ်ရာပတ်လည်မြေကွက်ကို ပိုင်ရှင်က တစ်ပိုင်းရောင်းမည်ဟု ပွတ်ကျွတ် စုံစမ်းချက်အရ သိထားသဖြင့် ပိုင်ရှင်ဦးဘခန့်နှင့် တွေ့သည်။

ဦးဘခန့်ဆိုတာ မြန်မာမဟုတ်။

ထိပ်ပြောင်ပြောင် ဗိုက်ရွှဲရွှဲနှင့် မဈှိမသားကြီး။

သူ့ဘဝသည် သံတိုသံစရောင်းချရင်းမှ သေဌေးဖြစ်လာသူဟု ဂျက်စနေ ကြားဖူးထားသည်။



အဲသည် ငတိကြီးက ပွတ်ကျွတ်ကို ချိတ်နေသည်။

ပွတ်ကျွတ်က ဟိုလိုလို သည်လိုလိုထားပြီး မြေကွက်ရောင်းနိုင်ရန် ဆွယ်ခဲ့၏။ ဒါကြောင့် သူမ မပါလျှင် မပြီးဟုပြောသည်။ အမှန်ပဲ။

ယခု ဦးဘခန့်နှင့်တွေ့တော့ စနေကတောင် သိပ်မဝင်လိုက်ရ။

ဂျက်စနေ နောက်ဆုံးပေးမည့်ဈေးထက် သက်သာအောင် ပွတ်ကျွတ်က ကိုရွှေအသားမည်း ဗိုက်ပူကြီးကို အပိုင်ကိုင်နိုင်ခဲ့၏။

စီးပွားရေးမှာ မလွှတ်တမ်း လုပ်လိုသော ဂျက်စနေက မြေကွက်အတွက် စရန်အနည်းငယ်ပေးပြီး မြေကို တိုင်းတာကာ စာချုပ်ပစ်လိုက်၏။ ရောင်းချသည့်နေ့မှ မြေတိုင်းဌာနမှ ကျွမ်းကျင်သူများကို ခေါ်ကာ တိုင်းတာသတ်မှတ် ဝယ်ယူရမည်။

ထိုမြေပေါ်တွင် အနည်းဆုံး ရှစ်ခန်းတွဲငါးလွှာနှင့် သုံးခန်းတွဲငါးလွှာ အဆောက်အအုံနှစ်ခု ဆောက်ရန် ခန့်မှန်းလိုက်၏။

ပွတ်ကျွတ်မှာ သည်တော့လည်း အားကိုးရပြန်သည်။

"နင့်ကို ကျေးဇူးတင်တယ် ပွတ်ကျွတ်"

"တွေ့လား ... ပွတ်ကျွတ် အစ်ကို့ကို ဘယ်လောက် ကြိုးစားပေးထားလဲ"

"နင်နဲ့ငါသာ လက်တွဲလိုက်ရရင် ဒီမြို့က အဆောက်အအုံတွေကို ငါ ပိုင်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



နှင်နဲ့ငါသာ လက်တွဲလိုက်ရရင်တဲ့။

ဒါက စီးပွားရေးအတွက် ရည်ရွယ်ပြီး ပူးပေါင်းသောသဘောနှင့် ဂျက်စနေက အမှတ်တမဲ့ ပြောလိုက်ပေမင့် အဖြူကို အဖြူလိုချင်သော ပွတ်ကျွတ်က တစ်မျိုးယူဆလိုက်သည်။

လက်တွဲရင်တဲ့။

အမယ်လေး အဲသည်စကားကြားရတာ အရသာရှိလိုက်တာဟာယ်။

သူတို့ ကားပေါ်အရောက်မှာ လူတစ်ယောက် ကားနားရောက်လာသည်။ ဝတ်ထားတာက သပ်သပ်ရပ်ရပ်ပါပဲ။ တိုက်ပုံနှင့် ပိုးတွဲလုံချည် ကွက်စိပ်နှင့်။

"စကိုင်းဂျက်ပိုင်ရှင် ဦးစနေထွန်းလား ခင်ဗျာ"

ဂျက်စနေကို ဂျက်စနေ အဖြစ်လည်းကောင်း၊ စနေထွန်း အဖြစ်လည်းကောင်း သိနေကြသည်။

ဆုပါဂရေးနေကာမျက်မှန်ကို ဂျက်စနေက ထုတ်တပ်ရင်းက ယင်းလူကို ကြည့်၍ …

"ဟုတ်ပါတယ်"

"အတော်ပါပဲ … ကျွန်တော် စောင့်နေတာပါ၊ ကျွန်တော့်နာမည် မင်းခန့်ပါ … ကျွန်တော့်အိမ်နဲ့ မြေကွက်ကို ရောင်းချင်လို့ပါ"

ဂျက်စနေနှင့် ပွတ်ကျွတ်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ ဂျက်စနေက အကဲခတ်၍ …

"ဘယ်လိုရောင်းချင်တာလဲ"



"မြေရောအိမ်ပါ ခြံပြီး ရောင်းချင်ပါတယ် … ဂရန်ကလည်း ဘိုးဘွားပိုင်ဂရန်ပဲ"

"အာ … ဘိုးဘွားပိုင်ဆိုရင် အမွေအမှုတွေ ဘာတွေနဲ့ ရှုပ်တယ်"

တကယ့်လုပ်ငန်းရှင် သေချေးပမာ ပွတ်ကျွတ်က ဝင်ပြောသည်။ ဂျက်စနေက ပွတ်ကျွတ့်ကို မျက်ရိပ်ပြသည်။

"ခင်ဗျားအိမ်က ဘယ်မှာလဲ"

"မြို့အရှေ့ပိုင်း ဖက်တန်းရပ်"

"ကားပါလား"

"အဟဲ … မပါဘူး"

သည်လိုနှင့် အဲသည်လူကို တင်ခေါ်၍ ဖက်တန်းဘက်ရောက်၏။

အတော်အသင့် ကျယ်ဝန်းသော ခြံနှင့်ပျဥ်ထောင်အိမ်တစ်လုံး ရှိနေ၏။

ကိုမင်းခန့်၏ ညွှန်ချက်အရ ကားကို ခြံထဲသို့ သွင်းလိုက်၏။ ကားကို ရပ်ပြီးသည်နှင့် အိမ်နှင့်ခြံကို ကြည့်ရန် ကိုမင်းခန့်၏ ဖိတ်ခေါ်မှုအရ အိမ်ထဲသို့ ဂျက်စနေနှင့် ပွတ်ကျွတ် ဝင်ရောက်သွားကြ၏။ ဂျက်စနေက နေကာမျက်မှန်ကို ဖြုတ်လိုက်၏။

အထဲမှာ မှန်ပြတင်းမှထိုးသော အလင်းရောင်များ ဝင်နေသည်။ အိမ်ထောင်ပရိဘောဂတွေ မတွေ့ရဘဲ အခန်းမှာ ဟင်းလင်းပြင်ကြီး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်းခနဲ အသံကြားလိုက်ရသည်။

"ဟယ်"

သူတို့ ဝင်လာသောအခန်းကို အပြင်မှ သော့ခတ်သွားချေပြီ။ ပွတ်ကျွတ်၏ ဟယ်,သံအဆုံးမှာ လူလေးယောက်သည် အတွင်းခန်းထဲမှ ဓားရှည်ကိုယ်စီ ကိုင်ထွက်လာသည်။

"အစ်ကို ရန်သူ"

"တွေ့တယ် ပွတ်ကျွတ်"

ဂျက်စနေက ပွတ်ကျွတ်ကို တစ်နေရာသို့ တွန်းပို့လိုက်စဉ် နောက်ထပ်လူတစ်ယောက် ထွက်လာသည်။ သူက နေကာမျက်မှန် တပ်ထားသော မိုးမခ။

"မှတ်မိလား"

"အိုဓမာဘင်လာဒင်နဲ့ တူတယ်"

ဂျက်စနေ ပြောင်စပ်စပ်စကားနှင့်အတူ မမျှော်မှန်းမိသော သိမှတ်မှုက ဦးနှောက်ထဲ ဖျေးခနဲ ပေါ်လာသည်။

ကဗ္ဗရာညီနောင်။

သူ ဆယ့်နှစ်နှစ်သားလောက်က နီမဆိုသော ချေးမလေးကို သတ်ဖို့ရန် ကြိုးစားခဲ့သော လူသုံးယောက်။

မိုးမခ၊ မော်တာ။

အဲ နောက်တစ်ယောက် အမည်ကတော့ သူ မမှတ်မိ။

"မင်း ဝမာမခန့်ပြောတာ ဒါနောက်ဆုံးအချိန်ပဲ ... မင်း ဟိုနှစ်ပတ်လောက်က ငါတို့ကို အနိုင်ယူခဲ့တာလေ"



"ကဗ္ဗရာညီနောင်ဆိုတာ ဘယ်သူလဲမှတ်တယ် ... ကျုပ် အတိတ်ဘဝက ထောင်ပြေသုံးယောက်ပဲ ... ခင်ဗျား မိုးမခ ဆိုတာ ကျုပ် သိပြီးသားပဲ ... ကျုပ်ချစ်တဲ့ နီမဆိုတဲ့ ချေးလေးကိုတောင် ခင်ဗျားတို့ သတ်ဖို့ကြိုးစားခဲ့ကြသေးတယ်လေ ထောင်ထွက်တွေရဲ့"

"ဩော် ... မင်းက ဒါတွေကို သိခဲ့ပြီကိုး ..."

ပွတ်ကျွတ်သည် ငေးကြည့်နေသည်။ နီမဆိုသော ချေးလေး။ ထောင်ပြေးသုံးယောက်။

"ချကွာ"

မိုးမခ၏ အမိန့်သံ။

လူလေးယောက် ဓားလေးလက်က မိုးဓားအဖြစ် ဂျက်စနေရှိရာသို့ စုပြုံကျလာသည်။ ဂျက်၏ကိုယ်က နေရာတွင် ပျောက်သွား၏။

ချွင် ...ချွင်

ဓားလေးလက်၏ တွေ့ဆုံရာသည် မီးပွားတွေ ပေါက်ဖေါက်ကျရာနေရာ ဖြစ်သွား၏။

လေးဖက်လေးတန်မှ ဓားတွေ ဝင်အလာကို ဓားသွားများအောက်မှ ဂျက်စနေ ကိုယ်တစ်ဝက်လိမ့်ပတ်ကာ အပြင်ထွက်သွားသည်။

ဖုန်း ...

"အား"

"ဖောင်း"

www.burmeseclassic.com

www.burmeseclassic.com



"အီး"

ဂျက်စနေ ခြေထောက်တွေက မြန်သည်။ လျှပ်ပြက်သလိုပဲ။ ဓားသမားတွေထဲမှ နှစ်ယောက်၏ကိုယ်ကို ကန်မိသွားသည်။

"မှတ်ကျွတ် ... ဝေးဝေးနေ"

ဓားသွားထိမည်ရှိုးသဖြင့် မှတ်ကျွတ်ကို ဂျက်စနေ သတိပေးစဉ် လူတစ်ယောက်၏ ထိုးဓားက သူ့ဝမ်းဗိုက်ထဲကို တန်းဝင်လာသည်။

အဲသည် ဓားချက်ကို ဝမ်းဗိုက်ရှုပ်ကိုယ်ရှိကာ ရှောင်ပေးသည်။ ဓားသွားလမ်းကြောင်း မှန်သော်လည်း လွဲသွားသည်။ ဂျက်စနေ ဘယ်လက်ဖါးစောင်းက လျှပ်ရှားလိုက်တာ ဘယ်လို လျှပ်ရှားလိုက်မှန်း မသိရ။

ခုတ် ...

ဝုန်း ...

ကိုယ်နှောတစ်ခု ပြုတ်ကျသွားသည်။ ဓားသမားတစ်ယောက်ကို မှတ်ကျွတ်က နောက်မှ ခုန်အုပ်၍ သူမ၏ သွားများနှင့် ကိုက်ခဲသည်။ ဆွဲခါသည်။

ဓားသမားမှာ ပါးစပ်မှ နာကျင်စွာအော်ကာ သူမကို ကျောပေါ်မှ ခွာချဖို့ ကြိုးစားနေစဉ် ဂျက်စနေ၏ ပက်ဓားက သူ့မျက်နှာထဲ ဖြတ်သွားသည်။ နဖူးတွင် သွေးတွေ ရဲသွားသည်။

ဂျက်စနေလက်ထဲ ဓားရောက်သွားပြီကို သိသောမိုးမခမှာ မျက်လုံးတွေ ပြူးသွားမိသည်။



ဂျက်စနေ လောက်မြန်တာ သူ့တစ်သက်တွင် မတွေ့ဖူးသေးပါ။ အကြောင်းကတော့ ဂျက်စနေသည် သူ့နောက်သို့ လှည့်ခန့် ခုန်ဝင်လာကာ သူ့ဆံပင်တွေကို လက်တစ်ဖက်နှင့် နောက်ပြန်ဆောင့်ဆွဲပြီး ဓားသွားနှင့် လည်မျိုကို လှီးဖြတ်တော့မည့်ပုံ ရောက်သွားခဲ့၏။

"မင်းတို့ လက်နက်တွေချ ... မချရင် မင်းတို့ဆရာကြီးရဲ့ လည်ပင်းကို လှီးဖြတ်ပစ်လိုက်မယ်"

သူ့အသံက အေးစက်သည်။ တည်ငြိမ်မာကျောလှ၏။ မျက်နှာကလည်း ရက်စက်မာကျောသောအသွင်။

တကယ်တော့ ဂျက်စနေ သရုပ်ဆောင်ခြင်းမဟုတ်ပါ။ သူ့အသက်ကိုယ့်အသက် လုကြရာဝယ် ရန်သူကို ညှာနိုင်ရိုးထုံးစံ စနေထွန်းတွင် မရှိပါ။

ဒါပေမယ့် ...

ဂျက်က ဥပဒေကို လေးစားသည်။

မိမိဘဝကို အနစ်မွှန်းမခံချင်။

ပြောမရလျှင်တော့ တကယ်ကို လုပ်ရမှာ။

လူတစ်စုသည် ဂျက်ကို ငြိမ်သက်စွာ ကြည့်နေကြ၏။ ရှေ့တိုးရကောင်းမလား၊ နောက်ဆုတ်ရကောင်းမလား။

ဝေခွဲမရနိုင်တော့သည့်အသွင်။

နဖူးတွင် ဓားဒဏ်ရာနှင့် အကိုက်ခံရသော လူမှာ ခုံးတွင် သွေးသွင်သွင်ယိုစီးကာ ပခုံးကို လက်[illegible]နှင့် ဖိတ်၍ ညည်းနေဘိသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးစောင်းနှင့် အခုတ်ခံရသူမှာလည်း ကြမ်းပြင်ပေါ်တွင် စင်းစင်းလဲလို့။

ပွဲကတော့ ပွဲသိမ်းကိုမကောင်း။

"လူမိုက်ကြီး … ခင်ဗျား လူတွေကို လက်နက်ချဖို့ ပြောလိုက် … ကျုပ် ခင်ဗျားကို မလုပ်ဘူး မထင်နဲ့ … ဂျက်စနေ ကြမ်းရင် အာရွှာဝကတောင် ထိုင်ငိုသွားလိမ့်မယ်"

လေသံနှင့် ဖိကြိမ်း၍ ဓားသွားကို လည်မျိုပေါ် တစ်ဆဖိတင်လိုက်သည်။ မျက်မှန်တွင်းမှ မျက်လုံးတွေ ပြူးကာ မျက်နှာအပျက်ကြီးပျက်နေသော မိုးမခက လက်ဟန်ပြသည်။

လက်နက်ချလိုက်ကြပါ။

သိပ်တော်တဲ့ အဘိုးကြီးပဲ။

"တံခါးကို ဖွင့်ခိုင်းလိုက်"

လူတစ်ယောက်က တံခါးကိုဖွင့်ရန် အော်ပြောသည်။

"လူမိုက်ကြီး … ခင်ဗျားမိုက်သလောက် ကျုပ် မမိုက်ဘူး။ ကျုပ် ဂျက်စနေဆိုတဲ့ကောင်က ငယ်ငယ်တုန်းက ရေမြွေအစ ကြီးလာတော့ မြွေပွေးလို့မှတ် … မတူရင်မတုနဲ့ … ခင်ဗျားကို ကျုပ် အမြဲတန်း စိန်ခေါ်တယ် … နားလည်လား … ခုတစ်ခါတော့ ရဲလက်မအပ်ဘူး … နောက်တစ်ခါဆိုရင် ခင်ဗျားမျက်နှာမှာ မျက်မမြင်တွေ နေကာမျက်မှန်တပ်သလို အမြဲတပ်သွားအောင် မျက်လုံးနှစ်လုံးကို ဖောက်



ပစ်မယ် … ခင်ဗျားရဲ့ နက်ကြုတ်နေတဲ့ ကတ္တရာချောင်အသားတွေကို ပြောင်းလွဲသွားအောင် အရေခွာပစ်မယ် … မှတ်ထား"

ပြောလည်းပြော တင်ပါးကိုလည်း ဒူးနှင့် တစ်ချက်တိုက်ပစ်လိုက်၏။ ဓင်လာခဲ့သော တံခါးမှာ ပွင့်သွားသည်။

မင်းခန့်က အပေါက်ဝတွင်ရပ်၍ အုံအားအသင့်ကြီးသင့်နေသည်။ သူ့အထင်က ဂျက်စနေ သွေးအိုင်ထဲလဲ၍ အသက်ပျောက်ကာ ကောင်မလေးမှာ ကြောက်လန့်တကြား ငိုယိုနေလိမ့်မည်ဟု ထင်၏။

ခုတော့ …

သူက ကြောက်ကြောက်လန့်လန့်နှင့် ကြည့်စဉ်ဂျက်က မိုးမခလည်ပင်း ဓားတင်ကာ တွန်းထုတ်လာသည်။ သူ့နောက်မှ ပွတ်ကျွတ် လိုက်လာသည်။

လိုက်လာစဉ် သူမ၏ တွန့်ကြေသွားသော အဝတ်အစားတွေကို ဆွဲဆန့်နေသည်။

သူမ အမူအရာသည် ဘယ်သူ့ကိုမှ ထီမထင်သောသဘောနှင့် ကြော့ကြော့လေးပဲ ဂျက်နောက်မှ လိုက်သွား၏။

ဂျက် ငယ်စဉ်က နီမကို ရန်ရှာသော ချေးအုပ်ကိုချက်ကရှင်းပြီး နီမက ကြော့ကြော့မော့မော့လေး အမြီးတထောင်ထောင်နှင့် လိုက်သလိုပါပဲ။

မင်းခန့်နား ပွတ်ကျွတ် ရောက်သွားတော့ …

ဖြန်း …

www.burmeseclassic.com

www.burmeseclassic.com



ဖြန်း ...

မင်းခန့်ပါးတွေ ကျိန်းစပ်သွား၏။ ပွတ်ကျွတ်၏ လက်ရာကို တစ်သက်တာ မမေ့အောင် သမိုင်းတင် ခံလိုက်ရခြင်းပါ။

"မှတ်ထား ... အဲဒါ ရှင့်အတွက် မြေနဲ့အိမ်ကို ရောင်းစလေးကို ဈေးမဆစ်ဘဲ ပေးလိုက်တာ"

မကြောက်မရွံ့သော ပွတ်ကျွတ်ကို ဂျက်စနေပင် အံ့ဩသွားသည်။ အသက်ဆယ့်ရှစ်နှစ် ရှိနေပြီဆိုသော ထိုမိန်းကလေးသည် ဘယ်မိန်းမနှင့်မှ မတူသော သံမဏိစိတ်ဓာတ် ရှိနေခြင်းကို သဘောတော့ကျမိ၏။

သူမကို ယူမိသော ယောကျ်ားသည် သူမ စိတ်အနေ့ မသင့်လျှင် အနားမှာ ဂရိတ်ဝေါတို့၊ ဦးစိုင်းလိမ်းဆေးတို့ အမြဲဆောင်ထားရမှာ သေချာသည်။

ကားနားရောက်သည်အထိ ဘယ်ကောင်မှ လိုက်မလာရဲပါ။ ပွတ်ကျွတ်က ကားနောက်ခန်းထဲ ဦးစွာဝင်ပြီး တံခါးကို ဒိုင်းခနဲ ပြန်ပိတ်လိုက်သည်။

ဂျက်က ဓားကို ရုတ်၍ မိုးမကို ဆောင့်တွန်းပစ်လိုက်၏။ မိုးမမှာ လေးဖက်ထောက်ကျသွားသည်။ ခွေးဓာတ်ဝင်သွားလေပြီ။

"လူမိုက်ကြီး ... ကျုပ်နဲ့ ရင်ဆိုင်တိုင်း ခင်များလူတွေကို မြစ်ဖို့ ဆေးတိုက်တစ်တိုက် အမြဲ ရှာထား ... သွားပြီ ... တာ့တာ"



နီးရာသစ်ပင်တွင် ဓားကို လှံလိုချိန်ဆပြီး ပစ်စိုက်ခဲ့၏။ ကားကို မောင်းထွက်လာခဲ့သည်။

လမ်းပေါ်ရောက်မှ သက်ပြင်းကြီးကို ချလိုက်သည်။ နောက်မှ ရှိုက်သံကြားရသည်။ လှည့်ကြည့်၏။

ဟယ် ... ပွတ်ကျွတ်မ ငိုနေပြီ။

"ဟဲ့ ... ပွတ်ကျွတ် ဘာလို့ ငိုနေတာလဲ"

"ကြောက်လို့"

ဗုဒ္ဓေါကြီး။

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်လမ်းစဉ်(၉)

ဖြစ်ပျက်သမျှတွေကို နောင်းအား ပြန်မပြောရဲပါ။

နောင်းမှာ စိတ်ပူတတ်သူမို့ အရမ်းစိတ်ပူနေပါလိမ့်မည်။

အလုပ်လုပ်စားရတာ မလွယ်ပါလား။

အကြံတူညာဏ်တူရှိလျှင် ရန်သူရှိစမြဲ။

ဂျက်သည် အလွယ်တကူ အလျှော့ပေးတတ်သူမဟုတ်ပါ။

နောက်တစ်ခါ ကတ္တရာညီနောင်က ပွဲထပ်စလာလျှင်တော့ ကတ္တရာကို မီးတိုက်အရည်ကြိုသလို မိုးမခကို မှတ်လောက်အောင် ဆုံးမပြီး ရဲလက်ထဲသို့ အပ်လိုက်တော့မည်ဟု စိတ်ကူးမိလေသည်။



ဂျက်မှာ မိုးမခနှင့် စိတ်အနှောင့်အယှက် ဖြစ်ရသည်သာမဟုတ်။

ဟိုကောင်လေး ရဲအာကာနှင့် ပတ်သက်လို့ စိတ်ထဲတွင် ကသိကအောင့် ဖြစ်ရသည်။

ရဲအာကာသည် မိမိနှင့် ပွတ်ကျွတ်အခြေအနေကို မြင်သွားပြီးချိန်မှစပြီး အလုပ်ခန်းသို့ အလုပ်လာမဆင်းတာ သုံးရက်ရှိသွားခဲ့ပါပြီ။ မမြင်တာလည်း စုနှစ်ဆယ်နှစ်နှာရီ ရှိသွားခဲ့ပြီ။

သူသည် ပွတ်ကျွတ်ကို ညီမလေးလို သဘောထားသလို ရဲအာကာကိုလည်း ညီလေးတစ်ယောက်လို သံယောဇဉ်ထား၏။

ပွင့်ပွင့်လင်းလင်း ဆိုရပါမူ ယခု သူ အလုပ်စပြီး အလုပ်ရှင်သန်လာတာက ပွတ်ကျွတ်နှင့် ရဲအာကာက အစိကပင်တိုင်ဖြစ်၏။

လုပ်ငန်းနှင့် ပတ်သက်၍ သူတို့ကို အားထားမိသည်။ သည်မြို့တွင် နှစ်ပေါင်းများစွာ ကွဲကွာပြီးမှ ခြေချသော သူ့အဖို့ မမြင်မကန်း လျှောက်လုပ်နေသရွေ့ အောင်မြင်ဖို့ ခဲယဉ်းသည်။

ပွတ်ကျွတ်နှင့် ကိုရဲ ဝင်နွှဲပေးကာမှ အလုပ်မှာ အသက်ဝင်လာသည် ဆိုရမည်။

အဲသည်တော့ သူတို့ကို ကျေးဇူးတင်သည် ခင်မင်သည်။ သံယောဇဉ်ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့က ပွတ်ကျွတ် အဲတွက် နောင်း၏ ခွင့်ပြုချက်အရ ထက်ထက်မိုးဦး စာဝမ်းဆက်ကို လိုက်ဝယ်ပေးသည်။

ရဲအာကာအတွက်လည်း လီဗစ်ဂျင်းတစ်ထည်ကို ဝယ်သည်။ ပေးတော့ မပေးရသေး။

သည်နေ့လယ်ထိ ရဲအာကာ မလာတော့ စိတ်တွင်းမှ ကသိကအောက် ဖြစ်မိသော ဂျက်က ပွတ်ကျွတ်အား ...

"ပွတ်ကျွတ် ... ဒီနေ့ ရဲအာကာကို လိုက်ရှာစမ်း ... အလုပ်လည်း ဆင်းပါလို့ပြော ... ဟောဒီဂျင်းကိုလည်း ပေးလိုက်"

ကောင်မလေးက သွက်လက်စွာ ယူသည်။ ရဲအာကာ ရှိမည့်နေရာကို မှန်းသည်။

ရဲအာကာမှာ မြို့မြောက်ဘက် နဝင်းလမ်းတွင် နေသည်။ နဝင်းလမ်းနားတွင် ချက်ကြီးအရက်ဆိုင်ရှိသည်။

ဒေါ်စာအုံမှာ ဦးမောင်မောင် ဘုန်းကြီးဝတ်သွားကတည်းက သူမဆိုင်တွင် အရက်ကို မထင်တော့။

သောက်တတ်သူတွေ နောက်ပေါ်အရက်ဆိုင်ဖြစ်သော ချက်ကြီးဆိုင်သို့ပဲ သွားတတ်၏။ ရဲအာကာလည်း သွားတတ်သည်။

ချက်ကြီးဆိုင်တွင် အရက်တစ်ခွက်နှင့် ထိုင်ငိုင်နေသော ကိုရဲကို တွေ့ရသည်။ ကိုရဲမှာ အရက်ဆိုင်ထဲအထိ ရဲတင်းစွာ ဝင်လာသော ပွတ်ကျွတ်ကို ကြည့်ပြီး ...

"ဟဲ့ ... ဟဲ့ ... ပွတ်ကျွတ် ... နင် ဘာလို့ ဒီလာရတာလဲ"



"နင့်ကို လိုက်ရှာနေရတာပေါ့လေ ... နင်က ဒီမှာ ဇိမ်ကိုတွေ့လို့"

"ဟာ ... သေတော့မှာပဲ ... [illegible]လာ"

ဆိုင်ထဲမှာရှိသော အရက်သမားတွေကို ပွတ်ကျွတ် ဂရုမစိုက်သော်လည်း ရှုံ့မှုံ့ရဲရဲ မျက်လုံးများနှင့် ကြည့်နေသော အရက်သမားတို့၏ အကြည့်ဒဏ်ကို ပွတ်ကျွတ်ပေါ်တွင် ခံလိုဟန်မရှိသော ရဲအာကာက ပွတ်ကျွတ်ကို ဆိုင်ပြင်ဘက် ခေါ်ထုတ်သွားသည်။

ဆိုင်ပြင်ဘက်မှ ကုက္ကိုပင်ရိပ်မှာ အေးနေသည်။ လမ်းဘေးတွင်ရှိသော ထနောင်းပင်တို့၏ စိမ်းလန်းသော အခက်များတွင် ဆူးခက်တွေ ထိုးထိုးထောင်ထောင် ထွက်နေသည်။

"နင် ဘာလို့ ရှာတာလဲ"

"ဟဲ့ ... မရှာလို့ ဖြစ်မလား ... နင် အလုပ်မဆင်းဘူး ... အစ်ကိုက နင့်ကို မျှော်နေတယ်လေ"

လမ်းဘေးက ကုက္ကိုပင်ရိပ်တွင် သူတို့နှစ်ယောက် ရင်ဆိုင် ရပ်စကားပြောနေမိကြသည်။

ဆောင်းလေမွှေသည် ကားလမ်းမှ သူတို့ဆီသို့ ဖွဖွလောင်လောင် တိုက်လာ၏။

ဆောင်းဖြစ်သော်လည်း မအေးမြပါ။

ရာသီဥတု ဖောက်လွဲဖောက်ပြန် ဖြစ်ချေပြီ။

အရေးတကြီး ပြောလာသော ပွတ်ကျွတ်စကားကို ကိုရဲက မဲ့ပြုံးကလေးနှင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ သိပါတယ် ... ငါက သူ့ကို အကျိုးရှိအောင်လုပ်ပေးနေတယ် မဟုတ်လား ... နင် မှတ်ထား ပွတ်ကျွတ် ... လုပ်ငန်းရှင်မှန်သမျှ စီးပွားရေးသမားမှန်သမျှ သူတို့ကို အကျိုးရှိအောင် လုပ်ပေးတဲ့လူကိုပဲ ဂရုစိုက်တာပါဟာ"

"အစ်ကိုက နင့်ကို ခင်ပါတယ် ... နင် မလာလို့ ငါ့ကို ရှာခေါ်ခိုင်းတယ်လေ ... ပြီးတော့"

"သူဟာ ငါ့အလုပ်ရှင် မဟုတ်တော့ဘူးလေ ... ငါ သူ့ဆီမှာ မလုပ်တော့ဘူး ..."

"နင် ဘာလို့ မလုပ်တာလဲ ... အခု ဒီမှာ နင် ဝတ်ဖို့ ဂျင်းတစ်ထည်လည်း လက်ဆောင်ပေးခိုင်းလိုက်တယ်"

"ဘာလဲ ... ငါ့ကို ချွေးသိပ်တာလား"

"နင် ဘာဖြစ်နေတာလဲ"

ကိုယ့်အဖြစ်ကိုတော့ ပွတ်ကျွတ် သိပါသည်။ သို့စင်တိုင်အောင် မလုံမလဲစိတ်နှင့် ခပ်မာမာမေးမိသည်။

အဲဒါက အရက်မူးနေသော ကိုရဲကို မီးလောင်ရာ ဓာတ်ဆီစက် ကျသလို ဖြစ်သွားသည်။

"ဘာဖြစ်ရမှာလဲ ... ဟောဒီ ငါ့မျက်လုံးတွေနဲ့ကို တပ်အပ်မြင်တာ ... ငါ မကန်းဘူး"

"အေး ... ဒါကတော့ဟယ် အချစ်ဆိုတာ မျက်စိမရှိဘူးလို့ ပြောကြတယ် မဟုတ်လား"

"အချစ်မှာ မျက်စိရှိတယ် ... တို့အိမ်နားက မသန်းချစ်ဆိုတဲ့ အချစ်မှာ မျက်စိရှိတယ် ... နင် ဇွတ်မပြောနဲ့"



"ငါ အမှန်ပြောနေတာ"

ကိုရဲ ရင်ထဲမှာ ဆောင်းလေပူသလို ပူနေ၏။ သူတို့တတွေ ရာသီဥတုမမှန် ဖောက်ပြန်နေကြပါရောလား။

တစ်ယောက်က မိန်းမရှိလျက်နဲ့ ...

နောက်တစ်ယောက်က သူ့အပေါ် မိမိ ချစ်နေမှန်း သိလျက်နဲ့။

ကြံသေးသမျှ ... ကုန်ခွေးမျာလှုကြွယ်။

"နင်တို့ ကြိုက်နေကြတယ် မဟုတ်လား"

တကယ်ဆို သည်နေရာမှာ ပွတ်ကျွတ်က တရားဝင်မှန်တာရှင်းလျှင် ပြဿနာတွေ ပြေသွားနိုင်၏။

ပွတ်ကျွတ်က ဂျက်စနေကို ချစ်နေသည်ဆိုတော့ ချော်လဲရောထိုင်ပါတော့သည်။

"တို့အဖြစ်ကို နင် မြင်ရင် သိနိုင်ပါတယ် ငရဲရယ် ... မေးနေရသေးလား"

သည်စကားသည် ရဲအာကာ၏ နှလုံးသားအတွင်းကို မီးနှင့် မြှိုက်သလို အခံရခက်စေ၏။

ကိုရဲမျက်နှာက အမည်းနှင့်လိုက်အောင် ရဲသွားတော့သည်။

သူက ပွတ်ကျွတ်၏ ပခုံးကလေးကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ကာ ဒိုသံပါကြီးနှင့် ...

"ငါကတော့ နင့်ကို တစ်ဖက်သတ်ချစ်လိုက်ရတာ ပွတ်ကျွတ်ရယ် ... နင့်ကို မထိရက် မကိုင်ရက်နဲ့ နေမထိပန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးလို သဘောထားခဲ့တယ် ... အလိုလိုက်ခဲ့တယ် ... ယုယခဲ့တယ် ... နင့်စကားဆို ဘာမဆို ငါနားထောင်ခဲ့တယ် ... ဒါပေမယ့် နင်က ငါ့အချစ်ကို တန်ဖိုးမထားဘူး၊ မယားရှိလင်ကို သွားချစ်ရဲတဲ့ ဆန္ဒဆိုးနဲ့ မိန်းမပဲ ... နင် သစ္စာမရှိဘူး ... သွား"

ဒေါသနှင့် ဆောင့်တွန်းလိုက်သော အရှိန်၏ ဒဏ်ကို ပွတ်ကျွတ်မ ခံရသည်။ ဖင်ထိုင်လဲသွားသည်။ ဖြီးညှောင့်ရီးတောင် အောင့်သွားရှာသည်။ ထွထဲပြည့်ဖြိုးသော တင်သားများကြောင့်သာ အရိုးမကျိုးတာ။

သည်ကောင် သိပ်ရိုင်းတာ။

လူသူမမြင်လို့ တော်သေးရဲ့။

ပွတ်ကျွတ်မ ပြန်ထသည်။ မျက်နှာလှလှကလေးမှာ သွေးရောင်တွေ လွှမ်းခြယ်နေသည်။ သူမကလည်း ဒေါသနှင့် ...

"မချစ်ဘူး ... မချစ်ဘူး ... နင့်ကို ငါ မချစ်ဘူး ... အစကလည်း မချစ်ဘူး ... ခုလည်း မချစ်ဘူး ... ငါ ချစ်တာ အစ်ကို့ကိုပဲ ချစ်တယ် ... သူက လက်တွဲသွားမယ်တဲ့ ... အဲဒီလို လက်တွဲသွားနိုင်အောင် ငါ ကြံမယ် ... နင့်ကို မုန်းတယ် သိလား ... ဒီမှာ ကြည့်စမ်း"

ဒေါသနှင့် သူမ၏ ပါးစပ်ကို ခွေးသွားဖြဲသလို ဖြဲလိုက်သည်။ ပါးစောင်ရှေ့တွင် အထက်အောက်ချွန်ထက်သော အစွယ်ကလေးတွေက စံပါယ်ဖူးတွေလို အနည်းငယ် ရှည်ထွက်နေသည်။



"ဟောဒီ သွားတွေနဲ့ နင့်ကို ငါကိုက်ဖြတ်ပစ်လိုက်ရင် ရတယ် ... ဘယ်သူမှ ငါ့အသားကို နာအောင်လုပ်လို့ မရဘူး ... နင်ကတော့ ငါ့ငယ်သူငယ်ချင်းမို့ ငါ သည်းခံလိုက်မယ် ... အရိုင်းကောင် ... ခွေး"

စိတ်ပေါက်ပေါက် ပြောပြီး ချာခနဲ လှည့်ထွက်လာသည်။ ဂျင်းဘောင်းဘီကိုပါ ပြန်ယူလာသည်။

ရင်ထဲမှာတော့ ဆန္ဒက ပြင်းနေ၏။

အစ်ကိုနှင့် အတူနေလိုသောဆန္ဒ။

နှောင်းသာ မရှိခဲ့လျှင် အစ်ကိုသည် မိမိကို တော်ကောက်မှာ မုချပဲ။

အစ်ကိုနှင့်တွေ့တော့ ပွတ်ကျွတ်က သူ ရဲ့အာဏာကို လိုက်ရှာရာ မတွေ့ဟု ပြောသည်။ ဂျက်ကတော့ ယုံကြည်သည်။

ဆန္ဒပြင်းသော ပွတ်ကျွတ်က နှောင်းအား ဘယ်သို့ ဖယ်ထုတ်ရမည်ကို စဉ်းစားသည်။

လင်မယားကွဲကိန်း ဖြစ်ဖို့ဆိုတာက အတော်ကြာကြာ ကြံစည်ရဦးမည်။ သည်အတွင်း အစ်ကို သိသွားပါက မိမိကို ကောင်းကောင်းကြီး ထောင်းမည်။ မုန်းမည်။

ဒါဆို အစ်ကို့အနား သူကပ်ခွင့်ရမည် မဟုတ်တော့ပါ။

အကောင်းဆုံးက သူ့မယားလိုချင် သူ့လင်ပြန်ပို့ပေးနဲ့ဆိုးဆိုသလို သူ့လင်လိုချင်လျှင် သူ့မယားကို ဖားထိုးမှပဲ။

နှောင်း သေစေရမည်။

www.burmeseclassic.com



အမယ်လေး ... ကြောက်စရာအကြီး။

ဆန္ဒဆိုးတဲ့ မိန်းကလေးရယ်။

သည်ရောသည်ကာလမှာ ခံလိုက်ရသော မိုးမခမှာလည်း ကြိသာကြိ မဟန်ဖြစ်သွားသဖြင့် ထုံးစံအတိုင်း ဟိုလူ့မဲသည်လူ့မဲနှင့် ဆုပ္ပဏာတ်ခင်းသည်။

နောက်ဆုံး သက်ကိုကိုကိုပဲ အလုပ်ပေးလိုက်၏။

သက်ကိုကိုဆိုတာ လူချောလူလှ မဟုတ်သည့်တိုင် လူဖြောင့်တစ်ဦးဖြစ်သည်။ ဝတ်တာစားတာက စတိုင်။

စကားပြောလျှင်လည်း စတိုင်။

သူ့စတိုင်က တစ်မျိုး။

သူက မိန်းကလေးတွေနှင့် မပွေမရှုပ်ပါ။

မိန်းမရှုပ်သည် ဟူသော စာတ်ကို သူ့ဘဝတွင်မခံ။

သို့သော်လည်း လိုအပ်လာပြီဆိုလျှင် ထိုမိန်းကလေး၊ ဟိုမိန်းကလေးနှင့် သင့်တင့်အောင် ပေါင်းပြီးတော့ ယင်းမိန်းကလေးများကို သူ့ကိုယ်ကျိုးအတွက် အသုံးချတတ်ပါသည်။

ဒါကြောင့် သူ့တွင် ဟိုမုဆိုးမ၊ ဟိုတစ်ခုလပ်၊ ဟိုအပျိုကြီးတွေကဆီက သူ သုံးလိုတိုင်း လက်ဖျားရေစွဲနေတတ်၏။ ရေမှန်မှန် ချိုးရသည်။

သူသည် မိုးမခ၏ ထိပ်တန်းကြေးစားလူမိုက်တစ်ဦး ဖြစ်လာခဲ့သည်။ လူသတ်သမားအဖြစ် ထောင်ထဲမှာ ခုနစ်နှစ်နေခဲ့ပြီးသောသူမို့ တစ်ကောင်ကြွက် တစ်ကိုယ်တော်အဖြစ် ဒုစရိုက်လောကထဲ ပြန်လည်ဝင်ရောက်ကျက်စားခဲ့သည်။



သူ့ပေါ်လစီက သူသည် သူကြိုက်သော ငွေမရမချင်း အလုပ်တစ်ခုကို သူနှင့် မဆိုင်သလို သဘောထားလိုက်သည်။

သူ ငွေရပြီဆိုလျှင်တော့ အဲသည် လူနောက်ကို သဲသဲမဲမဲလိုက်၍ လူမသိသူမသိ ဖြောင်ပစ်လိုက်သည်။

သူ့ကို ခေတ်ပညာတတ် ဒုစရိုက်သမားတချို့က ခေတ်ပေါ်ကြေးစားလူသတ်သမား (BLOOD MONEY MAKER) ဟု ခေါ်တတ်ကြသည်။

ငွေရလို့များတော့ သည်လူသည် သူ၏ မုန်းနေသော ရန်သူဖြစ်ပေစေ၊ ချက်ချင်း သူ့မိတ်ဆွေ ဖြစ်သွားသည်။

ငွေကြေးကိုသာ အဓိကထားသော သက်ကိုကိုအား မိုးမခက လျှို့ဝှက်ခေါ်တွေ့ကာ ငွေငါးသောင်းပေးလိုက်သည်။

ဂျက်စနေ၏ လုပ်ငန်း၊ ဂျက်စနေ ဘယ်မှာနေသည်ကို ပြောပြသည်။ တတ်နိုင်လျှင် နှစ်ဆယ့်လေးနာရီအတွင်း ရှင်းပစ်ပေးပါဟုဆိုပြီး ဂျက်စနေဓာတ်ပုံကို ပြသည်။

ထိုဓာတ်ပုံမှာ မိုးရိုက်ထားသောဓာတ်ပုံ။

ပျော်ပွဲစားရုံတစ်ရုံရှေ့တွင် ဂျက်စနေကားထဲမှ ထွက်လာသောပုံ။

အလုပ်အတွက် ငွေငါးသောင်း ပေးလိုက်၏။

ငွေငါးသောင်း ယူသွားပြီးနောက် ဦးစွာ ဂျက်စနေ အိမ်သို့ သွားရောက်လေ့လာသည်။ အိမ်တွင် ဂျက်စနေ မရှိ။ ဂျက်စနေ၏ ဇနီးနှောင်းနှင့် အိမ်တွင်ထားပေးထားသော အိမ်ဖော်မိန်းကလေးကိုပဲ တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေ ပြန်မည့်အချိန်ကို စောင့်သည်။

ညနေငါးနာရီ ပုံမှန်ပြန်လာ၏။ ထိုပုံမှန်တွင် ဂျက်စနေနှင့်အတူ ပွတ်ကျွတ်ခေါ် ယမင်းကေရီခေါ်သည့် မိန်းမချောလေးတစ်ယောက် တစ်ခါတစ်ခါ ပါလာတတ်သည်။

နှစ်ဆယ့်လေးနာရီဟု မိုးမတော် ပြောသော်လည်း သက်ကိုကိုက ခုနစ်ဆယ့်နှစ်နာရီ အချိန်တောင်းခဲ့သည်။

ခုနစ်ဆယ့်နှစ်နာရီ ပြည့်မြောက်ပြီးသည့်နောက်မှာ ဂျက်စနေ၏ ရုပ်ကို မမြင်စေရဟု သက်ကိုကိုက အာမခံခဲ့သည်။

ပထမနေ့နှင့် ဒုတိယနေ့တွင် လေ့လာပြီးသည်နှင့် တတိယနေ့မှာ လုပ်ငန်းစ,ရန် ဆုံးဖြတ်လိုက်သည်။

ထိုထိုသောအချိန်တွင် ပွတ်ကျွတ်ဆိုသော ကောင်မလေးကလည်း ဒုတိယနေရာ မဟုတ်ဘဲ ပထမနေရာရဖို့အတွက် ကြံစည်နေချေပြီ။

ပြင်းထန်သော အဆိပ်တစ်မျိုးကို သူမ လိုက်ရှာသည်။ ထိုအဆိပ်မှာ မြွေပွေး၏ အဆိပ်ပင်ဖြစ်သည်။

မြွေပွေးအဆိပ်ကို ဖော်စပ်တတ်သူ တစ်ယောက်နှင့် တိုင်ပင်ကာ ဝယ်ယူလိုက်သည်။

သံညှပ်ကြွက်ထောင်ချောက် တစ်လုံးကို ရှာသည်။

ထိုကြွက်ထောင်ချောက်မှ သံညှပ်မောင်းကို တင်ပြီးသော် တစ်ဖက်မှ သံစူးတွင် မြွေဆိပ်နှင့် ဖော်စပ်ထားသော အဆိပ်ကို လူးထားလိုက်သည်။



ယင်းသည့်နောက် ပလတ်စတစ် အပိတ်ပန်းခြင်း တစ်ခု ထပ်ရှာသည်။ ပန်းရောင်းလာသူပီပီ ဘယ်ပန်းက လူကြိုက်သည်၊ ဘယ်ပန်းက ဆွဲဆောင်မှုရှိသည်ကို နားလည်သည်။

နောင်းအကြိုက်ဆုံးမှာ နှင်းဆီဆိုတာကို နားလည်ပြီးဖြစ်သည်။

ပလတ်စတစ်ခြင်းအောက်တွင် ကြွက်ထောင်ချောက် သံပတ်မောင်းပါသော ညှပ်ထောင်ချောက်ကို ထည့်လိုက်၏။

လှပသော ဩစတေးလီယားပန်းကန်နှင်းဆီပန်းပွင့်ကြီးတွေပါသော နှင်းဆီကိုင်းတွေကို ပလပ်စတစ်ခြင်းထဲ ထည့်ကာ အတွင်းမှ ဆွဲထုတ်၍ မရဘဲ ငြိအောင် ဖန်တီးပေးထား၏။

ပန်းပွင့်တွေကို ဆွဲထုတ်တော့ မမြင်ရဘဲ ငြိနေသော ပန်းကိုင်းကို ထုတ်သည်နှင့် သံညှပ်မောင်း၏ သံပတ်မောင်းကို ထိမိကာ သံညှပ်က လက်ကို ညှပ်မိမည်။

ထိုအခါ သံညှပ်မှ အဆိပ်သုတ်လိမ်းထားသော ဆူးက လက်ကို စူးသွားလိမ့်မည်။

ပွတ်ကျွတ် ဉာဏ်ထွက်၏။

ဆိုးတယ်။

တစ်ယောက်က လင်အသက်ကို ကြံစည်၏။

ကျန်တစ်ယောက်က မယား၏အသက်ကို ကြံစည်၏။

သက်ကိုကိုသည် တက္ကစီကားနှင့်ပင် ဗျူအုန်းဝင်သို့ လာခဲ့သည်။ သူက နောင်းကို မြင်တွေ့ပြီးသဖြင့် အေးအေး

www.burmeseclassic.com

www.burmeseclassic.com



သောနှောင်းအား ဘယ်သို့အသုံးချရမည်ကို ကြံစည်တွေးတောလာသည်။

တစ်နေရာတွင် သူက တက္ကစီကားကို ရပ်ခိုင်းလိုက်၏။ ယမန်နေ့ကတည်းက သတ်မှတ်ခဲ့သော နေရာဖြစ်သည်။

ယင်းနေရာသည် ရွှေအုန်းပင်လမ်း၏ လမ်းကြားကလေးတစ်ခုထိပ်တွင်ဖြစ်၍ လူပြတ်သည်။

ခြံကြီးတစ်ခြံက လူသူကင်းမဲ့ကာ အတွင်းသို့ ဝင်တိုးနိုင်သော အပေါက်တစ်ပေါက်ရှိ၏။

အိတ်တစ်အိတ်နှင့်အတူ ထိုအပေါက်ထဲသို့ သက်ကိုကို လေးဖက်ထောက် ဝင်သွားသည်။

သူ့အိတ်ထဲမှ ယူနီဖောင်းတစ်စုံကို ထုတ်လိုက်၏။ လဲလှယ်ဝတ်ဆင်လိုက်သည်။ တံဆိပ်ပါသော ဦးထုပ်ကလေးကို ဆောင်းလိုက်သည်။ လျှာထိုးဦးထုပ်ဆောင်းပြီးသည်နှင့် သူ့မူလအဝတ်အစားတွေကို အိတ်ထဲသို့ ထည့်ကာ အိတ်ကို ချုံပိတ်နေရာထဲတွင် ဝှက်လိုက်သည်။

လေးဖက်ထောက် ပြန်ထွက်လာသည်။

အပြင်ရောက်လျှင် မတ်မတ်ရပ်လိုက်၏။ နေကာမျက်မှန်တစ်လက်ကို ထုတ်တပ်လိုက်သည်။

နောက်ငါးမိနစ်ကျော်ကျော် ဆယ်မိနစ်တွင်တော့ ဂျက်၏ ခြံအတွင်းဘက်မှ စူးရှသော လူခေါ်ခေါင်းလောင်းသံ ပေါ်လာ၏။



နေ့လယ်နေသည် ဆောင်းဖြစ်သော်လည်း မူလှသဖြင့် ခြံဝတွင် ရပ်ကာ စျေးစို့နေသော သက်ကိုကိုက အိုစုန်းလှာများ ပြန်းတီးအောင်လုပ်သော နိုင်ငံတွေကို ဆဲရေးမိ၏။ ကျိန်ဆဲမိ၏။

မျက်လုံးတစ်လုံးသည် ချောင်းကြည့်ပေါက်ကလေးဖောက်ထားသော သံပြားတံခါးကြီးအတွင်းမှ ချောင်းကြည့်မိ၏။

ယူနီဖောင်းဝတ်စုံ၊ လျှာထိုးဦးထုပ်နှင့် နေကာမျက်မှန်တပ်ထားသော သက်ကိုကိုအား အတွင်းမှမေးသံ ပေါ်လာ၏။

သက်ကိုကိုက ဌာနဆိုင်ရာတစ်ခု၏ အမည်ကိုပြော၍ ရေစက်လိုင်းစင် စစ်ချင်ပါသည်ဟု ပြော၏။

မျက်လုံးကလေးက ထိုနေရာမှ ပျောက်ကွယ်သွား၏။

ဒါ အိမ်ဖော်မလေးပဲ ဖြစ်မည်။

သူ့သခင်မ အမိန့်ကို ပြန်ယူရဦးမည် ဖြစ်၏။

ငါးမိနစ်လောက်ကြာပြီးမှ တံခါး ပွင့်သွားသည်။

သက်ကိုကိုက မင်းသေသေပင် ခြံတံခါးထဲသို့ ဝင်လာ၏။ သူ့နောက်တွင် သံပြားတံခါးကြီး၏ မျောက်လက်ထိုးသံ ပေါ်လာသည်။

တိုက်အိမ်အတွင်းမှာ သားသားနားနားရှိသည်။

အိမ်ကြီးရှင်မ နှောင်းဖွဲ့တွယ်တာသည် နိုင်ငံခြားမှစီးကားတစ်ကားကို ကြည့်နေရာမှ ပိတ်လိုက်၏။

ထရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ နွဲ့နှောင်းသောကိုယ်၊ မိန်းကလေးတိုင်းထက် အနည်းငယ် မြင့်မားသော အရပ်နှင့် အရှိက်အမို့အဝိုက်တွေရယ် လှပသောမျက်နှာကလေးက သက်ကိုကို မြင်ဖူးသမျှ မိန်းကလေးတွေထဲမှာ အမှတ်ပြည့်အရဆုံး သူတစ်ယောက်ဟု ဆိုရချိမ့်မည်။

တစ်ချက်တော့ ငေးသွားသည်။

"ရေစက်လိုင်စင် စစ်ချင်လို့ပါ"

"ကျွန်မတို့ လိုင်စင်ခံပြီးသားပါ"

"ရေစက်ကောင်ရေ ဘယ်လောက်သုံးလဲ"

"တစ်ကောင်အားပါ"

"ပါမစ်လိုင်စင်ကို ကြည့်ပါရစေ"

အခန်းထဲသို့ အိမ်ဖော်ကောင်မလေး ဝင်လာသည်။ အသက်ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်လောက်ပဲ ရှိမည်။

သူမသည် တစ်နေရာတွင် မတ်တတ်ရပ်နေသည်။ အကဲခတ်နေသည်။

နောင်းက ထရံတွင် ချိတ်ထားသော သော့တွဲကလေးဆီသို့ ခြေလှမ်းစတင်လိုက်သည်။

ဗီရိုသော့ကို ယူရန်ဖြစ်၏။

ချက်ချင်း သူမ၏ ခြေသလုံးရှိ အကြောများတောင့်ကာ ဆက်လှမ်းတော့မည့် ခြေတွေ ရပ်ဆိုင်းသွား၏။

သက်ကိုကို၏ လက်တွင် [illegible]ထားပြီးဖြစ်သော ကိုယ်ထည်မည်းမည်းနက်နက်ကလေး ဖြစ်နေသည့် ပိုင့်နှစ်ဆယ့်ငါး ပီဘာရက်တာပစ္စတိုလ်လေးကို စိုက်ကြည့်နေမိသည်။



"ဝမ်းနည်းပါတယ် ညီမရယ် ... ဟောဒီသေနတ်ကျည်ဆန်ဟာ မိန်းမလှကလေးတွေကို စက္ကန့်ပိုင်းအတွင်း အရုပ်ဆိုးအောင် ဖန်တီးနိုင်တယ် ... ပြီးတော့ ကိုယ့်သေနတ်မှာ လူသူမကြားအောင် အသံတိတ်ကိရိယာလည်း တပ်ထားတယ်၊ ဒါဆို သိပြီမေါ့နော် ... လိမ္မာပါနော်"

သူ့အသံမှာ နူးညံ့၍ ခြိမ်းခြောက်သံအပြည့် ရှိနေ၏။

"ဟိုကလေးမလေး ဒီလာစမ်း"

အိမ်ဖော်မလေးသည် ဒူးက ဆတ်ဆတ်တုန်နေသည်။ မင်သက်မိနေသည်။ သက်ကိုကို ခေါ်ရာသို့ မဆိုင်းမတွ ကြောက်ကြောက်ရွံ့ရွံ့ ရောက်လာသည်။

သူ့တွင် ရှုံ့ဖွက်ပါလာသော ဝိုင်ယာကြိုးခွေကို ထုတ်လိုက်၏။

"နင့်နာမည် ဘယ်လိုခေါ်သလဲ"

"စိမ်း ... စိမ်း ... စိမ်းစိမ်းပါ"

"အေး စိမ်းစိမ်း ... ဟောဒီကြိုးနဲ့ နင့်အစ်မကို လက်နှစ်ဖက်ကို ပူးချိုင်းပြီး နာနာတုပ်စမ်း"

သေနတ်ကို နှောင်းရှေ့ပြကာ ...

"ကိုယ် လူသတ်လာတာ မနည်းတော့ဘူး ... မင်းနဲ့ပါဆိုခြောက်ယောက်မြောက်ပဲ ... ကိုယ် နိုင်းသလို မင်း လုပ်ရင် မင်း ဘာမှ မဖြစ်စေရဘူး ... မြှတ်ကိုက်သလောက်တောင် မနာကျင်စေရဘူးကွာ"

"ကျွန်မ ... ကျွန်မ ဘာလုပ်ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း လက်နှစ်ဖက်ကို ပူးထုတ်ပေးလိုက်ပါ"

သူမ၏ ပူးထုတ်ပေးသော လက်နှစ်ဖက်ကို စိမ်းစိမ်းက မျက်နှာကလေး ဖြူဖတ်ဖြူရော် တုန်တုန်ယင်ယင်နှင့် တုပ်သည်။

သူမ တုပ်သော ကြိုးချက်ကို သက်ကိုကိုက နိုင်မနိုင် စမ်းကြည့်သည်။ ကျေနပ်လောက်သော အသွင်နှင့် ပြုံးလိုက်၏။

"ကိုင်း ... ကလေးမ ... မင်းအစ်မကို စိတ်ချထား ... ငါ ဘာမှ မလုပ်ဘူး"

ထိုသည်နောက် ခြေနှစ်ဖက်ကိုပါ ပူး၍ ဝိုင်ယာနှင့် တုပ်နှိုင်းပြန်၏။ အဲဒါကိုလည်း စစ်ဆေးသည်။ ကျေနပ်မှုအတိနှင့် ပြုံးပြန်သည်။

အဝတ်တစ်ခုကို ရှာဖွေပြီး နှောင်း၏ ပါးစပ်ကလေးကို ဆို့လိုက်သည်။

နှောင်းမှ မျက်လုံးကလေး ကလယ်ကလယ်နှင့်။

ရင်ထဲမှာ သွေးတိုးနှုန်းတွေ ပိုပြီး ရင်ခုန်မှု မြန်နေသည်။

အဲသည်လူ ဘယ်ကလဲ။ သူက ငါ့ကို ဘာလုပ်မှာလဲ။ ငါလည်း သူ့ကို တစ်ခါမှ မမြင်ဖူးဘူး။ ခက်တော့တာပဲ။ သူ ငါ့ကို မဟုတ်တရုတ်များလုပ်ရင် ... ဘုရား ... ဘုရား ... ဘုရား ကယ်ပါ။

နှောင်း အသည်းထဲ ရင်ထဲမှာ ကြောက်ရွံ့မှုတွေ



ဖုံးလွှမ်းနေ၏။ မျက်လုံးလေးများထဲတွင် ကြောက်စောများ ဝင်းလက်နေသည်။

အရေးထဲတွင် မချွေစိမ်းစိမ်းက အီးခနဲ ငိုချသည့်ပြင် ကြောက်သေးတွေပါ ပေါက်ချပြန်သည်။

"အာ ... ဒီကောင်မလေး ဘာတွေ ဖြစ်နေတာလဲ ... အိမ်ထဲကို သွားစမ်း"

သေနတ်နှင့် ချိန်ကာ အိမ်ထဲ ခေါ်သွား၏။ လက်တွေခြေတွေ ကြိုးတုပ်ခံ၊ ပါးစပ်ထဲ အဝတ်ဆို့ခံလျက်က နှောင်းမှာ တောင့်တောင့်ကြီး ရပ်နေခဲ့ရှာသည်။

စိမ်းစိမ်းကို သက်ကိုကို ရေချိုးခန်းထဲ တွင် သော့ပိတ်ထားလိုက်၏။ အထဲတွင် စိမ်းစိမ်းက ကြောက်အားကြီးစွာနှင့် သက်ငိုသည်တိုင်အောင် ရေချိုးခန်းမှာ လုံသဖြင့် အပြင်မှ ငိုသံကို ကျယ်ကျယ်လောင်လောင် မကြားရပါ။

အိမ်ရှေ့ခန်းသို့ သက်ကိုကို ပြန်ရောက်လာသည်။

"မင်းနာမည် နှောင်းဆိုတာ ကိုယ် သိပါတယ် ... ဂျက်စနေရဲ့ ဇနီးပဲလေ ... မင်းနဲ့ဂျက်စနေက ရုပ်ပါတွေလှတော့ ရွှေနဲ့မြ နေနဲ့လလို လိုက်ဖက်ပါတယ် ... နေကလည်း လုံးလုံးဝန်းဝန်း ... လကလည်း လုံးလုံးဝန်းဝန်း ... ဟုတ်လား"

သူ ပြောတာက လက်တွင် ကိုင်ထားသော သေနတ်နှင့် မလိုက်အောင် သိမ်မွေ့ညင်သာလွန်းသည်။ မျက်လုံးတွေကတော့ တည်ငြိမ်အေးစက်လှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ညီမကို ကိုယ် တစ်ခုပြောမယ်နော် ... ကိုယ့်ကို ကူညီပါ၊ ကိုယ်က ညီမရဲ့ ယောက်ျားနဲ့ တွေ့ဆုံဆွေးနွေးစကားလေး ပြောချင်ပါတယ် ... အဲဒါ ညီမ ကူညီရင် ဖြစ်ပါတယ် ... ကိုယ်ပြောတာ နားလည်လား"

သူ့ကို ကြောက်စောတွေနှင့် ကြည့်နေသော နှောင်းမှ ခေါင်းကလေးခါပြ၏။

"ဪ ... ကိုယ့်ကို ညီမက ကြောက်နေတာကိုး၊ တစ်ခုပြောမယ်၊ ညီမ အော်လားဟစ်လား မလုပ်ဘူးဆိုရင် ပါးစပ်ထဲက အဝတ်ကို ဆွဲဖြုတ်ပေးမယ်"

ဒါကိုတော့ သူမ လွယ်လင့်တကူ ခေါင်းညိတ်၏။

ပါးစပ်ထဲ အဝတ်ဆို့ခံရတာ အသက်ရှူလို့ကို မဝပါ။

ပြုံးလိုက်သော အပြုံးကလေးသည် သက်ကိုကို၏ နှုတ်ခမ်းပါးလေးပေါ်တွင် ဆေ့ဝဲလာပြီး ပြန်ပျောက်ကွယ်သွား၏။

ပါးစပ်ထဲမှ အဝတ်ကို ဆွဲထုတ်ပေးလိုက်၏။

"နားထောင်နော် ညီမ ... ကိုယ်က ညီမရဲ့ ရန်သူလည်း မဟုတ်ဘူး ... ဂျက်စနေရဲ့ ရန်သူလည်း မဟုတ်ဘူး ... လုပ်ငန်းတစ်ခုအတွက် မတွေ့မကျ ဖြစ်နေလို့ ဆွေးနွေးချင်တယ် ... ညီမ နားလည်လား"

သည်တစ်ခါတော့ သူမ ကြိုးစားနားထောင်ရ၏။ အကြမ်းပတမ်းမလုပ် နူးညံ့စွာ ဆက်ဆံသော သက်ကိုကို့ကို ကြည့်ကာ ကြောက်စိတ်ကလေး ပေါ့လာသည်။



လက်တွေခြေတွေကို မတုန်အောင် ကြိုးစားထိန်းရင်း အသံတုန်တုန်နှင့် ...

"ရှိပစ္စည်း ယူသွားပါ ... လူကို ဒုက္ခမပေးပါနဲ့ရှင် ... တောင်းပန်ပါတယ်"

"အဟင်း ဟင်း ဟင်း"

သက်ကိုကို အသံတိုးတိုးလေး ရယ်ချသည်။

"ကိုယ်က ဓားပြမဟုတ်ဘူး ညီမရဲ့ ... ဂျက်စနေနဲ့ ဆွေးနွေးချင်လို့ပါ ... ဒီသေနတ်ကို သုံးရတာက ညီမကို အော်လားဟစ်လား လုပ်မှာစိုးလို့ပါ ... ညီမ ကိုယ့်ကို ကူညီပြီးတော့ ဂျက်စနေကို အကြောင်းကြားပေးပါ ... ဖုန်းရှိတာပဲ"

"ကျွန် ... ကျွန်မ ဘာပြောရမှာလဲ"

"အိမ်မှာ ညီမ ချော်လဲလို့ ဆေးတိုက်ကို သွားချင်တယ် မြန်မြန်ပြန်လာပါလို့ပြော ... သူလာရင် သူနဲ့ကိုယ် ဆွေးနွေးမယ်"

"ရှင်"

မသင်္ကာမှုတွေက သူမရင်ထဲ တိုးဝင်တွေ့ယမ်းလာသည်။ ကိုလာရင် သူ ဘာလုပ်မလဲ။ သတ်ပစ်မလား။

"ကျွန် ... ကျွန်မ မခေါ်ပါရစေနဲ့"

"ခေါ်ပေးပါကွာ"

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



"မင်း မငြင်းနဲ့နော် ... မင်းကို တို့ နာကျင်အောင် ဘာမှ မလုပ်ဘူး ... မင်းယောက်ျားနဲ့ ဆွေးနွေးပြီးရင် တို့ ပြန်မယ်"

"ရှင် ... သူ့ကိုသတ်"

"ငါက ဘာလို့သတ်ရမှာလဲ ညီမရယ် ... ကဲ ... ခေါ်ကွာ"

"ကျွန်မ ကြောက်တယ်"

"ဟာ"

ဗြိစနဲ ဆုတ်ဖြဲသွားသံ။

"အို"

"မင်းကို ငါ နာအောင်တော့ မလုပ်ဘူး ... အရှက်ကွဲအောင်တော့လုပ်မယ် ... ငါ မျက်စိစားပွဲ မထိုင်ပါရစေနဲ့၊ ကဲ ... လုပ် .... မလုပ်ရင်"

"အို ... အို ... နေပါရှင် ... လုပ် ... လုပ်ပါ့မယ်"

ကြောက်လန့်တုန်ယင်စွာပြော၍ ဖုန်းကို ဆွဲယူလိုက်သည်။ သက်ကိုကိုက ခေါင်းညိတ်၍ ...

"မင်း လိမ္မာပါတယ် ... မင်းယောက်ျား ဘာမှ မဖြစ်စေရပါဘူး ... နေဦး ... မင်း သိပ်ကြောက်နေတယ် ... အင်း အသံမတုန်ဖို့ အရေးကြီးတယ် ... ကဲ ... ငါ့ကို အသံမတုန်အောင် ကြိုးစားပြောစမ်း ... လိမ္မာပါတယ်ကွာ"

"ကျွန်မ ဘာပြောရမှာလဲ"

"နေဦးကွ ... နည်းနည်းတုန်နေတယ် ... ရိုးရိုးဖြစ်ယ်လုပ်ရအောင် ... အဟား ... မင်းသမီး ကြိုးစားလိုက်စမ်း"



"ကိုရေ ... အိမ်ကို မြန်မြန်ပြန်လာပါဦး ... နှောင်း ချော်လဲတာ အရိုးဘာဖြစ်သွားသလဲ မသိဘူး"

"နည်းနည်း တုန်နေသေးတယ် ... ထပ်ပြော"

"ငိုချင်တယ်"

နှောင်း ငိုမဲ့မဲ့ ဖြစ်လာသည်။ သက်ကိုကိုက လက်ကာ၍ ...

"မင်းသမီးရယ် မငိုလိုက်ပါနဲ့ ... ဒါရိုက်တာ ဆွေးသွားပါ့မယ် ... ငါ့ညီမက လိမ္မာပါတယ်ကွာ ... တစ်ခေါက်လောက် ထပ်လုပ်လိုက်ပါဦးနော်"

အင်မတန် ညက်ညောသော လေသံနှင့် ခိုင်းစေချက်။

နှောင်းက အသံကို မတုန်စေဘဲ လေသံနှင့် ထပ်ပြော၏။ သည်တစ်ခါတော့ ဝေဒနာခံစားရဟန်နှင့် သံမှန်ဖြစ်သွား၏။

"အိုး ... ဗွတ် ... သိပ်ကောင်းတယ်"

လက်ဖျောက်တီး၍ သက်ကိုကိုက ချီးမွမ်းသည်။ နှောင်းစိတ်ထဲမှာ သွေးရဲလာသည်။

သည်လူကြီး မဆိုးလှပါဘူး။

နှောင်းသည် ကြောက်စိတ်ပြေလာပြီမို့ တစ်ချက် မသိမသာလေး ရယ်လိုက်ကာ ဖုန်းကို နားတွင် တေ့လိုက်သည်။ နံပါတ်တွေကို လက်ချောင်းလေးနှင့် နှိပ်လိုက်၏။

ဂျက်လာလျှင် သတ်ပစ်ရတော့မည်မို့ သက်ကိုကို စိတ်မကောင်းပါ။ အစမပေါ်အောင် သတ်ရမှာမို့ အိမ်ဖော်လေး

www.burmeseclassic.com

www.burmeseclassic.com



စိမ်းမို့မို့ရှိ အဝါအဝင် သုံးယောက်လုံးကို သူ သတိရတော့မည် ဖြစ်၏။

ငါးသောင်းနှင့်တောင် စတန်ပဲ သူတွေးမိသည်။

ဖုန်းဆက်နေသောနောင်းမှာ မျက်မှောင်ကလေးကုတ် သွား၏။

"ဖုန်းက လိုင်းအင်ဂေ့(ဂျ်) ဖြစ်နေတယ်"

သူမ ပြောတာ ဟုတ်မဟုတ် သက်ကိုကို ဆွဲယူနား ထောင်လိုက်၏။ လက်နှစ်ဖက်ပူးချည်ထားခံရသော နောင်းမှာ ဖုန်းကိုင်ရာတွင် ကသိကအောက် ရှိလှသည်။

ခြေထောက်ပူးချည်ခံရတော့ ရပ်ရတာတောင် မလွယ် ပါ။ ဖုန်းကို ပုခက်စင်ပေါ် ခေတ္တပြန်ချထားလိုက်သည်။ နောင်းကို တွန်းလိုက်သည်။

နောင်း ဆိုဖာပေါ် ထိုင်ကျသွားသည်။

ဘာမှ မပြောဘဲ သူ့ပါးကို သေနတ်ပြောင်းနှင့် အယားဖျောက်သလို ထိုးမွှတ်နေသည်။ ဤလူ၏ ညင်သာမှု ဆက်ဆံမှုက သူမအပေါ် အကြောက်ပြေလာစေ၏။

သို့သော်လည်း ကြောက်ချင်ဟန်ဆောင်ပြီး တစ်စုစု လုပ်ဖို့ကိုတော့ သူမ စိတ်ကူးထားသည်။

ဂျင်စနဲ ဂျင်စနဲ မြည်သော လူခေါ်ခေါင်းလောင်း သံလေးက တိုက်အိမ်ခန်းထဲမှာ မြည်လာသည်။ နောင်း ခေါင်းက ဆတ်ခနဲ ထောင်သွားသလို ပါးကို သေနတ်ပြောင်းနှင့် ပွတ်နေသော သက်ကိုကို၏ လက်ကလည်း ရပ်သွား၏။



လူစိမ်းတစ်ယောက် ခြံဝင်းမှာ ရောက်နေတာအမှန်ပဲ။ ကိုတော့ မဖြစ်နိုင်ပါ။

သည်အချိန် ကို ပြန်လာရိုးမရှိ။

သက်ကိုကို မျက်မှောင်ကုတ်သွားသည်။ ခေတ္တတွေ သွား၏။ လူခေါ်ခေါင်းလောင်းသံက ထပ်မံမြည်လာပြန်သည်။

"ဒီအချိန် ဘယ်သူလာတာတဲ့သလဲ"

"ကျွန်မ ဘယ်သိမလဲ"

ပခုံးတွေကို သက်ကိုကို တစ်ချက် တွန့်လိုက်၍ သူ့လျှာထိုးဦးထုပ်မျော့ကို ကပ္ပလီအဆိုတော် အမ်(မ်)စီဟားမား ဆောင်းသလို ပြောင်းပြန်လှည့်ဆောင်းလိုက်သည်။

သူ့နေကာမျက်မှန်ကို မချွတ်ပါ။

နောင်း ပါးစပ်ထဲ အဝတ်ပြန်ထိုးလိုက်သည်။

"မင်း ငြိမ်ငြိမ်နေ ငါအခု ပြန်လာခဲ့မယ် ... မျက်စိရှုပ်အောင် လုပ်လို့ကတော့ မင်း ငရဲရောက်ပြီမှတ်"

ပြောပြီး ထွက်သွား၏။ ခြံဝမှာ သံပြားတံခါးကြီး၏ အပေါက်ဝမှ ချောင်းကြည့်လိုက်သည်။ မိန်းကလေးတစ်ယောက် ရောက်နေသည်။ လက်တွင်းက ပလတ်စတစ်ခြင်းထဲတွင် နှင်းဆီ ခန်းတွေ အပြည့်။

သူက တံခါးဖွင့်လိုက်၏။ တစ်ဝက်ပဲ ဖွင့်သည်။

"ညီမလေး ဘာကိစ္စ"

"ဒီက ဒေါ်နောင်းဖွဲ့တွယ်တာနဲ့ တွေ့ချင်လို့"

"သူ အိပ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ပန်းခြင်းလေးကို သူ့ကို ပေးပေးပါ"

"ကောင်းပြီ … ထားခဲ့ … ဘယ်သူက ပေးလိုက်တယ် ပြောရမလဲ"

"သူ့မိတ်ဆွေတစ်ယောက်က ပေးခိုင်းလိုက်တာပါ"

ဆက်မမေးတော့ဘဲ ပန်းခြင်းကို ယူလိုက်သည်။ နှင်းဆီပန်းများမှာ ပွင့်ဖတ်တွေ လက်ဖက်ရည်ပန်းကန်ပြားနီးပါး စာလောက် ရှိပြီး အရမ်းမွှေးကြိုင်နေသည်။

အတော်ရှားပါးသော နှင်းဆီတွေပဲ။

ပန်းခြင်းကို ညှော်စန်းအထိ ယူဆောင်လာ၍ သက်ကိုကိုက မြှောက်ပြသည်။

"ဟောဒီမှာ မင်းမိတ်ဆွေတစ်ယောက်က ပို့လိုက်တာတဲ့ ဗျာ … လှလိုက်တဲ့ပန်းတွေကွာ"

သူ့လက်ထဲတွင် လက်နက် မရှိတော့ပါ။ စွင့်ကားနီရဲသော ပန်းပွင့်ကြီးတွေကို ကြည့်၍ နောင်းပင် စိတ်ထဲ တပ်မက်လာလေသည်။

သို့ရာတွင် သည်အချိန်မှာ ဘယ်သူက ပို့လေသလဲ။

"ဝူး … ဝူး"

သူ့ပါးစပ်မှ အဝတ်ဆို့ခံရသဖြင့် ထွက်သော အသံမှာ ဘာသာပြန်လို့မရသော အသံပင် ဖြစ်၏။

သည်တော့လည်း သက်ကိုကိုက အလိုက်သိစွာ ါးစပ်ထဲမှ အဝတ်ကို ပြန်ထုတ်ပေးလိုက်၏။

"ဒီပန်းခြင်းကို ဘယ်သူပို့သလဲ ကျွန်မ မသိဘူး"



"မင်းမိတ်ဆွေတဲ့"

"ပန်းခြင်းပို့တဲ့ မိတ်ဆွေရယ်လို့ ကျွန်မမှာ တစ်ယောက်မှ မရှိဘူး"

မသက်ာမှုသည် သက်ကိုကို၏ စိတ်ထဲ ဝင်နောက်လာသည်။ သူက မျက်မှောင်ကုတ်လိုက်ကာ ပန်းခြင်းထဲမှ ပန်းတွေကို ဆွဲနှုတ်လိုက်၏။ နှင်းဆီအရိုးတံရှည်ရှည်စိမ်းစိမ်းကလေးတွေက ပန်းခြင်းထဲမှ ထွက်လာသည်။

"ဒီလောက်လှတဲ့ ပန်းတွေကို ဘယ်သူက ပို့တာလဲ … ရှင့်အပြင် နောက်တစ်ယောက်ရှိလို့ အဲဒီလူက ပို့တာလား"

"ရှင် ဘာစကားပြောတာလဲ … ကျွန်မ မသိဘူးလို့ ပြောခဲ့ပြီပဲ"

"ဟဲ … ဟဲ … ဟဲ"

သူ့ရယ်သံကလေးက သင်းသည်။ ထိုရယ်ခြင်းသည် နောက်ဆုံးရယ်ခြင်း ဖြစ်သည်ကို သူ မသိလိုက်။

ပန်းခြင်းထဲမှ ပန်းစက်အနည်းငယ်မှာ နှုတ်မရအောင် တစ်ခုခုနှင့် အောက်မှ ငြိတွယ်နေသည်။ စွင့်ကားကြီးမားသော ပန်းပွင့်ကြီးတွေကြောင့် ခြင်းထဲ မြင်မရအောင် ဖုံးအုပ်နေသည်။

ခြင်းထဲမှာ နှင်းဆီရိုးနှင့် ငြိနေဟန်တူ၏။ သူက လက်နှိုက်ပြီး စမ်းလိုက်၏။

ဂျောင်း …

"အောင်မယ်လေးဗျ"

www.burmeseclassic.com

www.burmeseclassic.com



ထန်ပြင်းသော အသံတစ်ခုသည် ပန်းခြင်းထဲမှ ထွက်ပေါ်လာသည်နှင့်အတူ သက်ကိုကို၏ အော်သံကပါ ထပ်ဆင့်ပေါ်လာသည်။

သူသည် ပန်းခြင်းထဲမှ လက်ကို အရှိန်နှင့် ဆွဲမြှောက်လိုက်ရာ နှင်းဆီပန်းတချို့ ထွေးခနဲ ပါလာသည်။ နှင်းဆီပန်းတွေနှင့် အတူပါလာတာက ကြွက်ထောင်ချောက်။ သံညှပ်ထောင်ချောက်။

သံချောင်းတစ်ချောင်းက သူ့လက်မတွင် စူးဝင်နစ်မြုပ်နေသည်။

"အား"

ကြောက်အား လန့်အားနှင့် နောင်းက အော်လိုက်မိ၏။

သက်ကိုကိုသည် ပြင်းပြသော ဝေဒနာတစ်မှုကို ခံစားရဟန်နှင့် မျက်နှာရှုံ့မဲ့နေသည်။

"မင်း ... မင်း"

သူ မပီမသနှင့် ပြောပြီး မျက်နှာကြီး ရှေ့တစ်ချက်ထိုးကာ လဲကျသွားသည်။

တစ်သက်တွင် မကြုံဖူးသော အဖြစ်ကြောင့် နောင်းမှာ နလုံးသွေးရပ်မသွားမိစေရန် ကြိုးစားဆောက်တည်ရသည်။ မျက်လုံးကလေးတွေကို စုံမှိတ်လိုက်ရသည်။

ဒူးတွေ လက်တွေ ဆတ်ဆတ်တုန်နေသည်။



လဲကျသွားသည့် သက်ကိုကို့ကို မျက်လုံးဖွင့်၍ကြည့်လိုက်ပြီးမှ စိတ်ထဲတွင် ကိုကို့ကို သတိရလိုက်၏။

သူမသည် လက်တစ်ကမ်း ကျော်ကျော်တွင်ရှိသော ဖုန်းရှိရာသို့ ခုန်ဆွ ခုန်ဆွသွားပြီးနောက် ပုခက်စင်ပေါ်မှ ဖုန်းခွက်ကို ကောက်ကိုင်လိုက်၏။

ဒိုင်ယယ်(လ်)ခွက်ထဲမှ ဖုန်းနံပါတ်တွေကို တုန်ယင်သော လက်များနှင့် တို့လိုက်သည်။

ဘုရား ... ဘုရား ... ကို ကောက်ကိုင်ပါစေ။

ကုသိုလ်ကံ ကောင်းသည်။ တစ်ချက်တည်း တန်းဝင်သွားတော့သည်။

"ဟဲလို"

တစ်ဖက်မှ ကို၏အသံ။

"ကို ... ကိုရေ ... မြန်မြန်လာပါ ... မြန်မြန်လာပါ ... နောင်း ကြောက်တယ် ... အီး"

ချုပ်တည်းထားရသော ကြောက်စိတ်တွေကို ချုံးပွဲချ၍ကြွေးမှုနှင့် အဆုံးသတ်လိုက်ပါတော့သည်။

www.burmeseclassic.com

## ဇာတ်လမ်းစဉ်(၁၀)

ရဲတွေ၏ ယူဆချက်က မဆိုးပါ။

လူသတ်ကောင် နှစ်ဦးရှိမည်။

တစ်ဦးက ဂျက်စနေကို သတ်ရန်ကြံသူ။

ထိုလူသည် သေဆုံးခဲ့သော သက်ကိုကို။

သက်ကိုကိုသည် ကြေးစားလူမိုက်တစ်ဦး၊ ထောင်ထွက်တစ်ဦး ဖြစ်သည့်ပြင် ဂျက်စနေနှင့် မြင်ဖူး တွေ့ဖူး ရန်ငြိုးရန်စ ရှိခဲ့ဖူးသူ မဟုတ်။

ဂျက်စနေကို မလိုလား မရှုစိမ့်နိုင်သူတစ်ဦး သို့မဟုတ် ရန်ငြိုးရန်စရှိခဲ့ဖူးသူ တစ်ဦးက ကြေးစားသက်ကိုကိုအား ငှားရမ်း၍ ဂျက်စနေကို သတ်ခိုင်းသူ ရှိရမည်။

နှောင်းကိုလည်း မလိုလားသူ တစ်ဦးက ပန်းခြင်းလက်ဆောင်ပေး၍ လုပ်ကြံခိုင်းသူ ရှိရမည်။



လင်မယား နှစ်ယောက်လုံး လုပ်ကြံခံရဖို့ အကြောင်းအရာကို ဆန်းစစ်ကြည့်သည်။ ဂျက်စနေတို့ကို စစ်ဆေးသည်။

ဂျက်စနေကတော့ ထင်ထင်ရှားရှား သိသည်။

သူ့အား စီးပွားရေးအရ ရန်ငြိုးရန်စနှင့် လုပ်ကြံသူသည် မိုးမခသာလျှင်ဖြစ်ကြောင်း ရဲကို အခိုင်အမာ တင်ပြ၏။

သို့သော်လည်း သက်ကိုကိုအား အသုံးချလိုက်သည့် သက်သေအထောက်အထား အခိုင်အလုံ မရှိသေးသဖြင့် မိုးမခေါ် ကတ္တရာညီနောင် ပိုင်ရှင်ကို နောက်ကွယ်မှ ထောက်လှမ်းရန် ရဲက ဆုံးဖြတ်သည်။

ဒါဆို နှောင်းကို ကြံစည်သူကကော။

နှောင်းမှာ ရန်ငြိုးရန်စ မရှိပါ။ မနာလိုသူလည်း မရှိပါ။

အတွေးရတော့ ကျပ်သည်။

ရဲက တိုတိုနှင့်လိုရင်း ယူဆရာတွင် မိုးမခ ဆိုသောလူသည် ကျူပတ်ခုတ် ကျူငုတ်မကြံရဟူသော သဘောနှင့် ဂျက်စနေတို့ လင်မယားကို အစတုံး ကြံစည်ခြင်းဟု ယူဆလိုက်ကြသည်။

တစ္ဆေသရဲ ကြောက်တတ်သော နှောင်းမှာ သက်ကိုကို အိမ်မှာ သေဆုံးသည့်အတွက် စိတ်ထဲ မသိုးမသန့်ဖြစ်ကာ အိမ်တွင် ပရိတ်ရွတ်ဖတ်ခြင်း၊ သံဃာများကို ဆွမ်းကျွေးခြင်း၊ သေသူအတွက် အမျှအတန်းပေးဝေခြင်း၊ အိမ်တွင် ပရိတ်ကြိုးများ ချည်ခြင်း ပြုလုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သေသူဟာ ဥပဓေ္ဒကကံနဲ့သေပြီး သူ့စိတ်အစွဲအလန်းဟာ ဒီအိမ်မှာ ရှိမှာမဟုတ်ဘူး ... ဝေဒနာကြောင့် ဝေဒနာစိတ်ရောက်သလို ဝေဒနာပြင်းပြ ခံစားမှုနဲ့ သေဆုံးရတာကြောင့် မကျွတ်မလွတ်တဲ့ အသူရကာယ်ဘုံကို ရောက်သွားမယ် ... အသူရကာယ်ဆိုတာ ၄ရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ပေမယ့် ခြောက်လှန့်တတ်တဲ့ တစ္ဆေသရဲ မဟုတ်ဘူး၊ နေကောင်းခြင်း မနေရ၊ စားကောင်းခြင်း မစားရတဲ့ ရုပ်တရား မရှိဘဲ နာမ်တရားပဲရှိတဲ့ ဘုံပဲ ရောက်မယ် ... ဝိညာဉ်ဆိုတာမှာ စွဲလမ်းခြင်း ဝေဒနာရှိရင်တော့ အဲဒီတစ်ဘုံဘုံမှာ ကပ်ငြိသွားတာပါပဲ ... ဒီအိမ်ကြီးမှာတော့ ဘဝတစ်ပါးကို ပြောင်းသွားတဲ့ သက်ကိုကို ဆိုတဲ့လူဟာ ရုပ်ရော နာမ်ရော ဘဝကကျွတ်သွားပြီးမို့ မရှိနိုင်တော့ပါဘူး ဒကာမကြီး"

တရားဟော ဘုန်းကြီးက ထိုသို့ဆိုသည်။

"အရှင်ဘုရား ဆိုလိုတာက ရုပ်ရော နာမ်ရော သေတယ်ပေါ့"

"လူ့ဘဝ၊ တိရစ္ဆာန်ဘဝက သေကြရင် ရုပ်သေ နာမ်သေပဲ၊ ဒါပေမယ့် နာမ်မှာ စွဲလမ်းရာကို ဖြစ်တတ်တဲ့သဘောတော့ ရှိတယ်၊ မကောင်းတဲ့ အကုသိုလ်စိတ်နဲ့ စွဲလမ်းသူဟာ အပါယ်လေးဘုံဖြစ်တဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံကို ရောက်သွားတယ်၊ ကောင်းတာလုပ်တဲ့လူကတော့ သေခါနီးမှာ ကောင်းတာတွေကိုပဲ တွေးနေတော့



ကောင်းတဲ့ဘုံဘဝကို ရောက်တာပဲလို့ တရားတော်မှာ ဟောပြောချက် ရှိတာပဲ ဒကာကြီး"

"လူ့ဘဝမှာတွင် မဟုတ်ဘဲ တိရစ္ဆာန်ဘဝမှာ ကောင်းတာလုပ်ခဲ့ရင်ကော"

"ဒကာကြီး ဆိုလိုတာက ..."

"ဒီလိုပါဘုရား ... တိရစ္ဆာန်ဘဝမှာ ခွေးဘဝပဲ ဆိုကြပါစို့ဘုရား ... အဲဒီဘဝမှာ လူနဲ့ အနေနီးစပ်ပြီး လူလိုသဒ္ဓါတရားရှိတယ်၊ ဘုရားမှန်း တရားမှန်းသိတဲ့ ခွေးဆိုရင်ကောဘုရား"

"ဟာ ... ဒကာကြီးနှယ် ... တိရစ္ဆာန်ဘဝမှာ သာဓုမခေါ်နိုင်ပေမယ့် ဘုရားမှန်း တရားမှန်းသိပြီး သဒ္ဓါစိတ်ရှိရင်တော့ အဲဒီတိရစ္ဆာန်ရဲ့ တိုဟိတ်မှာ စွဲလမ်းရာကို ဖြစ်သွားနိုင်တယ်ပေါ့ ... ဥပမာ လူ့ဘဝကို စွဲလမ်းရင် လူ့ဘဝ ... တခြားဘုံဘဝကို စွဲလမ်းရင် တခြားဘုံဘဝပဲ ... ဘုန်းကြီး ဥပမာပြောပြမယ် ... စိတ်စွဲလမ်းခြင်းကြောင့် သေရတဲ့နောက်ဘဝမှာ ဘာဖြစ်သလဲဆိုတာ ငါးရာငါးဆယ်နိပါတ်တော်ထဲမှာ ဖတ်ဖူးတယ်၊ တစ်ခါက တရာဏသီပြည်မှာ သူဌေးကြီးတစ်ဦးရှိတယ် ... အဲဒီသူဌေးကြီးတစ်ဦးမှာ ငွေဝယ်ကျွန်တစ်ယောက် ရှိတယ် ... အဲဒီ ငွေဝယ်ကျွန်ဟာ ဘုရားတရားကို ကြည်ညိုတယ် ... သီတင်းသီလ ဆောက်တည်တယ် ... သူ့မှာ လေနာရောဂါရှိတယ် ... ဒီလေနာရောဂါရှိလို့ သီတင်းသီလ ဥပုသ်ဆောက်တည်ရင် စား

www.burmeseclassic.com



မရပ်နိုင်တဲ့ ဝေဒနာ ဖြစ်ပေါ်လာတယ် ... ဘုရားတရား ကြည်ညိုတဲ့ အဲဒီကျွန်ဟာ သူ့ဝေဒနာ ဘယ်လောက်ဖြစ်ဖြစ် သီတင်းသီလ ဆောက်တည်မှုကို အပျက်မခံဘူး ဒကာရဲ့ ...

"တစ်နေ့တော့ ဥပုသ်နေ့ ရောက်လာတော့ သီတင်းသီလစောင့်တယ်၊ စောင့်တဲ့နေ့မှာပဲ လေနာရောဂါဟာ မပြတ်ခံစားရတယ်၊ သူဌေးကြီးက အဲဒီကျွန်ကို သနားလို့ ဥပုသ်ဖျက်ဖို့ ပြောပေမယ့် အဲဒီကျွန်က ဥပုသ်ကို မဖျက်ဘူး၊ သေချင်သေပေစေဆိုတဲ့စိတ်နဲ့ သူ့သီလကို ဆက်စောင့်တာ အဲဒီညမှာပဲ လေနာရောဂါနဲ့ ဆုံးပါးသွားရှာတယ်၊ သူဆုံးတဲ့အချိန်မှာ သူ့ရဲ့သီလဂုဏ်ကို အောက်မေ့ရင်းက မငြီးငြင်းစိမ်ကို စွဲလမ်းပြီး ဆုံးတာကြောင့် သူ့စိတ်ကြောင့် စွဲလမ်းမှု ဖြစ်ရာက သန္ဓေတည်ရာမှာ အဲဒီဗာရာဏသီပြည်ရဲ့ မင်းဖြစ်တဲ့ ဗြဟ္မဒတ်မင်းရဲ့ မိဖုရားကြီးဝမ်းမှာ သွားဝင်စားတယ်တဲ့၊ ဒါဟာ စိတ်စွဲလမ်းရာကို သွားတာပဲ။ တကယ်တော့ စိတ်ဆိုတာ မစွဲလမ်းရင် နိဗ္ဗာန်ရောက်၊ စွဲလမ်းရင် သံသရာလျှောက်ပဲ၊ စောစောက ဒကာကြီးပြောတဲ့ တိရစ္ဆာန်ထဲက ခွေးဟာလည်း လူလိုပဲ ကုသိုလ်ကောင်းမှုတွေသိပြီး လူ့ဘဝကို စွဲလမ်းရင်း အဲဒီကုသိုလ်ကောင်းမှုကြောင့် လူဖြစ်နိုင်တာပေါ့ကွယ်၊ သူ့ဘဝမှာ ဆင်းရဲခြင်း ချမ်းသာခြင်းဆိုတဲ့ ကံကတော့ သူ့ဘဝအတိတ်က ကံပဲလေ"



ဂျက်စနေမှာ ဘုန်းကြီးပြောတာတွေကို စဉ်းစားသည်။

နိမ ဆိုသော ခွေးလေးမှာ လူ့ဘဝကို အစွဲအလမ်းနှင့် ပွတ်ကျွတ် ဆိုသော မိန်းကလေး ဖြစ်လာတာ မှန်သလား။

ဒါပေမယ့် ပွတ်ကျွတ်ကလည်း ယောင်ဇော်နံတာတွေ၊ ဒေါသဖြစ်လျှင် ကိုက်တတ်တာတွေ။

ဒါတွေဟာ အတိတ်ဘဝက ပါလာခဲ့တာတွေလား။

အတော်ကြီး အတွေးရ ခက်ပါသည်။ ယုံစားရလည်း ခက်ပါသည်။

ဒါတွေကို သိပ္ပံနည်းပညာနှင့် တွက်ဆလို့လည်း မရပါ။

ဂျက်စနေတို့မှာ မိမိထင်သလို မပျက်စီးသွားသဖြင့် ကြိတ်မနိုင်ခဲမရ ဖြစ်နေသူမှာ မိုးမခနှင့် ပွတ်ကျွတ်သာလျှင် ဖြစ်သည်။

လူမှာ ကံတရားရှိသည်။

ပျက်စီးစေချင်တိုင်းလည်း မပျက်စီးပါ။

လုပ်တုန်းကတော့ အပိုင်လုပ်တာပဲ။ မကောင်းမှုဒဏ်ကို မကောင်းမှုလုပ်သူပဲ ကြားဝင်ခံသွားရသည်။

သူက သက်ကိုကို။

"တောက် ... ဂျက်စနေရာ ... မင်း ကံကောင်းသွားတယ်ကွာ။ သက်ကိုကို သေသွားရတာ အရေးမကြီးဘူး ... ငါ့အကြံ မအောင်တာ အရေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဆရာအကြံ မအောင်တာထက် ရဲက ဆရာ့ကို မျက်စိမကျဖို့ အရေးကြီးတယ်"

သတိပေးလိုက်သော ဖိုးထောင် စကားကို မိုးမခက အံကြိတ် နားထောင်သည်။

သူ ဒေါသဖြစ်နေစဉ်မှာ သူ့ဆီသို့ လူနှစ်ယောက် ရောက်လာကြသည်။ သူတို့လာတာနှင့်ပဲ မိုးမခမှာ ထခုန်မတတ် ဝမ်းသာသွားသည်။

ကတ္တရာညီနောင်တွေ ယခုမှ စမိတော့သည်။

မော်တာ၊ မိုက်တီး။

သူတို့ညီနောင်သည် သူငယ်ချင်းတွေပေမယ့် တစ်ဦးနှင့်တစ်ဦး သွေးရင်းမှာ ညီနောင်တွေလို သူတို့ကိုယ်သူတို့ ခေါ်ကြကုန်သည်။

မိုးမခ၊ မော်တာ၊ မိုက်တီးမို့ တချို့တတွေကလည်း "မသုံးလုံး"ညီနောင်တွေဟု ကင်ပွန်းတတ်ကြသည်။

သူတို့သည် ဟိုတယ်တစ်ခုတွင် သွားစားသောက်ကြရင်း လက်ရှိဖြစ်ပုံ အနေအထားကို မိုးမခက ပြောပြသည်။

မော်တာနှင့် မိုက်တီးက နားထောင်ကြသည်။ ပြီးတော့ သုံးသပ်ကြသည်။

"ဂျက်စနေဟာ ကံတရားလည်း ကောင်းနေတယ် ... ပင်ကိုယ်က သတ္တိလည်း ကောင်းတယ်၊ လက်ရုံးရည်အားလည်း ကောင်းတယ် ... သူ့ကို အကြမ်းမဖက်သင့်ဘူး"



မော်တာက စတင်ပြောသည်။ မိုက်တီးက စဉ်းစားရင်း ...

"မိုးမခ ... မင်းစဉ်းစားကြည့် ... ဂျက်စနေကို ရန်ပြုတာ သုံးကြိမ်သုံးခါရှိပြီ၊ တစ်ခါမှ မအောင်မြင်ဘူး၊ ကိုယ်ပဲ ခံရတာချည်းပဲ၊ ဒီတော့ သူ့ကို အကြမ်းနည်းသုံးလို့ မကောင်းတော့ဘူး။ တို့က အကြမ်းနည်း သုံးနေရင် ရဲက ရိပ်မိမယ်၊ ဂျက်စနေကလည်း ခံမှာမဟုတ်တော့ဘူး ... နေပါဦးကွာ ... ဒီကောင်က ဘယ်ကကောင်လဲ"

"ဒီကောင်က ရန်ကုန်ကလာတဲ့ကောင်၊ စီးပွားရေးအင်အား ကျောထောက်နောက်ခံ ကောင်းတယ်၊ သူကိုယ်တိုင်လည်း အောင်မြင်ခဲ့တာတွေ ရှိတယ်၊ လူကတော့ ယဉ်ယဉ်ချော ချောပဲ ... ရော့ ... မင်းတို့မြင်ရအောင် သူ့ဓာတ်ပုံကို ငါပြမယ်"

လိုလိုမယ်မယ် ဆောင်ယူထားသော ကားပေါ်မှ ထွက်လာသော ဂျက်အား ရိုက်ထားသော ဓာတ်ပုံကိုပဲ ပြသည်။

ကျန်လူနှစ်ယောက်လုံးက ချောပါပေသည်ဟု ဝန်ခံကြ၏။

"သူက လူပျိုလူလွတ်လား"

"မဟုတ်ဘူး မိုက်တီး ... အိမ်ထောင်နဲ့"

"ပိုတောင်ကောင်းသေး ... သူ့ကို အိမ်ထောင်ရေးအရှုပ်ပေးလို့ရတယ် ... အိမ်ထောင်ရေးမှာ အဆင်မပြေတဲ့လူဟာ စီးပွားရေးမှာ အဆင်မပြေနိုင်တော့ဘူး ... စီးပွားရေးမှာ

www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေတဲ့လူဟာ အိမ်ထောင်ရေးမှာလည်း အဆင်မပြေနိုင်တော့ဘူး မိုးမရဲ့"

"ဘာလဲ ... မိန်းမနဲ့ လွှတ်ပေးမလို့လား ... မလုပ်နဲ့ ... ဂျက်စနေက ဒါမျိုးတွေ ဝါသနာမပါဘူး ... သူ့နားမှာနေတဲ့ ချောချောလှလှ ပွတ်ကျွတ် ဆိုတဲ့ ကောင်မလေးကိုတောင် စိတ်ဝင်စားတာ မဟုတ်ဘူးလို့ သိရတယ်ကွ ... စနေထွန်း ခေါ်တဲ့ ဂျက်စနေသာ ဒီဝါသနာရှိနေရင် ဒီကောင် အရှုက်ကွဲလို့ ပွဲက စောစောစီးစီးကတည်းက ပြီးနေပြီ"

မော်တာက နဖူးရေတွေ တွန့်သည်အထိ မျက်မှောင်ကုတ် စဉ်းစားနေသည်။ သူတို့သုံးယောက်၏ အသက်အရွယ်သည် မတိမ်းမယိမ်းပဲ ဖြစ်သည်။

"တစ်ခုပဲရှိတယ် ... စီးပွားချင်း ပြိုင်လာရင် လူကို မထိခိုက်ဘဲ စီးပွားကို ထိခိုက်အောင်လုပ်တာ အကောင်းဆုံးပဲ၊ ဂျက်စနေ စီးပွားရေး ထိခိုက်အောင်လုပ်ဖို့က အတွင်းစကားလိုတယ်၊ ဒီလို အတွင်းစကားရဖို့ တို့ သူလျှိုမွေးရမယ် ... တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သူလျှိုမွေးသလိုပဲပေါ့ကွာ ... အမေရိကန်ရဲ့ စီအိုင်အေ ကျင့်သုံးနည်းပေါ့ ... သူ့လူကို ကိုယ့်လူဖြစ်အောင်လုပ်ဖို့ အရေးကြီးတယ်၊ ငါ နိုင်ငံခြားရောက်တော့ နိုင်ငံရေးပုံစံမှာ အဲဒီလို မြင်လာတယ်ကွ ... တို့ စီးပွားရေးပုံစံမှာလည်း ဒီနည်းအတိုင်းပဲပေါ့"

"ဒါဆိုရင် ဘယ်လိုလုပ်ရင် ကောင်းမလဲ"



"ပထမဆုံး သူတို့ရဲ့ ထောက်ကူတဲ့ ခေါက်တိုင်ကို စဉ်းစားရမယ်"

မေးလိုက်သော မိုက်တီးကို မော်တာက ခပ်ခုံခုံလေး စကားလုံးတွေ လွှတ်တော့ မိုးမခက —

"နှစ်ယောက်ပဲ ရှိတယ်၊ တစ်ဦးက ရဲအာကာ ဆိုတဲ့ကောင်လေး၊ ဒီကောင်လေးက လည်တယ်၊ ငါ့ဆီမှာလည်း လုပ်သွားဖူးတော့ အလုပ်အကြောင်း အသင့်အတင့် နားလည်တယ်၊ ဒါပေမယ့် သစ္စာမရှိဘူး၊ သူ့ကိုသုံးလို့တော့ မရဘူး၊ ပွတ်ကျွတ် ဆိုတဲ့ ကောင်မလေးကတော့ လုပ်ရည်ကိုင်ရည် ရှိတယ်"

"အေး ... ဒီနှစ်ယောက်ကို တို့ အသုံးချဖို့ စဉ်းစားရမယ်၊ အခု အစီကအချက်က တို့ မြုပ်ထားခဲ့တဲ့ ကျောမောင်ရဲ့ ပစ္စည်းတွေ၊ ဒါတွေကို တို့တတွေ အညီအညွတ် ဘယ်သူ့ကိုမှ ပြောလည်း မပြောခဲ့ဘူး၊ ဖော်လည်း မဖော်ခဲ့ဘူး၊ အခုတော့ တို့သုံးယောက် ပြန်တွေ့ကြပြီဆိုတော့ ပစ္စည်းတွေကို ဖော်ချိန်တန်ပြီလို့ ထင်တယ်"

"ဟုတ်တယ် ... တို့ နှစ်ပေါင်းများစွာ ဒီပစ္စည်းတွေကို မြုပ်ခဲ့တာ ကြာပြီ ... တို့သုံးယောက် ခွဲဝေယူသင့်တယ်"

ဤစကားကို မိုက်တီးကလည်း အလေးအနက်ထား ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်လမ်းစဉ်(၁၁)

မြို့ထဲသို့ တစ်ယောက်တည်းပင် မောင်းလာခဲ့သည်။

ရဲစခန်းမှ စခန်းမှူး ဦးတင့်တယ်အား သူပြောဆိုခဲ့သော ထွက်ဆိုချက်များနှင့် ပတ်သက်၍ ဦးတင့်တယ်က ပြန်လေ့လာပါဦးဟု ဆိုသဖြင့် ထပ်မံလေ့လာ ဖတ်ရှုခဲ့သည်။

သူနှင့် မိုးမခ ဖြစ်ခဲ့ပုံ အကြောင်းအရာများပင်။

သူက မှန်ကန်ကြောင်း တိကျကြောင်း ပြောပြီးတော့ လက်မှတ်ရေးထိုးလိုက်သည်။

အက်(ဖ်)အိုင်အာ(ရ်) အမှုတွဲတွင် အမှုမဖွင့်သေးပါ။

တိုင်ကြားချက်ကို အကြမ်းရေးထားရုံပဲ ရှိသည်။ ယခုမှ အက်(ဖ်)အိုင်အာ(ရ်)တွင် တိုင်ကြားချက်ဖွင့်ပြီး တိုင်ကြားချက်တွင် လက်မှတ်ရေးထိုးလိုက်ခြင်း ဖြစ်သည်။



လမ်းတွင် သူ့အပေါ် မရှုစိမ့်သော မိုးမခနှင့် သူငယ်စဉ်က နီမကို သတ်သော သည်လူတွေအကြောင်းကို စဉ်းစားသည်။ ကျန်နှစ်ဦးကော ဘယ်ရောက်သွားပြီလဲ။

ကျန်သူတို့နှစ်ဦးသည် ယခု မိုးမခ အမှုတွင် မပတ်သက်ပါ။

မျှော်လင့်ဘဲ လမ်းတစ်လမ်းတွင် လမ်းလျှောက်လာသော ရဲအာကာနှင့် သွားတွေ့၏။ ရဲအာကာကလည်း သူ့ကို မြင်သည်။ မြင်သော်လည်း မမြင်ဟန် ဆောင်နေ၏။

ရဲအာကာကို တွေ့တော့ လိပ်ခဲတင်းလင်း ဖြစ်နေသော သူ့အဖြစ်ကို ရှင်းချင်သည်။

"ကိုရဲ … ညီလေး"

ခေါ်လည်း ခေါ်သည်။ အနားတွင်လည်း ကားကို ထိုးရပ်လိုက်သည်။ ရဲအာကာသည် ရပ်၍ သူ့ကို ခပ်တည်တည် လှည့်ကြည့်၏။

"ကိုရဲ … မင်း ဘာလို့ အလုပ်မဆင်းတာလဲ"

"မဆင်းချင်လို့ မဆင်းတာပေါ့ဗျ"

သူ့အမေးက ပျော့ပျော့ပျောင်းပျောင်း။

ဟိုတစ်ယောက်ဖြေတာက ဆန့်ကျင်ဘက်လေသံ။

"မင်း ကားပေါ်တက်စမ်း"

တေကြ ပေကြည့်နေသည်။ ဂျက်က ခပ်တည်တည်နှင့် …

"ကားပေါ်တက်စမ်း ဆိုနေ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းမှ မပြောဘဲ ကားပေါ်တက်လိုက်သည်။ ကန်ကြီးဥယျာဉ်ဘက်သို့ မောင်းလာသည်။ လမ်းတွင် စကားမပြောပါ။

ကန်ကြီးဥယျာဉ်အတွင်းဘက်သို့ ရောက်သည်။ လူရှင်းရာနေရာတွင် ကားကိုထိုးရပ်လိုက်သည်။ ကန်ကြီးထဲမှ ရေပြာမျက်နှာပြင်သည် ဆောင်းလေတိုက်ခတ်မှုအောက်မှာ တဲဖျပ်ဖျပ် ကြက်ခွပ်လှိုင်းကလေးတွေ လွန့်လူးနေ၏။

သူတို့ဆံပင်နှင့် အင်္ကျီများတွင်လည်း လေတဖျပ်ဖျပ် တိုးဝင်နေသည်။ နှစ်ယောက်လုံး ကားပေါ်မှ ဆင်းကြ၏။

ဂျက်က ကားဘွန်းနက်ကိုမှီကာ ရိုက်ဒါဘောင်းဘီ အောက်အိတ်များထဲ လက်နှစ်ဖက်နိုက်၍ ...

"မင်း ငါ့ကို အထင်မှားနေတယ်"

သူ့အသံက အေးဆေးသည်။ ရဲအာကာက မဲ့ပြုံးကလေးကို သူ့နှုတ်ခမ်းနီနီကလေးပေါ် တင်လိုက်သည်။

"ခင်ဗျားက အိုးမလုံ အုံမွှင့်လို့ လာရှင်းတာလား"

"မဟုတ်ဘူး ... မင်း အထင်မှားနေတယ်"

"ကျုပ် မျက်စိနဲ့ တပ်အပ်မြင်လိုက်တာကိုများ ခင်ဗျားက ဖရဲသီးကို ဘူးသီးလုပ်ချင်သေးတယ်"

"အဲဒီနေ့က ငါ ကောင်မလေးနဲ့ အလုပ်တိုက်ထဲမှာ တွေ့တော့ သူ့ကိုယ်ထဲ ပိုးဟပ်ဝင်လို့ ယူပေးပါဆိုလို့ ယူပေးလိုက်တာပါ ... ဒီအဆင့်က လွန်ပြီး ငါ ဘာမှမလုပ်ဘူး"



"ဟော့လူ ... ခင်ဗျား ဒါတွေ လာပြောနေရအောင် ခင်ဗျား မရှက်ဘူးလား ... ကျုပ်နဲ့ ဘာဆိုင်သလဲ"

"မင်းမဆိုင်ရင် အလုပ်ဆင်းလေ ... မင်းရင်ထဲမှာ ကျွဲခတ်သလို ခံစားနေရလို့ မင်း အလုပ်ကိုတောင် မလာဘဲ ရှောင်နေတယ် မဟုတ်လား ရဲအာကာ ... ဒီမှာညီလေး"

သူက ရဲအာကာ၏ ဝနုံးကို ညင်သာစွာ ပုတ်လိုက်၏။

"ခင်ဗျားကြီး ကျုပ်ကို လာမထိနဲ့"

"မင်း ငါ့ကို အထင်မှားနေတာပါ ကိုရဲရာ"

"ခင်ဗျား လိမ်ပြန်ပြီလား ... ကာယကံရှင် ကိုယ်တိုင်က ခင်ဗျားနဲ့သူ ဖြစ်နေကြပါတယ်လို့ အတိအလင်း ဝန်ခံခဲ့တာ ခင်ဗျားက ဘာလိမ်ချင်သေးသလဲ ... ကမ္ဘာလှုလိမ်ကြီးများ စာရင်းထဲမှာ ခင်ဗျားကို ထည့်လို့ရရင် ထည့်လိုက်ချင်တယ်"

"မင်း ငါ့သိက္ခာကို မချပါနဲ့ ... မင်း ကာယကံရှင်ဆိုတာ ဘယ်သူလဲ"

"မေး ... မေးရသေးတယ် ... ပွတ်ကျွတ် အပြင် ဘယ်သူရှိရမှာလဲ"

ဂျက်စနေ တကယ်အံ့အားသင့်သွားသည်။ ပွတ်ကျွတ်သည် ရဲအာကာအား ယနေ့အထိ မတွေ့ပါဟု သူ့ကိုပြောထားသည်။

"ပွတ်ကျွတ်က ဒီလိုပဲ ပြောသလား"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဗျာ ... ခင်ဗျားက သူ့ကိုလက်တွဲမယ်လို့လည်း ပြောတယ် ... ဒီမှာ ဂျက်စနေကြီး ... ဂျက်လေယာဉ်ဟာ အမျိုးမျိုး ပျံသန်းလို့ရသလို ခင်ဗျားလေသံတွေနဲ့ ကျုပ်ကို အမျိုးမျိုး လာလိမ့်ပြမနေစမ်းပါနဲ့"

"မင်းမှားနေပြီ"

"အေး ... ကျုပ်မှားတာထက် ခင်ဗျားက ပိုပြီးမှားတယ် ... ကိုယ်မှာ မယားရှိလျက်နဲ့ ဆယ့်ရှစ်နှစ်ကောင်မလေးကို မနူးမနပ်ထားပြီး ချိုင်တယ်"

"မင်း မပြောနဲ့"

"ပြောမယ် ... ပွတ်ကျွတ်ကို ကျုပ်ဘယ်လောက်ချစ်ခဲ့ရ သလဲ ... ကျုပ် ရင်ထဲမှာရှိတာ ကျုပ်ဖွင့်ပြချင်တယ် ... ဒါပေမယ့် ပွတ်ကျွတ်က ကျုပ်မေတ္တာကို တန်ဖိုးမထားဘူး"

ပြောစဉ် သည်ငနဲလေး မျက်နှာမဲ့လာသည်။

အသံမှာ ငိုသံပါလာသည်။

"ကျုပ်ကိုလည်း တန်ဖိုးမထားဘူး ... ခင်ဗျားနဲ့သူကတော့ ကျုပ်ကွယ်ရာမှာ ဖိမ်ကျနေကြတာပေါ့ ... ချစ်နေလိုက်ကြ တာ"

"တော်တော့ကွာ ... မဟုတ်တာတွေ မပြောပါနဲ့တော့"

"ဘာမဟုတ်တာလဲဗျ ... ပွတ်ကျွတ်က ခင်ဗျားနဲ့လက်တွဲ ဖို့ ဆုံးဖြတ်လိုက်ပြီ ဆိုကတည်းက ဒါ ဟုတ်တာပေါ့ဗျ"

"ဟာကွာ"

စိတ်မရှည်လာသော ဂျက်က သူ့လက်နှစ်ဖက်နှင့်



ရဲအာကာကို ခပ်ဆတ်ဆတ်ကလေး ဆောင့်တွန်းပစ်လိုက်သည်။ ဖင်ထိုင်ကျသွားသော ရဲအာကာ ခမျာ ဂျက်စနေကိုလည်း မထိုးရဲ။ ပွတ်ကျွတ်ကိုလည်း မကျေနပ်ဘဲ ထိုင်လျက်မှ တဟီးဟီး ငိုကြွေး နေသည်။

၄၄

"ခင်ဗျားကြီး တစ်ကိုယ်ကောင်းသမားကြီး ... သူများအချစ် ကိုလုတယ် ... ကျုပ် ခင်ဗျားကြီးကို မကျေဘူး ... အီး"

"ကိုရဲ ... မင်း ငါ့ကို တစ်နေ့ ပြန်တောင်းပန်ရလိမ့်မယ်၊ မင်းကိုယ်မှာ အခု အချစ်နတ်ဖမ်းနေတယ် ... မင်းကို ငါ ဘာမှ မပြောချင်တော့ဘူးကွာ"

ဂျက်သည် ကားကို ထိုးနေရာမှ မောင်းထွက်လာခဲ့ သည်။ ရဲအာကာမှာတော့ ကလေးလေးတစ်ယောက် ကစားစရာ ပျောက်လို့ ငိုကြွေးသလို ငိုပြီးကျန်ခဲ့သည်။

ဂျက်၏ ရင်ထဲမှာ ဒေါသတွေ ဖြစ်နေသည်။

ဒါ ပွတ်ကျွတ် လက်ချက်ပဲဟု သိ၏။ ပွတ်ကျွတ်က မိမိကိုလည်း လိမ်သည်။ ကိုရဲကိုလည်း လိမ်သည်။

အလုပ်ရုံးကို ကားကို သတိထား မောင်းနှင်ပြီး ပြန်လာသည်။ အချိန်မှာ ညနေလေးနာရီ ထိုးနေပြီ။

အလုပ်ခန်းထဲတွင် ဝန်ထမ်းတွေ ပြန်ကုန်ကြပြီ။

ပွတ်ကျွတ် တစ်ယောက်ပဲ မပြန်သေးဘဲ ကျန်ခဲ့၏။ ပွတ်ကျွတ်က ဂျက်စနေ အလာကို မျှော်နေခဲ့သည်။

ဂျက်စနေက ထုံးစံအတိုင်း သူမကို အိမ်သို့ကားနှင့် လိုက်ပို့ပေးမည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သဖြစ်လာသော ဂျက်သည် ပွတ်ကျွတ်ကို တွေ့တာနှင့် ဘာမှမပြောဘဲ သူမလက်ကို တရှုန်းကြမ်း ခပ်ကြမ်းကြမ်းပင် ရုံးခန်းထဲ ဆွဲခေါ်သွားသည်။

"အို ... အစ်ကို ဘယ်လိုလုပ်တာလဲ ... ဒီမှာ လက်ပြုတ်တော့မယ်ရှင့် ... အား ... နာတယ် လွှတ်ပါ"

ရုံးခန်းထဲရောက်မှ လက်ကိုလွှတ်၍ ပွတ်ကျွတ်၏ ပခုံးနှစ်ဖက်ကို သူ့လက်ကြီးများနှင့် ကိုဂျက်က ဆုပ်ကိုင်ဆောင့်ခါပစ်သည်။

"ပွတ်ကျွတ် ပြောစမ်း ... နင် ကိုရဲကို ဘာတွေသွားပြောသလဲ ... ပြောစမ်း"

တစ်နေ့ သည်မေးခွန်း လာလိမ့်မည်ဆိုတာကို သိသည်။

"ဘာတွေ ပြောလို့လဲ"

"နင်နဲ့ငါ ဖြစ်နေတယ်ဆို"

ပွတ်ကျွတ် ငြိမ်သွားသည်။ ခေါသရောင်တောက်သော မျက်လုံးများနှင့် ကိုဂျက်က ကြည့်နေ၏။ ထိုမျက်လုံးတွေကို ပွတ်ကျွတ်က သူမ၏ နှလုံးသားနှင့် ရင်ဆိုင်ရဲပါသည်။

"ဟုတ်တယ် အစ်ကို ... ပွတ်ကျွတ် ပြောလိုက်တယ်"

ပွတ်ကျွတ် အသံက ညင်သာသည်။ တိုးသည်။ အေးဆေးရဲရင့်၏။

"ဘာလို့ ပြောရတာလဲ"

"အစ်ကို့ကို ချစ်လို့"



"ဘာ"

"အစ်ကို့ကို ချစ်လို့ပါ အစ်ကိုရယ် ... ပွတ်ကျွတ် အစ်ကို့ကို ချစ်နေခဲ့တာ ကြာပါပြီ ... ပွတ်ကျွတ်နဲ့အစ်ကို စမတွေ့ခင် မသိခင်ကတည်းက ပွတ်ကျွတ် ချစ်နေမိခဲ့တာပါ။ ပွတ်ကျွတ် အိပ်မက်မက်ရင် အစ်ကို့မျက်နှာကို မက်တယ်၊ အမြဲလိုလိုပါပဲ ... ဘယ်လိုကြောင့်လဲ မသိပါဘူး ... ပွတ်ကျွတ် မွေးကတည်းက အစ်ကို့ကို မြင်ဖူးတာလည်း မဟုတ်ပါဘူး ... အစ်ကိုနဲ့ တွေ့တော့မှ အစ်ကိုဟာ ပွတ်ကျွတ် အိပ်မက်ထဲကလူ ဆိုတာ သိနေတယ် ... တကယ်ပါ အစ်ကိုရယ် ... ပွတ်ကျွတ်ရဲ့ ရင်ထဲမှာ အချစ်ရယ်လို့ စတင်ခံစားသိခဲ့ကတည်းက အစ်ကို့ကို ပွတ်ကျွတ် ချစ်ခဲ့တာပါ၊ မမြင်မတွေ့ရဘဲနဲ့ အစ်ကို့ကို သိနေသလိုလိုပါပဲ၊ ပွတ်ကျွတ်တော့ ကိုယ့်ကိုယ်ကိုယ် အံ့ဩမိတယ် အစ်ကို"

မြတ်စွာဘုရား။

ဗုဒ္ဓေါ။

ပွတ်ကျွတ် ပြောတာ မိမိကိုပဲ မြင်ဖူး တွေ့ဖူးနေသလိုပဲတဲ့။

နီမကို ဂျက်စနေ ချက်ချင်းသတိရလိုက်သည်။ သို့ပေမယ့် ဤမတွေးအပ်သော အတွေးကို ပယ်လိုက်သည်။

နီမဟာ ခွေးပဲ။

ပွတ်ကျွတ်ဟာ ခွေးမှမဟုတ်ဘဲ။ လူ ... လူ။ မတ်တတ်ရပ် လမ်းလျှောက်နေသည့်လူ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စာအုံ၏ ပြောစကားကိုလည်း သတိရမိပါရဲ့။

"ငါ ကိုယ်ဝန်ရကာနီးမှာ နီမက ငါ့ဆီလာပြီး ငါ့ဗိုက်ကို လျှာနဲ့လျက်တယ် ... ငါကလည်း သနားလို့ နင် ငါ့ဗိုက်ပေါ်မှာ နေချင်နေဆိုပြီး အိပ်မက်ထဲမှာ နေခိုင်းလိုက်တယ်"

မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး ... နီမက ပွတ်ကျွတ်အဖြစ် ဝင်စားတယ်ဆိုတာ မဖြစ်နိုင်ပါဘူး ... ပွတ်ကျွတ် ငါ့ကို မမြင်ရသေးဘဲနဲ့ မြင်ဖူး တွေ့ဖူးနေတယ်ဆိုတာ ငါ့ကိုလုပ်ကြံပြောနေတာပဲ ... သူ ငါ့ကိုကြိုက်နေတာနဲ့ ပရိယာယ်မာယာတွေ ပြောနေတာပါ ... ပိုးဟပ်ကျောပြင်ထဲ ဝင်လာတာလည်း သူ ငါ့ကို မာယာနဲ့ သွပ်သွင်းတာပဲ။

အတွေးတွေနှင့်ပဲ ပွတ်ကျွတ်ကို ငေးကြည့်နေမိ၏။

ပွတ်ကျွတ်သည် ကိုဂျက်ကို မျက်နှာငယ်လေးနှင့် ကြည့်လိုက်သည်။ ချစ်ခြင်း၊ နှစ်လိုခြင်း၊ လိုလားခြင်းတို့သည် ပွတ်ကျွတ် မျက်နှာမှာ အထင်းသားပါ။

"ပွတ်ကျွတ် အစ်ကို့ကို တကယ် ချစ်ခဲ့ပါတယ် အစ်ကိုရယ် ... ဒါပေမယ့် ပွတ်ကျွတ် ချစ်နေတာကို အစ်ကိုက မသိဘူး ... ဟိုတစ်နေ့က ဖြစ်ခဲ့တဲ့ ဖြစ်ရပ်က ပွတ်ကျွတ်ရဲ့ အတွေး အသည်းတွေကို ဘယ်လိုတုန်လှုပ်သွားစေသလဲ မပြောတတ်ဘူး ... အစ်ကို့ကိုချစ်တဲ့စိတ်ကြောင့် အစ်ကို့ကို လိုလားတယ်၊ အစ်ကို့အကျိုးကို လိုလားတယ်၊ ပွတ်ကျွတ်လေ အဲဒီခံစားမှုတွေနဲ့ အစ်ကို့ကို ချစ်လို့ ရဲအာကာကို ပြောတာပါ"



"ဒါဆို ... နင် ငါ့ကိုညာတယ်ပေါ့ ... ရဲအာကာနဲ့မတွေ့ဘူးဆိုတာ မဟုတ်ဘူးပေါ့"

"တွေ့တယ် ... ရဲအာကာကို ပွတ်ကျွတ်က အစ်ကိုနဲ့ လက်တွဲမယ်ဆိုတာ ပြောမိတယ်"

ပင့်သက်ကို ရှူလိုက်သည်။ လိုက်တော့မှာ ပင့်သက်ကို ချလိုက်မိသလို ပွတ်ကျွတ်ကို ဆုပ်ကိုင်ထားမိသော လက်များကိုလည်း ချလိုက်မိ၏။

"နင် မှားတာပဲ ပွတ်ကျွတ်၊ နင်မှားတာပဲ"

"ပွတ်ကျွတ် ဘာမှားလို့လဲ အစ်ကိုရယ် ... ပွတ်ကျွတ် အစ်ကို့ကို ချစ်မိတာ မှားသလား ... ပွတ်ကျွတ်အသက် ဆယ့်ရှစ်နှစ် ပြည့်ခဲ့ပြီးပါပြီ ... အချစ်ဆိုတာတော့ ခံစားတတ်ပါတယ် ... ချစ်တတ်ပါတယ်"

"အေး ... အဲဒီအသက်ဆယ့်ရှစ်နှစ် ရူးရူးမိုက်မိုက်အရွယ်နဲ့ ချစ်တာကို ပြောတာဟ ... နင်တို့ ဆယ့်ရှစ်နှစ်ဆိုတာ ချစ်ဖို့ပဲသိတယ် ... အချစ်အကြောင်း နားမလည်ဘူး ပွတ်ကျွတ် ... အချစ်ကြောင့် ဘာဖြစ်လာမလဲဆိုတာ မသိဘူး ... ယောကျ်ားလေးချောရင် ချစ်ချင်လိုက်တာပဲ ... ယောကျ်ားလေးပြောရင် ချစ်ချင်လိုက်တာပဲ၊ နင်တို့ဆယ့်ရှစ်နှစ်တွေဟာ ရုပ်ရှင်တွေကြည့်၊ အချစ်ဝတ္ထုတွေဖတ်၊ အချစ်ရုပ်ပြတွေ ဖတ်ပြီး ချစ်ချင်သလို ချစ်ပစ်လိုက်တဲ့ စိတ်ကူးယဉ်အဆင့်ပဲ ... အခု ငါ့မှာ ဘာတွေရှိတယ်ဆိုတာ နင်သိလို့လား"

"အစ်ကို့မှာ ပညာရှိတယ်၊ ရုပ်ရှိတယ်၊ ရဲစွမ်းသတ္တိရှိတယ်၊ ငွေရှိတယ် ... ပြီးတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



"အော်တော့ ဒါတွေ ငါမပြောဘူး ပွတ်ကျွတ် ... အခု ငါ့မှာ မိန်းမရှိတယ် ... နှောင်း ရှိတယ် ... ဒါတွေ နင်မသိဘူးလား ... မမြင်ဘူးလား ... မိန်းမရှိ လင်တစ်ယောက်ကို ချစ်မိတာ နင် မရှက်ဘူးလား ... ဒုသနသော မကြောက်ဘူးလား"

"ဒု၊သ၊နသော ဆိုတာ ယောကျ်ားတွေအတွက် ထားတာပဲ၊ မိန်းမတွေအတွက် စပါယ်ရှယ်ထားတာမှ မဟုတ်ဘဲ၊ ထားတယ်ပဲထားဦး ... ဒါ အင်ကြီးပါ"

"ဟဲ့ ... ငရဲအိုးမ ... နင် အရူးစကား မပြောနဲ့ ... နင့်ကို ငါ မချစ်ဘူး သိလား ... နင်ဟာ ခွေးဘဝကလာပြီး ခွေးစိတ်မွေးတဲ့ ငရဲအိုးမ ... အခု နင်ပြောနေတာ နင် မရှက်ပေမယ့် ငါရှက်တယ်ဟ"

"လောကမှာ အချစ်ဆိုတာ အမျိုးအဆို မခွဲခြားပါဘူး"

"နင် ငယ်ပါသေးတယ် ပွတ်ကျွတ်ရယ် ... ပြန်တော့"

"မပြန်ဘူး"

သူမကစပ်ထန်ထန်ပြော၍ လက်ကို ဝိုက်ပြသည်။

"ဒီရုံးခန်းထဲကို ဘယ်သူခေါ်လာတာလဲဟင် ... အစ်ကိုပဲခေါ်လာတာပဲ မဟုတ်လား ... အခု ကြည့်စမ်း ... ပွတ်ကျွတ်အော်လိုက်မယ် ... ကိုဂျက်စနေ ကျွန်မကို မတရားကြံနေပါတယ်လို့ အော်လိုက်မယ် ... အစ်ကို ဘာဖြစ်သွားမလဲ၊ စဉ်းစားစမ်းပါ အစ်ကိုရယ်"

ဘုရား ကယ်ပါ။

မိန်းမတို့၏ ပရိယာယ်မာယာက အမေရိကန်ဒုံးခွင်



ဒုံးထက် ကြောက်စရာ ကောင်းပါလား။ ကမ္ဘာဖျက် လက်နက်ထက်ပိုတဲ့ မာယာဗျူဟာ မာယာလက်နက်ပါလားနော်။

သည်မာယာကို ရှိတ်စပီးယားလည်း မကယ်နိုင်၊ ကာလီဒါသလည်း မကယ်နိုင်။ ဦးပုညလည်း မကယ်နိုင်။

ကုလသမဂ္ဂအတွင်းရေးမှူး ကိုဖီအာနန် ဆိုတာ ဝေးရော။

ဂျက်စနေမှာ တုန်လှုပ်သွား၏။ ပွတ်ကျွတ်ကို မျက်လုံးပြူးကြည့်၏။ ပွတ်ကျွတ်က အသံထွက်ကလေး ရယ်သည်။

အင်မတန် ချစ်စရာ ကောင်းတာပဲ။

စနေ့အဖို့တော့ ချစ်စရာမဟုတ်။ ဘီလူးမ။ အရူးမ။

"ပြော ... အစ်ကို ... နှောင်းနဲ့ပွတ်ကျွတ် ... ဘယ်သူ့ကို ချစ်မလဲ"

အချစ်မားပြဆိုတာ ယောကျ်ားတို့တွင် မဟုတ်၊ ခေတ်ပေါ်နှစ်ဆယ့်တစ်ရာစု စကီတွေမှာလည်း ရှိနေပါလားဟေ့။

ယောကျ်ားမာန သေကာမှလျှော့မယ်ဟ။

ချစ်သူရဲကောင်းကြီး လုပ်လိုက်စမ်းမယ်။

"မချစ်ဘူး ... နင့်ကို မချစ်ဘူး ... တိရစ္ဆာန်မ ... နင့်ကို မချစ်ဘူး ... ခွေးက လူဖြစ်လာတဲ့ ခွေးမ ... နင့်တစ်ကိုယ်လုံး ခွေးစော်နံနေတဲ့ မိန်းမ ... နင့်ကို မချစ်ဘူး ... နှောင်းကိုပဲ ငါချစ်တယ် ... နှောင်းကို ငါသိပ်ချစ်တယ် ... သေတဲ့အထိ ... ဟိုတမလွန်အထိ နှောင်းကို ငါချစ်သွားမယ်၊ သိပြီလား"

ဒေါသနှင့် အကျယ်ကြီး ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရုပ်ကြီးလို ပွတ်ကျွတ် ငြိမ်သွားသည်။

သူမသည် မီးတောက်ကလေးလို လှပသေးငယ်သော်လည်း ထိုမီးတောက်ကလေး လှလှမှ ကြောက်စရာကြီးထွားသော မီးတောက်ကြီးသို့ ကူးပြောင်းအရှ ရာယ်ပေးနိုင်၏။

စကားလုံးတွေ အားလုံးကို ပွတ်ကျွတ် ကြားသည်။

ရှင်းသည်။ သိပ်ရှင်းသည်။

ရက်စက်တဲ့ အစ်ကိုရယ်။

ဒီကဖြင့် ချစ်လိုက်ရတာ။ ချစ်လိုက်ရတာဆိုတဲ့ သီချင်းအတိုင်းပဲ။

မျက်နှာမှာ ဖြူတစ်ခါ နီတစ်လှည့် ဖြစ်လာပြီး နောက်ဆုံး သွက်သွက်ခါ နီတက်သွား၏။

"အာ ... ဟာ"

သတ္တဝါတစ်ကောင်လို သူမ အော်လိုက်၏။ သွားတွေကို ဖြဲးလိုက်၏။ နှုတ်ခမ်းအထက်အောက်ထောင့်တွေမှာ လူဖြစ်ဖြားလည်း စံပါယ်ဖူးလို ဖြစ်နေသော သွားစွယ်ကလေးတွေ ပေါ်ထွက်လာသည်။

"ရှင် အရူး ... ရှင် အရူး ... ကျွန်မ အချစ်ကို ရှင့် တန်ဖိုးမထားဘူး ... ရှင့် ကိုမုန်းတယ် ... သိလား ... ရှင့်ကို မုန်းတယ်"

ပေါက်ကွဲမှုက အိုစမာဘင်လာဒင်၏ ကမ္ဘာကုန်သွယ်ရေးတိုက်ကြီး ဖျက်ဆီးလိုက်သံထက် မာကျောလေ သလားပဲ။

ပွတ်ကျွတ် တစ်ရှိန်ထိုးပဲ အပြင်ကို ပြေးထွက်သွားသည်။



ပိုက်ဆံအိတ်တောင် စားပွဲပေါ် မေ့ကျန်ရစ်ခဲ့၏။

အပြင်ရောက်မှ သူမ သတိရသည်။ သည်ကနေ့ သူမ မျှော်လင့်ထားတာတွေ ဖွက်ပြယ်ပြိုသုဉ်းကုန်ပြီပေါ့။

မြင်လည်း မြင်မြင်။

ကြင်လည်း ကြင်ကြင်။

ချစ်လည်း ချစ်ချစ်။

ပစ်လည်း မုန်းမုန်း ...

အို ကမ္ဘာဆုံးထိအောင် ကြီးကာ ကြီးကာ မုန်းလိုက်မယ်ဟေ့။

ပိုက်ဆံအိတ်တောင် ပြန်မယူတော့ဘဲ လမ်းပေါ်မှာ လျှောက်နေမိသည်။ ပတ်ဝန်းကျင်သည် သူမအတွက် ဗလာသက်သက်။

လမ်းတစ်လမ်းသို့ အရောက်တွင် သူမ ဘေးနားသို့ ဒိုင်နာထရပ်ကားတစ်စီး ထိုးဆိုက်လာသည်။

ကားရှေ့ခန်းတွင် မိုးမခနှင့် မိုက်တီး ထိုင်နေသည်။

မိုးမခက ပြုံးလိုက်သည်။

"ဟဲလို တူမကြီး ... တူမကြီးနဲ့ စကားပြောချင်လို့ တူမကြီးကို ရှာနေတာပါ ... ခဏလေး ကားနောက်ခန်းပေါ် တက်ပေးလိုက်ပါနော်"

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်လမ်းစဉ်(၁၂)

"ဟာ ... သွားပါပြီကွာ"

စိတ်လက်ညစ်ညူးစွာနှင့် ဂျက်စနေက စကားပြောဆယ်လူလာကို ပစ်ချလိုက်သည်။

နောင်းက လက်သည်းဆိုးနေရာမှ ခေါင်းမော်ကာ...

"ဘာသွားတာလဲ ကို"

"ပြီးခဲ့တဲ့ တစ်ပတ်က မြေနဲ့အိမ်ကိုဝယ်ဖို့ကို တွက်ထားတာ တခြားလူက အုပ်သွားပြီ"

"ဒါများ ကိုရယ်"

"နေရာကောင်းကွ ... ဝယ်ပြီးပြင် ပြင်ပြီးပြန်ရောင်းရင် ဈေးကောင်းရမှာလေ ... ဒါ ကိုကိုက ရည်စူးထားတာ ... ဘယ်သူမှ သိတာမဟုတ်ဘူး နောင်းရ ... အခုတော့ တစ်ဖက်လူက ကိုယ့်ထက် လက်ဦးသွားပြီ"



"ဘယ်သူလဲ"

"ကတ္တရာညီနောင်လေကွာ"

"ဟွန်း ... ကတ္တရာညီနောင်တဲ့ ... ဘာလဲ"

"ကတ္တရာညီနောင်ဆိုတာ လူသုံးဦးရှိတယ် ... မိုးမခ၊ မော်တာ၊ မိုက်တီးတဲ့ မ,သုံးလုံးလူတွေပါ ... သူတို့အသားတွေက နက်မှောင်မည်းနက်ပြီး လူသုံးယောက်လုံးဟာ အရွယ်တူ ဆိုက်တူ ဖြစ်နေလို့ ကတ္တရာညီနောင်လို့ ခေါ်တာ ... ကိုတို့ကို လိုက်တိုက်နေတဲ့ လူတွေလေ"

"သတိထားနော် ... သူတို့ ကို့ကို သေကြောင်းကြံတာ သုံးခါရှိပြီ ... သက်သေမရှိလို့သာ"

"အေးပါ ... ဒါပေမယ့် သူတို့က ကို့ကို မသတ်တော့ဘူးကွ ... ကိုယ်လုပ်မယ့် အကြံတွေကို လိုက်ဖျက်နေတယ်"

"ဒါဆိုလည်း သတိထားပေါ့ကိုရယ် ... ပွတ်ကျွတ်ကိုလည်း သတိထားခိုင်း ... ပွတ်ကျွတ် ဆိုလို့ ပွတ်ကျွတ်လည်း အိမ်မလာတာ ကြာပြီနော်"

"သူ့အလုပ် သူရှုပ်နေလို့ ဖြစ်မှာပေါ့"

ခပ်ပေါ့ပေါ့ ပြောပြီး ပွတ်ကျွတ်နှင့်သူ ပြန်ပြေလည်မှု ရရှိတာကို စဉ်းစားနေ၏။

ပွတ်ကျွတ်သည် ရင်ဖွင့်ပြီး ရင်ပွင့်သွားခဲ့ကာ ဒေါသနှင့် သူ့ရုံးခန်းထဲမှ ထွက်သွားသည်။ ပွတ်ကျွတ် ထွက်သွားမှ လေးလံသော ဝန်ထုပ်ဝန်ပိုးကြီး ပြုတ်ကျသွားသလို ဂျက်စနေ၏ ကိုယ်ပါ ပေါ့သွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ပွတ်ကျွတ်ကို သူ ခေါ်သမဖြစ်နိုင်တော့။

မိန်းကလေးတန်မဲ့ အချစ်စိတ်ကြောင့် ရင်ဖွင့်ခဲ့သော ပွတ်ကျွတ်တို့ အရွယ်သည် အချစ်မှာ စိတ်ကူးယဉ်ခဲ့သော အရွယ်သာဖြစ်သည်။

နောက်တစ်နေ့ ပွတ်ကျွတ်လာချိန်တန် မလာတော့လည်း မျှော်နေမိသည်။ လာနေကျထက် ပွတ်ကျွတ် တစ်နာရီနောက်ကျခဲ့၏။

သည်ကနေ့တွင် ပွတ်ကျွတ်သည် အလုပြင်မလာပါ။ ရှိရင်းစွဲ နဂိုမူလအလှနှင့်ပင် လာပါသည်။

သူမကိုယ်တွင်လည်း အမွှေးအကြိုင် ဆွတ်မလာပါ။

သူမကိုယ်မှ လူစော်မဟုတ်သော ခပ်ဟောင်ဟောင် အနံ့က သူမကိုယ်မှ မသိမသာ ထွက်နေစေကာမူ သူမ ဂရုမစိုက်ပါ။

ဂျက်စနေရှိရာသို့ သူမ ရောက်လာသည်။

ယမန်နေ့က ကိစ္စနှင့်ပတ်သက်ပြီး သူမ အမှားပါဟု တောင်းပန်သည်။ မျက်နှာကလေးကတော့ အနည်းငယ် ညှိုးငယ်ပေမင့် ကြည်ကြည်လင်လင်။

"ရပါတယ်ဟာ ... ငါက နင့်ကို ညီမလေးတစ်ယောက်လိုပဲ သဘောထားတော့ ဘာမဆို ခွင့်လွှတ်ပြီးသားပါ ... တကယ်တမ်း နင်ချစ်သင့်တာက ကိုရဲပါ ... ကိုရဲက နင့်အပေါ် အမြဲ အနစ်နာခံပြီး ပေါင်းနေတာ နင့်ကို ချစ်လို့ပဲ ... နင်လည်း သိပါလိမ့်မယ်"



"ကိုရဲကို ချစ်ဖို့တော့ ကြိုးစားရဦးမှာပါ ... အစ်ကို ပွတ်ကျွတ်ကို ခွင့်လွှတ်တယ်ဆိုရင်"

သူမက လက်ဝါးနှစ်ဖက်ကို ဖြန့်ပေး၊ ထောင်ပေးသည်။ ထိုလက်ဝါးများပေါ်တွင် ဂျက်စနေ လက်ဝါးတွေက လိုက်ရိုက်သည်။ ပြီးတော့ ဘယ်တစ်ဖက် ညာတစ်ဖက် ရိုက်ပြန်သည်။

နှစ်ယောက်လုံး ပြုံးနေသည်။

ဒါ ခေတ်လူငယ်တွေ၏ သဘောတူချက်။

တကယ်တော့ ပွတ်ကျွတ်၏ဆန္ဒဆိုးများနောက်မှ ကောက်ကျစ်သော စိတ်ဓာတ်ကို ဂျက်စနေ မရိပ်မိလိုက်ပါ။

ပွတ်ကျွတ်ကို အရဆွဲခေါ်နိုင်သူက မိုးမခနှင့် မော်တာဖြစ်သည်။ မိုးမခက ပွတ်ကျွတ်ကို သူ့လူဖြစ်အောင် ဆွဲသွင်းသည်။ မော်တာကလည်း ဂျက်စနေ၏စိတ်သဘောထားတွေ ပွတ်ကျွတ်အပေါ် စီးပွားရေးနှင့်ပတ်သက်ပြီး စိတ်သဘောထားတွေ ပြောင်းလဲကောင်း ပြောင်းလဲလိမ့်မည်၊ ဒါကြောင့် သူတို့နှင့် ကြိုတင်ဆက်သွယ်ပြီး သူတို့ခိုင်းသလို လုပ်ပေးလျှင် ထစ်လျှင် ငါးထောင်ပေးမည်ဟု ပြောသည်။

တခြားအချိန်မှာသာဆိုလျှင် ပွတ်ကျွတ်သည် အဲသည် လူနှစ်ယောက်ကို ကက်ကက်လန်အောမှာ သေချာသည်။ ယခုတော့ ဂျက်စနေအပေါ် ချစ်စိတ်နာခဲ့သော ပွတ်ကျွတ်က ဂျက်စနေကို မြေလှန်ပစ်ဖို့ စိတ်ကူးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အချက်ကို သိသိပ်ကာ အလိမ္မာနည်းနှင့် ပြန်ဆက်ဆံသည်။ ဂျက်စနေလုပ်မည့် လုပ်ငန်းခွင်တွင် လိုအပ်သည့် အရေးကြီးလုပ်ငန်းတွေကို မိုးမခတို့အား လျှို့ဝှက်ကြိုတင် အကြောင်းကြားလေ့ရှိ၏။

ဂျက်စနေ လှမ်းမည့် ခြေလှမ်းကို တုံ့ဆွဲ၏။

လေးငါးရက်အတွင်း ဂျက်စနေ ဆောက်မည့် အဆောက်အအုံအတွက် အလုပ်သမားတွေ မရအောင် သူမက မိုးမခတို့နှင့် လျှို့ဝှက်တိုင်ပင်ကာ အလုပ်သမားများကို ကဗ္ဗာရာ ညီနောင်ဆောက်နေသော ဆိုက် (SITE)ထဲသို့ ဆွဲသွင်းလိုက်သည်။

ဂျက်စနေမှာ အလုပ်သမားမရတော့သဖြင့် အူကြောင်ကြောင် ဖြစ်နေသည်။ ပွတ်ကျွတ်ကို အားကိုးပြန်တော့ ပွတ်ကျွတ်က ရှာပေးသည်။

အုတ်သယ်၊ မြေဖို့လောက်သာရသော မိန်းကလေး အလုပ်သမား အနည်းငယ်ပဲရသည်။

အင်္ဂတေလိုမ့်သည့်နေရာ၊ မဆလာစပ်သည့်နေရာ၊ လက်သမား၊ ပန်းရံအဖွဲ့ကိုတော့ ရှာမရ။ တွေ့ပြန်တော့လည်း စိတ်တိုင်းမကျ သုံးမရ။

သည်တော့ အုတ်မြစ်ချပြီးမှ ဆောက်လုပ်မည့်ရက်ကို ရွှေ့လိုက်ရသည်။

မြေကွက်တွေကို ဝယ်ဖို့ကြံစည်လျှင်လည်း တစ်ဖက်က လက်ဦးမှုယူသွားသည်။ ဒါ ဘယ်သူ့လက်ချက်လဲ။

ပွတ်ကျွတ်၏ လက်ချက်။



အဆောက်အအုံတွင် ဆောက်လုပ်မည့် ပစ္စည်းတွေကို မှာပြန်တော့လည်း ပွတ်ကျွတ်၏ ကြိုတင်သတင်းပေးချက်အရ မိုးမခတို့က တစ်ဖက်တွင် ပစ္စည်းပြတ်အောင် ဖန်တီးပစ်သည်။

ဂျက်စနေမှာ ယခင်နှင့် မတူဘဲ အနှောင့်အယှက် ဝင်လာသော သူ့လုပ်ငန်းကို သဘောမကျစွာ ဖြစ်နေချေသည်။ ရိုးရိုးသားသားမှ ဟုတ်ရဲ့လားဟူသော အတွေးနှင့် သံသယ ဖြစ်လာသည်။

နှောင်းကို ပြောပြတော့ နှောင်းက ဂျက်စနေတွင် အတွင်းရန်သူ ရှိနေကောင်း ရှိနေလိမ့်မည်။ ထိုရန်သူကို သူမ ဖော်ထုတ်နိုင်အောင် သူမကိုယ်တိုင် ကွင်းဆင်းလေ့လာမည်ဟု ပြောလာသည်။

နှောင်းက ကိုဂျက်၏ ခေတ္တအတွင်းရေးမှူးလုပ်ရင်း ဝန်ထမ်းတွေ၏ အသွားအလာကို လေ့လာမည်ဖြစ်သည်။

နှောင်းက အိမ်မှုကိစ္စတွေကို ပစ်ထားလိုက်သည်။

နှောင်း အလုပ်ဆင်းသည့်နေ့က နှောင်းကိုယ်တိုင် အလုပ်ကို လိုက်လာတော့ ပွတ်ကျွတ် အံ့အားသင့်နေသည်။

တလေးတစား သွားကြိုသည်။

နှောင်းက သူမသည် ဂျက်စနေ၏ ခေတ္တအတွင်းရေးမှူးလုပ်မည့်အကြောင်းကို ပွတ်ကျွတ်အား ပြောပြလိုက်သည်။

မိန်းမချင်းမို့ အကဲတော့ ခတ်မိ၏။ ပွတ်ကျွတ် မျက်လုံးထဲတွင် မလိုလား မရှုစိမ့်သော အပိုင်းအစတွေ ဝင်သွားသည်ဟု နှောင်း သံသယဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တွင် နှောင်းနှင့် ကိုဂျက် တိုင်ပင်ပြီး သူ့ရုံးခန်းထဲမှာ ဝန်ထမ်းတွေကို အစည်းအဝေး ခေါ်သည်။

ဝန်ထမ်းတွေ စုညီတော့ ဂျက်စနေက ဝန်ထမ်းများအား အလုပ်ကို ကြိုးစားဖို့နှင့် ဝယ်ထားသော မြေကွက်တချို့ကို ပြန်လည်ရောင်းချမည်။ ရောင်းချရာတွင် လေလံသဘောနှင့် ရောင်းချမည်မို့ မည်သူ့ကိုမှ ကြိုတင်မပြောကြရန် သတိပေးပါကြောင်း ပြောကြားသည်။

လုပ်ငန်းကိုလည်း အကောင်အထည် ဖော်ရာတွင် လာမည့် ဖေဖော်ဝါရီလမှစ၍ စကိုင်းဂျက်၏လုပ်ငန်းများ စတင်လည်ပတ်မည့်အကြောင်း ပြောသည်။

မရှင်းမလင်းတာတွေကို မေးနိုင်သည်။

ပွတ်ကျွတ်က မေးသည်။ လေလံပွဲကို မည်သည့်နေ့ရက်တွင် စတင်မည့်အကြောင်းမေး၏။

ဂျက်က စတင်မည့်ရက်ကို ပြောသည်။ ပွတ်ကျွတ်က ဘာကြောင့် မြေကွက်တွေကို ပြန်ရောင်းသလဲ မေးတော့ ဂျက်က ...

"ရန်ကုန်မှာ ကွန်စရပ်ရှင် (CONSTRUCTION)အလုပ်တွေဟာ ယခင်ကလို မသွက်တော့ဘူး ... နယ်ကလူတွေက ရန်ကုန်ကို ပြောင်းတာများတယ် ... အခုနယ်လူတွေက ရန်ကုန်အပြောင်းနည်းတော့ ကွန်စရပ်ရှင်လုပ်ငန်းမှာ ပစ္စည်းတွေ ဈေးကြီးတာရယ်၊ ဝယ်သူတွေက ဈေးမလိုက်နိုင်တာရယ်၊ နယ်ပြောင်းတွေ နည်းတာရယ်၊ ဝင်ငွေထွက်ငွေ များနေတာရယ်ကြောင့် ကွန်စရပ်ရှင်လုပ်ငန်းတွေ နှောင့်နှေးသွားတယ်၊ ကွန်(CON)လို့ပဲ ကွန်စရပ်ရှင်ကို အတိုကောက်ပြောကြစို့ရဲ့၊ အဲဒီကွန်လုပ်ငန်းဟာ ကျွန်တော်တို့ဆီကိုလည်း ထိုနည်းအတူ ကူးမလာနိုင်ဘူးလို့ မပြောနိုင်ဘူး (CON)ကွန်လုပ်ငန်းကျရင် မြေဈေးတွေလည်းကျမယ်၊ ကွန် (CON)ကောင်းရင် မြေဈေးတွေလည်း ကောင်းလာမှာပဲ။ ကျွန်တော်တို့မြို့မှာ မြေဈေး တန်းနေတယ်၊ ဝယ်လိုသူရှိရင် ရောင်းချနိုင်အောင်ပါ ... ဒါပါပဲ"

ပြီးတော့ ဆက်လက်၍ နှောင်းအား သူ၏ ခေတ္တအတွင်းရေးမှူးအဖြစ် ခန့်ထားကြောင်း ပြောပြီးတော့ နှောင်းနှင့် ဝန်ထမ်းတွေကို မိတ်ဆက်ပေးသည်။

တွေ့ဆုံပွဲလေးကို ရုတ်သိမ်းလိုက်သည်။

ဝန်ထမ်းများသည် လှပ၍ သဘောကောင်းသော နှောင်းအပေါ်တွင် ရိုသေလေးစားမှုနှင့် စိတ်ဝင်စားမှုတော့ ရှိကြဟန်တူသည်။

နှောင်းသည် ဝန်ထမ်းတွေအားလုံးကို အလုပ်ခွင်ထဲဆင်းကာ အကဲခတ်သည်။ အားလုံးပင် အေးအေးဆေးဆေး ဖြစ်သည်။

ပွတ်ကျွတ် တစ်ယောက်သာ ဂနာမငြိမ်ဖြစ်ပုံရသည်။

တစ်နာရီလောက်ကြာတော့ ပွတ်ကျွတ်က သူမ၏ မိခင် ချောင်းဆိုးနေသည့်အတွက် ဆေးဝယ်ထွက်ပါရစေဟု ခွင့်တောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ပွတ်ကျွတ် အလုပ်က ပြင်ပအလုပ်မို့ တကယ်တော့ ခွင့်တောင်းစရာမလိုပါ။

ပွတ်ကျွတ် အပြင်ထွက်သွားချိန်တွင် နှောင်းကလည်း မယောင်မလည်နှင့် လိုက်သွားသည်။

ပွတ်ကျွတ်ကို သူမ မသင်္ကာသောကြောင့် ဖြစ်သည်။ ဂျက်စနေသည် ပွတ်ကျွတ်နှင့် တိုင်ပင်သော အလုပ်တိုင်း တစ်ဖက်က ဦး,ဦးသွားသောကြောင့် ဖြစ်သည်။

ဈေးနားတွင် စတိုးဆိုင်တစ်ဆိုင်ရှိ၏။

နှောင်းက မနီးမဝေးမှ လိုက်ကြည့်သည်။

စတိုးဆိုင်တွင် အများသုံး အခကြေးငွေပေး တယ်လီဖုန်းနှင့် ပွတ်ကျွတ် စကားပြောနေတာကို မြင်တွေ့ရသည်။

ပွတ်ကျွတ် ဆေးမဝယ်ပါ။

နှောင်းက သူမအလျင် ရုံးသို့ ပြန်လာသည်။

ဂျက်စနေအား တီးတိုးသံနှင့် ...

"ကို ... ပွတ်ကျွတ် လှုပ်ရှားမှုက မသင်္ကာစရာပဲ၊ အစည်းအဝေးလည်းပြီးလို့ နည်းနည်းလည်း ကြာရော အပြင်မှာ ဖုန်းသွားပြောတယ် ... ကြည့်ရတာ ပေါက်ကြား သတင်း လုပ်ပြီနဲ့ တူတယ်"

"နှောင်းက ပွတ်ကျွတ်ကို မသင်္ကာလို့လား"

"ပွတ်ကျွတ်ကို နှောင်း ခင်ပါတယ် ... ဒါပေမယ့် လုပ်ငန်းမှာ ပွတ်ကျွတ်က အံရင်းခံမို့လား ကို ... သူပဲ ဘာမဆို



အားလုံးသိထားတာပဲ ... သိုးဆောင်းစကားပုံ ရှိတယ်လေ ... အရင်းနီးဆုံးလူဟာ သစ္စာအမဲ့ဆုံး လူတစ်ယောက် ဖြစ်တတ်တယ်တဲ့"

"ဒါဆို သူ့လှုပ်ရှားမှုကိုပဲ ကိုတို့ စောင့်ကြည့်ကြတာပေါ့ နှောင်းရယ်"

ပြောသာပြောရသည်။ စိတ်ထဲမှာတော့ လေးနေ၏။ ပွတ်ကျွတ်က ထင်ရာမြင်ရာ လုပ်မှာကို မလိုလားပါ။

ညနေရုံးဆင်းလျှင် ဂျက်က ပွတ်ကျွတ်အား ပြောနေကြအတိုင်း သူမကို အိမ်ပြန်ပို့ပေးမည်ဟု ပြော၏။

ပွတ်ကျွတ်က ဝင်စရာရှိသေးလို့ဟု ပြောသည်။ ယခုတစ်ရက်နှစ်ရက်အတွင်း ပွတ်ကျွတ် စက်ဘီးတစ်စီး ဝယ်တာ တွေ့ရ၏။

သူမ၏ ကိုယ်ပိုင်ငွေနှင့် ဝယ်သည်ဟု ဂျက်စနေ ထင်သည်။ မေးတော့မမေးပါ။

အမှန်တော့ ထိုစက်ဘီးသည် မော်တာ၏ အကြံပေးချက်အရ မိုးမခက ပွတ်ကျွတ်ကို လာဘ်ထိုးသည့်သဘော လက်ဆောင်ဝယ်ပေးလိုက်ခြင်းဖြစ်၏။

ပွတ်ကျွတ်က စက်ဘီးနှင့်အသွား ဂျက်နှင့်နှောင်းက နောက်ဘက်မှ သူတို့ကားနှင့် ပွတ်ကျွတ် မသိအောင် နောက်ယောင်ခံလိုက်သွားကြသည်။

ပွတ်ကျွတ်သည် ပါးပါးနပ်နပ်တော့ သည်နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



မရှိလှ။ လုပ်ချင်တာပဲရှိသည်။ အသည်အလုပ်နှင့် ပတ်သက်၍ သူမအပေါ် ဘယ်သူတွေက မျက်စိဒေါက်ထောက်ကြည့်နေတယ် ဆိုတာကို မတွေး။

သူမက ကတ္တရာညီနောင် အဆောက်အအုံရှေ့တွင် ရပ်လိုက်သည်။ ကတ္တရာညီနောင် အဆောက်အအုံမှာ ယခင်ကတည်းက ဆောက်ပြီးခဲ့ပြီး အောက်ထပ်တွင် ရုံးခန်းလုပ်ထား၏။

ထိုရုံးခန်းတွင် မိုးမခ၊ မော်တာနှင့် မိုက်တီးသည် ညနေခြောက်နာရီထိ ရုံးခန်းထိုင်လေ့ရှိကြ၏။

အလုပ်ခန်းထဲသို့ သူမ ဝင်သွားသောအခါ ပြင်ပတွင် ဘယ်သူမှ မရှိပါ။

သူတို့ဆီက ဝန်ထမ်းတွေလည်း အလုပ်ဆင်းသွားကြချေပြီ။

နေ့လယ်က ကတ္တရာညီနောင်တို့ဆီကို သူမက ပြောစရာရှိသည် ညနေ လာပါမည်ဟု အကြောင်းကြားထားသည်။

သူမ ရုံးခန်းနားအရောက် ပြောနေသော စကားတွေက သူမနားထဲ ဝင်လာသည်။

"အလုပ်ကတော့ ဒီနေ့လုပ်ရမှာပဲ ... ငါ နေရာကို သွားကြည့်ထားပြီးပြီ ... နေရာမှတ်မိတယ်"

"နှစ်တွေ ဒါလောက်ကြာတော့ တခြားလူများ တူးဖော်သွားပြီလား မသိဘူး"

ပထမဆုံး ပြောသူက မိုက်တီး။



ဒုတိယ ပြောသူက မော်တာ။

"ဒီနေရာကို သိတာ ခွေးတစ်ကောင်ကလွဲပြီး ဘယ်သူမှ သိခဲ့တာမဟုတ်ပါဘူးကွာ ... အဲဒီခွေးက နီမ ဆိုတဲ့ခွေး နှစ်တွေဘယ်လောက်ကြာကြာ ဒီခွေးမကို မေ့မရဘူး"

ဒါက မိုးမခရဲ့အသံ။

"အေးလေ ... လူမပြောနဲ့ ခွေးသိတာတောင် အသိမခံချင်လို့ ငါက ဒီနီမဆိုတဲ့ခွေးကို နားထင်ထဲ ကျည်ဆန်သွင်းပြီး ရှင်းလိုက်တာပေါ့ ... မိုက်တီးတို့ မိုက်တဲ့နေရာမှာတော့ ခွေးနဲ့တောင် ပြိုင်မိုက်ခဲ့တာ ... အဟင်း ... ဟင်း"

မိုက်တီး၏ လေးလေးနက်နက်ရယ်သံ။

"ဒါတွေ ပြောမနေနဲ့တော့ ... ချေးခြောက် ရေနှုးလို့ ခွေးတစ်ကောင်သတ်လို့လည်း မင်းကို ဘယ်သူကမှ လာချီးကျူးနေမှာ မဟုတ်ဘူး ... လက်ငင်းက ဒီပစ္စည်းတွေရှိတဲ့ နေရာကို အလင်းရောင်ရှိတုန်း တို့သွားမယ် ... ပစ္စည်းတွေ ယူမယ် ... ထုခွဲမယ် ဒါပဲ မဟုတ်လား"

"မော်တာကလည်း စိတ်တိုရန့်ကောကွာ ... အခုပဲ သွားမှာပါကွ"

"တို့ ကောင်မလေးကို စောင့်ရမယ့်ကိစ္စ ရှိသေးတယ် မဟုတ်လား မော်တာနဲ့ မိုက်တီးရ"

"မိုးမခရာ ... မင်း ကောင်မလေးကို ချိတ်ထားလိုက်စမ်းပါ ဦး ... ဒီကိစ္စက မနက်ဖြန်ပြောလည်း ဖြစ်တယ်၊ ဒီ[illegible] ဝတ်ရတနာပစ္စည်းတွေကို ငါ နေ့တိုင်း လွှမ်း[illegible] [illegible]

www.burmeseclassic.com

www.burmeseclassic.com



မက်,မက်လာတာ ကြာလှပြီ ... တို့သုံးယောက် တစ်ညီတစ်ညွတ်တည်း ယှဉ်ကြမယ်ဆိုလို့သာ ငါက စောင့်နေခဲ့ရတာ"

"လောဘ"

"မိုက်တီး ... မင်းလည်း လောဘပဲ မဟုတ်လား"

"ကဲ ... ကဲ ... တော်ကြတော့ဟေ့ ... ငါကလည်း ဒီနေ့ ဒီအချိန်ကို စောင့်နေတာပဲကွ"

လူသုံးယောက်၏ တစ်ယောက်တစ်ခွန်းပြောသံကို ကြားလျှင် ပွတ်ကျွတ်က မဝင်ဖို့ရန် ဆုံးဖြတ်လိုက်သည်။

သူမ၏ ခြေလှမ်းတွေက အထဲဝင်မည့် အစား အပြင်သို့ ပြန်ထွက်လာသည်။

"ဟော ... ကိုရေ ... ဟိုမှာ ပွတ်ကျွတ် ပြန်ထွက်လာပြီ"

"မိုက်လိုက်တဲ့ ကောင်မလေးကွာ ... သစ္စာဖောက်တာ ကိုတို့ မရိပ်မိဘူး ... ကိုတို့ လုပ်ငန်းတွေကို သူက ဒီကတ္တရာညီနောင်အဖွဲ့သိအောင် သတင်းတွေ လာလာပို့နေတာကိုး"

"ကို ယုံပြီနော် ... နှောင်းတောင် ဒီလိုလုပ်လိမ့်မယ်လို့ မအောက်မေ့ဘူး ... ဖြစ်ရလေ ပွတ်ကျွတ်ရယ် ... တို့ကို ဘာအငြိုးနဲ့ လုပ်လိုက်တာလဲ"

တစ်နေရာတွင် ကားကို ရပ်ထားသည်။

ကားထဲမှာ ဂျက်နှင့်နှောင်းတို့ စောင့်ကြည့်နေကြသည်။



နောက်ဆုံးပြောလိုက်သော နှောင်း၏စကားသံမှာ ဝမ်းနည်းသံလေး ပါသွားသည်။ ပွတ်ကျွတ်သည် ဤသစ္စာမဲ့သော အလုပ်ကို ဘာကြောင့် လုပ်လေသလဲ။

နှောင်း မသိသော ပွတ်ကျွတ်လုပ်ရပ်ကို ဂျက်စနေက သိသည်။

ပွတ်ကျွတ်သည် မစားရစဲ့အမဲ သဲနှင့်ပက်ခြင်းပဲ။

သူမ၏ ချစ်မေတ္တာကို ဂျက်က အရေးတယူ အလေးဂရုမပြုတော့တာကြောင့် သူမက ဂျက်ကို ပူးသတ်ခြင်း ဖြစ်ကြောင်း နားလည်သည်။

"ဘာလုပ်မလဲ ... ကို"

"ပွတ်ကျွတ် ဘာဆက်လုပ်မလဲဆိုတာ ကိုတို့ ဆက်စောင့်ကြည့်ရတာပေါ့နှောင်း"

ပွတ်ကျွတ်သည် စက်ဘီးကို တွန်းပြီး အလုပ်တိုက်နှင့် စပ်လှမ်းလှမ်းရှိ လက်ပံပင်ကြီးအောက်တွင် ကိုယ်ကွယ် ရပ်နေသည်။

မကြာမီ တိုက်စန်းတွင်းမှ လူသုံးယောက် ထွက်လာသည်။

ကားပေါ်မှ စောင့်ကြည့်နေသော ဂျက်က နှောင်းအား သူတို့ကို ဘယ်သူတွေ ဘယ်သူတွေဆိုတာ ပြောပြသည်။

"ကမ္ဘာလီကြီးတွေ ကျနေတာပဲ၊ တကယ့်လူဆိုး သူကြမ်းကြီးတွေ ထောင်ထွက်ကြီးတွေဆိုတာ ဟုတ်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



လူသုံးယောက်သည် ကားပေါ်တက်လိုက်ကြသည်။ ကားမှာ ဒိုင်နာခေါ်ရှည်ကားဖြစ်သည်။ စီးနေကြကား။

ကားထွက်သွားတော့ သူတို့နောက်မှ ပွတ်ကျွတ်လိုက်သွား၏။

"ဟား ... ကိုစနေထွန်း"

လူတစ်ယောက်က ဂျက်စနေကို လှမ်းနှုတ်ဆက်၏။ သူသည် ရှပ်အင်္ကျီခပ်ပွပွ လက်ရှည်နှင့် ဘောင်းဘီတစ်ထည်ဝတ်ထား၏။

နေကာမျက်မှန် တစ်လက်က မျက်နှာထက်ဟွင်နေရာယူထားသည်။ ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်လိုက်သော နှုတ်ခမ်းတွင်းမှ သွားများသည် ဖွေးနေသည်။

"အာ ... စခန်းမှူးပါလား"

"ဟိုလူတွေ လှုပ်ရှားမှုတွေကို လာကြည့်နေတာပဲ"

"နယ်ထိန်းတွေ မလှုပ်ရှားဘူးလား"

"ကျွန်တော်က ကိုယ့်တိုင်ကိုယ်ကျ ထမ်းရွက်လိုက်ရမှ စိတ်ချရလို့ပါ"

"သွားမယ်နော်"

"အိုကေ"

ပွတ်ကျွတ်တို့ နောက်သို့ပင် ကားနှင့် လိုက်သွား၏။ ခဏလိုက်သွားပြီး ကားစက်သံတစ်မျိုး ဖြစ်လာသည်။ ကားကို ထိုးရပ်လိုက်၏။

"ကားကတော့ ပြဿနာပဲဟေ့"



ဂျက်စနေပြော၍ စိတ်ပျက်ပျက်နှင့် ကားပေါ်မှ ဆင်း၏။

"ဟား ... အစ်ကို"

စက်ဘီးတစ်စီးနှင့် လူတစ်ယောက် ရောက်လာပြန်၏။ ဂျက်စနေ အံ့အားသင့်သွားသည်။ သူကတော့ ရဲအာကာ။

"ကျွန်တော် အစားကြေသွားပြီ အစ်ကို ... ပွတ်ကျွတ်နဲ့ တွေ့တယ် ... သူ လိမ်ပြောပါတယ်လို့ အမှန်အတိုင်း ပြောခဲ့တယ်"

"အေးကွာ ... အခု ပွတ်ကျွတ်နောက် မြန်မြန်လိုက်စမ်း၊ သူ အန္တရာယ်တွေ့လိမ့်မယ် ထင်တယ်"

"သူဘာဖြစ် ..."

"မေးမနေနဲ့ကွာ ... ဟောဟိုလမ်းမကြီးအတိုင်း မြန်မြန်လိုက်၊ ရှေ့မှာ ပွတ်ကျွတ် စက်ဘီးနဲ့ သွားနေတယ်"

ထပ်မမေးတော့ဘဲ အာကာက စက်ဘီးနှင့် ထွက်သွားသည်။

ဂျက်လည်း စက်ခေါင်းအဖုံးကို ဖွင့်ကာ ပြင်ဆင်မှုအတွက် စစ်ဆေးစမ်းသပ်နေသည်။

ပွတ်ကျွတ်သည် ရှေ့ကားကို မနည်းမီအောင်နင်းပြီး လိုက်လာရာ မောစပင် ပြုလာသည်။

ရှေ့မှ သွားနေသောကားက မြို့မြောက်ဘက်သို့ ဝင်တော့မှ အရှိန်လျှော့ချလိုက်မှ ပွတ်ကျွတ်လည်း ခပ်လှမ်းလှမ်းမှ လိုက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သူမ တစ်ချက်မေ့သွား၏။

ကား၏ နောက်ကြည့်မှန်ကို မေ့လျော့သွားခဲ့သည်။

"ဟော့ ... တို့နောက်မှာ လိုက်လာတာ ပွတ်ကျွတ်ဆိုတဲ့ ကောင်မလေး မဟုတ်လား"

ကားနောက်ကြည့်မှန်ထဲတွင် စက်ဘီးတစ်စီးနှင့် မြင်ရသော ပွတ်ကျွတ်ကို မောင်းနေသူ မိုက်တီးက ပြောသော အခါ နောက်ကြည့်မှန်ထဲသို့ မိုးမခက ကားမောင်းသူ မိုက်တီးကို ကျော်၍ ကြည့်သည်။

"ဟာ ... ဟုတ်တယ်ဟော့ ... ပွတ်ကျွတ်ပဲ ... ဒီကောင်မလေး ဘာလိုက်လုပ်တာလဲ မသိဘူး"

"သူ့ကိုစွရှိလို့ သူသွားတာ ဖြစ်မှာပေါ့ကွ"

"မဟုတ်ဖူး မော်တာရ ... သူ တို့နောက် လိုက်နေပုံပဲ၊ စက်ဘီးကို စပ်မြန်မြန် နင်းနေတာကြည့်"

"ဒါလည်း မဟုတ်သေးဘူး ... တို့နောက်ကို နောက်ယောင်ခံလိုက်နေတဲ့ပုံပဲ"

"ဟုတ်တယ် ... ဟုတ်တယ် ... မိုက်တီးပြောတာ ဖြစ်နိုင်တယ် ... တို့ပြောတဲ့စကားတွေ ကောင်မလေး ကြားလို့ လိုက်လာသလားပဲကွာ"

မိုက်တီး စကားကို မိုးမခက အပြည့်ထောက်ခံသည်။

"ဒါဆို ဒီလိုလုပ် ... ကောင်မလေးကို တို့ မျှားခေါ်သွားလိုက်မယ်"



ကားက မြို့၏ ထုံးဖြူဖြူဘုရားစေတီနားမှာ ရပ်လိုက်ပြီး လူသုံးယောက် ဆင်းလိုက်ကြသည်။

အကြော်ဆိုင်တွင် လူတချို့ ရောက်နေကြပြီ။

အကြော်ဆိုင်ကို ဖြတ်ကာ ပွတ်ကျွတ် စက်ဘီးစီးသွားသည်။

"ဟဲ့ ... ပွတ်ကျွတ် ... ပွတ်ကျွတ်"

မိခင်လုပ်သူက အကြော်ကြော်နေရာမှ လှမ်းခေါ်သည်။ ပွတ်ကျွတ် မကြားသလိုလုပ်၍ စက်ဘီးကို ကွေ့ပြီး လမ်းတစ်ဖက်တွင် ထိုးရပ်ထားသည့် ဒိုင်နာကားနားတွင် စက်ဘီးကို ရပ်လိုက်၏။

ဖီးဆင့်စက်ဘီးလေးကို ဒေါက်ချပြီးသော် ဘုရားစေတီဘက်က တောအုပ်ဘက်သွားနေသော လူသုံးယောက်နောက်သို့ မယောင်မလည် လိုက်သွားတော့သည်။

လူသုံးယောက်သည် စကားမပြောဘဲ ခပ်သုတ်သုတ်လာကြသည်။ မိုးမခ လက်ထဲတွင် ပေါက်ပြားတစ်လက် ကိုင်ထားသည်။

သူတို့သုံးယောက်၏ ခါးကြားထဲတွင် မိုးမခက ပစ္စတိုလ်၊ မော်တာနှင့် မိုက်တီးမှာ ဓားမြှောင်ကိုယ်စီ ထိုးထားသည်။

သုံးယောက်သည် တစ်ယောက်နှင့် တစ်ယောက် မျက်ရိပ်မျက်ကဲ ပြလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် သစ်ဝင်တစ်ပင်စီ၏ ကိုယ်ထည်ပင်စည်များနောက်သို့ ခိုဝင်ပုန်းအောင်းလိုက်ကြသည်။

နေသည် အနောက်သို့ ငုတ်လျှိုးတော့မည့်ဆဲဆဲ။ အလင်းရောင်အားကတော့ နည်းနည်းဖျော့တော့သွားသည်။

ဟိုကြည့်သည်ကြည့်နှင့် ပွတ်ကျွတ် လိုက်လာ၏။ လူသုံးယောက် ခိုအောင်းသော သစ်ပင်တွေနား ရောက်သည်။ ဟိုနေရာသည်နေရာ လိုက်ကြည့်သည်။

"တို့ ဒီမှာ ရှိပါတယ် ပွတ်ကျွတ်ရဲ့"

ပွတ်ကျွတ် လန့်သွားသည်။ အသံလာရာသို့ လှည့်ကြည့်သည်။ ပေါက်ပြားကြီးကို ထမ်းပြီး သူ့မကို မချိုမချဉ်ကြည့်နေသော မိုးမခ။

"တို့လည်း ရှိပါတယ်"

တစ်နေရာဆီမှ မော်တာနှင့် မိုက်တီးက ခပ်ခန့်ခန့်ပဲ လက်ပိုက်ကာ ရပ်နေကြသည်။

ပွတ်ကျွတ် မကြောက်စဖူး ကြောက်သွား၏။

## ဇာတ်လမ်းစဉ်(၁၃)

ဒိုင်နာခါးရှည်ကားနှင့် စက်ဘီးတစ်စီး ရပ်ထားတာကို မြင်သည်။

သူက ပိုသေချာအောင် စက်ဘီးကို အကြော်ဆိုင်ဘက် လှည့်လိုက်သည်။

"ဒွေးလေး ... ဗျို့ဒွေးလေး"

"ဟဲ့ ငရဲ ... ဘာလဲ"

အကြော်စားနေသူအချို့က သူ့ကို လှည့်ကြည့်ကြ၏။ အကြော်ဖိုမှမီးကို တောက်အောင် ထင်းထိုးနေသော ဒွေးလေး ဒေါ်အာအုံက ...

"ပြောလေဟယ် ... ခုနကပဲ ပွတ်ကျွတ် စက်ဘီးနဲ့ ထွက်သွားတယ်"

"သူ ဒီကို မလာဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ရှေ့က ဖြတ်သွားပါတယ် ဆိုနေဟယ်"

သူ့ကိုယ်သူ တစ်ချက်ဆဲလိုက်ပြီးလျှင် ရဲအာကာက ခိုင်နှာကားရပ်ထားရာသို့ ပြန်ပြေးတော့သည်။

"ဒီကောင်လေးနဲ့ကောင်မလေးဟာ ဘာတွေ ဖြစ်နေတာလဲ မသိဘူး"

ဒေါ်စာအုံ ပြောတာကို ကိုရဲ ကြားမည်မထင်။

ရင်ထဲမှာ ဗလောင်ဆူသွားသည်။

ကားက မိုးမခကားမှန်း သိသည်။

သူ့စက်ဘီးကို ကားနားရပ်ပြီး ဘုရားစေတီဘက် လှမ်းကြည့်၏။ အဲသည်မှာက ဘုရားစေတီပရဝုဏ်နှင့် ဘုန်းကြီးကျောင်းပရဝုဏ်က အေးအေးချမ်းချမ်း ရှိနေသည်။

မိုးမခနှင့် ပွတ်ကျွတ်တို့ ထိုဘက်သို့ ဘယ်နည်းနှင့်မှ သွားမှာမဟုတ်။

သူက တောအုပ်ကလေးဘက်သို့ ခပ်သုတ်သုတ် လျှောက်လာသည်။ ဖုန်းဆိုးမြေများသည် ကြမ်းတမ်းနေဘိ၏။

"ပွတ်ကျွတ်ရေ ... ပွတ်ကျွတ်"

နှုတ်မှ ခေါ်မြည်ခြင်း မဟုတ်ပါ။ ရင်ထဲမှ ခေါ်မြည်နေခြင်းသာ ဖြစ်ပါတော့၏။

တောအုပ်ထဲမှာ အေးမြနေသည်။

အလင်းရောင်သည် မှောင်တော့မှာ အုပ်စီးထားသည်။

သူ့နားထဲတွင် ရယ်သံတွေ ကြားသည်ထင်ရသည်။ သူက နားစိုက်ထောင်သည်။



ဟုတ်သည်။ ရယ်သံနှင့် စကားပြောသံတွေ။

ပြီးတော့ တူးဆွသံတွေ။

သူက အလျှင်အမြန် တိုးဝင်သွားသည်။ ချုံပုတ်ချုံနွယ်တွေကား အဆိပ်ပြင်းသည့် မြွေတွေကင်းတွေကိုပါ မကြောက်လန့်တော့ပါ။

အသေအချာ မြင်ရသည်။

ချုံပုတ်တွေကြားထဲမှ ချောင်းကြည့်လို့ မြင်ရသည်။

လူသုံးယောက်သည် တစ်စုံတစ်ခုကို စိတ်အားထက်သန်စွာနှင့် ကြည့်နေကြသည်။

သူတို့နားမှာ ပွတ်ကျွတ်။

"ဟုတ်တယ်ကွ ... ပစ္စည်းတွေက အရာမယွင်းဘူး၊ သံသေတ္တာ သံချေးတက်နေတာ ... အထဲကပစ္စည်းတွေကတော့ ဒီအတိုင်းပဲ မလျော့ဘူးကွ"

"နှစ်ပေါင်းများများကြီး မြေကြီးထဲ အောင်းနေတဲ့ ရတနာတွေအပေါ်မှာ တို့သုံးယောက်ထားတဲ့ သစ္စာကလည်း မလျော့ပါဘူးကွာ"

သူတို့လက်ထဲမှာ ပွင့်နေသော သံသေတ္တာတစ်လုံးနှင့် လူသုံးယောက်ဆီမှ တစ်ယောက်တစ်ပေါက် ပြောနေကြသံ။

သံသေတ္တာလေးကို ကိုင်ထားသူက မိုးမခ။

သူ့ဘေးမှ နက်ကြုတ်ကြုတ် လူနှစ်ယောက်က သူ့ဘော်ဒါတွေ ဖြစ်မည်။

မိုးမခက ဝမ်းသာအားရနှင့် သံသေတ္တာကို စိတ်

www.burmeseclassic.com



လိုက်သည်။ အဲသည်မှာပဲ ပွတ်ကျွတ် လှုပ်ရှားမှုက ချိုးမွမ်းရမလား၊ အပြစ်တင်ရမလား။

မိုးမခ လက်တွင်းမှ သံသေတ္တာကို ပွတ်ကျွတ်က ဆတ်ခနဲ လုလိုက်သည်။ ပြီးတော့ ချာခနဲ လှည့်ထွက်ပြေးတော့၏။

လူသုံးယောက်သည် ပွတ်ကျွတ် သည်လိုလုပ်ရဲလိမ့် မည်မထင်သောကြောင့် ငိုင်ကျန်ရစ်ခဲ့၏။ စက္ကန့်ပိုင်းအတွင်းမှာပဲ သတိဝင်လာကြသဖြင့် မိုက်တီးက ...

"ဟာ ... ပြေးပြီ"

အော်လိုက်သည်။ ချက်ချင်းပဲ ဝုန်းခနဲ လှုပ်ရှားကာ ပွတ်ကျွတ် ပြေးရာနောက်သို့ ပြေးလိုက်လာကြသည်။

ပွတ်ကျွတ်က ရှေ့မှပြေး။ သူတို့က နောက်မှလိုက်။

ဒိုင်း ...

သေနတ်သံတစ်ချက်။

မိုးမခ လက်တွင်း ရောက်နှင့်ပြီးသော ပစ္စတိုလ်မှ ထွက်လာသော သေနတ်သံ။

သေနတ်သံသည် တောအုပ်ကို ဖောက်ထွင်း၍ တောအုပ်ဝန်းကျင်သို့ပါ ရောက်သွား၏။

ကျည်ဆန်သည် ပွတ်ကျွတ်နှင့် တလွဲစာချော် ရောက်သွားတော့၏။

"ပွတ်ကျွတ် ... ပွတ်ကျွတ် ... ဒီကိုလာ ... ဒီကိုလာ"

နီးကပ်လာသော ပွတ်ကျွတ်ကို ချုံပုတ်ထဲမှ ထွက်၍ ရဲအာကာက ဝမ်းသာအားရ အော်ခေါ်၏။



ပြေးနေသော ပွတ်ကျွတ်မှာ ရဲအာကာ ချုံတွေထဲမှ ဘွားခနဲ ထွက်လာတာမြင်သော် ဝမ်းသာသွား၏။

"ငရဲရေ ... ဒီမှာဟေ့"

သူမက အော်လိုက်သလို အသေအချာ အမိုးပိတ်ထား လိုက်သော သံသေတ္တာလေးကို ကိုရဲ ဘက်သို့ မြှောက်ပစ်ပေး လိုက်သည်။

ကိုရဲက လက်နှစ်ဖက်နှင့် ဖမ်းယူကာ တစ်ဖက်သို့ ပြေးသည်။ နောက်မှပြေးလိုက်လာသော လူသုံးယောက်မှာ ပွတ်ကျွတ် နောက်သို့ ပြေးလိုက်ရာမှ သံသေတ္တာ ကိုရဲ လက်ထဲ ရောက်သွားတာကို မြင်မှ ကိုရဲ နောက်သို့ လိုက်ကြပြန်သည်။

ဒေါသဖြစ်နေသော မိုးမခက ကိုရဲကို သေနတ်နှင့် တစ်ချက်လှမ်းပစ်ပြန်၏။

ဒိုင်း ...

အဲသည်အချိန်တွင် ပွတ်ကျွတ်က မိုးမခကို ခုန်အုပ် ချိန်နှင့် တိုက်ဆိုင်သဖြင့် ကျည်လွဲသွားသည်။

မိုးမခနှင့် ပွတ်ကျွတ် လုံးထွေးသွားသည်။

မိုက်တီးက ဓားမြှောင်နှင့် ပြေးဝင်လာသည်။

ဒိုင်း ...

နောက်ထပ်သေနတ်သံတစ်ချက် ...

အဲသည် သေနတ်သံသည် မိုးမခ၏ သေနတ်သံ မဟုတ်ပါ။ ဘေးဘီမှ ထွက်ပေါ်လာသော သေနတ်သံသာဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



ပခုံးတစ်ဖက်ကို လက်နှင့်အုပ်ကာ မိုက်တီး ချာခနဲ လည်သွားသည်။ လက်မှာကိုင်ထားသော ဓားမြှောင်တောင် လွတ်ကျသွားသည်။

"ယော့လူတွေ ... လက်နက်ချရင်ချ မချရင် ပစ်ရလိမ့်မယ်"

အော်သတိပေးသံ။

ရဲအာဏာသည် သံသေတ္တာကို ကိုင်လျက်မှ လက်မြှောက်လိုက်သည်။ ပွတ်ကျွတ်နှင့် လုံးထွေးနေသော မိုးမခသည် လူးလဲထလိုက်သည်။ သေနတ်ကိုင်လျက် လက်တွေ မြှောက်လိုက်သည်။

အော်သတိပေးသူက အရပ်ဝတ် အရပ်စားနှင့် သေနတ်ကိုင်ထားသူ တစ်ယောက်။

နောက်သုံးလေးယောက်က ယူနီဖောင်းဝတ်ရဲတွေ။

သူတို့ကြားမှာက ဂျက်စနေနှင့်နောင်း။

ကဗ္ဗရာညီနောင်သုံးယောက်မှာ လုံးဝမလှုပ်ရှားရဲတော့ပါ။

"အစ်ကို"

ပေရေနေသော ပွတ်ကျွတ်က ကြောက်လန့်တကြား အော်လိုက်မိ၏။

"ပွတ်ကျွတ် ... အမိုက်မ ... နင့်ဓာတ်နင် မသိမ်းရအောင် ငါ အချိန်မီ လိုက်လာလို့ပဲ ... နင် သိပ်မိုက်ပါလား ပွတ်ကျွတ်ရယ်"

"အစ်ကိုရယ် ... ပွတ်ကျွတ် မိုက်မိပါတယ် ... မှားမိပါတယ်



အစ်ကိုရယ် ... ပွတ်ကျွတ်ကို သတ်သာပစ်လိုက်ပါ အီး ..."

ပွတ်ကျွတ်သည် ဂျက်စနေ ခြေကို ပြေးဖက်ကာ ပြောရင်း ငိုချလိုက်မိသည်။ ဂျက်စနေက ငုံ့ကြည့်၍ ...

"ငါ နင့်ကို မမုန်းပါဘူး ပွတ်ကျွတ် ... နင် မှားခဲ့တာတွေဟာ တစ်ခုပြီးတစ်ခုပဲ ... အဲဒီအမှားတွေရဲ့ စုပေါင်းမှုဟာ နောင်တပဲ ... ဒီနောင်တနဲ့ အနာဂတ်မှာ နင် ကောင်းဖို့ လိုနေပြီ ပွတ်ကျွတ်"

"ပွတ်ကျွတ် နောင်တရပါပြီ အစ်ကိုရယ်"

ပွတ်ကျွတ်မှာ ကိုယ်က ပေရေညစ်ပတ်ကာ ဆံပင်စုတ်ဖွား မျက်ရည်အတိရှိနေရာ ငိုလျက်မှပင် နောင်း၏ ခြေအစုံကို ဖက်လိုက်ပြန်သည်။

"အစ်မ ... ပွတ်ကျွတ် အစ်မကို တောင်းပန်ပါတယ် ... ပွတ်ကျွတ် နောင်တရနေပါပြီ ... ပွတ်ကျွတ် အစ်မကို သေကြောင်းကြံခဲ့တယ် ... အစ်မ မသိပေမယ့် ပွတ်ကျွတ် အဲဒီလို ပြုမှားပြီးကတည်းက နောင်တရခဲ့ပါတယ် အစ်မ"

နောင်း အံ့အားသင့်နေသည်။

ပွတ်ကျွတ်ကို ငုံ့ကြည့်လျက်က ဘာပြောရမှန်းမသိ သည်စဉ် ယူနီဖောင်းဝတ် ရဲတစ်ယောက်က ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ကို ခေါ်လာသည်။

အရပ်ဝတ်နှင့် နေကာမျက်မှန်တပ် သေနတ်ကိုင် ထားသူက ထိုယောကျ်ားကို ကြည့်၍ ...

www.burmeseclassic.com



"ကိုင်း ကိုမောင်ကြီး ... ပြောစမ်း ... ခင်ဗျားကို မြွေဆိပ် ဖော်နိုင်းတာ သူလား"

"ဟုတ်ပါတယ် ဆရာ"

ကိုမောင်ကြီး ဆိုသူက ပွတ်ကျွတ်ကို အသေအချာ ကြည့်ပြောသည်။

"သေချာတယ်နော်"

"သေချာပါတယ်"

တစ်ဖန် အမျိုးသမီးဘက်လှည့်၍ ...

"ခင်ဗျားကို ပန်းခြင်းပေးနိုင်းတာ သူနော်"

အမျိုးသမီးက ခေါင်းညိတ်၍ ...

"ဒီကလေးမပဲ ကျွန်မကို ပန်းခြင်းပေးနိုင်းပါတယ်"

နောင်းကို မျက်ရည်အပြည့်နှင့် တောင်းပန်နေသော ပွတ်ကျွတ်က ဆတ်ခနဲထ၍ ...

"စခန်းမှူးကြီးရှင် ... ကျွန်မ ဒီအမှုကို ဝန်ခံပါတယ် ... သက်သေထည့်စရာ မလိုပါဘူး ... ကျွန်မအပြစ် ကျွန်မ ခံပါ့မယ် ... တစ်ခုတော့ ရှိတယ် ... ဒီ ရဲအာကာဟာ ဒီအမှုမှာ လုံးဝမပါပါဘူး ... ဒီအမှုဆိုတာ အခု ရတနာ တူးဖော်တဲ့ အမှုပါ ... သူက ကျွန်မကို ကယ်တင်တာပါ"

သူမသည် မျက်ရည်များကို သုတ်ရင်း ရဲရဲဝံ့ဝံ့ ပြောလိုက်သည်။ သူမဆီမှ ခပ်ဟောင်ဟောင်အနံ့ ထွက်နေတာကို တချို့ သတိပြုမိသည်။

နီမ ဘဝမှ ဝင်စားသူဟု ပြောရစပ်စက်စက်ဟု



ဂျက်စနေ တွေးသော်လည်း သူမ ပါးစပ်တွင် အစွယ်လေးချောင်း၊ ကိုယ်နံ့က ခွေးနံ့။ ပြီးတော့ သူ့ကို မတွေ့မမြင်ဘူးပါလျက် ယခင်ကတည်းက အာရုံထဲမှာ မြင်ဖူးသည်ဟု ပြောနေသော သူမ့ စကားတွေက နီမလို့ပဲ အဲထောက်အကူ ပြုနေသလား။

ထိုစဉ် စခန်းမှူး၏ ပြောသံတွေ ကြားရသည်။

"မိုးမခ ... ခင်ဗျား ကိုဂျက်စနေကို သေကြောင်းကြံမှုတွေနဲ့ ဖမ်းတယ် ... ခင်ဗျား အသုံးပြုခဲ့တဲ့ သံလုံး၊ ဖိုးထောင် တို့ကို ကျုပ်တို့ မိထားတယ် ... သူတို့ကပဲ ဖြောင့်ချက်ပေး တယ် ... ခင်ဗျား ဘာပြင်းဦးမလဲ"

"ငြင်းစရာ မရှိပါဘူး ... ကျုပ်ဆိုတဲ့ကောင်က လုပ်ရဲ ခံရဲပဲ"

"ဒါတွေက ..."

သံသေတ္တာကို ရဲတစ်ယောက်က လာဖွင့်ပြသည်။ အတွင်းတွင် ပြိုးပြိုးပြက်ပြက် လက်နေသော လက်ဝတ်လက် စား လက်ဝတ်ရတနာတွေ။

"ဒါက လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ကျုပ် ဦးကျော မောင် ဆိုတဲ့လူဆီက ဓားပြတိုက်လို့ရတဲ့ ပစ္စည်းတွေပါ ... ကျုပ်နဲ့ ကြံဖော်ကြံဖက်တွေက မော်တာနဲ့ မိုက်တီး"

"ဟော့ကောင်"

"မိုက်တီးနဲ့ မော်တာ ... ငါတစ်ယောက်တည်း ထောင်မ မသွားချင်ဘူးကွ ... ငါ့မှာ မင်းတို့ပါမှဖြစ်မယ် ... ဒါကြောင့်"

"ခွေးမသား"

မော်တာက ဒေါပွသွားသည်။ မိုးမခကို ထိုးမည်အပြု

www.burmeseclassic.com

www.burmeseclassic.com



ရဲတွေက ဝိုင်းချုပ်ပြီးတော့ သူတို့သုံးယောက်ကိုသာမက ပွတ်ကျွတ်ကိုပါ လက်ထိပ်ခတ်လိုက်ကြသည်။

ပွတ်ကျွတ်မှာ မျက်နှာမပျက်ပါ။

သူမက ရပ်နေသော ရဲအာကာဆီ တိုးသွားသည်။ ရဲအာကာကို စူးစိုက်ကြည့်၍ လေသံနှင့် ...

"ရဲ ... နင် ငါ့ကို မုန်းတုန်းပဲလား"

ကိုရဲက သူမကို ယူကျုံးမရသော အကြည့်နှင့် ...

"နင့်ကို ငါ ဘာလို့မုန်းရမလဲ ... ငါ နင့်ကို ထာဝရ ချစ်နေမှာ ... ထောင်ထဲရောက်လည်း ငါချစ်နေမှာပဲ"

"ဒါဆို နဝ် ငါ့ကို စောင့်ပေါ့ဟယ်"

"တကယ်"

"တကယ်"

ကိုရဲ၏ နှုတ်ခမ်းလေးတွေက ပြုံးလာသည်။ ထိုအပြုံးကို စနေထွန်း မြင်သည်။ ပွတ်ကျွတ် ပြောတာကိုလည်း ကြားသည်။ ဆုတောင်းမိပါရဲ့။

ကိုရဲရဲ့ အပြုံးက ထာဝရ မွှင်လန်းသောအပြုံး ဖြစ်ပါစေလို့။

**ဆုံကြဉ်းမယ်ကွယ်**

**ဆောညို**

၂၃-၁၂-၂၀၀၀

BURMESE CLASSIC

www.burmeseclassic.com